www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# EDITOR's LETTER

ဆဋ္ဌမအာရုံ မဂ္ဂဇင်းသည် ပရိသတ်များ၏ အားပေးမှု များကြောင့် ယခုဆိုလျှင် (၂၄)အုပ်မြောက်၊ (၂)နှစ် ပြည့်မြောက် ခဲ့ပါပြီ။

(၂)နှစ်ပြည့်တွင် အကောင်းဆုံး စာမူများ၊ [illegible]များ၊ ဝတ် စရာ၊ မှတ်စုများကို ထည့်သွင်းဖော်ပြပေးထားပါသည်။ ဖော် ပြရန် ကျန်ရှိခဲ့သော စာမူများကိုလည်း နောက်လတွင် ဆက် လက်၍ ဖော်ပြပေးသွားပါမည်။

တစ်ခု ပြောချင်သည်မှာ ဆဋ္ဌမအာရုံ မဂ္ဂဇင်းသည် ထွက် ရှိသည့် စာအုပ်တိုင်းကို အမြဲတမ်း အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ဖော်ပြခဲ့သည်မှာ ပရိသတ်တိုင်း သိကြပါလိမ့်မည်။

သို့မို့ကြောင့် ဆဋ္ဌမအာရုံ မဂ္ဂဇင်းကို မည်သည့် အမှတ် ကိုပဲ ဖတ်ဖတ်၊ အမြဲတမ်း အထူးထုတ်ပုံစံ အဖြစ် ခံစားခဲ့ကြ

(၂၄)အုပ်မြောက် အထူးထုတ်

# Sixth Sense

ဆဋ္ဌမအာရုံ မဂ္ဂဇင်း

ဖြစ်ပါသည်။

ယခု အထူးထုတ်လတွင် ဆဋ္ဌမအာရုံ မဂ္ဂဇင်း၏ အကြံပေး အယ်ဒီတာနှင့် ကျေးဇူးရှင် ဖခင်ကြီး ဦးငွေစိုး ကွယ်လွန်ခဲ့သည့် အတွက် ဝမ်းနည်းမှု များစွာကို ခံစားခဲ့ရပါသည်။

သို့သော် ပရိသတ်များအတွက် အမြဲတမ်း အကောင်းဆုံးကို သာ ပေးမည်ဟူသော စေတနာများကြောင့် ယခု အထူးထုတ်လ မှာလည်း အကောင်းဆုံးများကိုသာ ဖော်ပြလိုက်ပါသည်။

နောက်ထပ် အသစ်၊ အသစ်များစွာလည်း ရှိနေပါသေး သဖြင့် ဆဋ္ဌမအာရုံ၏ နောက်ထွက်မည့် စာအုပ်များကို စောင့်မျှော်ဖတ်ရှုကြပါဟု သတင်းကောင်းပါးလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# စေတန်

## လူဖြစ်သွားတဲ့ တစ္ဆေ

လောကကြီးမှာ
မြင်ရတဲ့ အရာထက်
မမြင်ရတဲ့ အရာက
ပိုကြောက်ဖို့ ကောင်းပါတယ်..
သရဲ ဆိုတာ ဒါပဲ..
တစ္ဆေဆိုတာ ဘာလဲ..
ကွဲကွဲပြားပြား သိချင်ရင်
ဒီစာအုပ်ကို
ဖတ်ကြည့် စေချင်တယ်..



Sixth Sense
Publishing House

ဆဋ္ဌမအာရုံ မဂ္ဂဇင်း

၏

မှုပိုင် ကလောင်

# စေတန် အကြောင်း

BURMESE CLASSIC

ဆဋ္ဌမအာရုံ မဂ္ဂဇင်းသည် သရဲ၊ တစ္ဆေ ဝတ္ထု ကြိုက်ရှိသတ်များ ခံစားဖတ်ရှုနိုင်ရန် မှုပိုင်ကလောင် စေတန်တွင် ဝတ္ထုတစ်ပုဒ်နှင့် တစ်ပုဒ် အကြောင်းအရာ မတူ၊ အချက်အလက် မတူ၊ ခံစားမှု မတူညီသော ဝတ္ထုဆန်းအမျိုးမျိုးကို အယ်ဒီတာအဖွဲ့၏ကြိုးစားမှုဖြင့် ဖော်ပြသွားပါမည်။

ခေတ်အမီဆုံး၊ အဆန်းဆုံးသော ဝတ္ထုများကို စေတန်တွင်သာ ဖတ်ရှုနိုင်မည်ဖြစ်ပြီး ဆဋ္ဌမအာရုံ အယ်ဒီတာအဖွဲ့၏ ကြိုးစားမှု ဖြစ်သောကြောင့် ယုံကြည် စွဲလမ်းစွာ ဖတ်ရှုသွားနိုင်ပါကြောင်းသတင်းကောင်းပါးလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အိမ်အရောက် ပို့ဆောင်ပေးမည်

**"ဆဋ္ဌမအာရုံမဂ္ဂဇင်း"** ကို

လစဉ်မှာယူလိုသူ ပရိသတ်များအနေဖြင့်

**ကမ္ဘောဇဘဏ်၊ ပုဇွန်တောင်ဘဏ်ခွဲ၊ ရန်ကုန်မြို့၊**

**ဘဏ်အကောင့်နံပါတ် ၀၀၄၁ - ၂၂၀၀ - ၄၃၆၀၇ သို့**

မိမိနှင့် နီးစပ်ရာဘဏ်မှ ငွေလွှဲခနှင့်အတူ မိမိမှာယူလိုသော (၆) လ (သို့) (၁)နှစ်စာအတွက် ငွေလွှဲပေးပို့၍ မှာယူနိုင်ပါသည်။ ငွေလွှဲခကို မှာယူသူဘက်မှ တစ်ပါတည်းပေးချေ၍ ငွေလွှဲပေးပို့ရပါမည်။

## (၆)လ ၁၉၅၀၀ ကျပ်

## (၁၂)လ ၃၉၀၀၀ ကျပ်

**ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀** သို့ မိမိ ငွေလွှဲပေးပို့ကြောင်းနှင့် စာအုပ် ပေးပို့ရမည့်လိပ်စာ၊ မှာယူသူ၏ နာမည်နှင့် ဖုန်းနံပါတ်တို့ကို အကြောင်းကြား ပေးရပါမည်။

ဘဏ်တွင် ငွေလွှဲပေးပို့မှုရောက်ရှိကြောင်း စစ်ဆေးပြီး ဖော်ပြ ပါ အချက်အလက်များ ပြည့်စုံပါက စာတိုက်မှတဆင့် အိမ်အရောက် ပို့ ဆောင်ပေးပါမည်။ စာတိုက်မှပေးပို့နိုင်သော နေရာတိုင်း ရောက်ရှိပါလိမ့် မည်။

အိမ်အရောက်ပို့ကြိုတင်ငွေပေးမှာယူသူများ

ဆက်သွယ်ရန် – ၀၉ ၇၃၁ ၇၆၆၅၀

စာအုပ်ဆိုင်များနှင့်ဖြန့်ချိရေးကိုယ်စားလှယ်များ

ဆက်သွယ်ရန် – ၀၉ ၃၀၀ ၅၀၁၆၀



# စာပေမြင့်မှ လူမျိုးတင့်မည်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းကို ဖတ်စရာ၊ မှတ်စရာများစွာဖြင့် ဝယ်သိမ်း အုပ်ကောင်း တစ်အုပ်ဖြစ်အောင် အထူး ကြိုးစားထားပါသည်။ လစဉ် ဆန်းပိုင်းတွင် ထွက်ရှိနိုင်အောင် ကြိုးစားပါမည်။

ပရိသတ်များအနေဖြင့် မိမိ ဝယ်ယူနေကျ စာအုပ်ဆိုင်များတွင်လည်း ကြိုတင် မှာကြားထားနိုင်ပါသည်။ ဆဋ္ဌမအာရုံ မဂ္ဂဇင်း၊ ထွက်မည့်ရက်ကို ည်း ကြိုတင် ဖုန်းဆက် မေးမြန်းနိုင်ပါသည်။

သင်သည် ဆဋ္ဌမအာရုံ မဂ္ဂဇင်း ပရိသတ်တစ်ဦး ဖြစ်လျှင် စာပေကို မြတ်နိုးသူ၊ စာပေ၏ရသကို ခံစားတတ်သူ၊ စာအစုံ ဖတ်တတ်သူများဖြစ် ပါစေ၊ စာအုပ်၊ စာပေ လူ့မိတ်ဆွေ – စာပေမြင့်မှ လူမျိုးတင့်မည်။

ဆဋ္ဌမအာရုံ မဂ္ဂဇင်း

အယ်ဒီတာ အဖွဲ့

Sixth Sense

Publishing House

**ဆဋ္ဌမအာရုံ စာပေတိုက်**

အမှတ်(၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင် လောကီပညာရပ် (၂၄)

ခေတ်သစ်ကို

နယ်လွန်ထူးခြား ဖြစ်ရပ်ဆန်းများ (၄)

သက်လုံ

ဒလက ဝန(၃)

လှရှိန်အောင်

နန်းရှေ့ပုဏ္ဏား ဘကွန်း

မကွေးညီစိမ့်

စောရ နက္ခတ်

သန်လျင် မောင်ကျောက်ခဲ

## ထူး ဆန်း ထွေ လာ အံ့ ဖွယ် စီ ရင် နည်း များ

စပါယ်ရှယ်ဝမ်းအတွက် အချစ်အစီအရင်

ကံကောင်းစေတဲ့ ဂမ္ဘီရ အဆောင်များ

ဖယောင်းတိုင်နှင့် နမိတ်ကောက်ခြင်းများ

ကျီးကျွေးလာဘ်ခေါ် ဂါထာတော်များ

ရန်အတိုက်အခိုက်များ တင်းစေမယ့် အစီအရင်

မာန်မာန ထောင်လွှားနေသူကို မာန်လျှော့ချနည်း

ရွှေကျီးသာခြင်းနှင့် အတိတ်နမိတ်များ





သတ်ပြတ်သူတော် ၁၄၂

မောင်လေးအောင် (သန်လျင်)

ပုံရိပ် ၁၅၆

ရေနံမြေ ခရေ

စိတ်ရိုင်းဝင်တဲ့ ဆင်မေတ္တာ ၁၇၂

ရှစ်ခွင်ကျော် မောင်တော်သီ

ဘီလူးရုပ်ထုနှင့် ကြမ္မာဆိုး ၁၈၈

တင့်လွင် (ဘုရားနီ)

ထူးခြားဆန်းကြယ် ဂန္ဓာရီခရီး(၂) ၂၀၀

နေမထူး

## သု တ / ရ သ ဖြစ် ရပ် ဆန်း ကြယ်

စေတမန် မော်နတ်ဘုရား မာကျူရီ ၅၀

ရဲ့စွမ်းသတ္တိအပြည့်ရှိပြီး လျှင်မြန်တဲ့ မြွေပါ ၅၂

ဆံကေသာနှင့် အမှတ်အယူများခြင်း ၉၄

လက်ချောင်းအတိုအရှည်နှင့် လူအကြောင်း ၉၇

လူတစ်ယောက်ရဲ့ သေဆုံး နမိတ်ပြခြင်းများ ၁၂၀

နှာခေါင်းသွေးလျှံခြင်းနှင့် သိမှတ်ဖွယ်ရာများ ၁၃၆

တိုင်းရင်းဆေးဖက်ဝင် ကြောင်လျှာပင်အစွမ်း ၁၃၉



www.burmeseclassic.com

www.burmeseclassic.com

# ကလောင်ရှင်သစ်များ ပေါ်ထွက်လာရေး အစီအစဉ်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့သည် ဂမ္ဘီရရပ်ဝန်းတွင် ကလောင်ရှင်အသစ်များ မွေးဖွားပေးနိုင်ရေးကို အထူး အလေးထားပါသည်၊ ကလောင်ရှင်သစ်များပါဝင်လက်စွမ်းပြရေးသားနိုင်ရန်နေရာ များကိုလည်း ချန်လှပ်ပေးထားပါသည်။

သာမန်ထက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ၊ ဂမ္ဘီရ ပညာရပ်ဆိုင်ရာ အချက်အလက်များကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပေါင်းစပ်ရေးသားသည့် ဝတ္ထု/စာမူကောင်းများကို အမြဲတမ်း တံခါးဖွင့် ကြိုဆိုလျက် ရှိပါသည်။

ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထု/စာမူများကို ကလောင်ဟောင်း၊ ကလောင်သစ်မခွဲခြားဘဲ ထိုက်တန်သည့်စာမူခနှင့်စာအုပ်လက်ဆောင် တို့အား ချီးမြှင့်သွားပါမည်။

ဆဋ္ဌမအာရုံမဂ္ဂဇင်း

အယ်ဒီတာအဖွဲ့



# ဆဋ္ဌမအာရုံ မဂ္ဂဇင်း ၏ ဦးတည်ချက်

ကျွန်ုပ်တို့မဂ္ဂဇင်းသည် အရိုးခံဂမ္ဘီရမဂ္ဂဇင်းတစ်စောင်မဟုတ်ပါ။ "ဆဋ္ဌမအာရုံ့စိတ်အဟုန်" ဆိုသည့်ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ ထူးထွေ ဆန်းပြားမှုများကို ခေတ်စနစ်နှင့် လိုက်ဖက်ညီအောင် ပုံဖော်ထားသည်။ ဂမ္ဘီရလောကကို အလုပ်အကျွေးပြုရန် ဦးတည်ချက်ဖြင့် မွေးဖွားလာ သည့်ခေတ်မီ ဂမ္ဘီရမဂ္ဂဇင်းတစ်စောင်ဖြစ်သည်။

အစွမ်းထက်သည့်ဂါထာမန္တန်နှင့် လောကီအစီအရင်များ၊ မှော်ဗိဇ္ဇာ၊ စုန်းကဝေနှင့် သဘာဝလွန်စွမ်းအားရှင်များအကြောင်း၊ အတိတ် မိုင်းတွင်ဖြစ်ပျက်ခဲ့သည့် ဂမ္ဘီရဆန်သောဖြစ်ရပ်များ၊ ဖတ်စရာ ဂမ္ဘီရဝတ္ထု များ သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်နှင့်လျှို့ဝှက်အပ်သော ပညာရပ်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများကို တစ်အုပ်ထက် တစ်အုပ် ပိုမို ကောင်းမွန်အောင် အစဉ်အမြဲ ပြောင်းလဲတင်ဆက်ပါမည်။

ကိုမိုး(တောင်ကြီး)

ဆဋ္ဌမအာရုံမဂ္ဂဇင်း(အယ်ဒီတာချုပ်)

www.burmeseclassic.com


www.burmeseclassic.com

ဆဌမအာရုံ မဂ္ဂဇင်း

## ပုံနှိပ်မှတ်တမ်း

အယ်ဒီတာချုပ်
ကိုမိုး (တောင်ကြီး)
အကြံပေး အယ်ဒီတာ
ဦးငွေစိုး၊ ဒေါက်တာမီ
အမှုဆောင် အယ်ဒီတာအဖွဲ့
နွေသင်နိုင်၊ ဝေယံမိုး၊ မိုးထက်မြင့်
အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးမှူး
ဒေါ်ငွေငွေလှိုင်
ထုတ်ဝေသူ
ကိုမိုး(တောင်ကြီး) {(၀၀၅၀၈)}
ပုံနှိပ်သူ
ဒေါ်ဝင်းမာ {(၀၀၄၀၂)}
(စိတ်ကူးချိုချိုပုံနှိပ်တိုက်)
မျက်နှာဖုံး ဒီဇိုင်းနှင့် လိုဂို
အောင်မိုး
ပန်းချီ သရုပ်ဖော်
ရဲရင့်နိုင်၊ မိုးအောင်၊ လှသစ်အောင်
ကွန်ပျူတာ
ဆဌမအာရုံ ဗိုင်းတော်သားများ
ဖြန့်ချိရေး
ဆဌမအာရုံ စာပေတိုက်
အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်
မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀၊
တန်ဖိုး - ၂၀၀၀ကျပ်





ခေတ်သစ်ဂျို

# ထူးဆန်းထွေလာ အံ့ဖွယ်စီရင်နည်းများ

www.burmeseclassic.com

www.burmeseclassic.com



## စပါယ်ရှယ်ဝမ်းအတွက် အချစ်အစီအရင်



အောက်ပါတိုင်း မှော်အစီအရင်ထဲက အစွမ်းထက်ဆုံး အချစ်အစီအရင် ဖြစ်ပါတယ်။ ဒီအစီအရင်ရဲ့တင်းကြပ်တဲ့ စည်းမျဉ်းကတော့ ကိုယ့်ရင်ထဲက တကယ် အချစ်စစ် အချစ်မှန်နဲ့ ချစ်တဲ့သူ၊ ကိုယ့်ဘဝထဲကို ဝင်လာစေချင်တဲ့၊ ထာဝရနေစေချင်တဲ့သူကိုသာ စီရင်ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။


ကိုယ့်ဘဝရဲ့စပါယ်ရှယ်ဝမ်းကို ကိုယ့်နှလုံးသားထဲ ရောက်လာဖို့ ခေါ်ဆောင်တဲ့ အစီအရင်လည်း ဖြစ်ပါတယ်။ တစ်ခါတရံမှာ ချက်ချင်း လက်ငင်း အစွမ်းထူးကိုပေးပြီး တစ်ခါတရံမှာတော့ ကိုယ်မမျှော်လင့် မထင်မှတ်ထားတဲ့အချိန်ကျမှ ဖြစ်လာတာမျိုးလည်း ရှိတတ်ပါတယ်။

စပါယ်ရှယ်ဝမ်း အချစ်အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများက ရှာဖွေရတာ လွယ်ကူပါတယ်။ ဒါပေမယ့် ဆန္ဒတောင်းဆိုမှုကို မိနစ်(၁၀) ကြာ ရွတ်ဆိုရမယ်ဆိုတော့ တချို့စိတ်မရှည်သူတွေ၊ ယုံကြည်မှု အားနည်းသူတွေတော့ လုပ်နိုင်မှာ မဟုတ်ပါဘူး။

သင့်ဘက်က တကယ်ဆန္ဒရှိတော့မှ၊ ကိုယ်တကယ် ချစ်တဲ့ "စပါယ်ရှယ်ဝမ်း ချစ်သူ" အတွက် ရည်ရွယ်ပြီး လုပ်ဆောင်ပါလို့ မှာချင်ပါ







...ယ်၊ ယောကျ်ား၊ မိန်းမ မရွေး ...လုပ်ဆောင်နိုင်ပါတယ်။

လုပ်ဆောင်ရာ ...မှာ လိုအပ်တဲ့ ပစ္စည်းများ ...ကတော့ -

၁) အရွယ်အစား ...ညီတဲ့ ဖယောင်းတိုင် ငါး ...တိုင် (ကြိုက်နှစ်သက်ရာ အရောင်သုံးနိုင်)

၂) အသည်းပုံ ဆွဲသီး ...တစ်ခု (Fancy ဆွဲသီးရှ)

၃) ကိုယ့်ရင်ထဲက ခံစားချက်နဲ့ ထွက်ပေါ်လာတဲ့ အသံ

၄) အချိန်ကြည့်ရန် နာရီတစ်လုံး

၅) ဘောပင် အနီတစ်ချောင်းတို့ ဖြစ်ပါတယ်။

အခုအစီအရင်ကို ည လူခြေတိတ်ချိန်၊ ကိုယ့်ကို ဘယ်သူမှ လာ...နှောက်မနှောင့်ယှက်နိုင်တဲ့ နေရာမျိုးမှာ လုပ်ရမှာ ဖြစ်ပါတယ်။ လုပ်ရာမှာ အရှေ့ဘက်ကို မျက်နှာမူပြီး လုပ်ရပါမယ်။

ဒါက အရေးကြီးပါတယ်။ အရှေ့အရပ်မျက်နှာကို မသိဘူးဆို...င် တစ်ရက်ကြိုပြီး နေ ဘယ်ကထွက်သလဲဆိုတာ မနက်ပိုင်းမှာ ကြည့်...ပြီး နေထွက်ရာအရပ်ကို မျက်နှာမူပြီး ညအချိန်မှာ လုပ်ဆောင်ပါ။ အစီက...ကတော့ အရှေ့အရပ်ကို မျက်နှာမူရမယ်၊ အာကာသဓာတ်ကို ယူမှာ ဖြစ်တဲ့ ...အတွက် ဝရံတာ (သို့) အပြင်ဘက် ထွက်လုပ်နိုင်ရင် အကောင်းဆုံးပါ။

ပထမဆုံး နေရာအခင်းအကျင်း အဆင်ပြေပြီဆိုရင် အဲဒီနေရာ...မှာ အနားငါးထောင့်ပါတဲ့ ပဥ္စင်မှော်ကြယ်တံခွန်ကို ရေးဆွဲလိုက်ပါ။ ပြီးရင် အသည်းပုံလေးကို အဲဒီငါးထောင့်ကြယ်ရဲ့အလယ်တည့်တည့်မှာ နေရာ...ချထားလိုက်ပါ။

ပြီးတော့ ပဥ္စင် မှော်ကြယ်တံခွန်ရဲ့အနားငါးထောင့်မှာ ဖယောင်း



www.burmeseclassic.com

www.burmeseclassic.com





တိုင်များကို အသီးသီး လိုက်စိုက်ပါ။ ဖယောင်းတိုင် မီးညှိရာမှာ ထိပ်ဆုံးက ဖယောင်းတိုင်ကို စပြီး ထွန်းရမယ်၊ ပြီးရင် ထိပ်အောက်က ဘယ်နဲ့ ညာကို ညှိပါ။

နောက်ဆုံးကျတော့ အောက်ဆုံးက ဘယ်နဲ့ ညာ ဖယောင်းတိုင် တွေကို မီးညှိပါ။

ဖယောင်း တိုင် အားလုံး မီးညှိပြီးရင် ကိုယ့်ရင်ထဲက ဆန္ဒ အမှန်နဲ့ ဖော်ပြပါ စာသားကို ရွတ်ပါ၊

"ငါ့ နှလုံးသားထဲမှာ မီးတောက်မီးလျှံ တစ်ခုရှိတယ်၊
အခု . . ငါ ချစ်ရတဲ့ ချစ်သူ ငါ့ထံသို့ လာပါ။
ငါ့ရဲ့အချစ်ကို ပိုင်ဆိုင်ခွင့်ပေးပါ၊
ငါကလည်း ငါ့ရဲ့နှလုံးသားကို ပေးအပ်ပါမယ်။
ဘယ်တော့မှ ငါနဲ့ ဝေးဝေးကို မပြေးပါနဲ့၊
ဒီဆန္ဒအတိုင်း ဖြစ်စေ" လို့ နောက်ဆုံးပိတ်မှာ သံပြတ်နဲ့ ရွတ်ဆို လိုက်ပါ။ ပြီးရင် ဖယောင်းတိုင်တွေကို မိနစ်(၃၀)ကြာ လောင်ကျွမ်းစေ မှာ ဖြစ်ပါတယ်၊

ဖယောင်းတိုင် လောင်ကျွမ်းနေတဲ့အချိန်မှာ သင့်ရဲ့ဘယ်ဘက် လက်ဖဝါးပေါ်မှာ ဘောပင်အနီရောင်နဲ့ ပဉ္စဂံမှော်ကြယ်တံခွန်ကို ရေးဆွဲ ပါ၊ အတွင်းမှာ အသည်းပုံကိုလည်း ထည့်ဆွဲပါ။

ပြီးရင် ပဉ္စဂံကြယ်တံခွန်နဲ့ အသည်းပုံပါတဲ့ ဘယ်လက်ဖဝါးကို ကိုယ့်နှလုံးသားရှိရာ ရင်ဘတ်ပေါ်ကို ဖိကပ်ထားလိုက်ပြီး တစ်ချိန်ထဲမှာ သင့်ရဲ့ညာဘက်လက်ကို နဖူးပေါ်တင်ကာ နောက်တစ်ကြိမ်အဖြစ် ဖော်ပြ ထားတဲ့ ဆန္ဒတောင်းဆိုမှုကို ခံစားမှုအပြည့်နဲ့ ရွတ်ဆိုပါ။





နာရီဝက်ကြာလောင်ကျွမ်းမယ့် တစ်ချိန်လုံး ဆန္ဒတောင်းဆိုမှု တွေကို တဖွဖွရွတ်ဆိုပြီး တောင်းဆိုရမှာ ဖြစ်ပါတယ်၊ နာရီဝက်ပြည့်ချိန် ရောက်တော့ ရွတ်ဆိုမှုကို ရပ်လိုက်ပါ၊ ဖယောင်းတိုင်တွေ မငြိမ်းသေးရင်လည်း ငြိမ်းသတ်ပါနဲ့၊

ရွတ်ဆိုနေစဉ် ဖယောင်းတိုင် မီးငြိမ်းသွားရင်လည်း အဆိုမရပ် ပါနဲ့၊ ဆက်ဆိုပြီး နာရီဝက်ပြည့်လို့ အဆိုအားလုံးပြီးတော့မှ မီးညှိတာကို ပြန်လုပ်ပါ၊ ဖယောင်းတိုင်များကိုတော့ အပြီးတိုင် ကုန်ဆုံးသွားသည်အထိ ထွန်းပေးထားရမှာ ဖြစ်ပါတယ်၊

ဖော်ပြထားတဲ့ အတိုင်း တိတိကျကျ လုပ်ဆောင်နိုင်ရင်တော့ သင်လိုချင်နေတဲ့ သင့်ချစ်သူ . .

"စပါယ်ရှယ်ဝမ်း" ဟာ သင့် နှလုံးသားဆီကို လိပ်စာမပါဘဲ ရောက်လာပါလိမ့်မယ်၊

ကဲ . . အားလုံးပဲ ကိုယ့် နှလုံးရဲ့ချစ်စစ်၊ အချစ်မှန် ချစ်သူကို ပိုင်ဆိုင်နိုင်ပါစေလို့လည်း ဆန္ဒပြု လိုက်ရပါတယ်၊






www.burmeseclassic.com

www.burmeseclassic.com



# ကံကောင်းစေတဲ့ ဂမ္ဘီရအဆောင်များ



ကမ္ဘာ့တစ်လွှားမှာ ကိုယ်ယုံကြည်ရာအလိုက် ကံကောင်းစေ
တဲ့ အဆောင်၊ လာဘ်ခေါ်အဆောင်တွေ အသီးသီး ရှိပါတယ်။ ဒါတွေဟာ
ကျွန်ုပ်တို့ အားလုံးရဲ့လက်တစ်ကမ်းမှာပဲ ရှိပါတယ်။ ဒါတွေကို မသိရှိသေး
သူများနဲ့ သိချင်သူများအတွက် ရည်ရွယ် ဖော်ပြလိုက်ပါတယ်။

## ပိုးဟတ်နဲ့ ကံကောင်းခြင်း

ပိုးဟတ်ဆိုတာဟာ လူတော်တော်များများရဲ့အိမ်ထဲမှာ ဟိုပြေး
ဒီပြေး ရှိနေတတ်ကြတဲ့ ပိုးမွှားတွေ ဖြစ်ပါတယ်။ လူတိုင်းဟာ ဒီအကောင်
တွေကို မတွေ့မမြင်ချင်ဆုံး ဖြစ်ကြ
ပါတယ်။



ဒါပေမယ့် ဒီအကောင်
တွေက သင့်အိမ်နဲ့ သင့်
စီးပွားရေးကို ကံကောင်း
စေတဲ့ အရာတွေဆိုတာ
သင်သိ ရင် ပိုးဟတ်တွေ





ကို အရင်လောက် မုန်းတော့မှာ မဟုတ်ပါဘူး။

အကြောင်းရင်းကတော့ တရုတ်၊ ဂျပန်၊ အမေရိကန်လူမျိုးတွေ
ရဲ့ ယဉ်ကျေးမှုမှာ ပိုးဟတ်တွေမြူးရင် လာဘ်ကောင်းစေတယ်လို့ ယူဆ
ထားကြပါတယ်။ သင့်အိမ်ထဲမှာ ပိုးဟတ်တွေ မြူးတူးပြီး ပြေးလွှားနေတယ်
ဆိုရင် အိမ်သူအိမ်သားတွေ ကျန်းမာမယ်၊ ချမ်းသာမယ်၊ စီးပွား လာဘ်
လာဘတွေ ပွင့်လန်းပါလိမ့်မယ်။

ဘာဘာတို့နဲ့ ဘရာဇီးလူမျိုးတွေကလည်း ကိုယ့်အိမ်ထဲမှာ ပိုး
ဟတ်တွေ ကြွပ်ကြွပ်ညံအောင် ပြေးလွှားနေပြီဆိုရင် ကိုယ့်ဆီကို ချမ်းသာ
မှုတွေလာတော့မယ့် ရှေ့ပြေးနမိတ်လက္ခဏာလို့ ယူဆထားပါတယ်။

## ဝက်နဲ့ ဝက်ရုပ်စဘူး




လူ့အနီး ပတ်ဝန်းကျင်
က နောက်ထပ် ကံကောင်းစေတဲ့
အရာက "ဝက်" ဖြစ်ပါတယ်။
ဂျာမန်တွေက "ရှုဝိန်း ဂျဟာတ်"
လို့ သူတို့ဘာသာနဲ့ ပြောလိုက်
လို့ရှိရင် ဒါဟာ သင်ချမ်းသာဖို့
အတွက် ဝက်တစ်ကောင် ဆောင်
ထားတော့လို့ ပြောလိုက်ခြင်းပဲ
ဖြစ်ပါတယ်။

ရှေးမြန်မာလူမျိုးတွေလည်း ဝက်နဲ့ ပတ်သက်လို့ အရင်က ပြော
ခဲ့ဖူးတာ ရှိပါတယ်။

"ဟေ့ . . မင်းတော့ ဝက်ထော ထောပြီ" လို့ ဆိုတတ်ကြပါတယ်။

ဝက်တစ်ကောင်ဟာ ဆိုရင် ကံကောင်းစေတဲ့ သင်္ကေတတစ်ခု
ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဝက်ရုပ်စဘူးလေးဆောင်ထားရင်၊
ဒါနဲ့ ငွေစုရင် ငွေအများအပြား စုဆောင်းမိတတ်ကြတယ်၊ ငွေအဝင်ကြမ်း
တယ်လို့ ဂမ္ဘီရပညာရှင်များက ယုံကြည်ကြပါတယ်။

ဒါကြောင့် အနောက်တိုင်းမှာ စဘူးဆိုရင် ဝက်ရုပ်စဘူးကိုသာ



www.burmeseclassic.com

အများဆုံး အသုံးပြုကြပါတယ်။ သင့်အနေဖြင့် ငွေရှိချင်တယ်ဆိုရင် အစ ကစလို့ ဝက်စုဘူးလေးတစ်လုံးတော့ ဆောင်ထားသင့်ပါပြီ။

## လာဘ်ခေါ် ကြောင်ရုပ်



လက်ယပ်ပြီး လာဘ်ခေါ်နေတဲ့ ကြောင်ရုပ်လေးတွေကို စတိုးဆိုင်တွေ၊ အလုပ်ခန်းတွေမှာ သင်တို့ မြင်ဖူးကြမှာပါ။

ဒါကို ဘာကြောင့် ထားသလဲ၊ ဘာလို့ထားလဲဆိုတာကို သေသေချာချာ သိရှိသူတော့ နည်းပါလိမ့်မယ်၊ တကယ်တော့ ဒါဟာ ဂျပန်လူမျိုးတို့ရဲ့ယဉ်ကျေးမှုကနေ ဆင်းသက်လာတာ ဖြစ်ပါတယ်။

ဂျပန်လူမျိုးတွေက ကြောင်ရဲ့လက်လေးတစ်ဖက် (သို့မဟုတ်) နှစ်ဖက်ဟာ သူ့ရဲ့မျက်နှာနားကို လက်ယပ်ပြီး ခေါ်ပြီဆိုရင် ဒါဟာ စီးပွားလာဘ်လာဘတွေကို ခေါ်တဲ့ သင်္ကေတ လို့ ယူဆကြပါတယ်။


ဒါကြောင့် ဒီလို လာဘ်ခေါ် ကြောင်ရုပ်လေးတွေ ပေါ်ပေါက်လာရခြင်းပဲ ဖြစ်ပါတယ်။ လာဘ်ခေါ် ကြောင်ရုပ်လေးကို သင့်အိမ် (သို့မဟုတ်) သင့်အလုပ်ခန်းရဲ့တံခါးမပေါက်တည့်တည့်ကို ဦးတည်ပြီးတော့ ထားရပါမယ်၊

ဒီလိုထားမှသာလျှင် ငွေရှင်၊ လာဘ်ရှင်စေပြီး သင့်ထံကို ကံကောင်းခြင်းတွေ၊ စီးပွားလာဘ်လာဘတွေ စီးဝင်လာပြီး သင့်ရဲ့လုပ်ငန်းတွေ ဒီရေအလား တိုးတက် ကြီးပွား အောင်မြင်ပါလိမ့်မယ်။






## ရယ်နေတဲ့ အန်းကုန်း



တရုတ်လူမျိုးတို့က အန်းကုန်းဘိုးတော်လို့ ခေါ်ကြပါတယ်၊ (၁) ရာစုတုန်းက အသက်ထင်ရှားနဲ့ ဂမ္ဘီရအစွမ်းတွေ ရှိခဲ့တဲ့ အန်းကုန်း ဘိုးတော်ကြီးရဲ့ရုပ်ထုဟာ သင့်အိမ် (သို့မဟုတ်) သင့် အလုပ်နေရာတို့မှာ ရှိခဲ့ မယ်ဆိုရင် စီးပွား လာဘ်သပကာရတွေနဲ့ ပျော်ရွှင်မှုတွေကို ယူဆောင်ပေးနိုင်တယ်လို့ ယုံကြည်ကြပါတယ်၊

အန်းကုန်းဘိုးတော်ကြီးရဲ့ဗိုက်ပူပူကြီးကြီးကို မကြာခဏ ပွတ်သပ်ပေးလို့ရှိရင် မကြာခဏ ငွေတွေ ရတတ်ပါတယ်၊ ဒါပေမယ့် အန်းကုန်း ဘိုးတော်ရုပ်ကို ကိုယ့်ဟာကိုယ် မဝယ်ရပါဘူး၊ သူများ လက်ဆောင်ပေးတာကိုသာ စီးပွားလာဘ်ပွင့်အဆောင်အဖြစ် ထားရတယ်လို့လည်း သိရပါကြောင်း၊

## ဖဲ့လောင်း အံစာတုံး




ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးလို့ (၁၉၇၀ - ၈၀)တို့ကို ရောက်တော့မှ ယခု အံစာတုံး အဆောင်အစီအရင်ဟာ ခေတ်စားလာခဲ့ခြင်း ဖြစ်ပါတယ်၊ အဲဒီတုန်းထွက်တဲ့ ရုပ်ရှင်ဇာတ်ကားတွေထဲမှာ ပါဝင်တဲ့ မော်တော်ကား



www.burmeseclassic.com

www.burmeseclassic.com






တချို့ရဲ့နောက်ကြည့်မှန်မှာ ဒီလို အံစာတုံး ချိတ်ဆွဲထားတာတွေကို တွေ့ကြပါလိမ့်မယ်။

ဒုတိယကမ္ဘာစစ်တွင်းက ဗုံးကြဲလေယာဉ်မောင်းတဲ့ ပိုင်းလော့တွေဟာ သူတို့ ကံကောင်းဖို့ ဂမ္ဘီရဆရာများ စီရင်ပေးတဲ့ အံစာတုံးတွေကို လေယာဉ်ခေါင်းခန်းမှာ ချိတ်ဆွဲရာမှာ ကံကောင်းခဲ့ပါတယ်၊ အဲဒီ နောက် ပိုင်းကစလို့ တွဲလောင်းအံစာတုံးဟာ ကံကောင်းစေတဲ့ အဆောင်သင်္ကေတ တစ်ခုအဖြစ် ခေတ်စားလာပါတယ်။

ကမ္ဘာစစ်ပြီးသွားတဲ့နောက် လေယာဉ်မှူးတွေ အိမ်ပြန်ရောက်တဲ့အခါမှာလည်း သူတို့ဟာ သူတို့ကားတွေထဲမှာ ဒီလို အံစာတုံးလေးတွေကို ချိတ်ဆွဲထား ခြင်းဖြင့် ဒီအဆောင်သင်္ကေတဟာ ပိုပြီး ပေါ်ပြူလာဖြစ်လာခဲ့ပါတယ်။ တွဲလောင်း အံစာတုံးလေးဟာ လှုပ်ရှားနေလေလေ၊ သင့်အတွက် ကံကောင်းလေ ဖြစ်ပါတယ်။



အံစာတုံးရဲ့ အဓိပ္ပါယ် ဆိုလိုရင်းက အကောင်အထည် ပေါ်စေတဲ့ သင်္ကေတ တစ်ခု ဖြစ်ပါတယ်။ သင် မျှော်မှန်းထားတဲ့ အရာတွေ အကောင်အထည် ပေါ်လာစေဖို့ အံစာတုံး အဆောင်ကို ဆောင်ကြပါလို့ ဆိုချင်ပါတယ်။





## ဖယောင်းတိုင်နှင့် နမိတ်ကောက်ခြင်းများ



ဖယောင်းတိုင်ရဲ့နမိတ်ပြမှုများက ဆန်းကြယ်တဲ့ သဘာဝကို ဆောင်လျက်ရှိပါတယ်။ တချို့သော ပညာရှင်များက ဖယောင်းတိုင်ရဲ့ အခြေအနေကိုကြည့်ပြီး ကိုယ့်ရဲ့အကြံအစည်တွေ အောင်မြင်မှု ရှိ၊ မရှိကို ထွေလာ ဆန်းစစ်တတ်ကြပါတယ်။

ယခု ဖယောင်းတိုင် နမိတ်ကောက်မှုကို တစ်သီးတစ်သန့် လုပ်ဆောင်ပါ၊ ကိုယ့်ရဲ့အကြံအစည်များ အောင်မြင်မှု ရှိ၊ မရှိဆိုတာကို သိနိုင်ဖို့ အရင်ဆုံး မနက်စောစောထပါ။

ကိုယ်လက်သန့်ရှင်းမှုများ ပြုလုပ်ပြီး သန့်ပြန့်တဲ့ အဝတ်အစားများ ဝတ်ဆင်ကာ မိမိကိုးကွယ်ရာ ဘုရားကျောင်းဆောင်ရှေ့မှာ ထိုင်ကာ ကိုးကွယ်ရတဲ့ ဘုရားစာ၊ တရားစာများကို ဆိုပြီး ရွတ်ဖတ်ပူဇော်ပါ။

ပြီးတဲ့အခါမှာ နေစထွက်တဲ့အချိန်မှာ တစ်ရောင်တည်းရှိတဲ့ ဖယောင်းတိုင်(၁)တိုင်ကို မိမိရဲ့ကိုးကွယ်ရာ ဘာသာရှေ့မှာ ထွန်းညှိ ပူဇော်ပြီး -

"ကျွန်ုပ်ရဲ့အကြံအစည်၊ အလုပ်အကိုင်များ
အောင်မြင်မှု ရှိ၊ မရှိဆိုတာကို
ဤ ဖယောင်းတိုင်မှ နမိတ်ပြသပေးပါ"



www.burmeseclassic.com

www.burmeseclassic.com





လို (၉)ကြိမ်ရွတ်ဆိုပြီး ဖယောင်းတိုင်ရဲ့ အခြေအနေများကို လေ့လာ သုံးသပ်ရပါမယ်။

၁) ဖယောင်းတိုင်ဟာ လောင်ချင်သလို၊ မလောင်ချင်သလို အနေအထားမျိုး ဖြစ်နေပါက မိမိရဲ့ အကြံအစည်များ ထစ်ငေ မှုများ ရှိပါလိမ့်မယ်။ အလုပ်အကိုင်များ အနှောင့်အယှက်ကြုံနိုင်ပြီး သတိထား လုပ်ဆောင်ဖို့လိုမယ်လို့ နမိတ် ကောက်နိုင်ပါတယ်။

၂) ဖယောင်းတိုင်မီးဟာ အစပထမမှာ မလောင်ချင်သလို ဖြ နေပြီးမှ နောက်ပိုင်း အသားကျကာ လောင်သွားပါက ကိုယ့်ရဲ့အကြံအစည် လုပ်ဆောင်မှုများဟာ အစပိုင်း အနှောင့်အယှက်ကြုံပြီးမှ နောက်ဆုံးမှ အောင်မြင်မယ့် နမိတ်လက္ခဏာ ဖြစ်ပါတယ်။

၃) ဖယောင်းတိုင်မီးဟာ တောက်ပထွန်းလင်းနေရာမှ ရုတ်တ ရက်မီးငြိမ်းသွားပါက သင့်ရဲ့အကြံအစည်များ မအောင်မြင်နိုင်ပါ၊ အလု အကိုင်များလည်း မအောင်မြင်ပါ။

၄) မီးတောက်လောင်နေတဲ့ ဖယောင်းတိုင်ဟာ တစ်ခြမ်းသ လောင်မြိုက်ပြီး တစ်ခြမ်းကျန်လပ်နေတဲ့ ပုံစံမျိုးဖြစ်နေပါက သင့်ရဲ့အကြ အစည်၊ လုပ်ငန်းတို့မှာ အနှောင့်အယှက်ပေးမယ့် ရန်သူများရှိနေတဲ့ နမိ လက္ခဏာ ဖြစ်ပါတယ်။

၅) ဖယောင်းတိုင် မီးတောက်လောင်နေစဉ်မှာ တဖြစ်ဖြစ် အသံများ မြည်ပါက သင့်ရဲ့ အကြံအစည်၊ အလုပ်အကိုင်တို့မှာ စိတ်ဓာ ကျဆင်းစရာ အနှောင့်အယှက်များပေါ်လာပြီး ရုတ်ချည်းရပ်တန့်၊ ပိ သိမ်းပစ်ရမယ့် နမိတ်မျိုးကို ဖော်ပြခြင်း ဖြစ်ပါတယ်။



ထူးဆန်းထွေလာ အံ့ဖွယ်စီရင်နည်းများ



၆) ဖယောင်းတိုင် အရည်များဟာ အောက်မှာ အိုင်ထွန်း စီးဆင်းလာပါက သင့်ရဲ့အကြံအစည်၊ အလုပ်အကိုင်တို့ဟာ အကျိုးရှိမှုထက် အကျိုးမဲ့မှုက ပိုများနေတဲ့ လက္ခဏာကို ပြသနေခြင်း ဖြစ်ပြီး အတိုင်ပြ ဆင်ခြင်ရမယ့် နမိတ် လက္ခဏာ ဖြစ်ပါတယ်။

၇) အကောင်းဆုံး နမိတ်လက္ခဏာကတော့ သင့် နမိတ်ကောက်မယ့် ဖယောင်းတိုင်ဟာ မီးခွန်တလူလူတက်ပြီး ဖယောင်းတိုင်နဲ့ မီးစာတို့ဟာ အကုန်အစင် လောင်မြိုက်ပြီး မီးငြိမ်းသွားပါမှသာလျှင် သင့်ရဲ့အလုပ်အကိုင်၊ အကြံအစည်တို့ဟာ အောင်မြင်မယ့် လက္ခဏာ ဖြစ်ပါတယ်၊ လုပ်သမျှ အောင်မြင်ပါလိမ့်မယ်။



ဖယောင်းတိုင်ကို ဖယောင်းခွက်ထဲ ထည့်ထွန်းရင် အကောင်းဆုံး ဖြစ်ပြီး ဖယောင်းတိုင်အရောင်ကို အဖြူ (သို့မဟုတ်) အဝါရောင်တို့ကို အသုံးပြုနိုင်ပါတယ်၊

ဖယောင်းတိုင်ဟာ ကြီးလွန်း၊ မသေးလွန်း အလယ်အလတ်မျိုး ဖြစ်ရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



## ကျီးကျွေးလာဘ်ခေါ် ဂါထာတော်များ



ကျီးကန်းတွေဟာ သဘာဝလွန်ဖြစ်ရပ်များနဲ့ ဆက်စပ်နေသော ဂမ္ဘီရဆန်သော၊ အစီအရင်များနဲ့ ဆက်နွယ်နေသော အကောင်များဖြစ်ကြပါတယ်။

ကျီးသာနမိတ်၊ ရွှေကျီးနဲ့ သက်ဆိုင်သော ဂမ္ဘီရနည်းလမ်းများစသည်ဖြင့် အမျိုးမျိုး ရှိပါတယ်၊ ဒီအထဲကမှ အလွန်အဖိုးထိုက်တန်တဲ့ ကျီးကျွေးလာဘ်ခေါ် ဂါထာတော်များကို ဖော်ပြလိုက်ရပါတယ်၊

### ၁) ကျီးကျွေး လာဘ်ရောက် ဂါထာ

"ကကာစေမံ . . ကဝံကာက . . ဝဏ္ဏကာကော
ကာကော မမ ကာကော . . ခတ္တိယောစ . . ဗြဟ္မဏောစ
သေနဂေါစ . . ဣတ္ထိယောစ . . ပုရိသ လာဘံ
ပိယံပေဟိ . . အာဂစ္ဆန္တု . . အာဂစ္ဆန္တု . ."

မိမိစားမယ့် စားဦးစားဖျား ထမင်းကို ဖော်ပြပါ ဂါထာဖြင့် (၇) အုပ်မန်းပြီး ကျီးများကို ကျွေးရပါမယ်။ အကျိုးရလဒ်ကတော့ ကျီးအာသ[illegible] ကျီးနားသမျှ နေရာတွေကနေ သင့်ထံကို လာဘ်ရောက်ပါလိမ့်မယ်၊







### ၂) ကျီးကျွေး လာဘ်ခေါ် ဂါထာ

"ဥုံ အဂ္ဂေါ ဗုဒ္ဓေါ . . ဥုံ အဂ္ဂေါ မဓမ္မော . . ဥုံ အဂ္ဂေါ သံဃော ဒေဝမနုဿာ . . ပန္နရသော . . အဂ္ဂေါ ဝိပါကော မေဝသော[illegible] . . ယံယံ ဣစ္ဆိတံ သမိဇ္ဈန္တု"

"ဥုံ ဗုဒ္ဓ ဗုဒ္ဓါ ဒေဝတာ အာရက္ခန္တု

ဘုဥ္ဆန္တု ဘုဥ္ဆန္တု ပရိဟာ[illegible] . . သွားဟယ် . . ယျကယ်"

မိမိရဲ့ စားဦး ထမင်းဆုပ် (၇) ဆုပ်ကို မန်းပါ၊ ပြီးလျှင် ကျီးကန်း များကို ခေါ်ပြီး ကျွေးပါ၊ မကြာမီမှာ သင့်ထံကို လာဘ်ရောက်ပါလိမ့်မယ်၊

### ၃) ကျီးကျွေး လာဘ်မျှော် ဂါထာ

"ဥုံ ဂဝံကာကောကော မမံ အာဂစ္ဆန္တု
ကာကေကော မောရကောကော ခတ္တိ ယောစ
မမံ မမံ အာဂစ္ဆန္တု . . ဘုဥ္ဆန္တိ သွားဟယ် ယျကပ် . . ဟုံ ဟုံ"

မနက်စောစောတွင် စားဦး ထမင်းကို (၇)အုပ်မန်းပြီး ကျီးကန်းများရှိရာနေရာကို အရောက်သွားပြီး ကျွေးရပါလိမ့်မယ်။ အကျိုးကတော့ သင်လိုချင်တဲ့ လာဘ်လာဘများကို ကျီးကျွေးလာဘ်မျှော် ဂါထာတော်နဲ့ ခေါ်နိုင်ပါတယ်၊

အဆိုပါ ကျီးကျွေး ဂါထာ(၃)မျိုးရဲ့ စီရင်လုပ်ဆောင်နည်းတွေဟာ အကုန် အတူတူတွေပါပဲ။ မနက်စောစော ကျီးကန်းများ ရှိမယ့်နေရာကိုသွားပြီး ကျွေးရင်တော့ ပိုကောင်းပါတယ်၊ ပြီးတော့ (၇)ရက် ဆက်တိုက်မပျက်မကွက် ကျွေးနိုင်ရင် ကြီးမားတဲ့အကျိုးထူးကို ရပါလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



# ရန်အတိုက်အခိုက်များကင်းစေမယ့် အစီအရင်



လူရယ်လို့ဖြစ်လာပြီဆိုရင် စီးပွားပြိုင်ဘက်၊ ရည်းစားပြိုင်ဘက်နဲ့ ရန်အနှောင့်အယှက်များဟာ လူတိုင်းလိုလိုမှာ ရှိတတ်ကြပါတယ်။ တချို့က ကောင်းသော ယှဉ်ပြိုင်ခြင်းနဲ့ ယှဉ်ပြိုင်ကြသလို၊ တချို့ကျတော့လည်း မကောင်းသောနည်းနဲ့ ကိုယ့်အပေါ် တိုက်ခိုက်တတ်ကြပါတယ်။

ကိုယ့်အပေါ် တစ်စုံတစ်ဦးက အတိုက်အခိုက်၊ အစီအရင်များ ပြုလုပ်ထားပြီဆိုရင် သင်ဟာ မကြာခဏ ဖျားနာခြင်း၊ အိမ်သူအိမ်သားများ ဘေးအန္တရာယ်တွေ့ခြင်းနဲ့ သင်ကိုယ်တိုင်လည်း အိပ်မက်ဆိုးများနဲ့ နပန်းလုံး ရလေ့ရှိပါတယ်။

သင့်မှာ ဒီလိုမျိုး အဖြစ်အပျက်ကြုံဆုံနေတယ်ဆိုရင်တော့ စုန်းတိုက်၊ နတ်တိုက်၊ ကဝေပြုစားခြင်းများကို ပြန်လည်တိုက်ထုတ်နိုင်မယ့် အစီအရင်ကောင်း တစ်ခုရှိပါတယ်။

အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့ -

၁) ဆန်

၂) ငှက်ပျောသီးတစ်ဖီး

၃) ကြံတစ်ချောင်းတို့ ဖြစ်ပါတယ်။






အခုအစီအရင်ကို သုံးညတိတိလုပ်ဆောင်ရပါလိမ့်မယ်။

ပထမဆုံး ဆန်ကို ကိုယ့်လက်နဲ့ ကိုးဆုပ်ယူပြီး ညမအိပ်မီမှာ ကိုယ့်ရဲ့အိပ်ရာအောက်မှာ ထားပြီး အိပ်ပါ။ မနက်မိုးလင်းတဲ့အခါမှာ ဆန်တစ်ဝက်ကို ကိုယ့်အိမ်ရှေ့ကို ကြဲပက်လိုက်ပါ။ ကျန်တဲ့တစ်ဝက်ကိုတော့ ချောင်း၊ မြောင်း၊ ရေအိုင်အတွင်းကို စွန့်ပစ်ရပါလိမ့်မယ်။

ဒုတိယညမှာတော့ ငှက်ပျောသီးတစ်ဖီး (ဖီးကြမ်း)ကို ကိုယ့်ခေါင်းအုံးရင်းမှာ ထားပြီး အိပ်ရပါမယ်။ မနက်ရောက်လာတဲ့အခါမှာ တစ်ဝက်တိတိကို မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို လှူဒါန်းလိုက်ပါ။ ကျန်တဲ့တစ်ဝက်ကို သုံးပုံပုံပြီး တစ်ပုံကို အရှေး၊ တစ်ပုံကို ဆင်းရဲသားနဲ့ တစ်ပုံကို အရှားထိုင်နေသူ တစ်ဦးကို ပေးကမ်းလိုက်ရပါမယ်။



တတိယညမှာတော့ ကြံတစ်ချောင်းကို ကိုယ့်မွေ့ရာအောက် ထားအိပ်ပြီး မနက်ရောက်တဲ့အခါမှာ ကိုယ့်အသက်အတိုင်း အတ်စေ့ပိုင်းဖြတ်ကာ ဆင်ကို ကျွေးရပါလိမ့်မယ်။

ဆင် ကျွေးဖို့ အခက်အခဲ ရှိရင် မြစ်၊ ချောင်း၊ ရေကန် တစ်ခုခုထဲကို စွန့်ပစ်ရပါလိမ့်မယ်။

ကိုယ့်အပေါ် ဘယ်လောက်စွမ်းတဲ့ အတတ်ပညာများနဲ့ ပြုစားထားစေကာမူ၊ ဒီအစီအရင် လုပ်ဆောင်ပြီးတာနဲ့ ရန်အန္တရာယ်အားလုံး ကင်းဝေးသွားပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



# မာန်မာနထောင်လွှားနေသူကို မာန်လျော့ချနည်း



အလုပ်တွေမှာ၊ ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ၊ မိသားစုထဲမှာ စသည်ဖြင့် အရမ်းကို မာန်မာနထောင်လွှားနေသူများ ရှိတတ်ပါတယ်။ အစအစ အရင်က အဲဒီလို အရမ်းမာန်ကြွ၊ ထောင်လွှားနေသူကို မာန်လျော့ချတဲ့ နည်းလမ်းလို့လည်း ဆိုနိုင်ပါတယ်။

အဲဒီအတွက် လိုအပ်တာက လူပုံပါတဲ့ အကြွေစေ့(ကွိုင်ပြား) တစ်စေ့ ဖြစ်ပါတယ်။ အဲဒီအကြွေစေ့ (ကွိုင်ပြား)ကို ရပြီဆိုရင် ကိုယ်နဲ့ အတူ လမပြည့်ခင် (၃)ရက် အလိုမှာ ဆောင်ထားပါ။ အကြွေစေ့ဟာ ကိုယ် မာန်လျော့ချချင်တဲ့လူလို့ စိတ် ထဲကနေ တစ်ချိန်လုံး သတ်မှတ်နေရပါ မယ်။

(၃)ရက်ပြည့်လို့ လပြည့်ညကို ရောက်ပြီဆိုတာနဲ့ အစအစီအရင် ကို အသုံးပြုရပါမယ်။ အဲဒီညမှာ ကိုယ်တစ်ယောက် တည်း ကိုယ့်အစီအရင် ကို ဘယ်သူမှမသိနိုင်တဲ့ လူပြတ်တဲ့ လမ်းတစ်ခုကို သွားပါ။

လမ်းတစ်လျှောက်လုံးမှာ လျှောက်သွားရင်း လက်ထဲက အကြွေ စေ့လေးကိုကိုင်ထားကာ ကိုယ့်စိတ်ထဲမှာ မာန်လျော့ချသွားချင်သူရဲ့ပုံရိပ် ကို စိတ်ကူးသွားပါ။ ပြီးရင် ကိုယ့်စိတ်ထဲက သတ်မှတ်တဲ့၊ ကိုယ့်ကို ဘယ် သူမှ မတွေ့၊ မသိနိုင်တဲ့ နေရာကို ရောက်ပြီဆိုရင် ကိုယ့်လက်ထဲက အကြွေစေ့(ကွိုင်စေ့)ကို အပေါ်ဆုံး အမြင့်ကို တက်နိုင်သလောက် တက် အောင် လက်မနဲ့ တောက်ထည့် လိုက်ပါ။

"အေး . . တက်နိုင်သ လောက် အမြင့်ကို တက်စမ်း။

ပြီးရင် တက်သလောက် အမြင့်ကနေ ပြန်ပြုတ်ကျစမ်း"လို့ ပါးစပ်ကနေ အသံထွက်ရွတ်ပြီး အကြွေစေ့လေး မြောက်ကာ ပြန် ကျတဲ့ အချိန်အတွင်း ကွက်တိ ဖြစ် အောင် ရွတ်ဆိုရပါမယ်။ ပြန်ပြုတ် ကျသွားတဲ့ နေရာမှာပဲ အကြွေစေ့ကို ထားခဲ့ရပါလိမ့်မယ်။ ပြီးရင် ဆက်ပြီး တော့သာ လမ်းလျှောက်သွားပါ။



နောက်ပြန်လှည့်ဖို့ မလိုသလို၊ ကိုယ်တောက်ခဲ့တဲ့ နေရာကို လည်း ဘာအကြောင်းနဲ့မှ ပြန်မကြည့်ဘဲ ဆက်ထွက်သွားပြီး တခြားလမ်း ကနေ ကိုယ့်လမ်းကို ကိုယ်ပြန်ရပါလိမ့်မယ်။ မိမိပြုလုပ်တဲ့အချိန်မှာ ဘယ် သူမှ မမြင်၊ မသိ၊ မကြားဆိုတဲ့ စည်းကမ်း(၃)ရပ်ကို လိုက်နာပြီး ဆောင် ရွက်သွားရပါမယ်။

ဒီနေရာမှာ သင့်ရဲ့စိတ်စွမ်းအားကို အမြင့်ဆုံး အသုံးပြုပြီး ဆောင် ရွက်ရပါလိမ့်မယ်။ တကယ်လို့ အဲဒီအကြွေစေ့ (ကွိုင်ပြား)ကို ခွေးတစ် ကောင်က မြို့ချခဲ့မယ်ဆိုရင် ဒီအစီအရင်ကို ခွေးက ဆက်လက် ဆောင် ရွက်သွားပါလိမ့် မယ်။

အဓိကကတော့ သင့်အနေဖြင့် အစီအရင်ပြီးတာနဲ့ အဲဒီနေရာ ကို နောက်ပြန်လှည့်ကြည့်ခြင်း၊ ပြန်ကောက်ယူခြင်းမျိုး လုံးဝ မလုပ်ပါ နဲ့။ ရှေ့ဆက်လျှောက်ပြီး ကိုယ့်အိမ်ကိုပြန်ရမှာ ဖြစ်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



## ရွှေကျီးသာခြင်းနှင့် အတိတ်နမိတ်များ



ကျီးကန်းဟာ ဧည့်သည်နဲ့ဆက်စပ်မှု၊ စုတ်လာဘ်ရောက်ခြင်းများနဲ့ ဆက်စပ်မှုတွေ ရှိပါတယ်။ ဒါကြောင့် ရွှေကျီးသာရင် ဘာဖြစ်မယ် ညာဖြစ်မယ်ဆိုပြီး နမိတ်ကောက်မှုတွေ ရှိပါတယ်။ ဒါတွေကို သင်သိဖို့ -

၁) အရှေ့အရပ်တည့်တည့်က ကျီးသာရင် ချစ်ခင်သူရောက်မယ်၊

၂) အရှေ့တောင်အရပ်က ကျီးသာရင် အကြီးအကဲရောက်မယ်၊

၃) တောင်အရပ်က ကျီးသာရင် သားငါးဟင်းရံများ လာပို့သူ ရောက်မယ်။

၄) အနောက်တောင်အရပ်က ကျီးသာရင် တပည့်သားမြေးများ ရောက်လာတတ်တယ်၊

၅)အနောက်အရပ်က ကျီးသာရင် စုတ်လာဘ်ပေးမယ့် မိတ်ဆွေ ရောက်တတ်တယ်။

၆) အနောက်မြောက်အရပ်က ကျီးသာရင် လက်အောက်ငယ် သားများ ရောက်လာတတ်တယ်၊

၇) မြောက်အရပ်မှ ကျီးသာရင် စုတ်ကောင်းများ ရောက်လာ တတ်တယ်။

၈) အရှေ့မြောက်အရပ်မှ ကျီးသာရင် ပူဇော်မည့်သူ၊ မစမယ့်သူ တို့ရောက်တတ်ပါကြောင်း ရွှေကျီးသာခြင်း နမိတ်ကို ဖော်ပြလိုက်ပါတယ်၊








www.burmeseclassic.com

www.burmeseclassic.com



# မီးခိုးရောင် လောကီပညာရပ် (၂၄)



သင်ဟာ အိပ်မက်များကို ထိန်းချုပ်ခြင်းအဆင့်ကို အောင်မြင်ခဲ့ရင် ကိုယ့်ရဲ့အိပ်မက်တွေကို ပြန်ခေါ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းအဆင့်တွေကို ဆက်လက်ပြီး လေ့ကျင့်ရပါမယ်။ ဒီအဆင့်မှာ သင်ဟာ ကိုယ်တစ်ညလုံး ဘယ်လိုအိပ်မက်မျိုးတွေ မက်ခဲ့သလဲဆိုတာကို သိရှိအောင် အရင်ဆုံး စလုပ်ရပါလိမ့်မယ်။

လူတော်တော်များများဟာ အိပ်မက်တွေ မက်ကြပါတယ်။ ဒါပေမယ့် နိုးလာချိန်မှာ ကိုယ်မက်ခဲ့တဲ့ အိပ်မက်တွေကို မမှတ်မိတတ်ကြပါဘူး။ ဒါ့ကြောင့် သင်ဟာ ဒီအဆင့်မှာ ကိုယ် ဘယ်လိုအိပ်မက်မျိုးတွေ မက်ခဲ့သလဲဆိုတာကို သိအောင် လုပ်ရပါတော့မယ်။

"ယုံချင်ယုံ၊ မယုံချင် နေပါ"။ လူတိုင်း၊ လူတိုင်းဟာ လေ့ကျင့်မယ်ဆိုရင် ကိုယ်မက်ခဲ့တဲ့ အိပ်မက်အားလုံးကို ပြန်မှတ်မိအောင် လုပ်နိုင်စွမ်းရှိပါတယ်။ အစပိုင်းမှာတော့ သင်ဟာ အိပ်မက်ကနေ နိုးလာအောင် လုပ်ဆောင်နိုင်ဦးမှာ မဟုတ်ပါဘူး။

ဒါ့ကြောင့် ကိုယ်အိပ်ပျော်ပြီး အိပ်မက်မက်နေစဉ် ကိုယ့်ကို အိပ်မက်ကနေ ပြန်နှိုးပေးနိုင်မယ့် Device ပစ္စည်းတစ်ခုခုရှိဖို့တော့ သင့်





...ကိုအပ်ပါတယ်။ ယခုအခါမှာ နောက်ဆုံးပေါ် နည်းပညာ ပစ္စည်းများစွာ ...ပြီမို့ ပူစရာတော့ မလိုပါဘူး။

ကိုယ်အိပ်ပျော်ပြီး နာရီဝက်၊ တစ်နာရီအကြာမှာ ကိုယ့်ကို အိပ် ...ကနေ နိုးအောင် နှိုးပေးနိုင်တဲ့ Timer ပါဝင်တဲ့ LED မီးသီးလေးတွေ၊ ...ဟုတ် Alarm နာရီနှိုးစက် စတာတွေနဲ့ သင်ဟာ အိပ်မက်မက်နေတဲ့ ...ကိုကိုယ် ပြန်နိုးအောင် လုပ်ရပါလိမ့်မယ်။

ဒီလိုပြန်နိုးလာအောင် လုပ်နိုင်ပြီဆိုရင် သင်ဟာ ကိုယ့်ရဲ့နိုးနေ ...ဖြစ်တဲ့ လက်တွေ့ဘဝထဲမှာလည်း ဒီနည်းကို အသုံးချပြီး ဘာတွေလုပ် ...တယ်ဆိုတာကို သိလာပါလိမ့်မယ်။ တကယ်တော့ ကျွန်ုပ်တို့ လူသား ...လုံးဟာ အိပ်မက်ကမ္ဘာကဲ့သို့ အသိုက် ...ကမ္ဘာတစ်ခုထဲမှာ အသက်ရှင်နေကြ ...ဖြစ်ပါတယ်။



အဲဒီအရာတွေကို သင်ဟာ ...အပ်သလို ထိန်းချုပ်နိုင်ပြီဆိုရင် ...သ်ပြောင်းလဲချင်တာတွေကို ...ပြောင်းလဲမယ်၊ ကိုယ့်စိတ်ကြိုက် ...ရာကို လုပ်နိုင်ပါပြီ။ ဒါဟာ ...ယ်ပေမယ့် လုပ်ယူလို့ ရပါ ...ယ်၊ တစ်ရှိုးထဲနဲ့တော့ အမြင့် ...ရောက်ဖို့တော့ မဖြစ်နိုင် ...ဘူး။ လေ့ကျင့်မှုပေါင်း ...စွာကို အချိန်ပေးပြီး ...ကျင့်မှသာ ရနိုင်ပါ ...မ့်မယ်။

နောက်တစ် ...တာတော့ လူတွေ ...ညအချိန်၊ အိပ် ...ပျော်နေစဉ်မှာ



www.burmeseclassic.com

www.burmeseclassic.com





အိပ်မက်များစွာကို မက်ကြ[...] တယ်၊ သင် မမှတ်မိလို့သာ အိ[...] မက် မမက်ဘူးလို့ ပြောပါလိ[...] မယ်၊ တကယ်တော့ အိပ်မက်တွေ[...] မက်ပြီး ကိုယ်တိုင်က မမှတ်မိခြ[...] သာ ဖြစ်ပါတယ်။

တစ်ခါတလေမှာတော[...] ကိုယ့်ရဲ့သိစိတ်ဟာ အိပ်မက်[...] မှာ နိုးတစ်ဝက်ဖြစ်နေလို့ ကိုယ[...] ဘာအိပ်မက်မက်တယ် ဆိုတာ[...] နိုးလာပြီးချိန်မှာ လူတွေ မှတ်[...] နေကြတာ ဖြစ်ပါတယ်၊

## ကြိုတင်ပြင်ဆင်ခြင်းနဲ့ အိပ်မက်ပြန်ခေါ်ခြင်း

သင်ဟာ အိပ်မက်များကို ပြန်ခေါ်ခြင်းအဆင့်ကို အောင်မြင်စွ[...] လုပ်ဆောင်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်ထားခြင်းများကိုတော့ လု[...] ဆောင်ထားရပါမယ်၊ ပထမဆုံး ကိုယ့်ရဲ့ခန္ဓာကိုယ်ကို သက်သောင့်သ[...] သာဖြစ်အောင် အရင်ဆုံး လုပ်ပါ၊ ခန္ဓာကိုယ်ကို အိပ်ရာပေါ်မှာ ဆန့်ဆန့်[...] နေလိုက်ပါ။

အဲဒီအချိန်မှာ ကိုယ့်ရဲ့စိတ်တွေဟာ ဘယ်အရာကိုမှ တွေးမ[...] ဘဲ တစ်ကိုယ်လုံး ပေါ့ပါးနေအောင် စိတ်လျှော့အနားယူထားပါ၊ မအိပ်ခ[...] မှာ အစာစားဖို့ မလိုသလို၊ မစားဘူးလို့လည်း ကိုယ့်ကိုကိုယ် တားမြ[...] ထားစရာ မလိုပါဘူး။ ကိုယ် ကြိုက်သလို လုပ်ဆောင်နိုင်ပါတယ်။

တချို့ကတော့ အစားအသောက်တွေဟာ အိပ်မက်ဆိုးတွေ[...] ပေးတယ်လို့ ပြောကြပါတယ်၊ မြန်မာအခေါ်အရ သွေးတက်စာတွေ စား[...] အိပ်ရင် အိပ်မက်ဆိုးတွေ မက်တတ်တယ်လို့ ပြောကြပါတယ်၊ ကျွန်[...] ကိုယ်တိုင်လည်း တစ်ခါတလေ မအိပ်ခင် အစားစားတဲ့အတွက် အ[...] မကြေဖြစ်ပြီး အိပ်မက်ဆိုးတွေ မက်ဖူးပါတယ်။







အစာမကြေရင် ကောင်းကောင်း အိပ်မပျော်ပါဘူး၊ အဲဒီအချိန် [...]တစ်ဝက်ဖြစ်နေလို့ အိပ်မက်ကို မှတ်မိနေကြတာ ဖြစ်ပါတယ်၊ ကျွန်ုပ် [...]အခုအဆင့်က အိပ်မက်ဆိုးတွေနဲ့ မဆိုင်ပါဘူး၊ အဓိက.က ကိုယ့်ရဲ့ [...]က်တဲ့ အိပ်မက်ဟာ ဘာအိပ်မက်တွေဖြစ်သလဲဆိုတာကို ပြန်ခေါ် [...]လေ့လာကြည့်တဲ့ အိပ်မက်ပြန်ခေါ်ခြင်းအဆင့်ကို သွားမှာ ဖြစ်ပါတယ်၊

ဒါကြောင့် မအိပ်ခင် အဆင့်မှာ အစာ စားချင်လည်း စားနိုင်သလို၊ [...]လည်း ရပါတယ်၊ ကြိုက်သလို လုပ်ပါ၊ ပိုကောင်းတဲ့အချက်တစ်ခု [...]တော့ မအိပ်မီ ကိုယ် ဘာစားတယ်ဆိုတာကို ပြောင်းပြောင်းစားပြီး [...]လို အိပ်မက်မျိုးတွေ မက်သလဲဆိုတာ လေ့လာနိုင်ပါတယ်၊

ပြီးရင် ကိုယ့်ရဲ့အိပ်ရာဘေးမှာ စာအုပ်နဲ့ ဘောလ်ပင်ကိုထားပြီး [...]ယ်တကူ ရေးချနိုင်အောင် စီစဉ်ထားရပါမယ်၊ သင်ဟာ အိပ်မက်က [...]လာတဲ့အချိန်မှာ ဘာအိပ်မက်မက်တယ်ဆိုတာကို ကိုယ်မှတ်မိသ [...]တ် ချရေးဖို့ ဖြစ်ပါတယ်၊

## တစ်ညတာ အိပ်မက်များအား သုံးသပ်ခြင်း

ကြိုတင်ပြင်ဆင်တာတွေ အားလုံး လုပ်ပြီးပြီဆိုရင်တော့ သင် [...]အိပ်စက်ပြီး အိပ်မက်မက်ပါတော့မယ်၊ ဒီနေရာမှာလည်း သင်ဟာ [...]တော်ထိန်းချုပ်ခြင်း အဆင့်တုန်းကလို မအိပ်ခင်၊ အိပ်မပျော်မီမှာ "ငါဟာ ငါမက်တဲ့ အိပ်မက်တွေ အားလုံးကို မှတ်မိနေရမယ်၊ ငါ့



www.burmeseclassic.com

www.burmeseclassic.com





အိပ်မက်တွေ အားလုံးကို မှတ်မိနေရမယ်" လို့ အိပ်စက်ခြင်းနဲ့ မအိပ်မီ
ကြား Awake State မှာ အကြိမ်ကြိမ် ပြောပေးနေရမှာ ဖြစ်ပါတယ်။ ထ
ထပ်ခါ မရွတ်ချင်ရင်တော့ ကိုယ့်အသံကို သွင်းထားပြီး မအိပ်မီမှာ ကို
နားထဲမှာ ကြားနေအောင် လုပ်ဆောင်ပါ။

ဒီလိုနဲ့ သင်ဟာ အိပ်ပျော်သွားပါလိမ့်မယ်။ အိပ်မက်.မက်ပါလ
မယ်။ ပြီးရင် နာရီဝက်၊ တစ်နာရီလောက်အကြာမှာ သင့်ကို ပြန်နိုးနိုင်
Device တစ်ခုခုနဲ့ အိပ်မက်ကနေ ပြန်နိုးရပါလိမ့်မယ်။ အိပ်မက်တ
မက်ပြီး အောင်မြင်စွာ နိုးလာတယ်ဆိုရင် ကိုယ်မှတ်မိသလောက်တွေ
အသေးစိတ် ချရေးပါ။

ဒီအခါမှာ သင်ဟာ ဘယ်လိုအိပ်မက်မျိုးတွေ မက်တယ်ဆို
ကို ကောင်းကောင်း သိလာပါလိမ့်မယ်။ အိပ်လိုက်၊ ပြန်နိုးလိုက်နဲ့ ကို
အိပ်မက်တွေကို ဒီနည်းနဲ့ အကောင်းဆုံး လေ့လာနိုင်မှာပဲ ဖြစ်ပါတယ်

ဒီအဆင့်မှာတော့ သင့်ရဲ့အိပ်မက်ဟာ .. အဖြူအမဲနဲ့လ
အရောင်နဲ့လားဆိုတာကို သိဖို့လိုအပ်လာပါပြီ၊ တကယ်လို့ သင်
အိပ်မက်.မက်ပြီး အိပ်မက်ထဲမှာ အရောင် အဆင်းပါတယ်၊ ဘာအ
တွေလဲလို့ မြင်နေရရင် သင့်မှာ ခန္ဓာကိုယ်ကနေ နာမ်ခွာပြီး ကိုယ့်ရဲ့ရု
ကိုယ်ပြန်ကြည့်၊ ပြန်မြင်ရတဲ့ ခန္ဓာကိုယ် အပြင်ဘက်ကိုထွက်တဲ့ အ
ကို ကိုယ်တိုင် မသိရှိဘဲ ရောက်နေပါပြီ၊





**အရောင်အဆင်းနဲ့ နာမ်ခွာခြင်း**



အဲဒါဟာ ဝိညာဉ်လွှင့်
ခြင်းအဆင့်ပဲဖြစ်ပါတယ်၊
က်ရှိအဆင့်မှာတော့ အဲဒီ
ောက် အထိ ကျွန်ုပ်တို့
များသေးပါဘူး။ ဒီအဆင့်
တာ နောက်စာမျက်နှာတွေ
ပါဝင်လာမှာ ဖြစ်ပါတယ်၊
လောဆယ်က သင်ဟာ
မက်ပြန်ခေါ်ခြင်းအဆင့်
သင့်ရဲ့အိပ်မက်ဟာ အဖြူ
လား၊ အရောင်အဆင်းနဲ့
ဆိုတာကိုသာ အရင်ဆုံး
အောင် လုပ်ဖို့သာ လိုပါလိမ့်မယ်၊

အိပ်မက်ကနေ ပြန်နိုးလာပြီဆိုရင်လည်း စာဖြင့်ရေးမှတ်ခြင်း၊ ဒါ
လည်း အရေးကြီးပါတယ်။ ကိုယ့်ရဲ့တစ်ညတာမှာ မက်တဲ့ အိပ်မက်
တွေကို ဒီနည်းနဲ့ သုံးသပ်ကြည့်ရမှာ ဖြစ်ပါတယ်၊ အဲဒီအခါမှာ သင်ဟာ
မက် ဘယ်နကြိမ် မက်သလဲဆိုတာကို သိရှိလာမှာ ဖြစ်ပါတယ်၊

ကျွန်ုပ်ကတော့ တစ်ညဉ့်ကို (၁၀)ကြိမ်ကနေ (၁၅)ကြိမ်အထိ
မက်.မက်ပါတယ်။ တစ်ခါတလေ ပိုတောင်ပိုပါသေးတယ်။ လူတိုင်း
ညဉ့်စဉ်ညဉ့်တိုင်း အိပ်ပျော်သွားချိန်မှာ အိပ်မက်တွေကို အကြိမ်ကြိမ်
က်ကြပါတယ်။ ဒါကို ကြိုးစားပြီး မလေ့လာကြသေးလို့ မသိရှိကြတာ ဖြစ်
တယ်၊ တချို့က နိုးတစ်ဝက် အိပ်မက်လောက်သာ မှတ်မိကြတာ ဖြစ်ပါ
တယ်၊

သင်ကတော့ အိပ်မက်အားလုံးကို မှတ်မိအောင်ကြိုးစားပါ။ ပြီး
တော့ ဘာအိပ်မက်တွေ , မက်သလဲဆိုတာကို ရေးမှတ်ရမယ့် ပညာရှင်
တဲ့ အဆင့်ကို သွားရမှာ ဖြစ်ပါတယ်၊ ဘာလို့လဲဆိုတော့ ဒီအိပ်မက်
ဆင့်ကို သင်ပိုင်နိုင်နေတော့မှသာ နောက်ပိုင်းလာတော့မယ့် ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



လှ္ခင့်ခြင်း (သက်ရှိခန္ဓာကိုယ်ရဲ့ပြင်ပကို ထွက်ခြင်း)အဆင့်ကို လေ့လာ
မယ်ဆိုရင် ဒီ အိပ်မက်အဆင့်တွေကို မှီငြမ်းပြီး သွားရမှာ ဖြစ်တာကြော
ဖြစ်ပါတယ်။

အခုကတော့ အိပ်မက်များကို ပြန်ခေါ်ခြင်းနဲ့ ပြန်လှန်သုံးသ
ခြင်းအဆင့် ပြီးပါပြီ။ ဒီအဆင့်ကို တတ်မြောက်ထားရင်လည်း ပြင်ပ
လောက. ကမ္ဘာကြီးဟာ အိပ်မက်ကမ္ဘာလိုပဲ ကိုယ်လိုအပ်သလို ပြုပြ
ပြောင်းလဲမှုတွေ လုပ်နိုင်တယ်၊ အိပ်မက်ကမ္ဘာနဲ့ သင်နိုးနေချိန် လှုပ်ရှာ
ရှင်သန်နေရတဲ့ လက်တွေ့ကမ္ဘာတို့ကို ဆက်စပ်နိုင်တယ်ဆိုတာတွေ
သိလာပါလိမ့်မယ်၊

အကောင်းဆုံး မှတ်ထားဖို့ကတော့ အိပ်မက်ဆန်တဲ့ လက်တွေ
ကမ္ဘာကြီးထဲမှာ သင်လုပ်နိုင်တာတွေ အများကြီး ရှိပါတယ်၊ သင်မလု
တတ်သေးလို့သာ၊ နားမလည်သေးလို့သာ မသိသေးတာ ဖြစ်နိုင်ပါတယ်
ဒါတွေကို လေ့ကျင့်မှသာ သိနိုင်မှာဖြစ်ပြီး မလေ့ကျင့်ရင်တော့ ဘာမှ သ
နိုင်မှာ မဟုတ်ပါဘူး၊


ကဲ . . နောက်လမှာတော့ ဝိညာဉ်လှ္ခင့်နည်း အတတ်ပညာ (
မဟုတ်) သက်ရှိခန္ဓာကိုယ်ပြင်ပသို့ ထွက်ရှိခြင်းအကြောင်းကို ဖော်ပြ
ပါမယ်၊

"God Bless You, See you again Next Month."

နောက်လမှာ ပြန်ဆုံကြပါမယ်၊

❑





# နယ်လွန်ထူးခြား ဖြစ်ရပ်ဆန်းများ(၄)

သက်လုံ

www.burmeseclassic.com



"ဘုရားရှိခိုးကျောင်းရှေ့မှာ
တက္ကစီတစ်စင်းကို ငှားပြီး
ရပ်စောင့် ခိုင်းထားပါတယ်။
တပည့်တော်မပါ, တစ်ပါတည်း
လိုက်ခဲ့ပါမယ်။
သူဟာ သေဖို့
သိပ်နီးကပ်နေလို့
အချိန်ကုန်မခံမှ ဖြစ်မယ် ဘုရား"

## တစ္ဆေယာဉ်ကို စီးခဲ့ရသူ


ကျွန်ုပ်သည် တဆင့်စကား၊ တဆင့်နားဖြင့် ကြားသိဖတ်ရှု လေ့လာရသမျှသော တစ္ဆေအကြောင်းအရာများတွင် တစ္ဆေက ယာဉ်ကို စီးသည်ကိုသာ သိရှိခဲ့ရသော်လည်း တစ္ဆေသည် ယာဉ်နှင့်ပေါ်ပေါက်လာ ကာ ထိုယာဉ်အား လူသားက စီးနင်းခဲ့သည်ကို မတွေ့ရ၊ မကြားရမိသေး ချေ။ ယခု ဖော်ပြလတ္တံ့သော အကြောင်းခြင်းရာတွင်မူကား လူသားတစ်ဦး သည် ဝိညာဉ်လောကမှ ယာဉ်ကိုစီးနင်းလိုက်ပါခဲ့ဖူးကြောင်း တွေ့ရှိသဖြင့် မှတ်တမ်းတင် ဖော်ပြလိုက်ရခြင်း ဖြစ်ပေတော့သည်။

မူလ ထူးခြားဖြစ်ရပ်ကို မှတ်တမ်းတင်သူမှာ လောကီပညာရပ်၌ ထဲထဲဝင်ဝင် လေ့လာလိုက်စားသော နာမည်ကျော် ဗြိတိသျှလူမျိုး..ဗေဒင် ပညာရှင် မစ္စတာ ဂျွန်ပင်ဒရာဂွန်ဖြစ်၍ သူ့ကိုယ်တွေ့မဟုတ်ဘဲ (၁၉၁၃) ခုနှစ်၊ နာတာလူးပွဲတော်မတိုင်မီ ထုတ်ဝေခဲ့သော လန်ဒန်သတင်းစာများ ၌ ပါရှိခဲ့သည့် အကြောင်းအရာ ဖြစ်ပေသည်။

တစ်ခုသော ညနေတွင် ကင်စင်တန်ဘုရားရှိခိုးကျောင်း၊ ကျောင်း အုပ်..ဘုန်းကြီးသည် နာတာလူးပွဲတော်အတွက် "ကယ်ရော"သီချင်းများ တိုက်ပေးပြီးသောအခါ ကျောင်းထဲ၌ နောက်ကျနေရစ်ခဲ့၏။ သီချင်းဆိုသူ များ၊ တီးမှုတ်သူများမှာ နေအိမ်အသီးသီးသို့ ပြန်ကုန်ကြပြီဖြစ်လေ၏။







လက်ကျန်တာဝန်ကလေးများကို ဆောင်ရွက်ပြီးစီးသောအခါ၌ ဘုန်းတော်ကြီးသည် သော့တွဲယူ၍ ထွက်လာခဲ့သည်တွင် ဘုရားရှိခိုးကျောင်း အရှေ့ဘက်အစွန်း အမှောင်ပိုင်းဆီမှ မိန်းမတစ်ယောက် ထွက်လာပြီး ထွန်းပေါက်ဝနားရှိ အလင်းရောင်ထဲတွင် လာရပ်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရသည်ဆို၏။ အဆိုပါ မိန်းမသည် အနားဆီသို့ ချဉ်းကပ်လာ ပြီး ဘုန်းတော်ကြီးကို လျှောက်ထားလိုက်၏။

"ဒီနားမှာနေတဲ့ လူတစ်ယောက်ဆီကို ဆရာတော်ဝင်ပြီး ကြည့်ရှုပေးနိုင်မလား..ဘုရား၊ သူဟာ သေတွင်းသိပ်နီးနေပြီး ဘုန်းတော်ကြီး တစ်ဦးကို အလွန်မှ ဖူးမြင်ချင်တဲ့ဆန္ဒ ဖြစ်ပေါ်နေပါတယ်၊ ဒီည သန်းခေါင် မတိုင်မီ..သူသေတော့မှာပဲ"

ထိုမိန်းမ၏ အသံသိပ်မထွက်သော တောင်းပန်ခြင်း၊ မျှော်လင့် တောင့်တသော မျက်လုံးတို့ကြောင့် ဘုန်းတော်ကြီးသည် ဂရုဏာ သက်သွားမိတော့သည်။ ထိုမိန်းမသည် တစ်ကိုယ်လုံးအနက်ရောင် အဝတ် အစား ဆင်ယင်ထားပြီး သူ့အသားအရေမှာ ဖျော့တော့သော ကျောက်ဖြူ ကျောက်အဆင်းသဏ္ဍာန်ရှိလေသည်။

သူ့အသံအနေအထားသည် လေးနက်နေသော်လည်း စိတ်တွင်း ဝယ် ဝေဒနာပြင်းပြစွာ ခံစားနေရကြောင်းကို ဖော်ပြလျက်ရှိပုံရ၏။ ဘုန်း တော်ကြီးသည် ထိုမိန်းမ၏ အသက်အရွယ်ကို မခန့်မှန်းနိုင်သော်လည်း အဝတ်အစားကမူ လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ဝတ်စားပုံမျိုးဖြစ် သည်ဟု တွေးတောမိသည်။



www.burmeseclassic.com

www.burmeseclassic.com





ခရစ်ယန်ဘုန်းကြီးတစ်ပါးအဖ
ဤသို့သော အသက် ခေသဆုံးခါနီးသူ
အတွက် ပင့်ဖိတ်ခြင်းမျိုးမှာ အထူးအဆန်း
တော့ မဟုတ်ချေ။

ထို့ကြောင့်ပင် "ဝင်ကြည့်
မှာပေါ့.."ဟု ပြန်လည် မိန့်ကြားလိုက်
လေ၏။

"ဘုရားရှိခိုးကျောင်းရှေ့မှာ
တက္ကစီတစ်စင်းကို တပည့်တော်
ငှားပြီး ရပ်စောင့်ခိုင်းထားပါတယ်။
တပည့်တော်မပါ တစ်ပါတည်း လိုက်
ခဲ့ပါမယ်။ သူဟာ သေဖို့ သိပ်နီးကပ်
နေလို့ အချိန်ကုန်မခံမှ ဖြစ်မယ် ဘုရား"

ဘုန်းတော်ကြီးသည် တံခါးကိုပိတ်၍ သော့ခတ်နေစဉ် အဆိုပါ မိန်းမသည် လှေကားမှဆင်းသွားလေတော့၏။ ထို့နောက် လှေကားဆီမှ တက္ကဆီ(အငှား)ကားဆီသို့ လျှောက်သွားသော ခြေသံကို ဘုန်းတော်ကြီး သည် ကြားလိုက်မိ၏။

အငှားကား အဆင်သင့် ငှားရမ်းလာသည်ကို ဝမ်းမြောက်ဝမ်းသာ တွေ့ရင်း ဘုန်းတော်ကြီးသည် မိန်းမနှင့်အတူ လိုက်ပါသွားလေ၏။ အိမ်သို့ သွားသော ခရီးတိုကလေးအတွင်း ထိုမိန်းမသည် ဘုန်းတော်ကြီးနှင့် တွေ့ ချင်သောသူ၏အမည်ကို လျှောက်ထား၍ ထိုသူမှာ နောင်တမလွန်ကာလ အတွက် သောကရောက်လျက်ရှိနေကြောင်းနှင့်တကွ ထိုသူ၏ ကောင်း စားရေးမှာ သူ့အတွက် (ထိုမိန်းမအတွက်) လွန်စွာမှ အရေးကြီးကြောင်း နှင့် ရှင်းပြ လျှောက်ကြားလေ၏။

မကြာမီပင် အိမ်တစ်အိမ်ဆီသို့ရောက်သောအခါ၌ သူတို့ကား ပေါ်မှ ဆင်းလိုက်ကြပြီး ထိုမိန်းမ၏တောင်းပန်ချက်အရပင် ဘုန်းတော်ကြီး သည် အရင်ဦးဆုံး လှေကားကို လျှင်မြန်စွာတက်သွားပြီး လူခေါ် ခေါင်း လောင်းကို တီးလိုက်လေ၏။ တံခါးလာဖွင့်ပေးသော စားပွဲထိုးမှာ ဤအိမ်





ရှင်သူတစ်ဦး အလွန်ဖျားနေ၍ စိတ်မကောင်းကြောင်းနှင့် ပြောလိုက်သော ဘုန်းတော်ကြီးစကားကြောင့် အံ့အားသင့်သွားပုံရလေသည်။

"ဒီအိမ်ရှင်ဖြစ်တဲ့.. တပည့်တော်ရဲ့ဆရာဟာ ဖျားနာမနေပါဘူး ဘုရား။ အလွန်ကို ကျန်းမာလျက်ရှိနေပါတယ်။ အပင့်မှားလာပြီနဲ့ ထင်ပါတယ် ဘုရား"

"ဒါပေမယ့် ဒီမိန်းမက ကျုပ်ကို လာလျှောက်တုန်းကတော့.."

ပြောပြောဆိုဆိုနှင့် ဘုန်းတော်ကြီးသည် ဝေးနားတွင်ရှိနေမည်ဟု မျှော်လင့် ထင်မှတ်ထားသော မိန်းမကို လှည့်ကြည့်လိုက်ရာ မတွေ့ရ သဖြင့် အိမ်အောက်ခြေဆီသို့ပါ တစ်ဆက်တည်း ကြည့်ရှုလိုက်ရာ အဝတ် အစားတစ်စုံ ဝတ်ဆင်ထားသော ထိုမိန်းမနှင့်တကွ အငှားကားပါ တိတ် ဆိတ်စွာ ပျောက်ကွယ်လျက်ရှိသည်ကို တွေ့ရလေတော့၏။

လမ်းတစ်လမ်းလုံးသည် ရှင်းလင်းလျက်ရှိချေ၏။ စားပွဲထိုးကမူ ဤဘုန်းတော်ကြီးသည် ခွကျသော ပုဂ္ဂိုလ်ကြီးသော်လည်း ဖြစ်ရမည်၊ သို့ မဟုတ်လည်းမဟုတ် ဗိုင်ကိုများစွာသောက်ထားသူ (ဗုဒ္ဓဘာသာဝင် ဘုန်းတော် ကြီး မဟုတ်ကြောင်းကို သတိပြုပါ)သော်လည်း ဖြစ်ရမည်ဟု ယူဆပြီး အိမ်မှားနေကြောင်း ထပ်လျှောက်၍ တံခါးကို ပိတ်လိုက်၏။ ထိုအခိုက် အတန့်တွင် အိမ်ရှင်သည် လှေကားမှဆင်းလာ၍ တံခါးဝတွင် မည်သူရှိ ကြောင်းကို စားပွဲထိုးအား မေးမြန်းလိုက်လေ၏။

"ဘုန်းတော်ကြီးတစ်ပါး အိမ်မှား ကြွလာလို့ပါ.. ဆရာ၊ ဘုန်းကြီး က ဆရာဟာ သိပ်နာမကျန်းဖြစ်နေပြီ၊ သူ့ကို အပင့်ခိုင်းလိုက်လို့ လာရ တယ်တဲ့"

အိမ်ရှင်ယောကျ်ားသည် ဘုန်းတော်ကြီးနှင့်တွေ့၍ ဘုန်းကြီးရှင်း ပြသမျှကို စိတ်ပါဝင်စားစွာဖြင့် နားထောင်နေလေ၏။

"သူ့ကြည့်ရတာ.. တော်တော်လေးကို အရေးကြီးနေပုံရတယ်၊ အငှားကားတောင် တစ်ခါတည်း ငှားလာတယ်လေ" ဟု ဘုန်းတော်ကြီးက စကား လက်စသပ်လိုက်၏။


"တော်တော်တော့ ဆန်းတာပဲ..။ အရှင်ဘုရားပြောတဲ့ ပုံပန်း သဏ္ဌာန်မျိုး တပည့်တော်ရဲ့အသိမိတ်ဆွေတွေထဲမှာ တစ်ယောက်မှ မရှိ



www.burmeseclassic.com

www.burmeseclassic.com





ဘူး၊ သူ . . ဘာကြောင့် တပည့်တော် သေတော့မယ်လို့ ပြောတာလဲ မသိဘူး။ တပည့်တော်ကတော့ ကျန်းမာရေး ကောင်းလိုက်တာ ဒေါင်ဒေါင်မြည်ပါပဲ။ အဲ . . ဒါပေမယ့် သူ ဘယ်လို သိသလဲတော့ မခန့်မှန်းတတ်ဘူး။ တပည့်တော်မှာ စိတ် (မနော)နဲ့ ပတ်သက်ပြီး သိချင်တဲ့ ကိစ္စရပ်ကလေးတွေ ရှိနေတာတော့ အမှန်ပါ ဘုရား"

"ဟင် ! . . ဒါဖြင့် ကျုပ်လာတာ အကျိုးတော့ ရှိတာပေါ့"

"မှန်ပါ . . အကျိုးရှိပါလိမ့်မယ်။ တပည့်တော်ရဲ့စာဖတ်ခန်းထဲကို ကြွပါ . . ဘုရား"

သူတို့နှစ်ယောက်သည် နာရီဝက်နီးပါးခန့် ဆွေးနွေးကြလေသည်။ ထို့နောက် အိမ်ရှင်ယောကျာ်းက -

"ဒါဖြင့် နောက်ဆုံးတော့ ဒီထူးဆန်းတဲ့ မိန်းမက အရှင်ဘုရားကို ပင့်ဖိတ်လာတာဟာ အလကားတော့ မဖြစ်ဘူးပေါ့ ဘုရား၊ တပည့်တော်ဟာ အရှင်ဘုရားရဲ့စကားများကြောင့် စိတ်ထဲမှာ ရှင်းလင်းသွားပြီး နှစ်သိမ့်ကျေနပ်မှု ဖြစ်ရပါတယ် ဘုရား" ဟု ပြောလိုက်လေ၏။

"ဒါဖြင့် မနက်ဖြန် နာတာလူးဘုရားရှိခိုးပွဲကို လာတက်ပေါ့။ ရှိခိုးပြီးတော့ ကျုပ်ရဲ့ဝတ်ရုံလဲခန်းထဲမှာ စကားဆက်ကြသေးတာပေါ့"

နောက်တစ်နေ့ နာတာလူးပွဲတော် ဘုရားဝတ်ပြုရာတွင် ထိုသူကို မတွေ့ရ၍ ဘုန်းတော်ကြီးသည် အံ့ဩသွားကာ နောက်တစ်ကြိမ် သူ့အိမ်သို့ သွားရောက်ပြန်လေသည်။ အိမ်ဆီသို့ ရောက်ရောက်ချင်းဆိုသလိုပင် စားပွဲထိုးက -

"ဟာ ! . . မနေ့က အရှင်ဘုရား ပြန်ကြွသွားပြီး သိပ်မကြာခင်ကလေးမှာပဲ ဆရာဟာ ဖြုန်းဆို သေဆုံးသွားတော့တာပဲ ဘုရား။ တပည့်





॥

**"ဒီမိန်းမက အရှင်ဘုရားနဲ့အတူတူ အငှားကားနဲ့ ပါမလာနိုင်ပါဘူး။ သူက တပည့်တော်ဆရာရဲ့ ဇနီးလေ . .၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က သေဆုံးသွားခဲ့တယ် ဘုရား"**

---

တော် အားလုံးကို ထိတ်ကနဲ ဖြစ်သွားရတာပါပဲ၊ အရှင်ဘုရားဟာ မနေ့က ရောက်လာသင့်တဲ့အချိန်မှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာကိုက ဲ ဆရာ့အဖို့ အလွန်ကံကောင်းသွားတယ်လို့ ဆိုရမှာပါပဲ . . ဘုရား" ဟု လျှောက်လေ၏။

"ဟ ! . . ငါ မနေ့က လာတာ ကြုံကြိုက်လို့ မဟုတ်ဘူးကွ။ မိန်းမ တစ်ယောက်က လာပင့်လို့ပါဆိုမှ . .၊ ဘုရားရှိခိုးကျောင်းကနေပြီး မင်းတို့ အိမ်ရောက်တဲ့အထိ သူဟာ ငါနဲ့ အငှားကားထဲမှာ အတူတူ ထိုင်စီးလာကြတာပဲ . .၊ သူ့ကို ငါ့ဘေးမှာ မတွေ့မိဘူးဆိုတာ သေချာရဲ့လားကွာ"

"တပည့်တော်ကတော့ အရှင်ဘုရားတစ်ပါးတည်းကိုပဲ တွေ့မိတာပါပဲ . . ဘုရား၊ ဒါထက် ဆရာ့ကို ဝင်ကြည့်ပါဦးလား ဘုရား"

ဘုန်းတော်ကြီးသည် စားပွဲထိုးနှင့် အတူလိုက်ပါသွားရာ တံခါးစီး များ တာရံထားသည့် အခန်းတစ်ခုဆီသို့ ရောက်ရှိလေ၏၊ စားပွဲထိုးသည် တောင်ပေါ်သို့ ညွှန်ပြပြီး အလင်းရောင်အနည်းငယ်ရရှိအောင် အပေါက်ရှိ န်းဆီးကို ပင့်တင်လိုက်လေသည်၊ ဘုန်းတော်ကြီး၏မျက်စိအကြည့်မှာ သေသူကို ကျော်လွန်၍ တစ်ဖက်နံရံတွင်ဘေး စားပွဲပေါ်၌ ထားရှိသော ဘောင်ကြီးများ သွင်းထားသည့် ဓာတ်ပုံဆီသို့ ရောက်ရှိသွားလေ၏၊

"ဟာ ! . . အစစ်ပေါ့"

"ဘာများလဲ . . ဘုရား"

အဲဒီဓာတ်ပုံရှင်ဟာ ငါ့ကို မနေ့က လာပင့်တဲ့ မိန်းမအစစ်ပဲကွ၊ ဒါ ကောင်ကိုင်ကြည့်စမ်းပါရစေ"

ဘုန်းတော်ကြီးသည် ဓာတ်ပုံကိုယူ၍ ပြတင်းပေါက်နားသို့ သွား ကြည့်လေ၏၊



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လိုက်တာမှကွာ . . ငါ သူ့ပုံကို ချက်ချင်းမှတ်မိတယ်၊ ဒ် တင် ဘယ်ကပါ့မလဲ . . မနေ့က ဝတ်ထားတာလည်း ဒီအဝတ်အစားတွေ ပဲကွ"

စားပွဲထိုးသည် ကြက်သေ‌.သေသွားကာ ပါးစပ်များ ပင့်ဟမိသွား၏ ။ ထို့နောက် ဘုန်းတော်ကြီးလက်ထဲမှ ဓာတ်ပုံကိုယူပြီး သူ့ဆရာ ရှ ကလာပ်၏ဘေးမှ စားပွဲပေါ်တွင် ဓာတ်ပုံထဲမှ မိန်းမသည် သေဆုံးသူအာ ကြည့်နေသဖယောင်ဖယောင် ဖြစ်အောင် တင်ထားလိုက်ရင်းက ပြန်ပြေ ကြားလိုက်၏ ။


"ဒါပေမယ့် ဘုရား . . ဒီမိန်းမက အရှင်ဘုရားနဲ့ အတူတူ အငှာ ကားနဲ့ ပါမလာနိုင်ပါဘူး၊ သူက တပည့်တော်ဆရာရဲ့ဇနီးလေ . .၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က နာတာလူးပွဲတော် အကြိုရက်မှာ သေဆုံးသွားခဲ့ တယ် ဘုရား"

❖

အထက်ပါဖြစ်ရပ်တွင် ကျွန်ုပ်သည် လွယ်လင့်တကူပင် "တစ္ဆေ ယာဉ်"ဟူ၍ ခေါင်းစဉ် တပ်လိုက်ပါသည်၊ အမှန်မှာ ဤဖြစ်ရပ်တွင် တစ္ဆေ သာ ဖြစ်သည်ဟု စွပ်စွဲနိုင်စရာ အထောက်အထား မရှိသည်ဖြစ်သော ကြောင့် အဝတ်နက်နှင့် မိန်းမသည် တစ္ဆေအဖြစ်သာမကပဲ ရက္ခစိုး ဘုမ္မစိုး၊ ဥစ္စာစောင့်မှ အစပြု၍ အခြားသော အဒိဋ္ဌလောက (မမြင်နိုင်သော လောက) (ဝါ) ဝိညာဉ်လောကမှ ထိုသို့သော လောကသားတစ်ဦးဦး လည်း ဖြစ်နိုင်ပေတော့သတည်း . .။

သက်





# သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်



www.burmeseclassic.com

www.burmeseclassic.com

## စေတမန် မော်နတ်ဘုရား မာကျူရီ



ရှေးဟောင်းဂရိလူမျိုးတို့ ကိုးကွယ်တဲ့ နတ်ဘုရားတွေထဲမှာ မာကျူရီလို့ခေါ်တဲ့ စေတမန်နတ်သားဟာလည်း တန်ခိုးကြီး နတ်ဘုရား တစ်ပါး ဖြစ်ပါတယ်၊

သူ့ကို ဂရိလူမျိုးတို့က ဟားမီးလို့ခေါ်ပြီး ရောမလူမျိုး တို့ကတော့ မာကျူရီနတ်ဘုရားလို့ခေါ်ပါတယ်၊ သူ့ရဲ့ခေါင်းမှာ အတောင်ပံများရှိသလို ခြေထောက်များမှာလည်း ပျံသန်းနိုင်ဖို့ အတောင်ပံများ ပါရှိပါတယ်၊

ဒါကြောင့် သူ့ရဲ့ရုပ်တုများမှာ ခေါင်းနဲ့ ခြေထောက်များမှာ တောင်ပံများတပ်ကာ ထုလုပ်လေ့ရှိပါတယ်၊ တခြားသော နတ်ဘုရား တွေနဲ့မတူ၊ ထူးဆန်းသော စွမ်းအင်ပါဝါများရှိတဲ့အတွက် သူ့ကို မော်နတ် ဘုရားလို့လည်း ခေါ်ကြပါတယ်၊

သူ့ရဲ့တာဝန်များကတော့ သေဆုံးသူများရဲ့ဝိညာဉ်များကို ငရဲနဲ့ တန်သူကို ငရဲကို လည်းကောင်း၊ နတ်ပြည်နဲ့တန်သူကို နတ်ပြည်သို့ လည်း ကောင်း ပို့ဆောင်ပေးပါတယ်၊ ဒါ့ကြောင့် သူ့ကို စေတမန် နတ်ဘုရားလို့ လည်း ခေါ်ကြပါတယ်၊ ခရီးလမ်းပန်းများကို စောင့်ရှောက်သူ နတ်ဘုရား







ဖြစ်လည်း ယုံကြည်ကိုးကွယ် ပါတယ်၊

ဒီနတ်ဘုရား စကားအရာ၌ လိမ္မာ မှာ ပြောဆိုတတ်သူ ဖြစ် တာအပြောအဆိုနဲ့ အသက် ရှသူ အကျိုးတော်ဆောင်၊ များရဲ့ကိုးကွယ်ပသခြင်းကို တဲ့ နတ်ဘုရားလည်း ပါတယ်၊

ကျန်းမာရေးနဲ့ စားခန်းစားပွဲ များကို သက် အားပေးသူဖြစ်ပြီး သူ့ရုပ်တုတွေမှာ ဘောလုံးတစ်လုံးကို ထောက်နဲ့နင်းထားပုံကိုလည်း တွေ့ရလေ့ ရှိပါတယ်၊ ဇုနတ်မင်းကြီးနဲ့ င်စောင့်နတ်သမီး မေယာတို့မှ ဖွားမြင်တဲ့ နတ်ဘုရားတစ်ပါး ဖြစ် ယ်၊


ဒါ့အပြင် စည်းစိမ်ဥစ္စာကိုပေးစွမ်းနိုင်တဲ့ နတ်ဘုရားလို့လည်း ခေါ် မာကျူရီ နတ်ဘုရားနဲ့ပတ်သက်လို့ ယုံကြည်မှုလည်း ရှိပါသေး ယ်၊ တချို့သော ပုံပြင်များမှာတော့ ဟားမီးနတ်ဟာ သူခိုးစားပြတို့ကို ကွယ်စောင့်ရှောက်တတ်သူလို့လည်း ဆိုကြပါတယ်၊

ဟားမီးနတ်ဘုရားမှာ သူ့ အားအကိုးရဆုံး စွမ်းအားကတော့ စကြာပိုင်ရှင် ဖြစ်ခြင်းပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် သူ့ကို ရှေးကတည်း မော်စွမ်းအားတို့ရဲ့အရှင်သခင် မော်နတ်ဘုရားအဖြစ် ကိုးကွယ်ခဲ့ကြခြင်း ကြောင်း ဖော်ပြလိုက်ရပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

# ရဲစွမ်းသတ္တိအပြည့်ရှိပြီး လျှင်မြန်တဲ့ မြွေပါ



မြွေပါဟာ မြွေကိုနိုင်တဲ့သတ္တဝါအဖြစ် အလွယ်သိကြပါတယ်။ ဒါပေမယ့် သူတို့ဟာ မြွေဆိပ်ပြီးတာမျိုးတော့ မဟုတ်ပါဘူး။ မျက်စိရှင် တယ်၊ အရှောင်အတိမ်းကောင်းတယ်၊ မြွေနဲ့ တိုက်ခိုက်တဲ့အခါ မြွေ စိတ်ဆိုးမာန်ကြွလာအောင် လုပ်ပြီး အပိုင်ကွက်ရောက်မှ မြွေရဲ့ချက်ကောင်း ကိုက်ခဲပြီး သတ်ဖြတ်တတ်ကြပါတယ်။

တစ်ခါတရံမှာတော့ အရှောင်အတိမ်း၊ အချိန်အဆလွဲရင် တိုက် ခိုက်ကြတဲ့ မြွေပါရော၊ မြွေဟောက်ပါ သေကြတာကို တွေ့ရပါတယ်၊ မြွေ ဆိုးနဲ့ တွေ့တဲ့အခါ မြွေပါဟာ သူ့ရဲ့အမွေးအမှင်များကို ပွရောင်းလာအောင် ထောင်စေပြီး ပါးစပ်ကိုဖြဲလို့ မာန်ဖီတတ်ပါတယ်။ မြွေပါဟာ လူတို့ မွေး ထားတဲ့ ကြက်၊ ငှက်များကိုလည်း ကိုက်သတ်စားတတ်ပါတယ်။

ဗြိတိသျှပိုင် ဂျမေကာကျွန်းမှာ မြွေပါကို စမ်းသပ်မွေးမြူကြ ရာမှာ အကောင်တိုးပွားနှုန်း အရမ်းမြန်ပြီး ကြက်ဘဲများကို ကိုက်တတ်က တတ်လို့ နောက်ပိုင်း မြွေပါကို မမွေးမြူဖို့ ဥပဒေဖြင့် ထုတ်ပြန်ပြီး တား ခဲ့ရကြောင်း သိရပါတယ်၊ မြွေပါဟာ တစ်ခါ သားပေါက်ရင် ခြောက်ကော မှ ရှစ်ကောင်အထိ မွေးတတ်ကြပါတယ်။







မြွေပါကို အမှတ်တမဲ့ ကြည့်ရင် ရှဉ့်နဲ့တူတာကို တွေ့ရမှာ ဖြစ်ပါတယ်၊ ဒါပေမယ့် အမြီးပို တို ပြီး နှုတ်သီးပိုချွန်ကာ ကိုယ်လုံး အနေအထားမှာလည်း တစ်မျိုး ဖြစ်လို့ ခွဲခြားပြီး သိနိုင်ပါတယ်၊ မြွေပါမှာ ပြာမှိုင်းမှိုင်း၊ ညို တိုတို အမွေးရောင်ရှိပြီး အမွေးရှည်ကာ ကိုယ်လုံးကြီးပါတယ်။ ပါးစောင်နဲ့ လည်ပင်းမှာ နီညိုရင့်ရောင် အမွေး ရှိပါတယ်၊

အလွန် စိတ်စက်ထန်ပြီး ရဲစွမ်းသတ္တိလည်း အပြည့်ရှိသလို အငြိမ်မနေဘဲ သတ်ဖြတ်ဖို့ အမဲကောင်ကို ရှာဖွေနေတတ်တာ မြွေပါပဲ ဖြစ် ပါတယ်၊

ဒါပေမယ့် လူက လေ့ကျင့်ပေးရင် ယဉ်ပါးလွယ်တတ်တဲ့ သတ္တဝါ မျိုးဖြစ်ပြီး လူကိုလည်း ခင်တတ်ပါတယ်၊ လူများက ကြွက်နဲ့ မြွေဆိုးများ အန္တရာယ်များကို ကာကွယ်ဖို့အတွက် မြွေပါများကို မွေးမြူကြလေ့ရှိပါ တယ်၊


သာမန်မြွေပါများကို အာရှတိုက်နဲ့ အာဖရိကတိုက်တို့မှာ အများ အပြား တွေ့ရလေ့ရှိပါတယ်၊ အိန္ဒိယနိုင်ငံမှာရှိတဲ့ မြွေပါများကတော့ အီဂျစ် နိုင်ငံမှာရှိတဲ့ မြွေပါများထက် သေးငယ်တာကို တွေ့ရပါတယ်။ ဂဏန်း၊ ငါးများကိုစားတဲ့ မြွေပါဟာ အကောင်ကြီးမျိုး ဖြစ်ပါတယ်၊ မြွေပါကြီးကို ဥရောပတိုက်၊ အာရှတိုက်နဲ့ အာဖရိကတိုက်မြောက်ပိုင်းမှာ တွေ့ရတယ်။

တချို့မြွေပါမျိုးတွေက သေးသွယ်သောကိုယ်လုံးနဲ့ တိုတဲ့ ခြေ ထောက်ရှိပါတယ်။ တချို့မျိုးမှာတော့ အမြီးရှည်ပြီး တချို့အမြီးတိုတတ် ကြပါတယ်၊ နှာများမှ အမြီးအထိ သုံးပေခွဲခန့်ရှိတဲ့ မြွေပါများလည်း ရှိပါ တယ်၊ မြွေပါများဟာ သစ်ခေါင်းနဲ့ ကျောက်တွင်းများမှာ နေလေ့ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





ရှဉ့်များလို သစ်ပင်များပေါ်မှာလည်း သွားလာတတ်ကြပါတယ်၊

မြွေပါရဲ့သားမွေးကို အဝတ်အထည်များ ချုပ်လုပ်နိုင်လို့ အလွန် အဖိုးတန်သလို၊ ဆောင်းတွင်းမှာရတဲ့ သားမွေးရေက ပိုပြီး တန်ဖိုးပေးရ တယ်၊ ပန်းချီစုတ်တံအတွက်လည်း မြွေပါရဲ့အမွေးများကို အသုံးပြုကြ ပါတယ်၊ ရေခဲဖုံးလွှမ်းတဲ့ဒေသက မြွေပါကြီးများဟာ အမွေးထူပြီး ပိုရှည် တာကြောင့် သားမွေးအနွေးထည်ချုပ်ရန် ပိုကောင်းသလို၊ တန်ဖိုးလည်း ပိုများပါတယ်၊

မြွေပါဖြူများကိုတော့ အလွန်အေးတဲ့ ကမ္ဘာ့မြောက်ပိုင်းဒေသ များမှာ တွေ့ရလေ့ရှိပါတယ်၊ ဆောင်းတွင်းမှာ အမွေးပိုရှည်ပြီး ဖြူဖွေးနေ ပေမယ့် အခြားရာသီများမှာ နီညိုညိုအရောင်ပြောင်းသွားတတ်ပြီး အမြီး ဖျားကတော့ အမြဲလိုလို မည်းညိုနေပါတယ်၊ လူနဲ့ အခြားရန်သူများရဲ့ဘေး အန္တရာယ်ကနေ ကာကွယ်ဖို့ သဘာဝက သူတို့ကို ဖန်တီးပေးထားပါတယ်၊ ရေခဲများအရည်ပျော်ချိန်ရောက်ရင် မြေရောင်ကို ပြောင်းလဲသွားပါတယ်၊

နောက်တစ်ချက်ကတော့ မြွေပါမှာ မြီးတိုနဲ့ မြီးရှည်ဆိုပြီး နှစ်မျိုး ရှိပါသေးတယ်၊ မြွေပါမြီးတိုမှာ ရှည်သောခေါင်းနဲ့ တိုသောခြေများပါရှိ တယ်၊ ခြေချောင်းကလေးငါးခုစီ ရှိပြီး သွား(၃၄)ချောင်းရှိပါတယ်၊ နှာချော ကနေ အမြီးရင်းထိ (၁၁)လက်မရှည်ပြီး အမြီးဖျားအထိ (၁၅)လက်မခန့် ရှိပါတယ်၊ မျက်စိရှင်ပြီး အနံ့ခံ အလွန်ကောင်းပါတယ်၊ ယုန်ငယ်များကို





ဖမ်းဆီးနိုင်ပြီး ကြွက်တွင်းများထဲဝင်ကာ ကြွက်ကို စားတတ်ပါတယ်၊

ငှက်ငယ်များကိုလည်း ခုန်ပြီး ဖမ်းဆီးစားသောက်နိုင်ပါတယ်၊ သားကောင်ငယ်များရဲ့ဂုတ်နဲ့ လည်မျိုကို ကိုက်ခဲပြီး သွေးစုပ်လေ့ရှိပါတယ်၊

မြွေပါ မွေးရှည်ကိုတော့ မင့်ဖျံလို့ ခေါ်ကြပါတယ်၊ ချောင်း၊ မြောင်း၊ အင်း၊ အိုင်နဲ့ မြစ်ကမ်းပါးရှိ တွင်းများ၊ သစ်တုံးခေါင်းများနဲ့ ကျောက်ဆောင် ကျောက်တုံးများကြားမှာ နေထိုင်တတ်ပြီး ဧပြီလမှာ သားပေါက်လေ့ရှိပါ တယ်၊ တစ်ခါမွေးရင် ငါးကောင်မှ ဆယ်ကောင်အထိ မွေးပါတယ်၊ မြွေပါ မွေးရှည်ဟာ အမြီးမွေးရှည်ပြီး အဖျားဘက်သို့ ရှူးသွားပါတယ်၊

မြွေပါမွေးရှည်ဟာ ရန်သူနဲ့တွေ့ရင် ကြောက်မက်ဖွယ်ကောင်း အောင် ခုခံတိုက်ခိုက်တတ်ပြီး အနံ့ဆိုးများကိုလည်း ထုတ်လွှတ်လေ့ရှိပါ တယ်၊ ရေကူး၊ ရေငုပ်လည်း သန်ကြပါတယ်၊ အစာများကို ကုန်းပေါ်မှာ ဖြစ်စေ၊ ရေထဲမှာဖြစ်စေ ရှာဖွေ စားသောက်နိုင်ပါတယ်၊ ဆောင်းတွင်း မိတ်လိုက်ချိန်မှာ ရစ်ရက်ခန့်မျှသာ အထီးများကို အမနဲ့အတူ တွေ့ရပါ တယ်၊ အစာ အရမ်းဝနေရင် နှစ်ရက်၊ သုံးရက် အိပ်နေတတ်ပါတယ်၊

အထီးကောင်အချင်းချင်းတွေ့ပါက အသေအကြေကိုက်တတ် ကြပြီး တစ်ခါတရံမှာ နှစ်ကောင်စလုံး သေပွဲဝင်ကြပါတယ်၊ ရန်သူနဲ့တိုက် ခိုက်ရာမှာ ဘယ်တော့မှ နောက်လှည့်မပြေးတတ်ဘဲ အသက်သေသည် အထိ တိုက်ပွဲဝင်တတ်ကြတဲ့ ရဲရဲတောက် မြွေပါများဖြစ်ကြောင်း မှတ်တမ်း ပြု ဖော်ပြလိုက်ရပါတယ်၊





www.burmeseclassic.com

www.burmeseclassic.com

- အလွန်ဆန်းသော၊ အလွန်ကြမ်းသော ဂန္ဓာရီဇာတ်လမ်း
- သံလက်သီးမာမီ၊ နံ့ချပ်ကူမာမီ၊ ဝါးရင်းတုတ်မာမီတို့နဲ့
ရင်ဆိုင်တွေ့ခဲ့သော ဒလကဝန၊
- အချော်တကောက်ဂိုက်ချုပ်ကြီး မကြီးဂျိုးတို့
ကြီးစိုးခြယ်လှယ်နေသော ရွာကလေးကို ကယ်တင်ခဲ့သော..။

# ဒလက ဝန (၃)

လူရှိန်အောင်





www.burmeseclassic.com

www.burmeseclassic.com




"အချစ်နဲ့ မျှစ်မှာ မတရားအ...
မရှိဘူး . . ဦးသူပဲ။
သွက်သူစားစတမ်းပဲ . . ညှင်း ည...
"လာထား"
"ဟိုင်းယား(စ်)"
"ကောင်မစုတ်"
"ကောင်မပဲ့"
မိုးထဲ ရေထဲတွင်
ဗိုက်ကြလေတော့၏ ။

ရာသီကား ပြာရီနေ၏။

ခြေဆော့ လက်ဆော့နိုင်သော လေပြေ၏ ဆတ်ဆော့မှု... စိတ်လေနေသော သစ်ရွက်များသည် မြှော့မြှော့ကလေး ကြွေနေ၏...

ရွာထိပ်တွင် ဇရပ်အိုကြီး ရှိ၏ ။ ညီအစ်မနှစ်ယောက် ထိုင်... လေ၏။ အတော်အတန် ချောမောကြပေ၏တကား။

မမကြီးက ချစ်လှစွာသော ချစ်ညီမလေးအား သန်းရှာပေး... ဆံပင်ကို ကျစ်ဆံမြီး ကျစ်ပေးလေ၏။ ရွာထဲက နောများအကြောင်း ... ကာ ခိခိရယ်ကြလေ၏။ ညီမလေးက ချစ်မမကြီးအား ကြင်နာစွာ နှ... ပေးပြန်လေ၏။

ကြင်နာကြပါပေ၏တောင်း။ ယုယကြပါပေ၏တောင်း။ ချစ်... ကြပါပေ၏တကား။ သို့အခိုက်မှာပင် -

မိုးမင်းဒေဝတာသည် သာယာသော ကမ္ဘာကို ကြည့်ကာ ... တိုရှည်ဖြစ်လာဟန်တူ၏ ။ မိုးကို ဖြောကနဲ ရွာချလိုက်ပေတော့၏တ...

အဲ့မှာပဲ -



မြင်းညိုကြီးပေါ်မှာ လွှားကနဲ ခုန်ဆင်းလာသော လူတစ်ယောက် ... ဇရပ်ရှေ့သို့ ဝေါက်ကနဲ ရောက်လာချေ၏ ။ အခြားသူ ဟုတ်ရိုးလား။ ...ညိုတွားကြီး ဝနပင်တည်း။

ဝနသည် ဇရပ်ပေါ်တွင်ရှိသော ညီအစ်မနှစ်ယောက်ကို ဘတ်က... ...ရှိ၏ ။ ဇရပ်ထောင့်သို့သွားကာ ပယ်ပယ်နယ်နယ် ထိုင်ချ၏ ။ အင်... ထုပ်လာသည့် ထမင်းထုပ်ကို ဖွင့်၏။

လက်သီးဆုပ်ခန့်ရှိသော ဝက်သားနှစ်တုံးပါ၏ ။ ငါးပိထောင်းပါ... ...ညင်းသီးပြုတ်များပါ၏။ ဟင်းအနှစ်များဖြင့် ထမင်းကို နယ်၏။ ဝက်သား... ...တော ထမင်းတွင်မြှုပ်၏ ။ အားရပါးရ လွေး၏ ။ ပြီးနောက် ဒညင်းသီး... ...ကို ငပိထောင်းနှင့် လွေးပြန်လေ၏ တကား။ ပလုပ်ပလောင်း။ အားရ... ...ခေါင်းကိုမဖော်တာ။

အစာနင်လာသဖြင့် ဘူးခါးမှရေကို မော့သောက်ပြန်လေ၏။

ပွက်ပွက်ညံနေသော အသံများကို မထင်မှတ်ဘဲ ကြားရလေ၏ ။ ...ညည်းပေါက်မတတ် ချစ်လွန်းလှစွာသော ညီအစ်မနှစ်ယောက်ထံမှ ...၏ ။ လွန်ခဲ့သော အခိုက်အတန့်ကလေးက လွန်စွာမှ ကြင်နာ ယုယ ...သော ညီအစ်မနှစ်ယောက်၏ ဟန်ပန်စတိုင်ကား အော်တို ပြောင်းသွား ...ပြီတကား။

ချစ်ညီမလေးသည် အကျီကို လက်မောင်းအရင်းထိ ပင့်တင်ကာ ... ခေါက်၏ ။ ချစ်မမကြီးကလည်း မခေရှာပါ။ ထဘီကို တိုတို ပြင်ဝတ် ...နောင့်ပေါက်၏ မျက်လုံးတွေက ဝင်းဝင်းတောက်လို့။ စားမတတ် ဝါး... ...ဆိုတာ အဲ့တာပါပဲ။

မမကြီးက စလောင်းကွဲသံကြီးဖြင့် -

"ခုရှုပ်မှ နောင်ရှင်းအေ့"

ချစ်ညီမလေးက မခန့်တဲ့အသံဖြင့် -

"ပြောကြည့်လိုက် . . ရင်ထဲ ပေါ့သွားတာပေါ့"

ချစ်မမကြီးက သူ့ဟာသူ အစာကောက်နေသော လူညိုတွားကြီး ... ဝေ့ဝိုက်ကြည့်ကာ ဝေမာန်သံကြီးဖြင့် -

"မုန့်ကို ပေးကျွေးမယ်၊ ဒါကြီးတော့ ပေးမကျွေးနိုင်ဘူး . . နိုင်..."



www.burmeseclassic.com

www.burmeseclassic.com


ဝနကို ဒါကြီးတဲ့ ချစ်ညီမလေးက -

"အချစ်နဲ့ မျှစ်မှာ မတာရားတာ မရှိဘူး . . ဦးသူပဲ၊ သွက်သူ... တမ်းပဲ . . ညှင်း ညှင်း"

ဘာတွေ အလျော်အစား မတည့်နေကြတာလဲ။

"လာထား"

"ဟိုင်း ယား(စ်)"

တကယ့် မပြောမဆိုကြီးပါ . . ညီအစ်မနှစ်ယောက်သည် ... - ပေါ်မှာ ဂွမ်းပစ်ခုန်ဆင်းလိုက်ကြ၏။ ပြီးသော် -

"ကောင်မစုတ်"

"ကောင်မပဲ့"

မိုးထဲ ရေထဲတွင် ဖိုက်ကြလေတော့၏။ ဆွဲကြလေတော့၏... မမကြီးက ချစ်ညီမလေး၏နားရွက်ကို အားပါသော ညာခြေဖြင့် -

"ဝိုး"

ဖြတ်ကန်၏။ ချစ်ညီမလေးက လက်နှစ်ဖက်ဖြင့် ကာ,ကာ... ၏။ တစ်ဖန် ချစ်ညီမလေးက ချစ်မမကြီး၏အရှိက်ကို ဒူးဖြင့် -

"အင်းဟာ"

ဒူးဖြင့် တိုက်၏။ ချစ်မမကြီးက အနောက်သို့ ရှိကာ၊ ရှောင်... ပြီးသော် ဆံပင်ဆွဲကြ၏။ ပါးရိုက်ကြ၏။ နားကိုက်ကြ၏။ ရွှံ့ဗွက်ထဲ... နပမ်း သတ်ကြလေတော့၏တကား။

ဝနသည် ဇရပ်ပေါ်တွင် ဆောင့်ကြောင့်ကြီးထိုင်ကာ မိန်းမ န... ကို စိတ်ပါလက်ပါ ကြည့်နေ၏။ တိုက်ပွဲကား ပိုမိုပြင်းထန်လာရ၏။ ... တွေ ဖရိုဖရဲ . . အဝတ်အစားတွေ အစုတ်အပြဲ . . ဘတ်သီး (မျက်လုံး)... မှိုင်ကုန်၏။ ရဲ(လ်) (သွား)တွေ ယိုင်ကုန်လေ၏။

အဲ့မှာပဲ . . လားပုကလေးကို စီးလာသော လူရွယ်တစ်ယော... ဘောက်ကနဲ ရောက်လာကာ -

"ဟဲ့ . . ဂန်းမတွေ"

အသံစူးစူးလေးဖြင့် အော်၏။ တိုက်ပွဲကား တိကနဲ ဘရိတ်... လေ၏။ ညီအစ်မနှစ်ယောက်သည် လူရွယ်အား ကျွတ်ကျဲသည့်...နှိုအသေပေးကာ -

"သ . . သခင်လေး"

"များတို့က ပျင်းလို့ ဆော့နေကြတာ . . အဟင့်"

လူရွယ်က -

"အရှက်မရှိတဲ့ သရက်စေ့မတွေ ငါ့ရှေ့က ထွက်သွားကြစမ်း"

ဖွက်အလူးလူးဖြင့် လုချင်တိုင်းလုနေသော ညီအစ်မနှစ်ယောက်

"ဟုတ် . ."

"ဟုတ်ကဲ့ပါ"

ဟုဆိုကာ ရွာဘက်သို့ ပြေးထွက်သွားကြလေ၏တကား။ လူရွယ် ...သည်တစ်လက်မ နောက်ပြောင်၊ စာကလေးကေနှင့် ဖြစ်၏။ ရွှေကိုင်း ...အဝိုင်းကလေးကို နားရွက်နှစ်ဖက်တွင် စွထိုင်နိုင်းထားလေ၏။

လူရွယ်သည် ဇရပ်ဆီသို့ ဘောက်ဆတ် ဘောက်ဆတ်နှင့် လျှောက် ...ဝနအား မသင်္ကာကြည့် ကြည့်၏။ ဝနက သွားကိုဖြီးပြကာ -

"သားကြီး"

"အင်"

လူရွယ် နင်သွား၏။ သူစိမ်းယောကျာ်းက အကြောက်အလန့် ...ဖြင့် သူ့ကို "သားကြီး" လို့ ခေါ်နေတာကိုး။

"စောနက ဟိုစကီတွေ ဘာဖြစ်တာလဲဟ"

(စကီဆိုသည်မှာ စော် . . အဲ . . ခွင့်လွှတ် . . အမျိုးကို ဆိုလိုခြင်း ဖြစ် ...။ အဲ့ခေတ်က ဗန်းစကားပေါ့။ မှတ်ပေါ့) စာကလေးကေနှင့် လူရွယ်

"လင်လုတာ"

"ဘာရယ်"

"ခင်ဗျားကိုမြင်ပြီး သူ့ပိုင်တယ် . . ငါပိုင်တယ်ဆိုပြီး ထသတ်ကြ ...ခင်းလား"

ဝန ဘဝင် လေဟပ်သွား၏။ သူ့ရှုပါသူ တိတ်တခိုး လေးစားသွား ...တိတ်လေပြီ။ ဝနက -



www.burmeseclassic.com

www.burmeseclassic.com



"ရှိုးကန့်" လက်ခေါက် မှုတ်လိုက်သည်၊

"ဟီး..ဟီး"

မြင်းလိမ္မာကြီး ပြေးလာ၏၊ ဝန လွှားခနဲ စုန်တက်လိုက်၏၊

"ဟိုး"

ဟုဆိုကာ လူရွယ်သည် မြင်းရှေ့မှ ဖိတ်ရပ်ပြီး -

"ကျုပ်ကို ဘာကောင်ထင်လဲ"

ဝနက လူရွယ်ကို စေ့စေ့ကြည့်ကာ ပြုံးပြီး -

"အာပလာကောင်တော့ မဟုတ်တာ သေချာတယ် ဝါး..ဟား ဟား"

ဝန မြင်းညိုကြီးကို ဒုန်းစိုင်းလေပြီး ရွာဘက်ဆီသို့ ..။

❖

"အာခေါင်နီ" ရွာသည် ရွာယောင်ဆောင်ထားသော မြို့တ[...] ဖြစ်လေ၏။ အိမ်ကြီးအိမ်ကောင်းများ ရှိ၏၊ လမ်းများ ကောင်း၏၊ အ[...] အရှာကျသော လှေဆိပ်ကြီးရှိ၏၊ ပွဲရုံများ ရှိ၏။

လောင်းကစားရုံများ ရှိ၏၊ အနှိပ်ခန်းများလည်း ရှိ၏၊ အာ[...] (ပိုက်ဆံ) ရှိလျှင် ဘာညာသရကာ အစုံအစီရနိုင်သော ရွာကြီးတစ်ရွာ[...] လေ၏၊ ဝနသည် ဝက်သားတုတ်ထိုးဆိုင်လေးတွင် ထိုင်ကာ ဝက်သား[...] ထိုးစားနေ၏၊ အဲ့မှာပဲ -

"ကယ်ပါ..ကယ်ပါ.."

လူရွယ်တစ်ယောက် ငယ်သံပါအောင်အော်ကာ၊ ပြေးလာ[...]

"ကယ်တတ်သလို ကယ်ကြပါ"

အူယားဖားယားနဲ့ သူ့နောက်မှာတော့ -

"ချစ်မောင်လေး..မပြေးပါနဲ့ကွယ်"

လုံးကြီးပေါက်လှ မိန်းမတစ်ယောက် ပြေးလိုက်လာလေ[...] သည် ဝက်သားတုတ်ထိုးစားရင်းနှင့် ထူးဆန်းသောမြင်ကွင်းကို ကြည့်[...] ၏။

"လိုက်မလာနဲ့နော်..အဟင့်"







လူရွယ် ပြေးမလွတ် [...]တော့ပါ၊ သရက်ပင်ကြီးပေါ်သို့ [...]တက်ပြေး၏၊ လုံးကြီးပေါက်လှ [...]မက -

"အတည် .. အတည် [...]ဘာပါ မောင်လေးရယ်"

လူရွယ်က မြင့်သထက် [...]ရာသို့ ကုတ်ကတ်တက်ရင်း -

"နင့်လက်ထဲမှာတော့ [...] အပျက်မခံနိုင်ဘူး၊ ကိုယ့် [...]ယ်ကို သတ်သေလိုက်မှာနော် [...]ဟင့်..အီး..ဝါး""

"လင်မှတ်မှတ် သား [...]မှတ်နဲ့ ရှာကျွေးပါ့မယ်ကွယ်..မရဲ့ဘဝကို သနားပါလို့"

ဟု လုံးကြီးပေါက်လှ မိန်းမက မျက်ရည်ခံထိုး၏၊ ထိုစဉ် မိန်းမ [...]စ်ယောက်သည် အူယားဖားယား ရောက်လာကြလေ၏၊ သူတို့လက်ထဲ [...]င် ကြီးမားသော ပိုက်ကွန်ကြီးပါလေ၏။

"ဘယ်မှာလဲ"

"နင့် အကောင်"

"ဟိုမှာ.."

သစ်ပင်ပေါ်မှာ လူရွယ် မျက်လုံးပြူးသွား၏။

"မင်းမဲ့စရိုက် မဆန်ကြပါနဲ့..အီး"

"အုပ်စုဖွဲ့၊ အနိုင်မကျင့်ကြပါနဲ့ဗျ..ဝါး"

စည်ပိုင်းရိုတ်နှင့် မိန်းမကြီးသည် ခါးကြားမှ လေးခွကို ဆွဲထုတ် [...]၊ သစ်ပင်ဆီသို့ ထိုးချိန်ရင်း -

"အသင့်ပြင်"

မိန်းမများသည် ပိုက်ကွန်ကြီးကို သစ်ပင်အောက်တွင် ဖြန့်ခါ[...] [...]င်ထားကြရင်း -



www.burmeseclassic.com

www.burmeseclassic.com


"စလို့ရပြီ"

"ဝိုး ..."

အရှိန်နဲ့ ပြေးထွက်သွားသော လောက်စာလုံးသည် သစ်ပင်ပေါ်မှ လူရှုယ်၏နဖူးအား "ကတောင်" ကနဲ ပြေးဆောင့်၏။

"အောင်မျလေး"

လူရှုယ် ပိုက်ကွန်အတွင်းသို့ ပြုတ်ကျလေပြီတကား။ သတိလစ်နေသော လူရှုယ်ကိုကြည့်ကာ လုံးကြီးပေါက်လုမိန်းမသည် -

"လင်ရပြီ ... လင်ရပြီဟေ့"

ဟု ထခုန်လေတော့၏။

သတိလစ်နေသော လူရှုယ်ကို ထမ်းခေါ် သွားကြလေတော့၏။ သီချင်းတွေ ဆိုလို့..။ အံ့ဖွယ်သုတမြင်ကွင်းကို ကြည့်ကာ ဝန ကျတ်ကျဲနေ၏။ ဝက်သားတုတ်ထိုးဆိုင်ရှင် လူဝကြီးက သက်ပြင်းကိုချကာ -

"တို့ရွာက လူတွေရဲ့ဘဝက ကံဆိုးပါတယ်ကွာ"

ဝနက -

"ယောကျ်ား တော်တော်ရှားတယ် ထင်တယ်နော်"

လူဝကြီးက -

"မရှားဘူး .. ရွာမှာ မိန်းမယူချင်တဲ့လူတွေ ဆတ်စလူးကို ခါနေတာ .. ဒါပေမယ့် မယူရဲကြဘူး"

ထူးခြားဖြစ်စဉ်ပါတကား။

"အဲဒါ ဘာကြောင့်လဲဗျ"

လူဝကြီးက ကျောရိုးစိမ့် ကြောက်ရွံ့ဟန်ဖြင့် ပုခုံးကိုတွန့်ကာ -

"မနက်ဖြန် နေထွက်တာ မြင်ချင်သေးရင် .. ကိုယ်သွားရမယ့်ခရီးကို ဆက်သွားပါ ကောင်လေးရယ် .. မစပ်စုချင်ပါနဲ့"

"လျှို့ဝှက်ချက်တော့ ရှိနေပြီ" ဟု ဝန သဘောပေါက်လိုက်သည်။ ဝက်သားတုတ်ထိုးဆိုင်မှ ထွက်လာခဲ့သည်။

❖

"သောက်ရော" စားသောက်ဆိုင်ထဲသို့ ဝန ဝင်လာခဲ့သည်။





စားသောက်ဆိုင်သည် သောက်သောက်စားစား လူမင်းသားတို့ခြင့် မြိုင်ဆိုင်နေ၏။ ဝနက ဝိုင်းအလွတ်တွင် ဝင်ထိုင်သည်။

"ဘာစားမလဲ ကို့ .. ဘာသောက်မလဲ ကို့"

အသံရှင်ကို ဝန ငဲ့ကြည့်လိုက်သည်။ အလွန်တရာ ချောမောလှပသော အလန်းဇယားလေးပါတကား။

"စားပွဲထိုး မရှိဘူးလားဟ .. မင်းလေးကို မှာရတာ အားနာစရာကြီး .. အဟေး"

ချောစမော အလန်းဇယားလေးက ခစ် .. ခစ်ရယ်ကာ -

"မုန်းက ဆိုင်ရှင် .. မုန်းက စားပွဲထိုးပေါ့ ခစ် .. ခစ်"

"အဲ့လိုလား"

"အဲ့လိုပေါ့"

"ဒါဆို မှာမယ် .. မီးတောက်တစ်လုံး၊ မြည်းလို့ကောင်းတာ အကုန်ချ .. မြန်လေ ကောင်းလေ"

"ဟုတ်ကဲ့ပါ .. ခဏစောင့်ပါ"

မုန်းဆိုသော အလန်းဇယား ချောစမောလေးက လှပစွာ ပြုံးပြကာ ကောင်တာအနောက်ဆီသို့ ကော့ပက် ကော့ပက်နှင့် ထွက်သွားလေ၏၊ မကြာပါချေ။ ဝန မှာထားတာတွေ လာချပေး၏။ မုန်းက -

"လိုတာရှိရင် ပြောနော် .. အားမနာကြေး ခစ် .. ခစ်"

ဟုဆိုကာ ဝန၏အနားတွင် ရစ်သီ ရစ်သီ လုပ်နေ၏။

ဝနက မီးတောက်အရက်ကို ရေမရောဘဲ မော့၏။ တစ်ခွက်ပြီး တစ်ခွက်၊ ပြီးနောက် ကြက်ကောင်လုံးကြော်ကို ဖဲ့ကာ ဝါး၏။

"ဟယ် ! .. အလကား မောင်မောင် .. မောင်မောင် အလကား .. ပေါ်တော်မူကြီး"

မုန်းသခင် ဆိုင်ဝမှာ လူကို ပြေးကာကြို၏။ လူရှုယ်က -

"အဲ့လို မခေါ်ဖို့ ပြောထားတယ်နော် .. မမုန်း"

မုန်းက တခစ်ခစ်ရယ်ကာ -

"မခေါ်စေချင်ရင် ကြိုးစားပေါ့"

ဝိုင်းလွတ်များ မရှိတော့ပေ။ မုန်းက လူရှုယ်ကို ဝနရှိရာဝိုင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာကာ -

"သူက ဒီရွာက သူကြီးသားရှင့် . . သခင်လေး လူရာဝင်တဲ့ရှင့် . . ဒီမှာ ထိုင်နိုင်းလိုက်မယ်နော်"

မုန်းက ယဉ်ကျေးစွာ ခွင့်တောင်း၏။ နာမည်က ထူးထူးဆန်းဆန်း ပါတကား "လူရာဝင်"တဲ့၊ အတော်အတန် ကွဲစပြုနေပြီဖြစ်သော ဝနသည် လူရာဝင်ဆိုသော ဝတိအား စွေစွေတတေကြည့်၏။

ရှေ့တစ်လက်မ နောက်ပြောင်၊ စာကလေးကော၊ ရှေကိုင်းမျက် မှန်အဝိုင်းလေးနှင့် ဝတိကို မမှတ်မိစရာ အကြောင်းမရှိ။

"ထိုင်ပါ သားကြီးရဲ့ . . ကိုယ်ပြောရင် လွဲခဲပါတယ်ဟ . . သားကြီးက အာပလာကောင် မဟုတ်ပါဘူးဆို . . ဆွဲကွာ . . ကြိုက်တာသောက် . . ကြိုက် တာစား . . ကိုယ် ဒကာခံတယ် ဟား . . ဟား . . ဟား"

မုန်းက -

"ဘော်ဒါ ဘော်ကျွတ်တွေကိုး . . ထိုင် . . ထိုင် . . မောင်မောင် အလကား စစ် . . စစ်"

မုန်းက အစားအသောက်များ ထပ်ချပေးသည်၊ ဝနနှင့် သခင် လေး လူရာဝင် သောက်ကြစားကြ၏။ ကြာတော့ ရီဝေဝေ ဖြစ်လာ၏၊ ဝန က လျှာလေး အာလေးကြီးဖြင့် -

"သားကြီးကို ဘာလို့ "မောင်မောင် အလကား"လို့ ခေါ်တာလဲ"

သခင်လေး လူရာဝင်က -

"မုန်းနဲ့ ကျွန်တော်နဲ့က သမီးရည်းစားဖြစ်နေတာ (၁၀)နှစ်ကျော် ပြီဗျ . ."

"သုံးနှစ် သုံးမိုးလုပ်စမ်းပါ . . ငါကောင်ရယ်"

သခင်လေး လူရာဝင်က ရုပ်ကီကို ပလွတ်ကနဲ မော့ပြီး -

"(၁၄) နှစ်သားကထဲက စကြိုက်တာဗျ . ."

"ဟေ ! . . ဟုတ်လား"

"သူ့ကို မယူလို့ ကျွန်တော့်ကို အလကားမောင်မောင်လို့ ခေါ်တာ"

"ဒါကြောင့်ကိုး"

သခင်လေး လူရာဝင်သည် တစ်စုံတစ်ရာကို နာကြည်းဟန်ဖြင့် -





॥

ဂါဝန်ရောင်စုံတွေ ဝတ်ထားသော အချော်တကောက် သုံးယောက်ပင်တည်း။ ဆံပင်ရောင်စုံကို ငှက်သိုက်လုပ်ထားကြ၏ ။ နှုတ်ခမ်းနီ ရဲရဲကြီးများကို ဆိုးထားကြ၏ ။

---

"တင်းတယ် . . တင်းတယ် . . ကွာ"

"ဘယ်သူ့ကို တင်းတာလဲဟ"

"မိန်းမ မယူဝံ့အောင် . . မိုက်ရိုင်းနေကြတဲ့ လူတွေကိုပေါ့"

ဝန စိတ်ဝင်စားသွား၏။

"ဘယ်သူတွေက မိုက်ရိုင်းနေတာလဲ . . ငါ့လူရ"

အဲ့ဒီမှာပဲ -

"ဝေါ ... ဝရော ... ဝေါ"

"ဝေါ ... ဝေါ"

လေထုကို ထွင်းဖောက်ကာ ထွက်ပေါ်လာသော လေတိုးသံများ ကို ကြားရ၏ ။ အဆောက်အဦများပင် တုန်၏ ။ သောက်သောက်စားစား လူမင်းသားတို့၏ အသံများသည် တိကနဲ တိတ်သွား၏ ။ သူတို့ မျက်နှာများ သည် ဖြူဖတ်ဖြူရော် ဖြစ်ကုန်ကြ၏၊ လူသေမျက်နှာများနှင့် ခပ်ဆင်ဆင်၊

သူကြီးသား သခင်လေးလူရာဝင်နှင့် မုန်းတို့မှာ မျက်စိမျက်နှာ ပျက်လို့ . . ဘာကို ကျွတ်ကျဲနေကြတာလဲ၊

"ဝေါ . . ဝရော . . ဝေါ"

ညံစီသော အသံများကား နီးသထက် နီးလာချေပြီ၊ ဝန ဆိုင်အပြင် သို့ ပြေးထွက်လာခဲ့၏ ။

"အဲ့ . . ဘာကြီးတွေလဲဟ"

အံ့သြစရာကြီး၊ မြင်ကွင်းက သစ်ပင်များ ယိမ်းထိုးပြောင်းသတ် နေကြ၏ ။ အိမ်ခေါင်မိုးများ ဖွာလံကြဲလျက် ရှိချေ၏ ။

"အင် ! . ."

ဝန မတ်တပ်မေ့မတတ် ဖြစ်သွားပြန်၏ ။ အဝေးပြေး ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com


ယံမှ ပျံသန်းလာသူများကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

လူလော၊ နတ်လော၊ နာနာဘာဝ ဘာညာကွိကွတွေလော၊ ပိုပြီး ကျွတ်စဉ်ဖြစ်ဖို့ကောင်းတာက အုန်းလက်များကို စီးနင်းလာကြခြင်းပင် တည်း။

"လာပါဗျ.."

"ဘာမှ မပြောနဲ့နော်"

"ကိုယ့်နေရာ ကိုယ်ထိုင်နေ"

သခင်လေး လူရာဝင်နှင့် မုန်းတို့သည် ဝနအား ဆိုင်အတွင်းသို့ အတင်း ဆွဲသွင်းကြလေ၏ ။ ကနဦး အစက သတ်မယ်၊ ဖြတ်မယ်၊ ခုတ်မယ်၊ ထစ်မယ်ဟု အာပူမှုတ် .. လေလုံးထွားခဲ့ကြသော ယမကာသမားများသည် ငြိမ်ကုပ်နေကြ၏ ။

လူသေမျက်နှာလေးများဖြင့် ဆိုင်ဝသို့ ငေးနေကြလေ၏တကား။

ဟော .. ဟော .. ဝင်လာကြပါပြီ။

အော်တိုကပ်ပါလာသော မျက်ဖုံးကြီးတွေနဲ့ ဖမ်းဖက် ရှိုးလိုက်ကြပါဦး။ ဂါဝန်ရောင်စုံတွေ ဝတ်ထားသော အချော်တကောက် သုံးယောက် ပင်တည်း။ ဆံပင်ရောင်စုံကို ငှက်သိုက်လုပ်ထားကြ၏ ။ ကောက်ထားကြ၏ ။ ဖွတ်မြီး ထိုးထားကြ၏ ။

နှုတ်ခမ်းနီ ရဲရဲကြီးများကို ဆိုးထားကြ၏ ။ ပြောင်လက်သော အလှဆီများကို လိမ်းထားကြလေ၏ ။ မျက်နှာခွက်ကြီးများမှာ တစ်စက်က လေးမှ ကျက်သရေမရှိ၊ ဓားပြရုပ်နှင့် အခြောက်လုပ်စားနေကြသူများပင် တည်း။ သူတို့ထဲတွင် သံလက်သီး၊ ရှိန်းကြိုး၊ နံချပ်ကူ၊ စကေဘာ၊ ဓားများ ပါလာချေ၏ ။

မာမီသုံးယောက်သည် အတ္တကြား အတ္တညှပ်သည့် ကန္တဲ့ကလျ ဟန်ဖြင့် လျှောက်လာကြ၏ ။ မာမီ လူမိုက်ကြီးများကို ကြည့်ကာ ဝနသည် -

"နို"

ကနဲ ရယ်မိ၏ ။ နံချပ်ကူ မာမီသည် ဘတ်ကနဲ လှည့်ကာ ဒယ်အိုး ဖင် ကြောင်ကုတ်သံကြီးဖြင့် -

"ဘယ်သူ လေလည်လိုက်တာလဲ ဟဲ့"





ဝန နင်သွားတယ်။ မုန်းက မာမီ နံချပ်ကူအား သွားလေးကို "ဖြီးစ သီး" လုပ်ပြကာ -

"မီး ရယ်တာပါ မာမီရဲ့.."

"အစစ်မ .. ညည်းက ဒို့ကို အာသီးရောင်ပြတာလား .. ဟင့်"

မုန်းက လူသေမျက်ခွက်နှင့် မာမီကို ဟိုတို့ဒီတို့ လုပ်ကာ -

"မာမီတို့ကို မမြင်ရတာ ကြာပြီလေ .. အဲတာ ဝမ်းသာလို့ ရယ်မိ သာ .. အဟင့်"

သံလက်သီး မာမီက -

"ငံပြာရည်မ .. နန့်စလူးခါတာ ကြည့်ကျက်ခါ .. တို့ကို လာမဝုန်း နဲ့ ဝွမ်း ဝွမ်း ကွဲသွားမယ်" ဟုဆိုကာ မာမီသုံးယောက်တို့သည် ခွက် ကိုယ်စီ ကိုင်ပြီး ဆက်ကြေးကောက်၊ မိုက်ကြေးခွဲလေတော့၏တကား။ မည်သူမှ အထွန့်မတက် .. အာဒကေများကို -

"ဒေါက်" ကနဲ ပူဇော် ပသကြရလေတော့၏တကား။ အာဒကေ ထည့်နိုင်သော မောင်မင်းကြီးသားများကို မာမီတို့က -

"ကဲဟယ်.."

"ဖြောင်း !.."

"အီး.."

နားရျောင် ဖြတ်အုပ်၏ ။

"လူဆိုး"

"ဖြန်း !.."

"အောင်မျလေး"

ပါး ဖြတ်ရိုက်၏။

"ဝါး"

ဝါးရင်းတုတ် မာမီသည် ဝနအရှေ့သို့ ရောက်လာကာ ခွက်ကို ခေါက်၏ ။ ကွဲရှဲနေပြီဖြစ်သော ဝနက -

"အကြွေ မရှိသေးဘူး"

"ဟယ်တော့ .. လူဆိုး .. အဲ့လိုကြီး မပြောရဘူးလေ .. များ စိတ် အကြီးကြီး ဆိုးထည့်လိုက်မှာနော် .. ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



ဝနက ရှပ်ကီကို ပတ္တတ်ကန် ထပ်ကစ်ကာ -

"နားပိန်းနေလား . . မုဆိုးမ ကျက်သတုံးမရဲ့ . . အတန်ကြီးတွေပဲ ရှိပါတယ်ဆို"

ဝါးရင်းတုတ်မာမီ "ဖု" သွားလေပြီ။

"ကောင်မတို့ရေ . ."

ကျန် မာမီများက -

"လာပြီ . ."

"လာလိုက်ပြီ . ."

ဝါးရင်းတုတ် မာမီက ဝါးရင်းတုတ်ဖြင့် ဝနအား -

"ဖြောင်း ! . ."

လွှဲရိုက်၏ ။ ဝနက အသာရှောင်ကာ အားပါသော ညာခြေဖြင့် ရင်ဘတ်ကို ဖြတ်ကန်၏ ။

"ဝိုး . ."

"အောင့်မငီး"

ဝါးရင်းတုတ်မာမီ ထရံကို ပြေးဆောင့်ကာ ဆိုင်အပြင်သို့ လွင့်ကာ ခွေးကျကျ၏ ။ ပါးစပ်မှာ သွေးတွေဖြာလို့။

"လုပ်ရက်လိုက်တာ ဟယ်"

ဟုဆိုကာ သံလက်သီးမာမီသည် အနီးရှိ စားပွဲခုံကိုထိုးခွဲကာ ဝန ရှိရာသို့ ပြေးလာ၏ ။ မျက်နှာကို -

"ဝိုး"

သံလက်သီး ပစ်သွင်း၏ ။ ဝနက ဆတ်ကနဲ ရှောင်ပေးလိုက်သဖြင့် တိုင်ကို သွားထိ၏ ။

"ဖျွတ်"

တိုင် . . "ဂီလာန" ဖြစ်လေပြီတကား။ အရှိန်လွန်သွားသော မာမီ၏ တင်ပါးအား ဝနက ဆောင့်ကန်၏ ။ သံလက်သီးမာမီ အရှိန်ဖြင့် လွင့်ကာ ပြတင်းပေါက်မှတဆင့် ဗွက်ထဲ ပြုတ်ကျလေ၏ ။

နံ့ချပ်ကူမာမီသည် နံ့ချပ်ကူကို လွှဲကစားကာ တုန်နေ၏ ။ ဝနက အရက်ကို အိုးလိုက်မော့၏ ။ ပြီးနောက် အရက်အိုးဖြင့် သူ့ခေါင်းကို -





"ခွမ်း ! . ." ကနဲ ရိုက်ခွဲချ၏ ။ ဝန ခေါင်း ဘာမှမဖြစ်၊ အရက်အိုး အမွှာမွှာဖြစ်သွား၏။

"ဟယ် ! . ."

မြင်ကွင်းကိုကြည့်ကာ နံ့ချပ်ကူမာမီ ကျွတ်ခံသွား၏ ။ ဝနက -

"လာခဲ့ . . ဂျိုးဂျိုးကျွမ"

"ဟင့်အင်း . . လာစရာလားလို့ . . လူဆိုး"

ဟုဆိုကာ နံ့ချပ်ကူမသည် ဝုန်းကနဲ ခုန်ကာ စားသောက်ဆိုင် ကို ဖောက်ထွက်သွားလေတော့၏တကား။

❖

အာခေါင်နီ ရွာသူကြီးမင်း လျှို့ဝှက်သော မြေတိုက်ခန်းတွင် တ်နေခြင်းပင် ဖြစ်၏ ။ သူကြီးမင်း ဝဖိုင့်ဖိုင့်ကြီးသည် ဆေးတံတိုတို ယ် စွတ်ကာယ် ဖွာနေ၏ ။ ဝနအား စိမ်းစိမ်းကြီး စိုက်ကြည့်ကာ -

"မောင်ရင်က မြွေပဲ"

ဟုဆိုကာ ထိုင်ရာမှထပြီး ဟိုမှသည် လျှောက်ကာ -

"မြွေ အကြီးကြီးကိုမှ ဖမ်းတာ . . အခု အဲ့ဒီ ပုံမဟုတ်၊ ပတ်မဟုတ် မောင်ရင့်ကို မြေလှန်ရှာနေကြပြီ။ တွေ့လို့ကတော့ ဖုံမှာ . . အပီဖုံ့

ဝန ဘာမှမပြော။ မျက်လုံးကလေး ပေကြောင် ပေကြောင် လုပ် အဲ့မှာပဲ -

"ကျွီ"

မြေတိုက်ခန်းတံခါး ပွင့်သွား၏ ။ သခင်လေး လူရာဝင်နှင့် မုန်း ကြ၏ ။ မုန်းက ဝနကို မျက်စောင်းထိုး ခါးထောက်ကာ -

"ဘဲကြီး"

"အင်"

"မွေတာ ယောင်းမပဲ ကောင်းတယ်နော် . . ဘဲကြီး မွှေလို့ မုန်း တ်ပြ . . မုန်းရဲ့ဆိုင်ကို သူတို့ ဖျက်ဆီးလိုက်ကြပြီ။ ခွက်ပျောက်ပြီ . . ဟင့်"



www.burmeseclassic.com

www.burmeseclassic.com





"ကျွတ်(စ်)"

ဟုဆိုကာ ဝနက အိ...
လေးထဲမှ ရွှေဒင်္ဂါး ငါးပြား ထုတ်...
သည်။ မုန်းရဲ့ အငိုမျက်နှာ...
သည် အပြုံးတို့ဖြင့် လက်လ...
သွား၏။ ဘာမှကို မပြောတော့...
ဝနက -

"ငုံမဟုတ် .. ပတ်မ...
. . အလုံးအပြားတွေ အနိုင်...
သမျှကို လည်စင်းခံနေတဲ့ ခ...
တို့ ရွာကို မှတ်တောင် ထားရဦး...
. . ယောကျ်ားတွေ ပုဆိုးမဝတ်...
ထဘီဝတ်ကြ ဟွင်း ဟွင်း"

သူကြီးမင်းက -

"သူတို့အစွမ်းကို မသိသေးလို့ မောင်ရင်က ဒီစကားမျိုး...
ထွက်တာပါကွယ်"

သူကြီးမင်းသား လူရာဝင်က -

"ကိုယ်ခံပညာ အရမ်းတော်တယ်၊ အခုကြည့် .. ကောင်းက...
ပျံနေကြပြီ .. အုန်းလက်ကိုစီးပြီး ပျံနေကြတာနော်"

မုန်းက သူ့ရည်းစား လူရာဝင်ကို မျက်စောင်းထိုးကာ -

"သူတို့မသိဘဲ ယောကျ်ားယူလို့ မရဘူး .. မိန်းမယူလို့ မ...
တော်ရေ့"

ဝနက -

"အံ့ဩစရာပဲ"

သူကြီးမင်းက ထောင်တက်နေသော နှုတ်ခမ်းမွှေးကို သပ်...

"မောင်ရင် စိတ်ဝင်စားမယ်ဆိုရင် ကျုပ်ရွာရဲ့သောက...
ပြောပြမယ်"

ဝနက -



"ပြောကြည့်လေ"

❖

တောဝနေကား လွန်စွာမှ ထူပိန်းလှချေ၏။ တောတို့၏ ဘိုးအေ...
...ှာထက် စိနီယာကျချေ၏တကား။ ကျားပျံ၊ ဆင်ပျံ၊ ရှုးပျံတို့
...ည် ကျက်စားတတ်ကြသည်ဟု ပက်ပင်းတိုးခဲ့ရသူများက အခြား
...ကို လေလုံးထွားကျလေ၏တကား။

အနီရောင်ဝမ်းဆက်၊ ဆေးတောင်ဝေ့နှင့် ဖဖော်ဂျီသည်
...ာင်မှ ဝဲပျံလာချေ၏။ အနီတောအုပ်အတွင်းသို့ သုတ်ကနဲ သက်
...ိုက်ချေ၏။ ပြီးနောက် သစ်ဥ၊ သစ်ဖုများ ရှာဖွေ၏။ ဆေးကြိတ်၏။

ကိစ္စဝိစ္စများ ပြီးလတ်သောအခါ ဖဖော်ဂျီသည် သူယောင်ပင်
...ာက်သို့သွားကာ တွဲရွဲကျနေသော သူယောင်သီး မိန်းမပုံစံများကို
...ိုလေတော့၏။

ဆေးကြိမ်လုံးဖြင့် ထောက် .. လူသားအဖြစ် အသက်သွင်းပြီး
...ဒန် .. တန် .. တန် .. ရန် ဖြစ်လေ၏တကား။

ဖဖော်ဂျီသည် ဆောင့်တက်လာသော တံတွေးကို "ဂလု" ကနဲ
...ိုတ်လေ၏။ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်နှင့် သူယောင်သီးကို တွေ့
...ရသောကြောင့်ပေတည်း။

ဖဖော်ဂျီသည် သူယောင်သီးအား ဆေးကြိမ်လုံးဖြင့်တို့ရန် ရွယ်
...ပြီးမှပဲ -

"ဒီအရွယ် × × × ဥဥတို့အရွယ် × × × ဒန် ... တန် ... တန် ... ဒန်"

တောထဲသို့ ပန်းရူးထွက်လာသော အလန်းဇယား၊ ဖလန်း ဖလန်း
... စာဥပင်တည်း။ စာဥကလေးသည် စမ်းချောင်းနံဘေးတွင် ပန်းများ
...သောအယာ ချ၏။ စိတ်လွတ်ကိုယ်လွတ် ရေချိုးရန်အတွက် အဝတ်
...ားကို -

"အိုက်(စ်) ရှားပါး"

ဖဖော်ဂျီ သူယောင်သီးကို သတိမရတော့ပါ။ စမ်းချောင်းအနီး
...ာပ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှုတ်(စ်)"

သစ်ကိုင်းခြောက်ကျိုးသံကြောင့် -

"ဟင်!..ရှင်..ရှင်ကြီးက"

စာဥလေးမျာ လန့်လက်သွားရာလေ၏၊ ဖေဖော်ဂျီက -

"တော်ပြတ်နေတဲ့ ဒုက္ခသည်ကြီးပါကွယ်"

စာဥလေးက မျက်လုံးလေးကို ဝင့်ကာ -

"ဘာတော်တာလဲလို့"

"ရေတော်တာပါကွယ်..ရေကြည်တစ်ပေါက်လောက် သော

ပြုပါ"

စာဥကလေးက နှုတ်ခမ်းဖူးဖူးလေးကို စူတူတူလုပ်ကာ -

"ကိုယ့်ဟာကိုယ် ဆင်းသောက်"

"ဝုန်း"

ဖေဖော်ဂျီ စမ်းချောင်းထဲ ခုန်ချလိုက်တယ်၊ အဲ့အောက်မှာ

တန့်..ဒန်၊

"ဝေါ့..ဝေါ့.."

စာဥကလေး ဥသြဆွဲလေပြီတကား၊ ပျိုရာမှ အိုလာသော

ကြီးက သမီးချောလေးရဲ့ပုခုံးကို ဖိပေးကာ -

"ဘယ်သူနဲ့လဲ ဟင်!..မီးလေး"

"ဟင့်အင်း ..ပြောဘူး ..အသေသတ်"

မိခင်ကြီးမှာ ရင်ဘတ်ကို ဒရမ်ခေါက်ကာ -

"အေးဆေး..အေးဆေးနော် မီးလေး..ဒီလိုကိစ္စမျိုး မေမေ

ပက်ပင်းတိုးဖူးတယ်..စိတ်ထင်ရာ စွတ်စက်မလုပ်နဲ့"

ဟုဆိုကာ အခန်းပြင်သို့ ထွက်လာ၏၊ သူဌေးကြီးက -

"ညည်းသမီး..အစားမှားတာ ထင်တယ်"

သူဌေးကတော်ကြီးက သူဌေးမင်း၏နား အနားတိုးကပ်ကာ

"ဟိုနင်း..ဟတာတော့"

သူဌေးကြီး မျက်လုံးပြူးသွား၏၊

❖



သူရင်းငှား ဖိုးထွားက ပြောင်လက်သော ကြမ်းပြင်ပေါ်တွင်

ကျုံ့ကျုံ့ကလေးထိုင်ကာ ကျွတ်ကျဲသည့်အထာဖြင့် သူဌေးမင်းအား စား

နေ၏၊ သူဌေးမင်းကြီးက ကြမ်းပြင်ပေါ်တွင် ရွှေဒင်္ဂါးပြားများကို ချ၏၊ ခပ်

သွမ်းလှမ်းတွင် ပြောင်လက်သော ဓားရှည်တစ်ချောင်းကို ချကာ -

"ငထွား.."

"ဟုတ်.."

"ဒဲ့ပဲ ပြောမယ်ကွာ"

"ဟုတ်"

"ငါ့သမီးကို ယူရင် အဲ့ဒီရွှေဒင်္ဂါးတွေရမယ်..ငါ့သမက် ဖြစ်မယ်"

"ဟင့်အင်း ယူပါဘူး..သူဌေးရဲ့သမီးက ဟတာကိစ္စဆို အရမ်း

သတ်ဗွာတာ..ဒီရွာမှာ သူနဲ့ မငြိဘူးတဲ့ ယောကျ်ား ခပ်ရှားရှားဗျ..ယူဘူး"

သူဌေးမင်းက လူသေကောင် ရယ်နည်းဖြင့် ရယ်၏၊

"ငါ့အစား ထောင်ထဲဝင်ပေးမယ့် လူတွေ အောတိုက်နေတာဟ"

ဟုဆိုကာ ဓားကို ကောက်ကိုင်၏၊

"မယူရင် မင်းကို ငါကိုယ်တိုင် သတ်မှာ"

ဓားကို မြှောက်၏၊ ငထွား ငိုသံကြီးဖြင့် -

"ယူမယ်"

"အဟင့်..ဖွတ်"

❖

"အူဝဲ..အူဝဲ..အူဝဲ"

ကလေး.လေး တစ်ယောက် လူ့ပြည် ရောက်လာလေပြီတကား၊

စာဥလေးက -

"ဘာလေးလဲ ဟင်!.."

လက်သည် အဖွားကြီးက -

"ကျား..ယောကျ်ားလေး"

"ကြည့်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လက်သည်အဖွားကြီးက သူဌေးကတော်ကြီး၏ မျက်နှာကို လှမ်းကြည့်၏။ မျက်စိမျက်နှာပျက်နေသော သူဌေးကတော်ကြီးက -

"ကြည့်စရာကို မလိုတာ.. လူချောလေးဟဲ့"

"ဟင့်အင်း.. မကြည့်ရရင် အော်ငိုလိုက်မှာနော်"

ထင်ရာစိုင်းတတ်သော သမီးရဲ့ "ဇ" ကို သိနှင့်နေသော မိခင်ကြီးက စိတ်မသက်သာစွာဖြင့် -

"ပြ.. ပြလိုက်ပါကွယ်"

တဥက သားငယ်ကိုကြည့်သည်။

"အမလေး" ဟု ငယ်သံပါအောင် အော်သည်။

သတိလစ်ကာ အသက်ပါ,ပါသွားလေတော့၏။ အကြောင်းကား မွေးကင်းစ ကလေးငယ်မှာ နှုတ်ခမ်းမွေးပါလာတာကို။

❖

ဂျီကျပြီး မွေးလွန်းအားကြီးသော ကလေးငယ်ကို "ဂျီမွေး" ဟု အမည်သညာ ပေးလိုက်ကြသည်။ ဂျီမွေးသည် မွေးကတည်းက နှုတ်ခမ်းမွေးပါသည်က လွဲ၍ အလွန် ချောသူတစ်ယောက် ဖြစ်၏။ ထူးဆန်းတာ ရှိပါသေး၏။

ဂျီမွေးသည် လေးနှစ်ကျော်သည်အထိ စကားမပြော။ ကိုဖိုးထွားသည် သူ့ခွေးတစ်စက်မှ မပါသော ဂျီမွေးကို တုန်တက်နေအောင် အမြင်ကတ်၏။

တစ်နေ့သော အခါ..။

ကိုဖိုးထွားသည် ရွာထဲမှ တစ်ခုလပ်မတစ်ယောက်နှင့် ဒန့်..တန့်..တန့်ပြီး ကောက်ရိုးပုံတွင် အိပ်စက် အနားယူနေလေ၏။ အဲ့မှာပဲ -

"ဟေ့.. လူကြီး"

လူကြီးတစ်ယောက်၏ အသံကြောင့် ကိုဖိုးထွား လန့်နိုးသွားလေ၏။

"ဟင်!.."





||

**ဂျီမွေးလေးသည် မိန်းမများဆိုလျှင် အနားကပ်မခံ။ ရန်ရှာတတ်၏ ။**

**ယောက်ျားဆိုလျှင် အရွယ်သုံးပါးမရွေး အားကြီး ခင်တတ်၏ ။**

**အာဘွား အခါခါ ပေးတတ်၏ ။**

---

သူ့ကို စပ်ဖြဲဖြဲ လုပ်ပြနေသော ဂျစ်မွေးကို တွေ့ရ၏။ လက်ထဲမှာ ကြေးမီးခြစ်ကြီးနှင့်.. နောက်ကျောဘက်မှ အပူဟပ်သည့်ဒဏ်ကို ကိုဖိုးထွား ဘာသာ ခံစားရ၏။

"ဟင်!.."

"မီး..မီး"

ဟုတ်တယ်။ ကောက်ရိုးပုံကြီး မီးစွဲလောင်နေပြီ။

"နန့်..ကလွှား"

ဟုဆိုကာ ကိုဖိုးထွား ငယ်သံပါအောင်အော်ကာ၊ ပြေးလေ၏။ ဂျီမွေး၏ လက်ချက်ပင်တည်း။

"ဟား..ဟား..ဟား"

လူကြီးတစ်ယောက်၏ ရယ်သံကား ဂျီမွေးထံမှ ထွက်ပေါ်လာခြင်း ဖြစ်ပေ၏တကား။

❖

"အိုက် ... ယား(စ်)"

သူဌေးမင်းကြီး၏ မျက်လုံး ပြူးပြက်ကန်လေ၏။ ခြံတွင်းရှိသော ကွမ်းသီးပင်တွေ အမြစ်မှပြုတ်ထွက်ကာ လဲပြိုသောကြောင့်ပင်တည်း။

"ဟင်!.."

တရားခံကား အခြားမဟုတ်.. ဂျစ်မွေးပင်တည်း။ ကိုဖိုးထွားသည် မချစ်လှစွာသော သားတော်မောင်လုပ်သမျှကို အနောက်က လိုက်ကာ တစိမ့်စိမ့် လိုက်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပွေးသည် အခြားအပင်များကို ဆက်နှုတ်ပြန်၏ ။ သူဌေးကြီး ဒေါ်ခီးလေပြီ။

"ဟေ့ကောင် .. ဖိုးထွား"

"ခင်ညာ"

"နင် ဘာမှ မပြောတော့ဘူးလား ဟဲ့"

ကိုဖိုးထွားက ငိုသံကြီးဖြင့် -

"ပြောလို့မှ မရတာ"

သူဌေးကြီးသည် မြေးတော်မောင် ဝထူးဆန်းလေးအား စိတ်လေစွာဖြင့် ကြည့်ကာ -

"မြေးလေးရေ"

"ဗျာ.."

ဟုဆိုကာ ဂျီပွေးလေးသည် လေထဲ၌မြမ်းပစ်ကာ ဘိုးအေကြီးအား အားရပါးရ အာဘွားပေးလေတော့၏တကား။ ဂျီပွေးလေးသည် မိန်းမများ ဆိုလျှင် အနားကပ်မခံ၊ ရန်ရှာတတ်၏ ။

ယောက်ျားဆိုလျှင် အရွယ်သုံးပါး မရွေး အားကြီး ခင်တတ်၏ ။ အာဘွားအခါခါ ပေးတတ်၏ ။ အနားမှာ ယောက်ျားဘသားတွေ တစ်ယောက်မှ မရှိလျှင် ဆိတ်ထီး၊ နွားထီး၊ ဝက်ထီးများကို အရိပ် တကြည့်ကြည့် ကြည့် နေတတ်သူ ဖြစ်ရှာ၏တကား။

❖

(SKB) စော်ကြည်ဘဲ ရုပ်ပေါက်သော ဂျီပွေးလေး အရွယ်ရောက် လာလေပြီတကား။ သို့သော် ကန့်ကလျ ပြောပုံဆိုပုံပါ နွဲ့၏ ။ နှုတ်ခမ်းနီအရဲ သားနှင့် ဘဲများကိုသာ စိတ်ဝင်စားသူ ဖြစ်လေ၏တကား။

မမြင်ရသော သူ့အစွမ်းအစကိုယုံကာ ရွာထဲက ယောက်ျား ဘသားများကို ရိသဲ့သဲ့ လုပ်တတ်၏ ။ ဆွဲလား ရမ်းလားနှင့် ဆွဲခေါ်သွားတတ်၏ ။ တစ်ယောက် .. နှစ်ယောက် ဒါနှင့် အားမရသေး၊ ရွာနီးချုပ်စပ်သို့ ခြေဆန့်ကာ သူ့ဇာကို ပြ၏ ။

သူနှင့် ပါသွားသူအချို့မှာ သူနှင့် လိုင်းပူးသွား၏ ။ စိုရာမှ ခြောက်ကို





ခြောက်ကုန်ကြ၏ ။ အချို့မှာ တိုင်ကြ တောကြ၏ ။ အဘိုး သူဌေးလင်မယားမှာ ရှော့ပ်လိုက်ကို မပြီးနိုင်။ မွဲသထက် မွဲကာ ရှေ့ဆင့် နောက်ဆင့် ဆုံးသွားကြလေ၏ ။ ကိုဖိုးထွားမှာလည်း သားတော်မောင်ကို ကျွတ်ကဲ့ကာ အဝေးသို့ ထွက်ပြေး သွားလေတော့၏တကား။

❖

လက်ကြောမတင်းသော ယောက်ျားဘသားများသည် အစားရချောင်သော မာမီဘဝကို ခံယူလိုက်ကြကုန်လေ၏ ။ ဂျီပွေးတို့ အင်အားမှာ များလာလေပြီတကား။

ဂိုဏ်းချုပ်ကြီး ဂျီပွေးဖြစ်လာ၏။ မာမီအပေါင်းက ဂိုဏ်းချုပ်ကြီး ဂျီပွေးကို "မာမီဂျိုး" ဟု ခေါ်ကြရလေ၏။ အဘယ့်ကြောင့်မှန်း မသိ။

သို့နှင့် မာမီဂျိုးဦးဆောင်သော "ဂျိုးဂိုဏ်း" သည် ရွာစဉ်လှည့်ကာ ဆတ်ကြေးကောက် မိုက်ကြေးခွဲ၏ ။ စားပြတိုက်၊ သားပျိုများကို ရန်ရှာလေတော့၏တကား။ ပြည်သူများမှာ ကျီးလန့်စာစား၊ နောက်ကျောမလုံသည့် ဘဝကို ခံစားနေကြရရှာလေတော့၏ ။

ဘုရင့်တပ်တော်မှာ လာရောက် နှိမ်နင်းလေတော့၏ ။ ဖမ်းမိတော့ ဂိုဏ်းချုပ် မကြီးဂျိုးနှင့် မာမီအချို့ကို လူမြင်ကွင်းတွင် သေဒဏ်ပေးလိုက်၏ ။

ပါးကွက်သားတို့က မြားနှင့် ပစ်ကြခြင်းပင်တည်း။

❖





www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်ကတော့ အဲ့လိုပါပဲကွာ"

သူကြီးမင်းက သူ့ရွာ၏ သောကကို ထိုသို့ ရင်ဖွင့်ပြလေ၏။ ဝနက -

"ပြောတော့ မကြီးဂျူးကို သေဒဏ်ပေးလိုက်ပြီဆို . . အခု ပိုတောင်ဆိုးနေပါလား . . မိုးပေါ်မှာတောင် ပျံနေပြီ"

သူကြီးမင်းက သေချင်စော် နံပေါင်သံကြီးဖြင့် -

"အဲ့တာကို စဉ်းစားရခက်နေတာ ဟ"

ရှောစမောလေး "မုန်း"က -

"တစ်ပေါက်တော့ ရှိတယ်"

"အဲ့တစ်ပေါက်ကို ပြောကြည့် . . အသုံးတည့်မယ် ထင်တယ်"

"မုန်းရဲ့ဆိုင်မှာ အဲ့ဟား ရုပ်ကီလာကစ်တဲ့ သူခိုးထောင်ထွက် ဖိုးတေက မုန်းကို ပြောဖူးတယ်"

သခင်လေး လူရာဝင်က -

"ဘာပြောတာလဲ ဟင် ! . ."

"မကြီးဂျူးက ထောင်ထဲမှာ မှော်ဆရာကြီးတစ်ယောက်နဲ့ တော်တော် ရင်းနှီးခဲ့တာတဲ့ . . မှော်အစွမ်းတွေတတ်ပြီး အသက်ရှင်နေတာရော မဖြစ်နိုင်ဘူးလား"

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

❖

"မောင်ထိပ်တင်မောင်မောင် နှင့်
မနမ်းရင်ဝေဖြာ"တို့၏
မင်္ဂလာ ညည့်ခံပွဲ

မင်္ဂလာ ညည့်ခံပွဲပင်တည်း။ ရုပ်ဖျက်လာသော ဝနနှင့် သခင်လေး လူရာဝင်တို့သည် လက်ဖွဲ့ပစ္စည်းများ ပေးကြ၏။ ပြန်ကမ်းသော ဆေးပြင်းလိပ် ကိုယ်စီခဲကာ မင်္ဂလာခန်းမသို့ ဝင်ခဲ့ကြလေ၏။ တီးလုံးသံသဲ့သဲ့နှင့် အတူ -

"အီး . . ဝါး"





မချိုတင်ကဲ ငိုသံကို ကြားရ၏။

ဝနသည် ဒန်ပေါက်စားရင်း အငိုရှင်ကို လှမ်းကြည့်လိုက်၏။ သတို့သားလောင်းပင်တည်း။ ခြေဆောင့်ကာ ငိုနေတာ၊ နပ်နပ်တွေ ထွက်လို့၊ အတော်အတန် လန်းသော သတို့သမီးက -

"တစ်ချက်ကလေး အောင့်ခံလိုက်ရင် . . များတို့ တစ်သက်လုံး ဘုတ္တရေ ဝါးရမှာလေ . . ဒါလင်ရဲ့ . . ငိုနဲ့နော် . . တိတ် . . တိတ်"

သတို့သားလောင်းက တိုင်ကိုဖက်ကာ -

"ပြောတတ်လိုက်တာ ပါးစပ်လေးက . . ငါ့မှာတော့ ကျောက်ကွဲမတတ် . . ရင်ကွဲမတတ် . . နောက်ပြီး . . အီး . . ဝါး"

ငိုပြန်လေတော့၏တကား။ ထိုအဲ့မှာပဲ -

"လယ်ဒီပဲလားဟေ့"

စွေ့ကနဲ ထိုးရပ်လာသော အလှအပတွေ ခြယ်မှုန်းထားသော လှည်းယာဉ်ကြော့ပေါ်မှ မာမီတစ်ယောက်က သမံတလင်းပေါ် ဒယ်အိုးခြစ်သံကြီးဖြင့် လှမ်းအော်၏။

"အဟင့် . . လာပါပြီ ခညာ"

သတို့သားလောင်းသည် လှည်းယာဉ်ကြော့ပေါ်သို့ ခေါင်းငိုက်စိုက်နှင့် တက်သွားလေတော့သတည်း။

❖

အသွင်သွင် စီးကာနေသည့် စမ်းချောင်းငယ်လေးကို ကြည့်ကာ သခင်လေး လူရာဝင်က သက်ပြင်းကို အလောတော်ချကာ -

"ပုဂံခေတ်က အရည်းကြီးတွေကို သိတယ်မို့လား"

ဝနက -

"ရေငုပ်၊ တုံးခုန်၊ မီးလှုံ၊ ဇယ်ခတ်တယ်လေကွာ . . သတို့သမီးတွေကို သူတို့ဆီ ပန်းဦးလွှတ်ရတယ်"

သခင်လေး လူရာဝင်က မချိုတင်ကဲ ပြုံးကာ -

"ရွာမှာလည်း အဲ့လို ဖြစ်နေပြီဗျ . . သတို့သမီးတွေတော့ မဟုတ်ဘူး၊ သတို့သားတွေ . . မာမီတွေဆီ လွှတ်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ.."

ဝန ကြက်သီးဖြန်းဖြန်း ထသွားတယ်။

"သူတို့ဆီ မလွှတ်ရင်ကောကွာ"

"မညားနဲ့ .. မယူကြနဲ့ပေါ့"

"ဒိုင်ရှိကလေး ညားမယ်ဆိုရင်ကော"

သခင်လေး လူရာဝင်က ပုခုံးကို တွန့်တက်ကာ -

"ရွာထဲမှာ မာမီသတင်းပေးတွေ အောတိုက်နေတာဗျ .. မိသွားလို့ကတော့ သေပြီဆရာပဲ"

ဝနက -

"နင်တို့ ရွာတော့ ငါမကယ် သေဖွယ်ရာပါကလား"

❖

ညသည် အမှောင်ဖတ်ကိုကဗို လုံ့လပြုနေ၏။ သို့သော် လရောင်သည် လက်မခံ။ ထိမ်မဲညိုတွေ အကြိုအကြားမှ တိုးထွက်လာ၏။ အဲ့တာ လရောင်ဆန်းသောညပေါ့။

ပါးကွက်သား ဒသသည် မြစ်ရှည်ဆိုင်ထဲမှ ထွက်လာ၏။ ယိုင်တိုင်တိုင်နဲ့ သီချင်းတွေဆိုလို့ -

"အာဒကေ × × × အာဒကေ × × အာဒကေဆိုတာ ငွေကို ခေါ်တယ် × × × အာဒကေ လူမှာရှိရင် .."

သစ်ပင်တွေ အုံ့ဆိုင်းနေသဖြင့် လမ်းသည် မှောင်ရိပ်ကျ၏။

"ဝုန်း!.."

ရုတ်တရက် သစ်ပင်ပေါ်မှ ခုန်ဆင်းလာသော လူတစ်ယောက်။

"အမလေးဗျ.."

ပါးကွက်သားကြီး ဒသ လန့်သွား၏။ လူစိမ်းက -

"မင်းလားကွ .. ဒသ"

"ဒသ" တင်းလေပြီ။ ကျောတွင် သိုင်းထားသော ဓားရှည်ကို -

"ရှမ်း" ကနဲ ဆွဲထုတ်ကာ -

"ငါ့ကို ဒသလို့ ခေါ်ရတာ ငါ့မိန်းမတစ်ယောက်ပဲ ရှိတယ် .. မင်း







...ဘယ်သူလဲ"

ဝနက ဟက်က

...ရယ်ကာ -

"မင့် .. ပါပါး"

"ဘာကွ . .

...သေစမ်း"

ဒသ ဓားဖြင့် ဝင်

...၏ ။ ဝနက ဆတ်ကနဲ ငုံ့

...ရှောင်ကာ ဒသရဲ့ဓားကိုင် ညာ

...လက် လက်မောင်းအဆစ်ကို -

"ဒုတ်"ကနဲ ထိုးဖြုတ်

...လိုက်တယ်။

ညာဘက်လက်တွဲလောင်း ကျသွားတယ်။

"ယား!.."

ဒသ ဘယ်လက်ဖြင့် ဓားကိုကိုင်ကာ ဝင်ပိုင်းပြန်၏။ ဝန မည်သို့ ...လိုက်သည် မသိပါ။ ဘယ်ဘက်လက် တွဲလောင်းကျသွားပြန်လေ၏။ ...က မြေကြီးပေါ်မှာ ဝနက ဒသရဲ့နားရွက်ကို ဆွဲလိမ်ကာ -

"သားကြီး"

ဒသ .. ကျားကြီး မဟုတ်တော့ပါ။ ဘီလူးကြီး မဟုတ်တော့ပါ။ ...တ်စုတ်ကလေး ရေတိမ်နစ်သံဖြင့် -

"ဗျာ .. လို့"

"မေးတာ မှန်မှန်ဖြေရင် .. အသက်မှန်မှန် ရှူခွင့်ပြုမယ်"

"မေးပါလားလို့"

"ဂျီပွေး (ခေါ်) မာမီပွေး (ခေါ်) မကြီးဂျိုးကို မင်းက မြားနဲ့ပစ်ပြီး ...ပ်မြှက်ခဲ့တာနော်"

"ဟုတ်"

"သူတကယ် သေပြီလား"

"ဂျာ ... ဟိုနင်း ... လေ"



www.burmeseclassic.com

www.burmeseclassic.com



ဝနက မြေကြီးပေါ်မှ ဓားကို ခြေဖြင့်ကော်ကာ လေထဲမြှောက်တ
လိုက်တယ်၊ အတန်ငယ် နှန်ကာ ဓားနောက်ပိတ်ကို ညာခြေဖြင့် ဆော
ရိုက်လိုက်သည်၊ ဓားသည် -

"ဝှီး"

လေထုကို ထိုးခွဲကာ အနီးရှိ သစ်ပင်အား -

"ဒုတ်"ကနဲ ပြေးစိုက်လေ၏၊ ဒဿ သူ့ဘဝသူ သိလိုက်လေပြီ

"မ..မသေဘူးခင်ဗျ..သူက ကျွန်တော့်ကို လာဘ်ထိုးတယ်လေ
သေတွင်းကို မထိအောင် မြားနဲ့ပစ်ရတာပေါ့"

သခင်လေး "လူရာဝင်" ဦးဆောင်သောအဖွဲ့သည် မှောင်ရိပ်
ထွက်လာကာ ဒဿအား ခေါ်ဆောင်သွားကြလေတော့၏တကား၊

❖

လေပြေ သရမ်းသဖြင့် ခရေပန်းလေးများ ဖလန်း ဖလန်းကြွေ
ကြ၏၊ ခရေကြွေသော ရာသီပါတကား၊ "မုန်း"က ခရေပန်းကလေးများ
ကြိုးဖြင့် သီနေ၏။

ဝနက -

"မင်းတို့နှစ်ယောက် ပေါ်တင်ညားလိုက်တော့"

ဟု ပြောလိုက်တော့ -

"ဝိုး..ရေး"

ဟုဆိုကာ ထခုန်ပြီး ရှိတ်လေ၏၊ သခင်လေး လူရာဝင်က ဖွဲ
ကြွေနေသော ခရေကြွေရာသီကို ကြည့်ကာ -

"အရောက်ပို့နေတာလား ဟင်၊.."

ဝနက သဲ့သဲ့ကလေး ပြုံးကာ -

"မကြီးဂျိုး မသေဘူး..တောင်ထဲက တတ်လာတဲ့ မော်အတ
ကြောင့် ပိုပြီး အစွမ်းထက်လာတယ်၊ လေထဲပျံဝဲနိုင်တာ အားလုံးအသိ
ဟာ..သူရှိတဲ့နေရာကို လုံးဝ အနှံ့ခံလို့မရဘူး..သူနဲ့ ဒွဲတွေ့လိုက်မှ မင်းတို့
ရွာ သာယာသွားမယ်..ပေါက်တယ်နော်"

"မကြီးဂျိုး ထွက်လာအောင်.."





သခင်လေး လူရာဝင်က မျက်နှာအသေလေးဖြင့် စကားကို ဘရိတ်
၏၊ ဝနက -

"မင်းတို့ ပေါ်တင်ညားလိုက်ပါဆို"

မုန်းက ဝေမာန်ခုတ်သံလေးဖြင့် -

"သူတို့က လာခေါ်ရင်ကောလို့.."

ဝနက ရင်ကိုကော့ကာ -

"ငါ့အလောင်းကိုကျော်နိုင်မှ ခေါ်နိုင်မှာပါ ဟ"

ကတိ အကြီးကြီးပေး၏၊ မုန်းက သခင်လေး လူရာဝင်ကို ညှော်
စောင်းလေးဝင့်ကာ -

"အားနာစရာကြီးဟယ်..ညားလိုက်ကြစို့..အဖတ်တင်သွားတာ
– ခစ် ... ခစ်"

❖

မင်္ဂလာပွဲက ဝက်ဝက်ကွဲမျှ စည်၏။ မာမီတွေလာခေါ်ရင် လုံးဝ
ိုက်ဆိုပြီး ပေါ်တင်ပြောပြီး ဆောင်တာကိုး၊ သို့ကြောင့် ကြိတ်ကြိတ်ကို
လို့ လှည်းတွေ၊ လှေတွေ လက်ဖွဲ့ကြ၏၊

သတို့သားလောင်းကလည်း အာပေတူး မဟုတ်ဘူးလေ၊ သူကြီး
"သခင်လေး လူရာဝင်"ကိုး၊ တီးဝိုင်းမှ သီချင်းသံတို့က မြိုင်ဆိုင်လို့၊

သတို့သမီးလေး မုန်းရဲ့ရင်ထဲမှာတော့ အပျော်တို့သည် နန့်စလူး
နေပါတယ်၊ သတို့သားလောင်းရဲ့ရင်ထဲမှာတော့ ဟတ်ကော့ကြီး၊ ဒူးရင်း
ကို အလုံးလိုက် မြိုထားရသလိုမျိုး ခံစားနေရ၏၊

မြံဝကို လည်တဆန့်ဆန့်နဲ့ မျှော်လို့၊ အဲ့မှာပဲ -

"ကျွီ ..."

လှည်းယာဉ်တစ်စီး ထိုးရပ်၏၊ မာမီတစ်ယောက်က အက်ရှရှ
သံလေးဖြင့် -

"သားရေ..လယ်ဒီလား ဟင်..ဒိုးကြမယ်လေ"

မျက်စိမျက်နှာပျက်နေသော သခင်လေး လူရာဝင်က ဝနကို
မ်းကြည့်၏၊ ဝနက မျက်စိမှိတ်ပြ၏၊ အသာနေဆိုတဲ့ အထာ၊ ဝနက

www.burmeseclassic.com

www.burmeseclassic.com





ဆေးပြင်းလိပ်ကြီးကို ဖွာ
ကာ လှည်းပေါ်မှာ မာမီများ
ကို ရှိုးနေ၏။

မာမီများ စိတ်မရှည်
တော့ပါ၊ ခါးထောက်ကာ -

"နား ဂီလာန ဖြ
သွားပြီလား သားရေ..မာ
တို့ကို ငြိုငြင်အောင် လုပ်နေ
တာလား . . ဝင်လာခဲ့မယ်
နော်"

လက်နက်အပြည့်
အစုံ ကိုင်ဆောင်ထားသော
မာမီ လေးယောက်သည် လှည်းပေါ်မှ ခုန်ဆင်းလိုက်ကြ၏။

(မှတ်ချက်၊ ၊ ဝနအကြောင်း အနည်းငယ် မိတ်ဆက်ပေ
ချင်ပါသည်၊ ကိုယ်ခံပညာပေါက်မြောက်သော ဝနတွင် ဘိုးသူတော် တစ္ဆေ
ကြီးထံမှ ဘတ်ကီးရိုက်လာသော တစ္ဆေဦးထုပ်ကလေး ရှိပါသည်၊ ထ
တစ္ဆေ ဦးထုပ်ကလေးသည် အတော်အတန် အစွမ်းထက်လှပါသည်၊ ဤ
ကား စကားညှပ်)

ဆေးပြင်းလိပ်ခဲထားသော ဝနသည် မာမီလေးယောက် အရှေ့
မှ ဝိတ်ရပ်ကာ ဟီကနဲ ပြုံးပြကာ -

"မင်္ဂလာဆောင် လာအားပေးတာပေါ့၊ ဟာ..လက်ဖွဲ့လည်း
မပါဘူး..ဇရီးကစ်, ကစ်မယ်..ကုန်းဆင်းမယ်ပေါ့"

ဟု ကလီသဲ့သဲ့စကားကို လွှတ်၏ ။ တင်းနေသော မာမီက
ထန်းသီးလောက်ရှိသည့် လက်သီးကြီးဖြင့် ဝန၏မျက်နှာအား -

"ဒိုး"

ကနဲ ကော်ပြီး ထိုးချလိုက်၏။ ဝနက အသာရှောင်ကာ ငုံထားသော
ဆေးလိပ်ငွေ့ဖြင့် မာမီတို့အား မှုတ်လိုက်လေတော့၏ ။ ဒေါသမာန်ဖြ
မှန်ယိုနေသော မာမီများမှာ -





"ဟယ်.."

"ဟယ်တော့"

"ဘာဖစ်တာလဲ"

တီးဝိုင်းမှ လွင့်လာသော ဗိုးသံနှင့်အတူ အမုန်းဆွဲ၊ အမုန်းရိုက်
လေတော့၏တကား။

"အိုး..ဘာတဲ့"

"ကောင်လေး.."

"ရိုက်ထား..ရေ့(စ်)"

ရွှေပွဲလာ ပရိသတ်မှာ ကွေးနေအောင် ကနေသော မာမီတို့ကို
ကြည့်ကာ ပွဲကျလို့ မဆုံး၊ နောက်..ကွမ်းသုံးယာ ညက်ခန့်ကြာသောအခါ
မာမီ ရှစ်ယောက် ရောက်လာပြန်၏။

"သားရေ..လယ်ဒီလား ဟင်"

ဝနက ဆေးလိပ်ငွေ့နှင့် မှုတ်ပြန်၏ ။ မာမီရှစ်ယောက်မှာ -

"ဟင်!.."

"ဟယ်.."

"အဲတော့.."

ဗိုးသံနှင့်အတူ ကွေးနေအောင် ရိုက်ပြန်လေတော့၏ ။ ပရိသတ်
တ်တုပ်လို့ မရ၊ ဝါးဝါးဟားဟားနှင့် ရှိချေ၏ ။ သခင်လေး လူရာဝင်မှာ
ကြောက်စိတ် လုံးဝ မရှိတော့၊ သူကြီးမင်းကိုယ်တိုင်ပင် ပါးစပ်အဟောင်း
သားကြီးနဲ့၊ ဝနကို ကျွတ်စဉ် ဖြစ်နေတာပါ၊ တော်တော်လာတဲ့ မောင်ပေါ့၊

နောက်..ကွမ်း ငါးယာညက်ခန့်ကြာပြန်သောအခါ မာမီ ဆယ်
ယောက် ထပ်ရောက်လာပြန်လေ၏ ။

"သားလေးရေ.."

ဝနက မှုတ်ပြန်၏ ။ ဆေးလိပ်ငွေ့နဲ့၊ မာမီများမှာ ဗိုးသံနှင့်အတူ
ရိုက်ပြန်လေတော့၏ ။

❖

"သား..လေး"



www.burmeseclassic.com

www.burmeseclassic.com



ဝနက မှုတ်ပြန်လေ၏ ၊ မာမီများ ရှိတ်ပြန်လေ၏ ၊

❖

နောက် -

"သား.."

ဝနက မှုတ်ပြန်လေ၏ ၊ မာမီများ . . ရှိတ် . . ပြန် . . လေ၏။

❖

ညနေစောင်းတော့ မာမီအယောက် (၅၀) ကျော်သွားပါပြီ၊ တစ်ယောက်မှ အကောင်းပကတိ မရှိကြတော့ချေ။ အချို့က အမောဖောက်၊ အချို့က လျှာခေါက်၊ အချို့က ခွေခေါက်လို့ တကယ့် ရုပ်ပျက်ဆင်းပျက်ကြီးတွေ မိုးသို့ညံသည့် ဒိုးသံကို တုပပြီး မရှိတ်နိုင်ကြတော့၊ ဝါသနာပါရင်မေ့ခင်းတို့ကို သွားကြားထိုးသံနှင့် သတ်လို့တောင် ရတယ်။

အဲ့မှာပဲ -

"ဝေါ ... ဝေါ ... ဝေါ ..."

"ဖလပ် ... ဖလပ်"

လေထုကို ထိုးခွဲလာသော အသံများကို လတ်လတ်ဆတ်ဆတ်ကြီး ကြားရ၏ ။ မိုးမြေ သိမ့်သိမ့်တုန်လေပြီ၊ သစ်ပင်များမှာ ဖရိုဖရဲ၊ အလုံးအလဲ၊ အိမ်အမိုးများ ပွင့်လန်ကုန်ကြ၏ ။

ရွှေပွဲကြွလာ ပရိသတ်များမှာ သေမင်းခေါ်သံကို ကြားလိုက်ရသည့်အလား။

"ပြေး..ပြေး.."

"သုတ်ပါ ဟ.."

"ယောကျ်ားရေ.."

"ဟေ့လကွာ"

"ကလေးကို လိုက်ရှာမနေနဲ့ . . ကျွန်မရှိရင် ကလေးရှိတယ်"

"ဟုတ်သားဟ"

အလုအယက် ပြေးကြလေ၏ ၊ အော်သံဟစ်သံများကား ဧရာပွက်







သည့်အလား။ မင်္ဂလာဆောင်မှာ ဝန . . လူရာဝင် . . မုန်းမှအပ တစ်ယောက်မှ မရှိတော့၊ မာမီများကား အတုံးအရုန်း။

"ဝေါ..ဝေါ.."

"ဖလပ်..ဖလပ်"

အုန်းလက်ကို စီး လာသော လူတစ်ယောက်၊ မြေပြင်ပေါ်သို့ သုတ်ကနဲ ဆင်း၏ ၊ နှုတ်ခမ်းမွှေးသဲ့သဲ့ နှင့် မိန်းမချောတစ်ယောက်ပါတကား။

ထိုသူကား မာမီတို့ ၏ဂိုဏ်းချုပ်ကြီး "မကြီးဂျိုး" ပင်တည်း၊ သပ်တောင်လေး ကို ခတ်လို့၊ ကန့်ကလျှာဟန်ဖြင့် လျှောက်လာကာ အကဲခတ်သည်။

အတုံးအရုံး ဖြစ်နေကြသော သူ့ဘော်ဘော်များကို တွေ့လိုက်ရသဖြင့် လန့်လက် သွား၏ ။ အကြောက်လွန်နေသော သခင်လေး လူရာဝင်တို့ စုံတွဲကို ကြည့် ကာ -

"လူဆိုးလေး . . တို့ကိုယ်တိုင် လာခေါ်ရတာ ဟဲ့ . . သိပ်ဆိုးတာ . . ဘဲ့"

ဝနက -

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

လက်ခုပ်တီးကာ အကွယ်မှ ထွက်လာပြီး -

"ဂျီပွေး (ခေါ်) မကြီးဂျိုး.."

မကြီးဂျိုးက အံ့သြသည့်ဟန်ဖြင့် -



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကြီးက .."

ဝနက -

"ဝါး .. ဟား .. ဟား"

ဟားတိုက်ရယ်မောကာ -

"ဒီလိုဖြစ်အောင် .. အကွက်ရွှေ့လိုက်တဲ့ လူပေါ့ဟ"

မကြီးဂျိုးက ဝနကို လျှာတစ်လစ်ထုတ်ကာ လှောင်ပြရင်း -

"တို့ သူ့ကို ခေါ်သွားမယ်"

"ငါ့ကို ကျော်နိုင်ရင်တော့ .. ခေါ်နိုင်တာပေါ့"

"တကယ် .."

"စကားအဖြစ် ပြောတာဟ .. နင့်ဘဝက ဒီနေ့ စမုံတုံးပြီ၊ နက်ဖြန် ဆိုတာ မရှိတော့ဘူး .."

မကြီးဂျိုးက အဝေးရှိ သစ်ပင်ကြီးကို -

"ဖြောင်း ! .."

လက်ဝါးဖြင့် လှမ်းရိုက်သည်။

"ဝုန်း ! .."

သစ်ပင်ကြီး ပြိုလဲသွား၏ ။ ဘာဆိုလားဆိုတဲ့ အထာပေါ့။ ဝနက ခစ် .. ခစ် ရယ်ရင်း အဝေးရှိ အုန်းပင်ကြီးကို လက်ညှိုးလေးဖြင့် -

"ဒေါက်" ကနဲ လှမ်းတောက်လိုက်၏ ။

အုန်းပင်မှာ မီးစွဲလောင်ပြီး ခါးလယ်မှ ထက်ပိုင်းကျိုးကျသွား လေတော့၏ ။

"ဟယ်တော့ .. လူက မွေးတာမှ ဟုတ်ရဲ့လား ဟယ်"

မကြီးဂျိုးမှာ မျက်လုံးအဝိုင်းသားကြီးနဲ့ ကျွတ်ကျဲသွားတာ၊ ဝန က မိန့်မိန့်ကြီး ပြုံးကာ -

"အဲ့အဆင့်လောက်နဲ့ တက်မလာနဲ့ .."

မီးစွဲလောင်နေသော အုန်းပင်ကြီးကို မျက်စပစ်ပြကာ -

"မြင်တယ်နော် .. ဟောသလို တောက်ထုတ်ပစ်လိုက်မှာ .."

မကြီးဂျိုးက -

"သနားလို့ ရေပေးချိုးတာကို .. ဂျိုးတွန်းနိုင်းချင်တယ်ပေါ့" ဟု







ညာခြေ မြှောက် မြေကြီးကို ရိုက် သည်၊ မြေကြီးမှာ ဖဝါးရာကြီး ဖြစ်သွား သည်၊ အဲ့နောက်မှာပေါ့ -

"ယား! .."

"ကျား ! .."

"အီး(စ်) .

လေထဲမှာ သစ်ပင်ကိုင်းဖျားမှာ .. အိမ်ခေါင်မိုးတွေပေါ်မှာ .. သည်းအသန် ဖိုက်ကြလေတော့၏ ။ မကြီးဂျိုးသည် သူ့ရဲ့အားပါသော ကို ယပ်တောင်ဖြင့် လှမ်းရိုက်၏ ။

ဝနက အနာခံကာ မကြီးဂျိုး၏ရင်ဝအား ဒူးဖြင့် ..

"အင်း ဟာ .."

ဆောင့်တိုက်၏ ။

"အောင်မလေး တော် ! .."

မကြီးဂျိုးသည် ငယ်သံပါအောင် အော်ကာ လေထဲမှာ တဆင့် ခေါင်မိုးပေါ်သို့ .. အဲ့မှ ဒလိမ့်ကောက်ကွေး မြေကြီးပေါ်သို့ ပြုတ်ကျ၏ ။ တွေ ပွက်ပွက်အန်လို့၊ ဝနက လေထဲမှ လွှားကနဲ ခုန်ဆင်းကာ "စင်ပေါ် လူ ခွေးမကြောက်" အထာဖြင့် -

"ခစ် ... ခစ်"

ရယ်လေတော့၏ ။ မကြီးဂျိုးက နောက်ဆုံး လက်နက် ထုတ်သုံး ပြီ၊

"ရော့ဟာ .."

ဝန၏မျက်နှာအား သဲဖြင့် ကောက်ပက်လိုက်ခြင်း ဖြစ်၏ ။

"အား ! .."

မကြီးဂျိုးသည် မျက်နှာကို ပွတ်ကာ ရှာလပတ်လည်နေသော



www.burmeseclassic.com

www.burmeseclassic.com





ဝနအား ပါးရိုက်၏ ။ ဆံပင်
ဆောင့်ဆွဲကာ ဒူးဖြင့် တိုက်၏
ဆောင့်ကန်၏ ။

"မှတ်ပလား ဟဲ့ .
ကောင်စုတ်"

ဝန မြေကြီးပေါ်မှာ
ထွန့်ထွန့်လူးနေပါပြီ။ ဒါကို အ
ကောင်းယူကာ မကြီးဂျိုးသည်
လူရာဝင်တို့ထံ ပြေးလာ၏ ။
သတ္တိကောင်းလွန်းလှသော
သခင်လေး လူရာဝင်က -

"နင့်လက်ထဲမှာတော
စမုံ အတုံးမခံနိုင်ဘူး"

ဟုဆိုကာ ရေတွင်
ထဲသို့ ခုန်ချလေ၏ ။ မကြီးဂျိုးသည် ကြောင်တောင်တောင်ဖြစ်နေသော
"မုန်း" အား ဖမ်းချုပ်ထားပေတော့၏ ။ ဝနသည် စဥ့်အိုးထဲ ခေါင်းစိုက်က
မျက်နှာသစ်၏ ။ ပြီးနောက် မကြီးဂျိုးရှိရာသို့ လျှောက်လာ၏ ။

မကြီးဂျိုးက -

"ကောင်မလေးကို ရှော့ပစ်လိုက်မှာနော်"

ဝနသည် ခါးကြားမှ ပေါက်ဓားကို ဆွဲထုတ်လိုက်၏ ။ မကြီးဂျိုး
မျက်လုံးပြူးသွားသည်၊ ဝနသည် ပေါက်ဓားအား -

"ဝိုး ! .." ကနဲ ပစ်လွှတ်လိုက်၏ ။

လျှပ်စီးလက်သည့်အလား မြန်ဆန်လွန်းသဖြင့် မကြီးဂျိုး ရှော
ချိန် မရတော့ပါ။ ပေါက်ဓားသည် မကြီးဂျိုး၏ လည်မြိုအား -

"ဒုတ်"

"အောင်မလေးတော့ .."

ဂျိုပွေး (ခေါ်) မကြီးဂျိုး၏ ဘဝဇာတ်သိမ်းကား .. လွန်စွာ ခါး
ချေ၏တကား။





❖

ဝန၏ ကူညီဆောင်မမှုကြောင့် အာခေါင်နီရွာကလေးမှာ သာယာ
ဆေး သွားပေပြီတကား။ ကျေးရွာတစ်ဖန် ပြန်တင်သည့်အနေဖြင့် သူ
င်းက အာဒကေများ ဆုချ၏ ။

"မယူပါဘူးဗျာ"

ဟုဆိုကာ ဝနက အာဒကေများကို ယူ၏ ။

"ဆင်းရဲသားတွေအတွက် လိုတယ်"

ပြီးနောက် ဝနသည် မြင်းညိုကြီးပေါ်သို့ လွှားကနဲ ခုန်တက်ကာ -

"ဟိုင်းယား ... ဖေ့သားကြီး"

အာခေါင်နီရွာကလေးနှင့် ဝေးရာဆီသို့ ဒုန်းစိုင်းခဲ့လေတော့၏
တကား။

❖

သိပ်မဝေးကြပါနဲ့။

ဂေါက်သွားနိုင်ပါတယ်။ ဝနရဲ့ နာမည်အရင်းက ဗညားဝနပါ။
တိက ဒလကပါ၊ ဝန ဒလကို ပြန်နေပါတယ်၊ ဒလကို ပြန်ရောက်ပါ့မလား၊
ဘာပဲပြောပြောပေါ့။

"ဒလက ဝန" .. ပေါ့။

**လူရှိန်အောင်**

❑



www.burmeseclassic.com

www.burmeseclassic.com



# ဆံကေသာနှင့် အမှတ်အယူမှားခြင်း



ယနေ့ မြန်မာနိုင်ငံတွင် အမှတ်မှား၊ အယူလွဲနေမှုတစ်ခုမှာ မိန်း၏ ဦးခေါင်းမှ ဆံပင်ကို ဖြတ်တောက် (ညှပ်ခြင်း) ပြုပြင်ခြင်းသည်ပင် "မိန်းဖလာ" ဟူ၍ ထင်မှတ်နေကြသည်။ ထိုသည်ကို ရှေးရှေးဆရာများက (၇) နေ့၊ (၇)ရက်ပြည့်အောင် အတိအလင်း မရေးသားခဲ့ကြပေ။

ရှေးမြန်မာလူမျိုးတို့သည် ဆံပင်ထုံးခြင်း၊ မိန်းကလေးများ ဆံထုံး. ထုံးခြင်းတို့ ရှေးအခါက ပြုလုပ်ခဲ့ကြသည်။ ယောကျ်ားလေးများသည် ရှင်သာမနေ ပြုလျှင် ဆံချ(ခေါင်းရိတ်)ကြသည်။ ဆံပင်ကိုတော့ မညှပ်ပါ။


အကြောင်းရင်းမှာ "မွေးနေ့ တနင်္လာနေ့သားဟာ သောကြာရက်၊ ကေသာ ဆံညှပ် မပြုရာ"၊ "မွေးနေ့ သောကြာနေ့သားဟာ တနင်္လာနေ့ ကေသာဆံညှပ် မပြုရာ" ဟု ပြောလေ့ရှိကြသည်။

ထိုသို့ ပြောလေ့ရှိကြသည်မှာ ပြောသူတို့သည် ပြောချင်တိုင်း ပြောနေကြခြင်း မဟုတ်၊ စာအုပ်ထဲမှ ဖတ်မှတ်ပြီး ပြောခြင်းသာဖြစ်သည်။ ထိုစာကို ရေးသူသည် မိမိသိသည့်အတိုင်းသာ ရေးပြီး စာဖတ်သူသိအောင် ရေးမပြခဲ့သောကြောင့် ဖြစ်သည်။

ထို့ကြောင့် -







ယနေ့ ဆံပင်ညှပ်ဆိုင်များသည် "တနင်္လာနေ့တိုင်း ဆိုင်ပိတ်၏"၊ တချို့က "သောကြာနေ့ပါ ဆိုင်ပိတ်သည်"။

ထိုသို့ ဆိုင်ပိတ်ခြင်းသည် "မွေးနေ့ တနင်္လာ သောကြာ ကေသာ ဆံညှပ် မပြုရာ"၊ "မွေးနေ့ သောကြာ တနင်္လာ ကေသာဆံညှပ် မပြုရာ" ဆိုသည့် စကားဟောင်းကြောင့် အများသုံးကြသည့် ထုံးတမ်းစဉ်လာ နည်းအတိုင်း ဆိုင်ပိတ်ကြခြင်း ဖြစ်သည်။

တကယ်တမ်းမှာ ထိုစကားရပ်တွင် တနင်္လာနေ့သားသမီးနှင့် သောကြာနေ့သားသမီးများအတွက်သာ ရေးပြခဲ့ခြင်း ဖြစ်ပြီး ကျန်(၅)ရက်နေ့ သားသမီးများအတွက် ရေးသားထားခြင်း မရှိပေ။

အမှန်က -

၁) တနင်္ဂနွေ သားသမီးသည် မွေးနေ့ဖြစ်သော တနင်္ဂနွေနေ့၊ အညွန့်နံဖြစ်သော တနင်္လာနေ့နှင့် ဆပွတ်ဖြစ်သော သောကြာနေ့တို့ အပါအဝင် ထိုနေ့သုံးရက်မှာ ဆံပင်ပယ်ရှင်းခြင်း (ဆံပင် မညှပ်ရပါ)။

၂) တနင်္လာနေ့ သားသမီးသည် မွေးနေ့ဖြစ်သော တနင်္လာနေ့၊ အညွန့်နံဖြစ်သော အင်္ဂါနေ့နှင့် ဆပွတ်ဖြစ်သော စနေ၊ ထိုသုံးနေ့တွင် ဆံပင်မညှပ်အပ်။

၃) အင်္ဂါနေ့ သားသမီးသည် မွေးနေ့ဖြစ်သော အင်္ဂါ၊ အညွန့်နံဖြစ်သော ဗုဒ္ဓဟူးနေ့၊ ဆပွတ်ဖြစ်သော တနင်္ဂနွေနေ့၊ ထိုသုံးနေ့မှာ ဆံပင်ညှပ်အပ်။

၄) ဗုဒ္ဓဟူးနေ့ သားသမီးသည် မွေးနေ့ဖြစ်သော ဗုဒ္ဓဟူးနေ့၊ အညွန့်နံဖြစ်သော ကြာသပတေး၊ ဆပွတ်ဖြစ်သော တနင်္လာနေ့၊ ထိုနေ့သုံးနေ့တွင် ဆံပင် မညှပ်အပ်။



www.burmeseclassic.com

www.burmeseclassic.com





၅) ကြာသပတေးနေ့သားသမီးများသည် မွေးနေ့ဖြစ်သော ကြာသပတေး၊ အညွန့်နံဖြစ်သော သောကြာ၊ ဆပွတ်ဖြစ်သော အင်္ဂါနေ့၊ ထိုသုံးနေ့တွင် ဆံပင်မညှပ်အပ်။

၆) သောကြာသားသမီးသည် မွေးနေ့ဖြစ်သော သောကြာနေ့၊ အညွန့်နံဖြစ်သော စနေ၊ ဆပွတ်ဖြစ်သော ဗုဒ္ဓဟူးနေ့၊ ထိုသုံးနေ့တွင် ဆံပင် မညှပ်အပ်။

၇) စနေသားသမီးသည် မွေးနေ့ဖြစ်သော စနေ၊ အညွန့်နံဖြစ်သော တနင်္ဂနွေနေ့၊ ဆပွတ်ဖြစ်သော ကြာသပတေးနေ့၊ ထိုသုံးနေ့တွင် ဆံပင်မညှပ်အပ်။

ရေးသားထားခဲ့သော ရှောင်စရာ၊ ဆောင်စရာအကြောင်းသည် ဤကဲ့သို့ (၇)ရက်၊ (၇)နေ့ကို ရေးမှတ်မပြခဲ့ဘဲ တနင်္လာနေ့နှင့်သောကြာနေ့သားသမီးတို့ကိုသာ မှတ်သားရေးဖွဲ့ခဲ့သည်။ ထို့ကြောင့် ဆံကေသာနှင့်ပတ်သက်၍ အမှတ်မှား၍ အယူမှားခြင်းများဖြစ်ကြရပါကြောင်း ဖော်ပြလိုက်ရပါသည်။


ဥက္ကာဗိုလ် (ဓဝဒ-၁၃၁၂)

❑






## လက်ချောင်းအတိုအရှည်နှင့် လူ့အကြောင်း




လက်ညှိုးနဲ့ လက်သူကြွယ်တို့ရဲ့အတိုအရှည် ကွာခြားမှုကို ကြည့်ပြီး လူတစ်ယောက်ရဲ့ကာရိုက်တာကို ဆန်းစစ် လေ့လာကြည့်နိုင်ပါတယ်။ ဒီလိုနည်းလမ်းမှာ A, B, C ဆိုပြီး ပုံစံ(၃)မျိုး ပါဝင်ပါတယ်။ အဲဒါတွေရဲ့အဓိပ္ပါယ်ဖွင့်ဆိုချက်များကိုတော့ အောက်ပါ ဆက်ကြည့်ပါ။




A)

လက်သူကြွယ်က လက်ညှိုးထက်ပိုပြီး ရှည်သူတွေဟာ အများ အားဖြင့် သွင်ပြင်လက္ခဏာ ချောမောလှပသူတွေ ဖြစ်တတ်ကြပါတယ်။

တခြားသူတွေ တောင့် မခံထားနိုင်အောင် ကျက်သရေမင်္ဂလာနဲ့ ဆွဲဆောင်သူတွေ ဖြစ်ပါတယ်။ ဒါ့အပြင် သူတို့ဟာ စိတ်တိုလွယ်သူ၊ စွန့်စားဖို့ဆိုရင် ပြဿနာ မရှိဘူး ဆိုတဲ့ လူစားမျိုးတွေ ဖြစ်ပါတယ်။



www.burmeseclassic.com


www.burmeseclassic.com



ဒါပေမယ့် သူတို့ဟာ တွေးခေါ် ချင့်ချိန်တတ်သူတွေတော့ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့အသက်မွေးဝမ်းကြောင်းဟာ စစ်သား၊ အင်ဂျင်နီယာ၊ စစ်တုရင်ကစားသူနဲ့ Cross Word တွေကို အောင်မြင်အောင် ကစားတတ်သူတွေ ဖြစ်ပါတယ်။

လက်သူကြွယ် လက်ချောင်းအရှည်ကြီးရှိသူတွေဟာ ငွေများများ ရနိုင်သူတွေဖြစ်တယ်လို့ သိပ္ပံပညာရှင်များကတောင် ဆိုပါတယ်။ လက်သူကြွယ်တိုတဲ့လူထက် ပိုရနိုင်တာကို ပြောတာဖြစ်ပါတယ်။ သူတို့လို လူမျိုးကိုယူတဲ့သူကတော့ ချမ်းချမ်းသာသာနဲ့ နေထိုင်နိုင်မှာ ဖြစ်ပါတယ်။ ငွေရှာကောင်းတဲ့ လူစားမျိုး ဖြစ်ပါကြောင်း။

B



B)

လက်ညှိုးထက် လက်သူကြွယ် တိုသူတွေကတော့ မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်ရှိသူတွေ ဖြစ်ပါတယ်။ သူတို့ဟာ ကိုယ့်ကိုကိုယ်သာ အထင်ကြီးသူတွေ ဖြစ်ကြပါတယ်။

တစ်ဦးတည်းနေရတာကို ကြိုက်နှစ်သက်ပြီး သူတို့အားလပ်ချိန်ကို တခြားသူက နှောင့်ယှက်တာမျိုးကို လုံးဝ မကြိုက်ပါဘူး။

ချစ်သူရည်းစားထားမယ်ဆိုရင် သူတို့ဟာ မာနကြီးတတ်တယ်။ သူတို့ရဲ့ခံစားချက်ကို ဘယ်တော့မှ တော်ရုံနဲ့ ထုတ်မပြတတ်သူတွေ ဖြစ်ပါတယ်။ သူတို့ကို ဂရုစိုက်တာကိုတော့ ကြိုက်နှစ်သက်တတ်ကြပါတယ်။ ဒီလိုလူစားမျိုးတွေဟာ အောင်မြင်တဲ့ ခေါင်းဆောင်ကောင်းတွေ ဖြစ်တတ်ကြပါတယ်။

ခံစားမှု လွယ်တတ်ကြတယ်။ သူတို့အပေါ် တစ်ဆကောင်းရင် အဆတစ်ရာ ပြန်ကောင်းတတ်သလို၊ မကောင်းရင်လည်း တန်ပြန်တတ်ကြပါတယ်။ အချစ်ကြီးသလို၊ အမျက်ကြီးတတ်ကြတဲ့ လူစားမျိုးတွေလို့






ခေတ်သစ်သိပ္ပံပညာရှင်များက သုံးသပ်ကြပါတယ်။

C)

C



လက်ညှိုးနဲ့ လက်သူကြွယ် အရှည်အတို တူညီသူတွေကတော့ ငြိမ်းချမ်းရေးကို ချစ်သူ၊ စိတ်ရှုပ်စရာ တစ်ခုခုနဲ့ ကြုံတဲ့အခါ မျက်နှာ ပျက်လောက်အောင် နေမထိ၊ ထိုင်မသာ ဖြစ်တတ်ကြသူများ ဖြစ်ပါတယ်။

သူတို့ဟာ စည်းရုံး လွယ်တတ်သူများဖြစ်လို့ လူတိုင်းနဲ့ အဆင်ပြေတတ်ပါတယ်။

သူတို့ဟာ ဆက်ဆံရေးတစ်ခုမှာ သစ္စာရှိကြသူတွေဖြစ်ပြီး သူတို့ရဲ့လက်တွဲဖော်အပေါ် ကြင်နာမှု၊ ယုယမှုတွေနဲ့ အထူးဂရုစိုက်တတ်သူတွေဖြစ်ပါတယ်။ ဒါကြောင့် သူတို့ကို ရတဲ့သူတိုင်းကတော့ စစ်မှန်တဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေကို ရရှိမှာ အမှန်ဖြစ်ပါတယ်။ ဒီလိုလူစားမျိုးတွေဟာ ကိုယ့်ကို စိတ်ချမ်းသာအောင်ထားမယ့် လူမျိုးတွေ ဖြစ်ကြပါတယ်။

သူတို့ဟာ ရိုးသားပြီး မလိမ်တတ်၊ မညာတတ်သူမျိုးတွေ ဖြစ်ကြပါတယ်။ ဘဝကို ရိုးရှင်းစွာ ဖြတ်သန်းတတ်ကြသူများဖြစ်ပြီး လူတိုင်းနဲ့ အဆင်ပြေစွာ ပေါင်းသင်းတတ်လို့ အပေါင်းအသင်း၊ မိတ်ဆွေများဆီကနေ မကြာခဏ အကူအညီကောင်းတွေ ရတတ်ပါတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# န်းရှေ့ ပုဏ္ဏားဘကွန်း

မကွေးညိုစိမ့်







www.burmeseclassic.com

www.burmeseclassic.com





။

ဒီနည်းတွေက . .
အခုခေတ် ဗေဒင်ဆရာ
တွင်ထားတာ မဟုတ်ဘူ
ဟိုး . . ရှေးရှေး . .
ဘုရားရှင် ကိုယ်တော်မြ
လက်ထက်ကတည်းက ပေါ်
ဗေဒင်ပညာရှင်ကြီးများ
လက်တွေ့ . . အောင်မြ
ယတြာတွေကွ . .။
နန်းရှေ့
ပုဏ္ဏားဘကွ

ကျွန်တော် "နန်းရှေ့ပုဏ္ဏားဘကွန်း" ကို မျှော်နေသည်မှာ ပေါင်း (၆၂)ရက်ရှိသွားပြီ ဖြစ်၏။ ပုဏ္ဏားဘကွန်းတစ်ယောက် ကျွန် အိမ်ရှေ့သို့ ရောက်မလာသည်မှာ နစ်လတင်းတင်းပြည့်ခဲ့ပြီ ဖြစ်၏။

မျှော်နေရခြင်း၏ အကြောင်းရင်းများမှာ –

၁) ကွဲနေသော အိမ်ထောင်များ ပြန်ပေါင်းရန်၊
၂) အပြိုင်အဆိုင် အနိုင်ရရန်၊
၃) အိမ်မှ ပျောက်ဆုံးသွားသော လူများ၊ အိမ်မှ စိတ်ဆိုးပြီး သွားသူများ၊ အိမ်သို့ ပြန်လာရန်၊
၄) ရာထူးတိုးပြီး မပြောင်းရွှေ့ရရန်၊
၅) ငွေဝင် လာဘ်ရွှင်ယတြာ၊
၆) လင်ချစ်၊ မယားချစ် ယတြာ၊
၇) ကြွေးတောင်း ယတြာ၊
၈) ဈေးရောင်းကောင်းတဲ့ ယတြာ၊

၉) မုန့်လုံးရေပေါ်မုန့်ဖြင့် ဆုံးရှုံးသွားသော ငွေကြေးများ၊ ပြန် ပေါ်ပေါက်လာရန် (လာဘ်ပွင့် ငွေရှင်ယတြာ) တို့ကို သိချင်သော ဖြစ်၏။

အမှန်ပြောရရင် ဂမ္ဘီရစာရေးဆရာ လုပ်၍စားရသည်မှာ မလွယ် ဆိုးသည်မှာ ကျွန်တော့်လို ဗေဒင်မတတ်သူများအတွက် ပို၍ ခက်ခဲ

တဖတ်ပရိသတ်သည် ဂမ္ဘီရစာရေးဆရာများကို (ဘိုးတော်)များ မြင်ယူဆကြ၏။ ထင်မည်ဆိုလည်း ထင်လောက်သည်၊ အချို့သော ရေးဆရာများသည် သူတို့ကို သူတို့ ဗုဒ္ဓမြတ်စွာဘုရားထက်ပင် မြင် ပေါက်ရောက်နေကြသယောင်၊ အကြောင်းအကျိုး ဆီလျော် ဆီလျော်သည် သတိမထား။ လွန်လွန်ကဲကဲ ကိုယ့်ကိုကိုယ်မှန်း တတ်ကြ၏။

ရေနစ်နေသူတစ်ယောက်သည် အသက်ဘေး ချမ်းသာလို ချမ်း အသက်ရှင်လို၍ ရေအောက်ကြမ်းပြင်တွင်ရှိသော မြက်တစ်ပင် ဆုပ်ကိုင်ထားဘိသကဲ့သို့၊ အကြောင်းတစ်ခုခုကြောင့် ဒုက္ခရောက် များသည် ဤကဲ့သို့ အမှန်းကောင်းသော (ဗေဒင်)ဆရာကို အားကိုး ထိုအခါတွင် (လူသေ၏လက်ထဲမှ ငွေ)ကို လွယ်ကူစွာ ဖြည့်၍ ယူ သို့ (ယတြာ)ကြေးများကို တနင့်တပိုး တောင်းယူကြတော့၏။

ဤကဲ့သို့ ဘေးမှလွတ်ကင်းရန်အတွက် ကျွန်တော်သည် ယတြာ ကောင်းများ ရရန်၊ နန်းရှေ့ပုဏ္ဏားဘကွန်းကို မျှော်နေမိခြင်း ဖြစ်၏။

တစ်နေ့တွင် ကျွန်တော်၏ဝတ္ထု (သွေးပုတ်ဖောက်သော ဆူး) ကို ဗီဒီယိုဇာတ်ကား ရိုက်ကူးရန် ရောင်းရ၏။ ထိုဝတ္ထုကို ကျိုက်ထိုမြို့ ရိုက်မည်ဟုပြောရာ ဇာတ်ညွှန်းပါအပ်သဖြင့် ကျွန်တော်လိုက်ပါသွား သည်၊

ရောက်လျှင်ရောက်ချင်း ကျွန်တော်သည် ကျိုက်ထီးရိုးစေတီဖူး သွားခဲ့ရာ၌ ကျိုက်ထီးရိုးစေတီရင်ပြင်ပေါ်ရှိ ပိုက်ဆံမပေးရဘဲ တည်းနို သော မှော်ရုံကြီးတွင် တစ်ယောက်စာ၊ နေရာယူလိုက်သည်။

ကျိုက်ထီးရိုးဘုရားတွင် ရေရှား၏။ ကျွန်တော် ကိုယ်လက်သန့်





www.burmeseclassic.com

စင်ရန် အတွက် တစ်ထွာသာသာရှိသော ဘာလီချိုင့် ရေတစ်ပုံးလျှင် (၅၀၀)ပေး၍ (၁၀၀၀)ဖိုး ဝယ်ကာ ဖုံသဲ သန့်စင်ယုံ၊ ရေကို ချိုးလို ပထမစေတီကို ဦးခိုက်ပြီးနောက် လိုရာဆန္ဒတောင်းဆိုရန် (ကျိုး ပါးစပ်)သိုက် ရှိရာသို့ ထွက်ခဲ့၏။

ကျိုးကန်းပါးစပ်ထဲသို့ ပစ်ပေါက်ထည့်သွင်းရန်အတွက် ထောင်တန် ကျပ်ငွေစက္ကူတစ်ရွက်ဖြင့် အကြွေအနုတ်များလဲယူပြီး ကျွန်တော်သည် ကျိုးကန်းပါးစပ်ထဲသို့ အကြွေစေ့များ ပစ်နိုင်ရန် သို့ ခြေဆယ်လှမ်းမျှ ဆုတ်လိုက်၏။ အကြွေစေ့များ မပစ်ပေါက်မီ တော်သည် လိုရာဆုကို တောင်းလိုက်၏။

"ကျွန်တော်သည် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား
ဤ ကျိုးကန်းပါးစပ်သို့ မလာမီ ရွှေသင်္ကန်းကပ်လှူခဲ့ပါသည်
ဤမှန်သော သစ္စာစကားကြောင့် ကျွန်တော်ရှာနေသော
နန်းရွှေပုဏ္ဏားဘကွန်းအား တွေ့ရမည်ဆိုပါက
ကျွန်တော်ပစ်သော အကြွေစေ့များ ကျိုးပါးစပ်တွင်းသို့
ရောက်ရပါစေသား"

ဟု သစ္စာစကားဆိုပြီးနောက် တစ်ထောင်ဖိုး လဲလာသော အ စေ့အားလုံးကို ညာလက်ဖြင့် ဆုပ်ကိုင်ကာ ခွန်အားအကုန်သုံးပြီး ပါးစပ်ရှိရာသို့ ပစ်ပေါက်ရန်အတွက် မျက်နှာကို အပေါ်သို့ မော့၍ လိုက်ရာ -


လား လား.. ကျိုးပါးစပ်၏ထိပ် ဦးခေါင်းပေါ်တွင် (နေကသိုက် နေသော နန်းရွှေပုဏ္ဏားဘကွန်းကို မမျှော်လင့်ဘဲ တွေ့ရှိရလေတော့

အောင်ပါလေ.. မြန်မာ သိန်းတစ်ထောင့်ငါးရာ ဆုပေါက် ပင် ဤမျှ ကျွန်တော်ပျော်မည် မထင်၊ လက်ထဲတွင် ဆုပ်ကိုင်ထား အကြွေစေ့များကို ဝမ်းသာမှု ပီတိအစုံဖြင့် ပစ်ပေါက်လိုက်ပြီးသ ကျွန်တော်သည် လာလမ်းမှ ပြန်တက်ကာ နန်းရွှေပုဏ္ဏားဘကွန်းရှိ ပြေးသွားမိလေတော့၏။

"ဟိတ်လူ.. ခင်ဗျားက ဘယ်တုန်း"

"ငါ နန်းရွှေပုဏ္ဏားဘကွန်း ဆီသွားမလို့"





"အခု သူနဲ့ တွေ့ခွင့်မရှိ ခင်ဗျား သူနဲ့ တွေ့ချင်ရင် ဟိုး တက လှူသွားလမ်းက နတ် မှာ သွားစောင့်၊ တောင်ဆွယ် သွယ်ရင် ဆရာကြီး ဆင်းလာ မယ်"

ကလေးတစ်ယောက်က တော့်ကို စီးတားနေ၏။ ထို မှာ ဆရာကြီးအား ဆေး သူ၊ ကူညီစောင့်ရှောက်နေ ၍ ကျွန်တော် မငြင်းနိုင်၊ ညွှန်သော နတ်ကွန်းသို့ ခဲ့ရတော့၏။

နတ်ကွန်းက ဘုရားနှင့် တော်တော်ဝေးသည်၊ နတ်ကွန်း၏ရှေ့ အမျိုးသမီးများ၊ ပလတ်စတစ်ဖျာကိုခင်းလျက် အစားအသောက်များ သောက်ပြီး စောင့်နေကြသည်ကို တွေ့ရလေရာ ကျွန်တော်သည် ဆရာ တူ ဒီညတွင် ဒီနေရာမှာ အိပ်ရတော့မည်မှာ သေချာနေပြီ ဖြစ်ပေ၏။

နတ်ကွန်း၏နောက်နား ခပ်လှမ်းလှမ်းတွင် နန်းရွှေပုဏ္ဏားဘကွန်း ကသိုက်နှုန်းနေပုံ (ဗီနိုင်း)ပန်းချီကားချပ်ကြီးနှင့် ကြော်ငြာကို တွေ့ရ ထိုကြော်ငြာနောက်တွင် အမိုးသာလျှင်မိုးထားပြီး အကာ လုံးဝမရှိ ကွပ်ပျစ်တစ်လုံး ရှိ၏။ ထိုကွပ်ပျစ်၏ ခေါင်းပိုင်းတွင် ဝါးလုံးဖြင့် အဆင့် ဆင့်လုပ်ထားပြီး ထိုအဆင့်ပေါ်တွင် ငှက်ပျောပွဲ၊ အုန်းပွဲ၊ ကန်တော့ပွဲ ကြက်ကောင်လုံးကြော်၊ မုန့်ဆီကြော်၊ မုန့်လုံးရေပေါ်မုန့်များနှင့် အချို ပုလင်းအမျိုးမျိုး တွေ့ရသည်။

ထူးခြားသည်မှာ အရက်ပုလင်းတစ်လုံးမှ မတွေ့ရ၊ နေစုန်းစုန်း သွားသောအခါ ဆရာရောက်လာ၏။ တုံကင်ကတ်ပြားယူထားသူများ ည့်ကျ မေးရန် စောင့်နေကြ၏။

"ဟောခ..၁၅/"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်လျှင် ငါးမိနစ်သာ ပေးမည်"

"လိုရင်း တိုရင်းပဲ မေးပါ"

ဟု ရေးထားသော ကြော်ငြာစီနိုင်းကို ယခုမှ သတိပြုမိ
သည်၊ ပထမဆုံး ဝင်လာသည့် အမျိုးသမီးက တော်တော်ချမ်းသာ
သည်၊ စိန်နားကပ်ကြီးက ပြောင်နေသည်၊ စိန်လက်စွပ်၊ စိန်ဆွဲကြိုး
လက်ကောက်တွေနှင့် ဖြစ်၏၊

"ကိုင်း .. ပြော သမီး၊ ဘာသိချင်သလဲ"

နန်းရှေ့ပုဏ္ဏားဘကွန်းက မေးလိုက်သည်၊

"ကျွန်မယောကျ်ားက နာမည်ကြီး မိန်းမလျှာ မော်ဒယ်သင်
ဆင်း၊ ရုပ်ရှင်မင်းသမီးတစ်ယောက်ကို တိုက်တွေဝယ်ပေး၊ ဗီဒီယို
ကားတွေ ငွေထုတ်ရိုက်ပေးနေတဲ့အပြင် အလုပ်ကိစ္စအကြောင်းပြ
တစ်လကိုးသီတင်း အိမ်ကို ပြန်မလာဘူး .. ဆရာ၊ အဲဒါကြောင့် လုံး
အိမ်က ထွက်သွားမှာ ကြောက်လို့၊ ဘယ်လို ယတြာချေရမလဲ ဆရာ"

ဟု မေး၏၊

"ပထမ လင်ချစ်၊ မယားချစ် ယတြာ အရင်လုပ်၊ နောက်
ယောကျ်ား အိမ်မြဲမယ့် ယတြာလုပ်"

"ဟုတ်ကဲ့ပါ .. ဆရာ"

"ကိုင်း .. လင်ချစ်၊ မယားချစ် ယတြာကို မှတ်ထား၊ အင်္ဂါနေ
(ဆီး)ဗီးပင် အခေါက်(၁)လက်မ ပတ်လည်ခွာယူ၊ သောကြာနေ
သပြေပင်မှ အခေါက်ကို (၁)လက်မ ခွာယူ"

"ဗီးခေါက်ပေါ်မှာ ကိုယ့်ယောကျ်ားအမည်နဲ့ မွေးနံကိုရေး၊ သ
ခေါက်ပေါ်မှာ မိန်းမနာမည်ကို ရေး၊ မွေးနံပါ ထည့်ရေးရမှာနော်"

"ဟုတ်ကဲ့ပါ .. ဆရာ"

"အဲဒီ နာမည်ရေးထားတဲ့ ဗီးခေါက်နဲ့ သပြေခေါက်ကို နာ
ချင်း၊ ရင်ချင်းအပ်ဖြစ်အောင် ထပ်လိုက်၊ နောက်ပြီး ယောကျ်ားရဲ့အကျ
ဖြစ်ဖြစ်၊ ပုဆိုးက ဖြစ်ဖြစ်၊ အပ်ချည်မျှင်ရအောင် ဖွဲ့ထုတ်၊ နောက်ပြီး မိ
ရဲ့အကျီနဲ့ ထမီကိုလည်း အပ်ချိမျှင်ရအောင် ထုတ်"

"အဲဒီ အပ်ချည်မျှင် နှစ်ချောင်းနဲ့ အခုနက မျက်နှာချင်းဆိုင်





ပ်ထားတဲ့ ဗီးခေါက်နဲ့ သပြေခေါက်ကို (၉)ပတ်၊ ပတ်မိအောင်ပတ်ပြီး
ည်ထားလိုက်"

"အဲသလို အပ်ချည်တွေ ပတ်နေတုန်းမှာ နှုတ်ကနေပြီး အသံ
ကျအောင် ရွတ်ဆိုရမယ်၊ ရွတ်ရမယ့် စကားကတော့ ..

ငါတို့ ချစ်လိုက်ကြတာ မခွဲမခွာ၊

ငါတို့ ချစ်လိုက်ကြတာ မခွဲမခွာလို့ ကိုးခေါက်ရွတ်ပြီး ညအိပ်တဲ့
ခါမှာ ယောကျ်ားရဲ့ခေါင်းအုန်းအောက်မှာ တစ်လှည့်၊ မိန်းမရဲ့ခေါင်းအုံး
အောက်မှာ တစ်လှည့်ထားပြီး အိပ်၊ မိန်းမနဲ့ ယောကျ်ား(ရုပ်ဂရု)ကော်
ပ်ထားသလို ကပ်နေလိမ့်မယ်"

"ဟီ ဟိ .. ဟုတ်မှာပါနော် ဆရာ"

"ဟဲ့ .. စိန်မမ၊ နင်က ဒီကိစ္စ ရယ်စရာမှတ်နေသလား၊ မယုံရင်
လုပ်နဲ့၊ ယုံရင်လုပ်"

"ယုံ .. ယုံပါတယ် ဆရာ၊ ဆရာပြောတာက ရယ်စရာကောင်းနေ
လို့ပါ၊ ဆရာ အိမ်က ထွက်မသွားအောင်လုပ်တဲ့ ယတြာလေး ဆရာ"

"ပြောပြီး စကား ငါ ဘယ်တော့မှ မမေ့ပါဘူး၊ ဟဲ့ .. စိန်မမရဲ့ ..၊ ကဲ
.. လိုက်မှတ်ထား"

"ဖောက်ပြားပြီး ထွက်သွားဖို့ လုပ်နေတဲ့ လူရဲ့အကျီနဲ့ လုံချည်၊
မိန်းမဆိုရင်လည်း မိန်းမရဲ့ထမီနဲ့ အကျီကို ရေစွတ်ပြီး အိမ်ရှေ့အဝတ်တန်း
မှာ ပတ်ထားပြီး ရေမပြတ်လောင်း၊ ထွက်သွားသူရဲ့အမည်နဲ့ မွေးနံကို ရွတ်
ပြီး မြန်မြန်ပြန်ခဲ့၊ မြန်မြန်ပြန်ခဲ့ .. ဆိုပြီး ပြောပါ၊ ရေခြောက်သွားရင် အဲ
သလိုပဲ ပြောပြီး ရေလောင်းပေး၊ ပြန်လာလိမ့်မယ်"

"ဟဲ့ .. စိန်မမ"

"ရှင် .. ပြောပါ ဆရာ"

"နင့်ကို ယတြာအဆစ် အပိုဆောင်းပေးတဲ့သဘောနဲ့ လင်မယား
ကွာဟနေတာ ပြန်စေအောင်၊ ပေါင်းဖက်လုပ်တဲ့ ယတြာကို ပြောလိုက်ဦး
မယ် .. မှတ်ထားစမ်း"

"ဟုတ်ကဲ့ .. ရှင့် ပြောပါ ဆရာ"

"လင်မယားနှစ်ယောက်ရဲ့ ဓာတ်ပုံ (၂)ပုံကို မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ကော်ကလေးစတိနဲ့ ကပ်လိုက်၊ ဓာတ်ပုံကို ရင်ချင်းအပ်လိုက်၊ အဲဒီ ဓာတ်ပုံကို ကြွေပန်းကန်ထဲမှာ ထည့်၊ အဲဒီကြွေပန်းကန်ထဲ ထည့်ထားတဲ့ ဓာတ်ပုံအပေါ်ကို ကွာစိတစ်ထုပ် ဖြူးချပြီး ဘုရားစင်ပေါ်မှာထား၊ ဒီ လင်မယား အိုအောင်မင်းအောင် ပေါင်းကြရပါစေလို့ ရွတ်ဆို .. ကြားရဲ့လား၊ ဟဲ့ .. စိန်မမရဲ့ .. ကြားရဲ့လား"

"ကြားပါတယ် ဆရာ၊ မှတ်လည်း မှတ်ထားပါတယ်"

"အေး အေး .. အလှူခံပုံးထဲကို ငွေတစ်ဆယ့်ငါးကျပ်ထည့်ပြီး သွားတော့"

"နောက်တစ်ယောက်၊ နောက်တစ်ယောက် .."

စိန်မမက ပိုက်ဆံအိတ်ထဲမှ ငွေတစ်ထုပ်ထုတ်၍ အလှူခံဖလားထဲသို့ ထည့်လိုက်သည်ကို ဆရာမြင်လေရာ -

"ဟဲ့ .. စိန်မမ၊ နင် ဘယ်လောက်ထည့်လိုက်တာလဲ"

"သုံး ပုလင်းပါ .. ဆရာ"

"ဟဲ့ဩော် .. ဒီကလေးမကတော့ ငါ့ရဲ့ သီလ၊ သမာဓိနဲ့ အဓိဋ္ဌာန်ကိုဖျက်နေပြီ၊ ငါ ဆရာက ကလေးတွေ ကျောင်းဖွင့်တဲ့အထိ ဒီဘုရားမှာ တစ်ဆယ့်ငါးကျပ်နဲ့ ဟောမှာ ..၊ ဒီက ပြီးသွားရင်တော့ တစ်ခါယော တစ်ပုလင်းယူမှာ၊ စိန်မမတို့ သဒ္ဓါပေါက်ရင် .. ငါ ဆရာဟောတာလည်း မှန်တယ်ဆိုရင်တော့ နင့်ဖာသာနင် ဆယ်သိန်း လှူလှူ၊ တစ်ဆယ့်ငါးသိန်း လှူလှူ လှူပေါ့ကွယ် .. အခုတော့ နင့်ငွေ သုံးသောင်းကိုပြန်ယူပြီး အကြွေတစ်ဆယ့်ငါးကျပ်သာ ထည့်ခဲ့ .."

"ဟော့ .. နောက်တစ်ယောက်"

"ကျွန်မက ကုန်စုံဆိုင်ကလေး ဖွင့်ထားပါတယ် ဆရာ၊ ကျွန်မဆိုင် ရောင်းရတာမြင်တော့ အိမ်နီးချင်းတစ်ယောက်ကလည်း ကုန်စုံဆိုင် ထထောင်တယ် ဆရာ၊ အဲဒါ ကျွန်မက ပိုရောင်းချင်တယ် ဆရာ၊ အဲဒါလေး ယတြာချေချင်လို့ပါ"

"နှစ်ဆယ်တန်တစ်ရွက်ကို ယူ၊ ခြသေ့ဘက်က အပ်ချည်ကြိုးနဲ့ချည်၊ နံရံတစ်ခုမှာ ကပ်ထား၊ ဒါမှမဟုတ်ရင် စက္ကူတစ်ရွက်ပေါ်မှာ ငါးရှင်ကလေးရေးပြီး အပ်ချည်ကြိုးနဲ့ ဆွဲထား၊ ငွေဝင် လာဘ်ရွှင်လိမ့်မယ်"





"နောက်ပြီး ညအိပ်တဲ့အခါမှာ တနင်္ဂနွေသားသမီးဆိုရင် တနင်္ဂနွေညမှာ မြောက်ဘက်ကို ခေါင်းထားပြီး မအိပ်ရဘူး၊ ဈေးဝယ်သွားမယ်၊ အလုပ်တစ်ခုခုအတွက် သွားတော့မယ်ဆိုရင် (သီဟိုရ်) သားကိုနင်းပြီး ထွက်"

"တနင်္လာသားသမီးဆိုရင် အဲဒီ တနင်္လာနေ့မှာ အနောက်တောင်ကို ခေါင်းထား မအိပ်နဲ့၊ (ဒန်းသား)ကို နင်းပြီး ထွက်"

"အင်္ဂါသားသမီးဆိုရင် အဲဒီညမှာ အရှေ့အရပ်ကို ခေါင်းထား မအိပ်နဲ့၊ (ဂန့်ဝေါ)သားကို နင်းပြီးမှ သွား"

"ဗုဒ္ဓဟူးသားသမီးဆိုရင် အဲဒီနေ့မှာ အရှေ့မြောက်အရပ်ကို ခေါင်းထား မအိပ်နဲ့ (အုန်းသား)ကို နင်းပြီး ထွက်"

"ကြာသပတေးသားသမီးဆိုရင် အရှေ့တောင်အရပ်ကို ခေါင်းထား မအိပ်နဲ့၊ (ဇီးသား)ကိုနင်းပြီး ထွက်"

"သောကြာသားသမီးဆိုရင် အဲဒီညမှာ တောင်အရပ်မှာ ခေါင်းထားမအိပ်နဲ့ (ရှောက်)သားကို နင်းပြီး ထွက်"

"စနေသားသမီးဆိုရင် အဲဒီညမှာ အနောက်အရပ်ကို ခေါင်းပေးအိပ်နဲ့၊ ပျဉ်းမသားကိုနင်းပြီးမှသွား"

"အဲသလိုသွားပြီးမှ ဈေးဝယ်ထွက်ရင် နင်ဝယ်တဲ့ပစ္စည်း အားလုံးက ဂန္ထီရပစ္စည်းတွေဖြစ်သွားပြီး လုပ်ငန်းကိုင်ငန်းမှာ ပြိုင်ဘက်တွေကို နိုင်မယ်၊ အဲဒီပစ္စည်းတွေ ရောင်းအားကောင်းမယ်"

"ဒီနည်းက ဈေးရောင်းဈေးဝယ်တစ်ခုတည်းအတွက် မဟုတ်ဘူး၊ အမှုအခင်းဖြစ်ပြီး တရားဆိုင်ဖို့ တရားရုံးကိုသွားပြီး အမှုရင်ဆိုင်ရတော့မယ်ဆိုရင်လည်း နိုင်တယ်၊ ဒီနည်းကို ..

"အပြိုင်အဆိုင် အနိုင်ယတြာ" လို့ ခေါ်တယ်၊ ကိုင်း ..နောက်တစ်ယောက်ဟော့"

"ကျွန်မ ယောကျ်ားက ရှေ့လထဲမှာ ရာထူးတိုးမယ် ဆရာ၊ အဲသလို ရာထူးတိုးပြီးရင် ဒီ့ပြင် တစ်မြို့မြို့ကို ပြောင်းရမယ်၊ မပြောင်းချင်ရင် ရာထူးမယူဘဲ နေမှရမယ်၊ အဲဒါ .. ဆရာ၊ ကျွန်မတို့က ရာထူးတော့ တိုးချင်တယ် ဆရာ၊ ဒါမှ လစာတိုးမှာလေ၊ အဲဒါ ဘာယတြာများ လုပ်ရမလဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com





"အောင်မယ်လေး . . ကလေးမရယ်၊ အမေကြာဖို့အတွက် နေကြာစေ့ကိုပင် အားကိုးရမှာပေါ့ကွယ်"

"အိမ်ဆောက်ပစ္စည်းရောင်းတဲ့ဆိုင်မှာ ကြွေကျောက်ပြား တစ်ချပ်ဝယ်၊ ရေစင်အောင် ဆေး၊ အမွှေးနံ့သာ ပက်ဖျန်း၊ အဲဒီ ကျောက်ပြားပေါ်မှာ မပြောင်းချင်တဲ့ လူရဲ့နာမည်၊ လုပ်တဲ့ အလုပ်အမည်၊ နေရပ်ကို ရေးပြီး နေကြာစေ့တင်ပြီး အိမ်ရှေ့ ဘုရားစင်မှာ တင်ထားလိုက်"

"ကိုင်း . . နောက်တစ်ယောက်"

"ကျွန်မက အခုတလော အလုပ်အကိုင် မကောင်းဘူး ဆရာ၊ ကျွန်မ အလုပ်ကောင်းပြီး ငွေဝင်လာဘ်ရွှင်ချင်ပါတယ် ဆရာ"

"နင်က ဘာစီးပွား လုပ်တာတုန်း"

"ကျွန်မတို့က စားသောက်ဆိုင်ပါ၊ လက်ဖက်ရည်၊ မုန့်ဟင်းခါး ဆီချက်နဲ့ ခေါက်ဆွဲ၊ အစားအသောက်ဆိုင်ပေါ့"

"အေး . . သေသေချာချာ မှတ်၊ မီးဖိုကို အားကိုးပြီး ကြော်လှော်ချက်ပြုတ်လုပ်ကိုင် စားသောက်တဲ့ စီးပွားရေးသမား မှန်သမျှ ရောင်းကောင်းချင်ရင် စီးပွားလာဘ်ရွှင်ချင်ရင် ဆေးပေါ့လိပ်(၂)လိပ်ကို ဝယ်၊ အင်ဖက်နဲ့ ပတ်၊ နီးကြိုးနဲ့ လိပ်ပြီး ချည်၊ အဲဒီ အင်ဖက်ပတ်ထားတဲ့ ဆေးလိပ်ကို အပ်ချည်ကြိုးအဖြူနဲ့ သေချာခိုင်အောင် ချည်ပြီး မီးဖိုအပေါ်တည့်တည့်၊ မီးမလောင်နိုင်အောင် မီးနဲ့ ဝေးဝေးအပေါ်မှာ တွဲလောင်းချည်ထားလိုက်"

"နင့်ဆိုင်ကို လာစားရင် သတ်ပစ်မယ်လို့ ဓားနဲ့တုတ်နဲ့ စောင့်နေရင်တောင် ကျွန်တော်၊ ကျွန်မတို့ ရှင့်ဆိုင်က အစားအသောက်ကို မစားရရင် သေမှာပါလို့ဆိုပြီး ဝင်စားကြလိမ့်မယ် . . မှတ်မိလား"

"နောက်တစ်ယောက်"





"ကျွန်မက လင်ချစ်မယားချစ် ယတြာယူချင်တယ်"

"အေး . . ကောင်းပြီ" ဆိုပြီး ပထမဆုံးမေးခဲ့တဲ့ စိန်မမကို ပေးလိုက်တဲ့နည်းတွေကို ပြန်ပြောတာ တွေ့ရပါတယ်။ နောက်တစ်ယောက် ထပ်ခေါ်ပြန်တယ်၊

"ကျွန်မက ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ကို ငွေငါးသိန်း ချေးလိုက်တာ၊ ပထမ တစ်လ၊ နှစ်လတော့ အတိုးမှန်မှန် ဆပ်တယ်၊ ငါးလလောက်ရှိတော့ တိုင်ချင်ရာတိုင်၊ အတိုးလည်း မပေးနိုင်ဘူး။ ငွေရင်းလည်း ပြန်မဆပ်နိုင်ဘူးလို့ပြောပြီး လူကိုတောင် သတ်မယ့်သဘော ဖြစ်နေတယ် ဆရာ"

"အမှုဖွင့်မယ်ဆိုပြီး တရားရုံးသွားပြီး စုံစမ်းကြည့်လိုက်တော့ ရှေ့နေခနဲ့ တရားရုံးစရိတ်နဲ့ ငါးသိန်းမက ကုန်မယ်တဲ့ ဆရာ၊ အစဉ်မသင့်ရင်၊ ငွေချေးစားခွင့်၊ အတိုးယူခွင့် မရှိဘူးတဲ့။ ကိုယ့်ကိုပြန်ပြီး အစိုးရက သူတို့ ခွင့်ပြုချက်မရှိ ငွေကို အတိုးယူချေးစားလို့ တရားစွဲခံရပြီး ကိုယ်တတရားခံပြန်ဖြစ်နိုင်တယ် ဆရာ၊ အဲဒါကလေး အစဉ်ပြေချင်ပါတယ်"

"အေး . . အဲသလိုဆိုရင် . . မုန့်စိမ်းပေါင်းကို ကြွေပန်းကန်ပြားထဲထည့်ပြီး၊ အိမ်မှာရှိတဲ့ ဘုရားစင်မှာ ဘုရားကို လှူပါ၊ တစ်ဆယ့်နှစ်နာရီအတွင်းမှာ လှူရမှာနော်၊ နင့်ဆီက ယူသွားတဲ့လူရဲ့အမည်၊ အဘအမည်၊ နေရပ်ကိုပြောပြီး . .

"ငါ့ဆီက ယူသွားတဲ့ ငွေတွေ ပြန်ပေး" လို့ ပြောပြီး တင်ပါ၊ ဘုရားကိုကျတော့ ဆွမ်းတော်တင်သလို ရွတ်ဖတ်ပြီး တင်ပါ၊ ကျွန်မချေးထားတဲ့ ငွေများ(မ)ဘယ်သူ၊ (မောင်)ဘယ်သူထံမှ ပြန်ရအောင် ကူညီဖေးမပေး သနားတော်မူပါလို့ ဆုတောင်းပါ"

"အဲသလို ဆုတောင်းပြီးလို့ အကြွေးသွားတောင်းရင်း လမ်းမှာ သော့ခလောက်တစ်ခုယူသွားပြီး သော့ကိုပိတ်လိုက်၊ ဖွင့်လိုက် လုပ်သွားပါ၊ ပါးစပ်ကလည်း "ငါ့အကြွေးတွေ ပြန်ပေး၊ ငါ့အကြွေးတွေ ပြန်ပေး" လို့ သော့ဖွင့် တစ်ခွန်း၊ သော့ပိတ်ရင် တစ်ခွန်း၊ မျက်နှာချင်းဆိုင် ပြောဆိုနေသည်အထိ၊ သော့ကိုဖွင့်လိုက် ပိတ်လိုက်လုပ်ပြီး ရွတ်နေပါ၊ မကြာခင် ငွေများ ပြန်ရလာပါလိမ့်မယ်။ နောက်တစ်ယောက် ဟေ့ . ."



www.burmeseclassic.com

www.burmeseclassic.com



ဆရာ နန်းရှေ့ပုဏ္ဏားဘကွန်းကတော့ ဟောခတစ်ဆယ့်ငါးကျပ်နဲ့ တန်အောင်၊ မေးခွန်းတစ်မျိုးပဲ အမေးခံတယ်။ တစ်ယောက်၊ တစ်ယောက်ကို ငါးမိနစ်တောင် မကြာဘူး။ အခု နောက်တစ်ယောက် ခေါ်လိုက်ပြန်ပြီ"

"ဆရာ . . ကျွန်မ ငွေတွေ လူယုံသတ်ပြီး အယူခံရလို့ ဆရာ . . အဲဒါပြန်ရအောင် ယတြာလေး လုပ်ပေးပါဦး"

"အေး . . နင့်အသက်၊ အခုရောက်ရှိနေတဲ့ အသက်ကို နာရီ၊ မိနစ်အကိုက်ဖြစ်ရမယ်နော်။ အဲဒီအသက်ကို (၄)နဲ့မြှောက်။ ရတဲ့အဖြေ အရေအတွက်အတိုင်း (မုန့်လုံးရေပေါ်)လုံး။ (၇)အိမ်ပြည့်အောင် လှူလိုက်"

"အဲဒီအထဲက မုန့်လုံးရေပေါ် ဆယ်လုံးကို အိမ်မှာရှိတဲ့ ဘုရားမှာ ဆယ်နာရီတိတိမှာ လှူပြီး ရလိုတဲ့ပိုက်ဆံ ပြန်ရဖို့ ဆုတောင်း"

"ပြုလုပ်ရမယ့်နေ့ကတော့ မိမိရဲ့ရောက်ရှိနေတဲ့အသက်ကို (၇)နဲ့စား၊ တစ်ကြွင်းရင် တနင်္ဂနွေနေ့ လုပ်၊ နှစ်ကြွင်းရင် တနင်္လာနေ့ လုပ်။ သုံးကြွင်းရင် အင်္ဂါနေ့လုပ်။ လေးကြွင်းရင် ဗုဒ္ဓဟူးနေ့ လုပ်။ ငါးကြွင်းရင် ကြာသပတေးနဲ့ လုပ်၊ ခြောက်ကြွင်းရင် သောကြာလုပ်။ ခုနစ်ကြွင်းရင် စနေနေ့မှာ လုပ်ရမယ်"

"ဒီနည်းကို သုံးပါးနေသော ငွေကြေးများပြန်ပေါ်ရန် (လာဘ်ပွင့်၊ ငွေရွှင်၊ မုန့်လုံးရေပေါ် ယတြာ)လို့ ခေါ်တယ်။ ယုံယုံကြည်ကြည် လုပ်ကြည့်၊ နင့်ငွေတွေ တစ်ပြားတစ်ချပ်မှမကျန် ပြန်ရလိမ့်မယ်"

"ကိုင်း . . နောက်တစ်ယောက် ဟေ့"

"ကျွန်မက နေ့ ခုနစ်နေ့ ပစ္စည်းအကုန် ရောင်းပါတယ် ဆရာ။ ဥပမာ တနင်္ဂနွေနံ ပစ္စည်းဆိုရင် အိမ်၊ အိုး၊ အုတ်၊ ကြက်ဥ၊ ဘဲဥ စသည်ဖြင့်ပေါ့ရှင်"

"တနင်္လာနံပစ္စည်းဆိုရင် ကြက်၊ ခြံ၊ ကား စတဲ့ ပစ္စည်းမျိုး"

"ဟဲ့ . . ဟဲ့ တော်ပါတော့၊ နေ့ ခုနစ်နေ့နံပစ္စည်းဆိုရင် ဆရာသိပါပြီ၊ တော်ပါတော့ဗျာ။ ကဲ . . ကဲ၊ သေသေချာချာ မှတ်ပြီး မှန်မှန်ကန်ကန်လုပ်"

"တနင်္ဂနွေနံပစ္စည်းတွေကို ရောင်းချင်ရင် အဲဒီပစ္စည်းတွေအောက်





**"မင်း . . ငါလေ . . မပြောလိုက်ချင်ဘူး။**
**ပေဒင်ဆရာရဲ့ ထမင်းလုတ်က**
**မင်းလည်ချောင်းထဲမှာပဲ ရှိသေးတယ်။**
**ပေဒင်ဆရာတွေ ထမင်းငတ်အောင် မင်းလုပ်နေပြီ"**

မှာ (ရွက်လှ)ရွက်တွေ ထား။ (သရက်)ကိုင်း၊ ဒါမှမဟုတ် (လောက်သေ)ကိုင်းနဲ့ ရိုက်ပြီး ဒီပစ္စည်းတွေ မြန်မြန်ထွက်ကြ . . ဆိုပြီး (၇)ချက်ရိုက်"

"တနင်္လာနံပစ္စည်းဆိုရင် (ပိန်းရွက်)ကို ပစ္စည်းအောက်မှာထားပြီး (ပိတောက်ကိုင်း)နဲ့ ရိုက်၊ အထက်ကအတိုင်း ပြောဆိုပြီး ရိုက်"

"အင်္ဂါနံပစ္စည်းဆိုရင် (သီဟိုဠ်)ရွက်ကိုင်း၊ (အုန်း)သားနဲ့ ရိုက်"

"ဗုဒ္ဓဟူးနံပစ္စည်းဆိုရင် (ထန်းရွက်)ထား။ (ဒန်းညွန့်)နဲ့ ရိုက်"

"ကြာသပတေးနံပစ္စည်းဆိုရင် (အုန်းညွန့်)ထား၊ (သဖန်)ကိုင်းနဲ့ ရိုက်"

"သောကြာနံပစ္စည်းဆိုရင် (ကံ့ကော်ညွန့်)အောက်မှာထား၊ (ခရေ)ကိုင်းနဲ့ ရိုက်"

"စနေနံပစ္စည်းတွေဆိုရင် (ဇီးညွန့်)ကို အောက်မှာထား၊ (စိန်ပန်း) ကိုင်းနဲ့ ရိုက်"

"ဘယ်ပစ္စည်း ဖြစ်ဖြစ်၊ ရိုက်နေတဲ့အချိန်မှာ (ရောင်းထွက်) . . (ရောင်းထွက်) လို့ ပြောရမယ်။ နောက်တစ်ယောက် ဟေ့ . .၊ ဒီတစ်ခါ တစ်ယောက်ကတော့ ဒီနေ့အဖို့ နောက်ဆုံးလူပဲ ဟ။ ငါ့ညေ့သည်လည်း ထမင်းမစားရသေးဘူး။ မိုးလည်း ချုပ်သွားပြီ။ ဒီနေ့မေးဖို့ ကျန်နေတဲ့လူတွေ မနက်ဖြန်ကျရင် အစောဆုံး မေးခွင့်ပေးမယ်။ ဒီနေ့တော့ ဒီတစ်ယောက်ပြီးရင် နားမယ်"

"ကိုင်း . . ကလေးမ၊ မေးတော့ . . ဘာသိချင်တာလဲ"

"ဒီလိုပါ ဆရာရယ် . . ကျွန်မရဲ့အိမ်က အခုတလော ဘာဖြစ်နေတယ် မသိဘူး၊ သရဲခြောက်သလိုလို၊ စုန်းပဲ ပူးချင်သလိုလို၊ လုပ်သမျှ



www.burmeseclassic.com

www.burmeseclassic.com




အကြံအစည်တွေလည်း ပျက်၊ စီးပွားလည်း ပျက်လာတယ် ဆရာ၊ အဲဒါ ကျွန်မ၊ အိမ်သန့်သန့်ရှင်းရှင်း ဖြစ်သွားပြီး လာဘ်လာဘလည်း ရွှင်၊ အလုပ်အကိုင်လည်း ကောင်းချင်တယ် ဆရာ၊ အဲဒါ ဖြေဖျောက်ဖို့ ယတြာကောင်းကလေး ယူချင်ပါတယ်"

"အေး . . သေသေချာချာ မှတ်ထား။ လုပ်ဖြစ်အောင်လည်း ယုံယုံ ကြည်ကြည်နဲ့ လုပ်"

"ဒီနည်းကိုတော့ တို့ရဲ့ အရင်ကျတဲ့ ဗေဒင်ဆရာကြီးတွေက (ရွှေဝင်)၊ (ငွေဝင်)၊ (လာဘ်ဝင်)၊ (အနှောင့်အယှက် ကင်းဝေးသော ယတြာ) လို့ ခေါ်ကြတယ်ကွယ့်"

"ဘုရားဈေးမှာ သွားပြီး ပုလွေနှစ်ချောင်းဝယ် . .၊ မှုတ်တဲ့ဘက်ကို အောက်မှာထားပြီး ကြိုးနဲ့ ချည်။ အိမ်ပေါက်ဝမှာ တွဲလောင်းချိတ်ထား။ အတိုက်အခိုက်တွေပျောက်ပြီး အကောင်းတွေ ရောက်လာလိမ့်မယ်။ ဈေးရောင်းကောင်းချင်ရင်တော့ ဈေးဆိုင်ရှေ့မှာ ချိတ်ထား၊ စီးပွားတက်ပြီး အနိုက်အညှံ့များ အိမ်ပေါ်ကနေ ဆင်းပြေးပါလိမ့်မယ်"

"ကိုင်း . . ကိုင်း၊ နောက်နေ့မှ ဆက်တွေ့ကြတာပေါ့။ ဒီနေ့တော့ ဆရာလည်း နားတော့မယ်"

ဟုပြောပြီး ဆရာ နန်းရှေ့ပုဏ္ဏားဘကွန်း အနားယူလိုက်လေတော့၏ ။ ကျွန်တော် အချိန်ကြည့်လိုက်တော့ ညဥ့်(၁၀)နာရီ ထိုးနေပေပြီ ဖြစ်၏ ။

ကျွန်တော့်ဗိုက်ထဲက ပိုးတွေကလည်း အစာတောင်းနေကြပြီး တဝှီးဝှီးနဲ့ မြည်နေကြပြီ ဖြစ်သည်၊ ဆရာ နန်းရှေ့ပုဏ္ဏားဘကွန်းသည် ရေချိုးရန် ပြင်ဆင်နေစိုက် . . ကျိုးပါးစပ်ကုန်းက ကျွန်တော့်ကိုတားသောကလေးက ကန်တော့စင်ပေါ်မှ ကြက်ကောင်လုံးကြော်နှင့် ငါးကြော်များကို ယူလာပြီး ကျွန်တော့်ရှေ့သို့ ချပေး၏ ။





။

"ဆရာ အခုပြောပြမယ့် ယတြာကလေးကို နေ့တိုင်း ဂရုစိုက်ပြီး လုပ်ရင်တော့ ဒေါသ၊ မောဟ၊ လောဘတွေ ဘယ်လောက်ရှိရှိ ဘေးဆိုး မဝင်ဘူး။ စီးပွား မပျက်ဘူး။ အတိုက်အခိုက်ဘေးက လွတ်မယ်"

---

ဆရာ နန်းရှေ့ပုဏ္ဏားဘကွန်းတစ်ယောက် ရေကို တဗျောဗျော ...ာင်းချိုးနေချိန်တွင် အမျိုးသမီးတစ်ဦး ထမင်းအုပ်ကို ယူလာပြီး ကျွန် ...တော့်ရှေ့သို့ ချပေး၏ ။

ကောင်ကလေးက ကန်တော့စင်အောက်တွင်ရှိသော ခံတောင်း ...န်းကန်လေးချပ်နှင့် ဖွန်းခရင်း အစုံလေးစုံ(၈)ချောင်းကို ယူကာ၊ ရေ ...နေ၏ ။ နန်းရှေ့ပုဏ္ဏားဘကွန်းသည် ရေများစင်အောင်သုတ်ပြီး ကျွန် ...တော်အနီး ခေါင်းရင်းမှ လာထိုင်ပြီး ထမင်းစားရန် ပြင်ဆင်၏ ။

ကျွန်တော်သည် ညစာကို ဗိုက်ဆံတစ်ပြားမှ မကုန်ဘဲ ကြက် ...င်လိုက်ကြော်၊ ငါးကြော်များဖြင့် မြိန်ရှက်စွာ စားလိုက်ရ၏ ။ ထမင်း ...ပြီးသောအခါ ကွပ်ပျစ်ပေါ်သို့ထိုင်၍ ကျွန်တော်နှင့် နန်းရှေ့ပုဏ္ဏား ...ကွန်းတို့ အချိုရည်နှင့် ကိတ်မုန့်တို့ကို စား၍ စကားပြောဖြစ်ကြသည်၊

"ဆရာ နေကသိုဏ်းရှု့တော့ မျက်လုံးတွေ မပျက်စီးဘူးလား ...ရာ"

"မပျက်အောင် လုပ်ရင် မပျက်ပါဘူး"

"အဲဒီစကားတော့ ကျွန်တော် နားမရှင်းဘူး ဆရာ"

"ရော့ . . ဒီမှာ ကြည့်"

ဆရာက မှန်သေးသေးကလေး နှစ်ချပ်ထုတ်ပေးသည်၊ ကျွန် ...တော် သေသေချာချာကြည့်လိုက်တော့ အနက်ရောင် မျက်ကပ်မှန် နှစ် ...ခုဖြစ်နေ၏ ။

"ဆရာက ဒီမျက်ကပ်မှန် နှစ်ချပ်နဲ့ တစ်နေကုန် နေကိုမော့ကြည့် ...တော့ မျက်လုံး ဘယ်ထိခိုက်မလဲ ညီလေးရ"



www.burmeseclassic.com

www.burmeseclassic.com




"လူဆိုတာ ထူးရင် ထူး
မယ်၊ ရှူးရင် ရှူးရမယ်ကွ။ သာမ
လူဆိုရင် ဘယ်သူက ငါ့ဆီ ဖေဒ
လာမေးတော့မလဲ၊ ဒီတော့ သူ
အထင်ကြီးအောင် ဆရာက "
ကသိုဏ်း" ရှုတယ်ဆိုပြီး ကျီးပါး
ခေါင်းပေါ် တက်ထိုင် နေလိုက်
ပဲ၊ ဒီတော့ လူတွေက ငါ့ကို ပုဏ္ဏ
ဘိုးတော်ဆိုပြီး ကိုးကွယ်နေ
တာ ကွ။ နို့ . . နေစမ်းပါဦး။ မင်း
ဘာကိစ္စနဲ့ ငါ့ကို လာရှာနေ
တုန်း"

"မဟုတ်ရပါဘူး ဆရာရယ်။ ဗေဒင်ဆရာဖြစ်ဖို့ ကျွန်တော့် ပါရမီ မပါပါဘူး။ ဒါပေမယ့် . . ဗေဒင်မေးရင် ငွေကုန်မယ် မဟုတ်လား ဆရာ ဒီတော့ ဗေဒင်မမေးဘဲ ယတြာချေနည်းတွေ၊ သာမန်ပြည်သူတွေ သိအောင် လုံးချင်းကလေး ရေးရမလားလို့ ဆရာ"

"မင်း . . ငါလေ . . မပြောလိုက်ချင်ဘူး။ ဗေဒင်ဆရာရဲ့ ထမင်း လုတ်က မင်းလည်ချောင်းထဲမှာပဲ ရှိသေးတယ်။ ဗေဒင်ဆရာတွေ ထမင်း ငတ်အောင် မင်းလုပ်နေပြီ"

"ဩော် . . ဆရာရယ်၊ ဆရာက မကောင်းဘက်က တွေးနေ ကိုး ဆရာရဲ့၊ ဒီစာအုပ်ကလေးကို ဆရာ့ဓာတ်ပုံကလေးနဲ့ လှလှပပ သေသပ်သပ်ကလေး ရိုက်ထုတ်ပြီး နာမည်လှလှပပကလေး ပေးလိုက် သာမန် လူပရိသတ်လည်း အကျိုးရှိ၊ ဗေဒင်ဆရာလက်သစ်ကလေး လည်း ဒီစာအုပ်ဖတ်ပြီး အလွယ်တကူ မဟောနိုင်ဘူးလား ဆရာ"

"ဩော် . . အေး . . ဟုတ်သား၊ မင်းအကြံ မဆိုးပဲကွ။ ဒါနဲ့ နာမည် က ဘယ်လိုပေးမယ် စိတ်ကူးထားလဲကွ"

"ဗေဒင် ပညာရှင်ကြီးများ၏ လက်တွေ့အောင်မြင်သော ယတြာ များ" ဆိုပြီး ပေးမယ်လို့ စဉ်းစားထားတယ် ဆရာ"







"အပါးပါး . . ကောင်းလိုက်တဲ့ ခေါင်းစဉ်ကွာ၊ ဒါနဲ့ ငါ ဘယ်သူ့ကို ဟောရသေးတဲ့ ယတြာကို မင်းကို ပြောပြရဦးမယ်ကွ"

"ဆရာက ဘာကြောင့် အဲဒီကိစ္စကို လျှို့ဝှက်ထိန်ချန်ထားတာလဲ ဆရာ"

"လျှို့ဝှက်ထားတာလည်း မဟုတ်ဘူး။ ထိန်ချန်ထားတာလည်း ဟုတ်ဘူး၊ အဲဒီယတြာကို ဟောဖို့ မတိုက်ဆိုင်ဘူးကွ၊ ဒါကြောင့် ဆရာ နဲ့ အဲဒီယတြာကို စာပန်းချီ ရေးဆွဲပြီး ငါ့ဟောခန်းမှာ ချိတ်ထားဖို့ ထားတယ်ကွ"

"ကြည့်သူ မြင်မယ်၊ မသိသူ ကျော်သွား . . သိသူ စော်စားပေါ့ မြင်သူ တန်ဖိုးသိရင် ယူကြပေမပေါ့ကွာ၊ ဒါပေမယ့် အဲဒီယတြာကို စာအုပ်ထဲ ထည့်ရင် သာမန်လူတွေ သိအောင်တော့ မိတ်ဆက်စာရေး ရလိမ့်မယ်ကွ"

"ဘယ်လိုများလဲ ဆရာ"

"အခုလူတွေ ဒေါသ၊ မောဟ၊ လောဘ အမျိုးမျိုးကြောင့် ဒုက္ခ တွေ့ကြတယ်၊ ဆရာ အခု ပြော ပြမယ့် ယတြာကလေးကို နေ့တိုင်း ဂရု ပြီး လုပ်ရင်တော့ ဒေါသ၊ မောဟ၊ လောဘတွေ ဘယ်လောက်ရှိရှိ ဆိုး မဝင်ဘူး။ စီးပွား မပျက်ဘူး၊ အတိုက်အခိုက်ဘေးက လွတ်မယ်၊ တိုက်၊ နတ်တိုက် မခံရဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"အပြိုင်အဆိုင်တွေကို အနိုင်ရမယ်၊ သွားလေရာ ဘေးမဲ့
ညိုစိမ့်ရဲ့ မင်းစာအုပ်ထဲထည့်ရေးဖို့ ပြောပြမယ် . . သေချာမှတ်ကွ"

"ဟုတ်ကဲ့ . . ဆရာ၊ ကျွန်တော်စာအုပ်ထဲ ထည့်ရေးပါ့မယ်၊ ပြေ
ပါ ဆရာ"

"အခုပြောမယ့် ယတြာကိုတော့ (မွေးနေ့ ပန်းမြတ် မင်္ဂလာ
ယတြာ)လို့ ခေါင်းစဉ်တပ်လိုက်ကွ"

"ဟုတ်ကဲ့ပါ . . ဆရာ"

❖

တနင်္ဂနွေ - သားသမီးများ၊ မိမိ မွေးနေ့ နံနက် (၉း၄၅)မိနစ်
(အုန်းညွှန့်) ၆ ညွှန့်၊ (ရွက်လှ) ၁၇ ညွှန့်၊ (မေမြို့)
၁၉ ပွင့်ကို အိမ်မှာရှိတဲ့ ဘုရားမှာ ကပ်လှူပါ၊

တနင်္လာ - သားသမီးများ၊ မိမိမွေးနေ့ နံနက်(၉း၄၅)မိနစ်
(ကန့်ကော်) ၁၅ ညွှန့်၊ သပြေ ၂ ညွှန့်၊ မေမြို့ ၁၉
ကို အိမ်ရှိ ဘုရားကို လှူရမယ်၊

အင်္ဂါ - သားသမီးများ၊ မိမိမွေးနံ နံနက်(၉း၄၅)၊ (နှင်းဆီ
၁၀ပွင့်၊ (ဇီးညွှန့်) ၈ ညွှန့်၊ (သပြေ) ၂၁ ညွှန့်၊ အိမ်
ဘုရားမှာ လှူပါ၊

ဗုဒ္ဓဟူး - သားသမီးများ၊ မွေးနေ့ နံနက်(၉း၄၅)မိနစ်မှာ (
ငှက်ပျောသီး) ၃ လုံး၊ (အုန်းသီး) ၁ စိပ်၊ (ငွေ)
ကျပ်ကို အိမ်ရှိ ဘုရားမှာ လှူပါ၊

ကြာသပတေး - သားသမီးများ၊ မွေးနေ့ နံနက် (၉း၄၅)မိနစ်အ
(ကန့်ကော်) ၁၅ ညွှန့်၊ (မေမြို့) ၁၉ ညွှန့်၊ (အုန်းညွှ
၆ ညွှန့်ကို အိမ်ရှိ ဘုရားမှာ လှူပါ။

သောကြာ - သားသမီးများ၊ မိမိမွေးနေ့ နံနက်(၉း၄၅)မိနစ်
(ရွက်လှ) ၁၇ ညွှန့်၊ (နှင်းဆီ) ၁၀ပွင့်၊ (ဇီး)ညွှန့် ၈
လှူပါ၊





နေ - သားသမီးများ၊ မိမိမွေးနေ့ နံနက်(၉း၄၅)မိနစ်မှာ
(ဇီး)ညွှန့် ၈ ညွှန့်၊ (ဒေါန) ၁၀ခက်၊ (ရွက်လှ) ၁၇ ညွှန့်၊
မိမိ အိမ်က ဘုရားမှာ လှူပါ"

"အဲဒါကတော့ မွေးနေ့ ပန်းမြတ်မင်္ဂလာ ယတြာပဲ ညိုစိမ့်ရဲ့ မှန်
န်လုပ်သွားရင် ရန်ဟူသမျှ အောင်မြင်မယ်၊ ဘေးဆိုးရန်ဆိုးမှန်သမျှ
င်းလွတ်မယ်၊ စီးပွား လာဘ်လာဘ တိုးတက်မယ်၊ မင်းကိုယ်တိုင်လည်း
ုပ်ကွ၊ မယုံရင်တော့ မလုပ်နဲ့ပေါ့ကွာ၊ ဇွတ် အဓမ္မ မတိုက်တွန်းလိုပါဘူး"

"လူတွေမှာ ကိုယ့်လောဘနဲ့ ကိုယ် မဟုတ်လားကွ၊ ဒါကြောင့်
ျားရဲ့မြတ်စွာဘုရားက သတိပေး ဟောကြားထားတဲ့ စကားလေး တစ်
န်းရှိတယ် ငါ့လူ . .၊ အဲဒါက . ."

"သဒိသံ . . ပါကံ . . ဇနေတိ တဲ့ကွ"

"သဒိသံ . . တူသော"

"ပါကံ . . အကျိုးပေး"

"ဇနေတိ . . ဖြစ်စေ၏" တဲ့ကွ၊

"သူတစ်ပါးကို မကောင်းတာလုပ်မိရင် ကိုယ့်မှာလည်း မကောင်း
ာ ဖြစ်မယ်၊ သူတစ်ပါးကို ကောင်းတာလုပ်ပေးရင် ကိုယ်ကောင်းတာ
ဖြစ်မယ်ပေါ့ကွာ"

"ရိုးရိုးရှင်းရှင်းပြောရရင် . . သရက်ပင်စိုက်ရင် သရက်သီးစားရ
မယ်၊ ဆူးပင်စိုက်ရင် ဆူး အစူးခံရမယ်ပေါ့ကွာ" ဟု နန်းရှေ့ပုဏ္ဏားဘကွန်း
 သူပြောချင်ရာပြောပြီး အိပ်ရာဝင်သွားသဖြင့် ကျွန်တော်လည်း ကျိုက်
ီးရိုးစေတီကို ဦးနိုက်ရှိခိုးပြီး အိပ်ရာဝင်လိုက်ပါတော့သည်၊

(ပညာဒါန) အားလုံး ကံကောင်းကြပါစေသတည်း၊

သဗ္ဗေ၊ အနိစ္စ၊ သင်္ခါရ
မကျေးညိုစိမ့်

❑



www.burmeseclassic.com

www.burmeseclassic.com



# လူတစ်ယောက်ရဲ့ သေဆုံးနမိတ်ပြခြင်းများ



လူတစ်ယောက်ဟာ သေဆုံးတော့မယ်ဆိုပါက ဖြစ်ပေါ်တတ်တဲ့ နမိတ်ပြများ၊ လက္ခဏာများကတော့ . .

**ပထမနမိတ်-**

၁) သွားများ ဖြူဖွေးနေရာမှ ရုတ်တရက် အနီရောင်သမ်းလာခြင်း၊

၂) မီးခိုးရောင် ပြောင်းခြင်း၊
ကွမ်းစားလွန်း၍ ဖြစ်သောအရောင်များ ဖြစ်ပြီး

၃) သွားတရှိုးဟာ အလိုလိုနေရင်းမှ ကျွတ်ခြင်း၊ ပြုတ်ကျခြင်း၊

၄) နှာခေါင်းအဖျား ကွေးခြင်း၊ ကောက်တွန့်လာခြင်း၊ နှာဖျား ၍ တုတ်လာခြင်း၊

၅) နှာခေါင်း အပေါ်သို့ လန်ခြင်း၊ အသက်ရှူရာတွင် နှာခေါင်း ပင့်၍ ရှူခြင်း၊

၆) မျက်လုံး မျက်အိမ်တွင်းကို ဝင်ခြင်း၊ မျက်လုံး တစ်ဖက်ကျဉ်း တစ်ဖက်ကျယ် ဖြစ်လာခြင်း၊

၇) မျက်သားမာပြီး ခြောက်သွေ့နေခြင်း၊

၈) မျက်လုံးအိမ်တွင် မျက်ရည်များပြည့်လျှံလာခြင်း၊





၉) မျက်လုံးမှ မျက်ရည်များ ယိုစီး ကျခြင်း၊

၁၀) မျက်လုံး မျက်သားများ အနီရောင် ပြောင်းလာခြင်းတို့သည် မကြာသော အချိန်တွင် သေဆုံးမည်ဟု ပြဆိုခြင်း လက္ခဏာ ဖြစ်ပါတယ်။



**ဒုတိယနမိတ်-**

၁) မျက်ခုံးများ ကုတ်တွန့်လာခြင်း၊

၂) မျက်တောင် စင်းလာခြင်း၊

၃) ပါးစပ်အတွင်းသို့ အစားအစာ ခွံ့ကျွေးသည်ကို လျှာဖြင့် မသိမ်းနိုင်ခြင်း၊

၄) ရေကိုပင် လျှာနှင့် မသိမ်းနိုင်ခြင်း၊

၅) တစ်ခုခုကို စူးစိုက်၍ ကြည့်နေခြင်း၊

၆) ဦးခေါင်းကို တည့်မတ်စွာ မထားနိုင်ဘဲ လည်ကျခြင်း (ဇက်လည်ခြင်း) တို့ ဖြစ်နေလျှင် ထိုသူသည် မကြာခင် သေဆုံးတော့မယ့် နမိတ်လက္ခဏာ ဖြစ်ပါတယ်။

**တတိယနမိတ်-**

၁) နေမကောင်းသူ (လူမမာ)သည် အိပ်ရာမှနိုးလျှင် တွေဝေ ထိုင်းမှိုင်းနေခြင်း၊

၂) အိပ်မပျော်ချိန် များခြင်း၊

၃) စကားပြောလျှင် မေ့ကျန်ခဲ့သည်က များခြင်း၊

၄) ဒွါရပေါက်များမှ သွေးများ ယိုကျခြင်း၊

၅) ကျင်ကြီး၊ ကျင်ငယ်များကို မထိမ်းနိုင်ခြင်း၊

၆) ဆေးဝါးများကို မပြတ်စားသုံး (ကုသ)နေပါသော်လည်း သက်သာမှု မရှိခြင်း၊

၇) အားအင်ကုန်ခမ်း၍ ရောဂါပိုတိုးလာခြင်း၊



www.burmeseclassic.com

www.burmeseclassic.com


၈) ပါးစပ်မှ သွားရည်များ ထွက်ကျခြင်း၊

၉) အသားအရေ ခြောက်ခမ်းလာခြင်း၊

၁၀) စကားကို ပီပီသသ မပြောနိုင်ခြင်း၊

၁၁) နောက်ဆုံး အချိန်၌ ကိုယ်လက်ခြေတို့ ရှန်းကန်လှုပ်ရှား ခြင်းတို့ ဖြစ်လျှင် မကြာမီ သေဆုံးတော့မယ့် လက္ခဏာ ဖြစ် ပါတယ်၊

**စတုတ္ထနိမိတ်-**

၁) အာခံတွင်းနှင့် နှာခေါင်းတို့မှ ထွက်လာသော လေသည် အေးစက်နေခြင်း၊

၂) ဂယောက်ချောက်များ ပြောဆိုခြင်း၊

၃) အစားမှန်း မသိခြင်း၊

၄) အိပ်ရမည်ကို မသိခြင်း၊

၅) နှုတ်ခမ်း၊ လျှာ၊ အာများ ခြောက်သွေ့ခြင်း၊

၆) ရင်အစုံ (ရင်ဘတ်) မောက်တက်လာခြင်း၊

၇) နားထင်၊ နားရင်းများ ပိန်ချိုင့်လာခြင်း၊

၈) လည်ပင်းကြောများ ထောင်ထလာခြင်း၊

၉) မျက်လုံးအိမ် ကျ၍ မှိန်နေခြင်း၊

၁၀)ခြေလက်များ လှုပ်ရှားတုန်ခါခြင်းများ ဖြစ်လာလျှင် မကြာမီ အချိန်မှာ သေဆုံးပါတော့မယ်။

**ပဥ္စမနိမိတ်-**

ရက်အပိုင်းအခြားနှင့် သေဆုံးရက်ကို သတ်မှတ်ခြင်း(အလွန် ကသိုလ်ထူးသူမှ လွဲလျှင်) ထိုသတ်မှတ်ချက်သည် အလွန်မှ မှန်ကန်ပြီး မြန်မာသမားအိုများသာလျှင် အသိများပါတယ်။

၁) ခြေဖျားမှစ၍ အေးပြီး ဒူးဆစ်အထိ အေးလာလျှင် (ငါးရက်)

၂) မေးမခိုင်တော့ဘဲ အောက်မေးပြုတ်ကျလျှင် (သုံးရက်)

၃) ကျွေးမှန်းမသိ၊ ထိမှန်းမသိလျှင် (နှစ်ရက်)



သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်



၄) ကြားခြင်း၊ မွှေးခြင်း၊ နံခြင်း [illegible]ကို မသိလျှင် (နေ့ နှင့် ည)

၅) မျက်လုံး ကြောင် [illegible] နေ့ ည မအိပ်ခြင်း [illegible]ခဲ့သည့် ရက်များ [illegible] ကျင်ကြီး၊ ကျင်ငယ် [illegible] အမြုပ်ပါခြင်း၊ နှာ[illegible]ပေါက်ဝ ကျယ်လာခြင်း၊ ခြေနှင့် [illegible]တို့တွင် သွေးဆုတ်ခြင်း၊ ခြေခုံ [illegible]ခြင်း၊ လက်မ ကုတ်ကျခြင်းတို့ [illegible]လျှင် ထိုသူသည် အချိန်ပိုင်း၊ နာရီ [illegible]အတွင်း သေဆုံးမည်ဟု မှတ်ပါ [illegible]

အရ ဖြစ်စဉ်များဟာ [illegible] ရောဂါဝေဒနာကို ခံစားရပြီး [illegible]နှ ၊ မီးစာကုန် ဆီခမ်းခြင်း၊ [illegible] မျိုးရိုး ဖြစ်မှုများ၏ နမိတ် လက္ခ[illegible]များ ဖြစ်ပါတယ်၊

ဥပစ္ဆေဒကကံနှင့် သဘာဝလွန် အသက်တို၍ သေရခြင်းမျိုး [illegible] ထိုကဲ့သို့ နမိတ်များ မပြဘဲ ၊ တခြားသော ရှေ့ပြနမိတ်မျိုးသာလျှင် [illegible]တယ်၊

သေခြင်းတရားဟာ ဓာတ်ကြီးလေးပါးနှင့် ဖွဲ့စည်းထားကြတဲ့ [illegible]ခန္ဓာ) အပါအဝင်၊ သွေးသား အကြော အရိုးတို့နှင့် ဖြစ်တည်ကြသူ[illegible]သည် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့နှင့် လုံးဝမကင်းနိုင်ကြပါဘူး။ ဖြစ်[illegible]သော ရုပ်ဝတ္ထုဟာ ပျက်ဖို့ရန်အတွက်ပဲ ရှိပါတယ်။

စိုးယဉ်ထွန်း




www.burmeseclassic.com

www.burmeseclassic.com

# စောရ နက္ခတ်

သန်လျင် မောင်ကျောက်ခဲ





www.burmeseclassic.com

www.burmeseclassic.com





။

'အစ်ကိုလေးကို ယုံကြည်လို့ပါ။ ကျွန်တော် သူများပစ္စည်းကို မခိုးရရင် မနေနိုင်ဘူး။ ဟော.. အစ်ကိုလေး အံ့သြသွားပြီလား.. တကယ်ပြောတာပါဗျာ'

။

လူပြောများကြသည်၊

နည်းနည်းလေး လက်ခြေလေးများ ဆော့လျှင် လူကြီးတွေက ပြောကြသည်၊ "ဒီကောင်လေး သူခိုးနက္ခတ်များ ပါလား မသိဘူး.." ဒီလို ပြောသံကြားနေကျ၊

ကိုယ်တိုင်တော့ အရင်က ကြားရုံသာ ကြားဖူးတာ.. မမြင်ဖူးခဲ့ဘူး၊ တိုက်တိုက်ဆိုင်ဆိုင် အသက်လေးဆယ်ကျမှ သူတို့နဲ့ တွေ့ရတာ..။ တစ်နယ်ထဲ တစ်ရပ်ထဲ အတူနေကြတဲ့သူတွေ၊ ကိုယ်ကလည်း ကျောင်းပြီးလို့ အလုပ်ဝင်လုပ်၊ တစ်နယ်က တစ်နယ်ပြောင်းနေရတော့ ရွာနဲ့ အဆက်ပြတ်သွားတယ်၊

ကျန်းမာရေးကြောင့် ဆေးပင်စင်ယူပြီး ရွာပြန် အခြေချနေခဲ့တယ်၊ အဲ့ဒီမှာ သူတို့နဲ့ စတွေ့တာပဲ၊ အသက်က သူတို့က ကျုပ်ထက် (၁၀)နှစ်ကျော်ကျော် ငယ်တယ်၊ သူတို့အကြောင်းလား.. ပြောပြပါမယ်၊

တစ်ယောက်က မောင်သိန်း.. အများခေါ်တာက ငယ်နာမည် ကုလား- ဘာလုပ်လုပ် မစဉ်းစား ထင်ရာလုပ်တတ်လို့ "ကုလားရမ်း" လို့ ဘွဲ့တစ်ခု တိုးသွားတယ်၊





နောက်တစ်ယောက်က မောင်ဝင်း- သူကလည်း ဘွဲ့ထူးနဲ့ပဲ.. ချောင်ရောင်နဲ့ ဟိုဟာ မန်းမှုတ်၊ ဒီဟာ မန်းမှုတ်နဲ့ဆိုတော့ သူ့ကို ...ဝင်းကနေ "မှော်ဝင်း" လို့ တစ်မျိုး၊ "မှော်ရှူး" လို့ နောက်ကွယ်မှာ ခေါ် ...ကြတယ်၊ ဒါက သူတို့ရဲ့ဂုဏ်ဒြပ်တွေပါ၊

ဒီလိုဆိုတော့ သူတို့ကို အထင်မသေးလိုက်နဲ့နော်၊ မှော်ဝင်းက ...မျိုးကြီးပါ၊ သူ့မိဘအသိုင်းအဝိုင်းက လယ်ပိုင်ယာပိုင် ဘုရား တရား ...လေးစားသူတွေ၊ စီးပွားရေး အားလုံးပြေလည်တယ်၊ သူ တစ်ယောက် ...သာ နည်းနည်းကျပ်တာ၊ ဒါကလည်း သူက အလုပ်ကို စိတ်ပါမှ လုပ် ...၊ မိန်းမက ဈေးရောင်းကျွေးတယ်၊ ဒါနဲ့ပဲ ဘဝရပ်တည်နေကြဟာ၊

ရွာထဲမှာ သာရေး၊ နာရေးရှိရင် သိ - သိ - မသိ - သိ - လုပ်စရာ ...ယ် အကုန်ဝင်လုပ်တာ၊ ထင်းခွဲ၊ ရေခပ်၊ မသာကျင်းတူးက အစ လုပ် ... ပိုက်ဆံတော့ မပေးရဘူး၊ ဒါပေမယ့် အရက်တော့ တိုက်ရတယ်၊

မှော်ဝင်းမှာက ပညာတစ်ခုရှိတယ်၊ ခါနာမန်းတဲ့ .. ပညာရှိ ... ကျုပ် ခါးနာတုန်း သူရောက်လာပြီး -

"အစ်ကိုလေး.. ခါနာလို့ဆို.. ကုလားရမ်းပြောလို့ ကျွန်တော် သိ ..."

"အေးကွာ.. နစ်ရက် ရှိသွားပြီ၊ ထမင်းစားပြီး ထလိုက်တာ.. ခါး ... ဖြစ်သွားတယ်ကွာ"

"မပူပါနဲ့.. ယူပစ်သလို ပျောက်သွားမှာ"

စကားလည်း ဆုံး၊ သူ ယူလာတဲ့ ဝါးခြမ်းနှစ်ခြမ်းနဲ့ ကျုပ်ကို အိမ် ...မှာ ရပ်ခိုင်းပြီး သူက လှေခါးပေါ်က ရပ်တော့ ကျုပ်နဲ့ မျက်နှာချင်း ...၊ ဝါးခြမ်းနှစ်ခုကို ခါးနှစ်ဖက်ဘေးမှာ ဘယ်ညာကပ်ပြီး သူ့ခါးမှာ ... တပ်တယ်၊ သူ့လက်ထဲမှာ ဆန် လက်တစ်ဆုပ်နဲ့ ပါးစပ်ကလည်း ...နေတာပဲ၊

ကျုပ်လည်း အနာပျောက်ရင် ပြီးရောဆိုပြီး ကြည့်နေတယ်၊ ...ရောဗျာ.. ခါး ဘယ်ညာက ဝါးခြမ်းနှစ်ခု အလယ်မှာ ပူးကပ်သွား ... ဝါးခြမ်းပူးသွားတာနဲ့ ပူးတဲ့နေရာက ဆုပ်ကိုင်ပြီး ဝါးခြမ်းနှစ်ခုကို ရှိုး ...ပြီး နောက်ပြန် အိမ်ရှေ့ကို ပစ်လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. အစ်ကိုလေး .. ခါးက ဝေဒနာတွေ ကျွန်တော်ယူပြီး လိုက်တယ်၊ ကဲ .. အစ်ကိုလေး၊ လမ်းလျှောက်ကြည့်ပါဦး၊ ခါးလည်း ရှားကြည့်ပါဦး"

သူ့စကားဆုံးတာနဲ့ ကျုပ်လည်း လမ်းလျှောက်ကြည့်တယ် မနာတော့ဘူး၊ ခါးကို လှည့်ကြည့်တယ်၊ အစဉ်ပြေသွားတယ်၊ ကျုပ် သာလိုက်တာ မပြောနဲ့၊ ဒီမှော် .. ဒီပညာ ဘယ်ကရလဲပေါ့ မနေနိုင် ဘဲ ..

"ကဲ .. မှော်၊ မင်း ဒီပညာ ဘယ်ကရတာလဲ .. ပြောပါဦး"

"အစ်ကိုလေးကလည်း တောင်ပိုင်းက ကုလားဆရာ မှ လက်ပြတ်ပေးသွားတာ ဗျ"

သူ့ပြောမှ သတိရသည်၊ အောက်လမ်းဆရာ .. ဘာညာနဲ့ နေတဲ့ ဦးမှတ်တူး- ဘယ်ဘက်လက် လက်ကောက်ဝတ်က ပြတ်နေ ဟုတ်ပြီ ..၊

"ကဲ .. မင်းပြန်ရင် ဆန်ယူသွား၊ ပိုက်ဆံလည်း ပေးလိုက် အိမ်ကို ရောက်ပါစေ၊ ဘိုးချစ်ဖွယ်ဆိုင် မပို့နဲ့နော်"

"စိတ်ချပါ .. ဆန်က အိမ်ကို ပို့မယ်၊ ပိုက်ဆံက တစ်ဝက် ကို ပေးမယ်၊ တစ်ဝက်က ထုံးစံအတိုင်း ဘိုးချစ်ဖွယ် အရက်ဆိုင်ပေါ့ .. ဟဲ .. ဟဲ"

သူ့စကား၊ သူ့ သဘောကျစွာ ရယ်လျက် နှုတ်ဆက်ကာ သော ပစ္စည်းများ သယ်ရန် မှော် ပြန်သွားတယ်၊

ဟိုကောင် ကုလားရမ်းက တစ်မျိုးပါ၊ ဖားရှာ၊ ငါးရှာ တော် တစ်ပွဲစားလို့တောင် ပြောတာ၊ ခရမ်းချောင်းထဲမှာ လှေတစ်စီးနဲ့ စားခွက်အပြည့်နဲ့ ရေတက်၊ ရေကျ၊ နေ့ည မရွေး ငါးရှာတယ်၊ ရသည် ကို မိန်းမက ရွာထဲ လိုက်ရောင်း၊ ဒီလိုပဲ .. သံသရာလည်နေတာ၊ သား ပဲ (၃)ယောက်ရသွားပြီ၊ သူလည်း သူ့အလုပ် သူလုပ်၊ ကိုယ်လည်း ဘဝနဲ့ကိုယ်ဆိုတော့ အတွေ့နည်းလာတယ်၊

တစ်နေ့ ဓမ္မခနဲ အိပ်ပျော်သွားတယ်၊ ခေါင်းရင်းထရံပုတ်ပြီ

"အစ်ကိုလေး .. အစ်ကိုလေး" လို့ ခေါ်သံကြားတယ်၊





"ဘယ်သူလဲ .. ဒီအချိန်ကြီး" လို့ မေးလိုက်

"ကုလားရမ်းပါ .. အစ်ကိုလေး၊ တံခါးဖွင့် မီးခွက် မထွန်း ပါနဲ့နော်"

ကျုပ်လည်း သူ့အသံကြားတော့ သွားတယ်၊ သူက ဆိုးပေမယ့် ကျုပ် လေးစားတယ်၊ ကျုပ်စကားကို နား ထောင်တယ်၊ ဒါနဲ့ ကျုပ် တံခါးဖွင့်ပေး သူ အိမ်ပေါ်တက်လာတယ်၊ ဆောင်း ဘက် ညမှာ ဒီကောင် အသက်ရှူသံ နေတယ်၊ ဓာတ်မီးနဲ့ ထိုးကြည့်တော့ သူ တွေ သုတ်နေတယ်၊ သောက်ရေအိုး ရေကို ခပ်သောက်တယ်၊ တစ်ခွက် ဘူး၊ နှစ်ခွက်သောက်တယ်၊

"အစ်ကိုလေးရယ် .. ကျွန်တော် ပြီတောင် ထင်တာ၊ ကံကောင်းလို့ အစ်ကိုလေး အိမ်ရောက်တာ"

"အစအဆုံးပြောမှ သိမှာပေါ့ကွာ၊ ပြောစမ်းပါ .. မင်းအကြောင်း"

ဒီလို အစ်ကိုလေးရယ်ဆိုပြီး ကျုပ်ကို ပြောပြတယ်၊

"ခုမှ အစ်ကိုလေးကို ကျွန်တော့်အကြောင်း ပြောပြမယ်၊ အစ်ကို သိတာတွေ အများကြီးပဲ၊ အစ်ကိုလေးက ကျွန်တော်တို့ အရွယ် တော့ အလုပ်နဲ့ အဝေးရောက်နေတယ်လေ၊ ကျွန်တော့်မိဘတွေ စားနိုင်၊ သောက်နိုင်ပါ၊ အဖေလုပ်စာနဲ့ ကျွန်တော်တို့ မောင်နှမ အဆင်ပြေပါတယ်"

"ဒါပေမယ့် အစ်ကိုလေးရာ .. ကျွန်တော် မရှက်ပါဘူး၊ ခုအသက် ကျော်လာပြီ၊ ဘယ်သူ့ကိုမှ ထုတ်မပြောဘူး၊ အစ်ကိုလေးကို ယုံကြည် ကျွန်တော် သူများပစ္စည်းကို မခိုးရရင် မနေနိုင်ဘူး၊ ဟော .. အစ်ကို အံ့ဩသွားပြီလား .. တကယ်ပြောတာပါ ဗျာ"

ပြောရင်း ခေတ္တနား၍ ဆေးလိပ်ဖွာနေသည်၊ ပတ်ဝန်းကျင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း တိတ်ဆိတ်လို့ တစ်ရွာလုံးမှာ ကျုပ်တို့နှစ်ယောက်ထဲ ရှိလား ရတယ်။

"ကျွန်တော်သိတတ်တဲ့အရွယ်ထဲက အမေက ဈေးဝယ်ခိုင်း ဈေးဆိုင်က တစ်ခုခု ဆိုင်ရှင်မသိအောင် ယူခဲ့တာ၊ သိသွားရင်လည်း ထားခဲ့တယ်၊ ဒီလိုနဲ့ အရွယ်ရောက်လို့ အိမ်ထောင်ကျတော့လည်း တော့် မိသားစုကို ကျွန်တော်ကျွမ်းကျင်တဲ့ ငါးရှာ၊ ဖားရှာ ကျွေးတယ် အစ်ကိုလေး"

"ဒီအကြောင်းကို မိန်းမတောင် မသိဘူး၊ ကျွန်တော်ပြော မပြောဘူး၊ မိန်းမဆိုတာ စိတ်အခန့်မသင့်လို့ ရန်ဖြစ်ရင် ပေါ်မယ် နောက်ပြီး သားသမီးတွေလည်း အရှက်ရမှာ၊ ကျွန်တော့်မှာ မခိုးရမနေ ဘူး..အစ်ကိုလေး၊ ကျွန်တော် စိတ်တင်းပြီး နေကြည့်တယ်..မရဘူး လို့လည်း မပျော်ဘူး၊ စိတ်လည်း တိုတယ်၊ ဘာအလိုမကျမှန်း မသိ အဲ့ဒီအချိန် သူတစ်ပါးပစ္စည်း နည်းနည်းပဲ ခိုးပြီးရင် နေသာထိုင်သာ ရှိတ

"မင်း ဒီလိုစိတ်ပေါ်တာ..နေ့တိုင်းလား၊ ဘယ်လိုအချိန်မှာ တာလဲ"

ကျုပ်က မေးတာပေါ့။

"နေ့တိုင်း ညတိုင်းလည်း မဟုတ်ဘူးဗျ၊ အရင်တုန်းက သ မထားမိခဲ့ဘူး၊ နည်းနည်း စီးပွားရေး အစဉ်မပြေရင် ထွက်ခိုးလိုက် အစ်ကိုလေး မရှိတုန်းက ရွာထဲမှာ ပစ္စည်းပျောက်ရင် မော်ဝင်းကို ဖမ်း ဖမ်း၊ သူ့မဖမ်းရင် ကျွန်တော့် ဖမ်းတော့တာပဲ၊ မော်နဲ့ ကျွန်တော် လက်ဝယ် မမိတော့ အနေချောင်နေတယ်၊ ဖမ်းသွားလိုက်၊ ပြန် လိုက်နဲ့ သံသရာ လည်နေတယ်"

"တစ်ခါတော့ ကျွန်တော် အိမ်ဖောက်ခိုးမှုနဲ့ ထောင်သုံးနှစ် သွားတယ်၊ လျော့ရက်နဲ့ဆို နှစ်နှစ်လောက် ထောင်ထမင်းစားခဲ့ရ တယ်၊ ခုတော့ ကျွန်တော် အသက်ကလည်း ဒုတိယအရွယ် ရောက် လေ၊ ဆရာတော်ကလည်း ကျောင်းမသွားနဲ့ သွားလို့ တွေ့တာနဲ့ တ မကောင်းတာတွေ စွန့်ပါတော့..ကျောင်းက ရိပ်သာမှာ တရားလာ ဘုန်းကြီး တာဝန်ယူပါတယ်လို့ ပြောတယ်"







"အစ်ကိုလေးရယ်..ထောင်ထဲမှာ နှစ် နှစ် နေရတယ်ဆိုပေမယ့် တရားထိုင်ဖို့ (၇)ရက်ကို ကျွန်တော် မလုပ်နိုင်ဘူး ဖြစ်နေတယ်၊ ခု ည်း ကျွန်တော် ကုလားတဲ ကို ဝင်ခိုးတာ တဲထဲက လူ တွေ အကုန် အိပ်ပျော်နေ တယ်၊ ပစ္စည်းယူပြီးတော့ ပြန် ထွက်..သူ့သား ညီအစ်ကို အပြင်က ပြန်အလာနဲ့ တိုးလို့..ထိုးကြိတ်ပြီး လူအလွတ် ပြေးလာရတာ..ပစ္စည်းတွေတော့ အကုန်ကျန်ခဲ့ တယ်၊

"ဒါကြောင့် မင်းကို ငါ ခဏခဏ ပြောတာ..၊ အလုပ်တွေ မလုပ် နဲ့လို့လေ၊ စောစောကထဲက ပြော လား၊ ကျွန်တော် မခိုးရမနေနိုင်ဘူးလို့ မင်းဖြစ်ပုံက ပင်းဝခေတ်က သူခိုးကြီး တက်ပြားလို စောရနက္ခတ်မိ ဘာလား၊ ဆေးထိုးထားလို့လား ပြောစမ်း ငါ့ကို.."

"ကျွန်တော် ဘာဆေးမှ မထိုးဘူး..အစ်ကိုလေး"

"ဒါဆို မင်းမွေးတုန်းက စောရနက္ခတ်နဲ့များ ယှဉ်မွေးလားကွာ၊ သူခိုးတော့ သူခိုး..တက်ပြားကြီးလို ဘုရားတကာ သူခိုး ဖြစ်ရင် တောင်းမယ်ကွာ"

"ဟာ..အစ်ကိုလေးကလည်း ကျွန်တော်က ဒီဘဝက လွတ်ချင် ပြီ..အစ်ကိုလေးရာ၊ လပြည့် - လကွယ်နေ့တွေ ရောက်မှာ သိပ်ကြောက် တာ၊ အဲ့ဒီညတွေမှာလေ..ဘယ်လိုမှ နေလို့မရဘူး အစ်ကိုလေး"

"နောက်ဆုံး ကိုယ့်အရွယ်နဲ့ စိတ်ထိန်းပြီး အိမ်ရှေ့အိမ်က မြဲကာ ထားတဲ့ ငါးလေးပဲ ဖြစ်ဖြစ်၊ စတိခိုးမှ နေသာထိုင်သာရှိတယ်၊ ဒီဘဝက လည်း လွတ်ချင်ပါပြီ အစ်ကိုလေး၊ ကျွန်တော် အတတ်နိုင်ဆုံး ရွာထဲက အိမ်တွေကို မခိုးဘူး..တခြားမှာ သွားခိုးတယ်"

"မင်း..အခု ဘယ်ရောက်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com





"ကျွန်တော် အခု ရေပေါ်အိမ် ပေါ့..အစ်ကိုလေးရာ၊ မိန်းမနဲ့ ကလေး တွေကို မြို့ဆင်ခြေဖုံး ရပ်ကွက်လေး မှာ အိမ်လေး ဆောက်ပေးထားတယ်၊ ပဲခူးမြစ်ဘေးပေါ့..အစ်ကိုလေး၊ ကျွန် တော်ကတော့ ကုန်းပေါ်နေရင် အရိုး ရောက်ရင် ခိုးမိမှာစိုးလို့ ရေထဲမှာပဲ နေ တယ်၊ ရေထဲမှာနေတော့ ခိုးချင်စိတ် ပေါ်ရင် ပိုက်လေ့ဆီသွားပြီး စတိ တစ်ကောင်လောက် မသိအောင် ယူ ထားတာပေါ့..အစ်ကိုလေး"

"ကျွန်တော် ဒီဘဝက လွတ် ချင်ပါပြီ၊ ဆရာ ကောင်းကောင်းတွေ့ရင် ကျွန်တော့်ကို အကြောင်းကြား နော်၊ ဒါလေး တစ်ခုတော့ ကူညီပါ အစ်ကိုလေး၊ ကျွန်တော်နဲ့ စကားပြော နေတာနဲ့ အစ်ကိုလေး အိပ်ပျက်သွားပြီ၊ ကဲ..ညဥ့်လည်း နက်ပြီ၊ ကျွန် တော် ပြန်မယ်၊ အစ်ကိုလေးကို သတိရလို့ပါ၊ မော့် အိမ်တောင် ကျွန်တော် မသွားတော့ဘူး၊ သူလည်း ရွာသုသာန်မှာ တရားထိုင်နေတယ် ပြောတယ်"

"ဟ !..ဘယ်တုန်းကလဲ၊ ငါလည်း မကြားမိဘူး"

"နန်းဆန်လှ ကျောင်းက ဦးဇင်းလေး ပြောတာ၊ နေ့ဘက် သူ ကျောင်းမှာ နေတယ်၊ ပုတီးစိပ်တယ်၊ ညဘက် သုသာန်က ဂူတွေပေါ်မှာ ပုတီးစိတ်တယ်တဲ့၊ ဒီတစ်ခါ အဓိဋ္ဌာန် ရက်ပြည့်ရင် သူ့ ဆရာတစ်ဆူ ဖြစ်မြဲ လို့ ပြောတဲ့အကြောင်း၊ ကျွန်တော် ဦးဇင်းလေးကို သွားကန်တော့လို့ သိရ တယ်၊ မနက်စာကိုတော့ ဦးဇင်းလေးက ကျွေးတယ်၊ ညစာ မစားဘူး၊ ဥပုသ်ရက်ရှည်လို့လည်း ပြောတယ် အစ်ကိုလေး"

"လုပ်မှာကွ..မော့်က သူ့စိတ်ထင်ရာကိုတော့ ဖွဲ့ရှိရှိနဲ့ လုပ်တတ် တယ်၊ မိန်းမကတော့ ကိုယ့်ဝမ်းကိုယ်ကြောင်းပေါ့ကွာ၊ အတော်ပဲ့တဲ့ ကောင်ကွ"





॥

**စောရတစ်ယောက်တော့ အသိလေးရမှ ဘဝဇာတ်သိမ်းရတယ်။ ကုလားရမ်းတစ်ယောက်လည်း ဘယ်ရောက်နေမှန်း မသိ။ လပြည့်လကွယ်တိုင်း အရင်လို မခိုးပါနဲ့လို့ ဆုတောင်းပေးနေရတယ်။**

ကုလားရမ်းလည်း စကားလည်းဆုံး၊ မှောင်ထဲမှာ ပျောက်သွား တယ်၊ သတိရလိုက်သည်၊ သည်ညက လကွယ်နေ့ညကိုး၊ ဒါကြောင့် ဒီ ကောင် ကုလားတဲ သွားခိုးတာကိုး၊ မနက်လင်းရင် ကြားရမည့် သူခိုး အကြောင်း၊ တာဝန်ရှိသူတွေကလည်း မော့်နဲ့သူ့ကို အရင်ခေါ်မှာ၊

အော်..ဘယ်လို အကုသိုလ်ကံတွေ၊ သူတို့မှာ ဒီလောက်များနေ လိမ့်၊ ကျုပ်က ဆုံးမပေမယ့် သူတို့က လိုက်နာမှ ကောင်းမှာ၊ ကိုယ့် သား သမီးတောင် မလွယ်တဲ့အလုပ်၊ သူ ပြန်သွားပေမယ့် ကျုပ် အိပ်မရတော့ ဘူး၊ မှန်အိမ်လေးထွန်းပြီး ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်သည်၊

မော့်နဲ့ ကုလားရမ်း - သူတို့ အသိုင်းအဝိုင်းက ကောင်းတယ်၊ သူတို့နှစ်ယောက်ထဲ ဆွမ်းဆန်ထဲ ကြွက်ချေးရောတာ၊ သူတို့ကြောင့်.. မိသားစုတွေ ရှက်ကြသည်၊ သူတို့ မသိမဟုတ်၊ သိကြသည်၊ သူတို့ ကောင်းသတင်း မကြားရ၊

မော့်က သုသာန်မှာ ရက်လေးဆယ် ..ပုတီးစိပ်၊ တရားထိုင်၊ သူ့ ဆရာက တာဝန်ပေးလို့ လုပ်ရကြောင်း ..ရက်လေးဆယ် ပြည့်ရင် သတ္တဝါ တွေကို ကယ်ဆယ်ရမည့်အကြောင်း၊ သတ္တဝါတွေ ကယ်ပြီးမှ သူ့လမ်းသူ ထွက်သွားမည့်အကြောင်းကို နန်းဆန်လှ - ဦးဇင်းလေးကို လျှောက်ထား ကြောင်းကို ဦးဇင်းလေး ပြောပြ၍ သိရသည်၊

မော့်တစ်ယောက်၊ ရက်လေးဆယ်မပြည့် ..တစ်လမပြည့်ခင် လေးမှာ ဆွမ်းခံပြန်လာပြီး ဘုရားဆွမ်းကပ်၊ ဦးဇင်းလေး ဆွမ်းဘုန်းပေး ပြီး အချိန်ဆိုလျှင် မော့် ကျောင်းမှာ သန့်ရှင်းရေးလုပ်ပြီး ဦးဇင်းလေး သိတ်ဆေးနေကြ၊



www.burmeseclassic.com

www.burmeseclassic.com





ဒီနေ့ . . မော်ကို မတွေ့၍ ဦးဇင်းလေး ကိုရင် ကျောင်းသားများကို မေးကြည့်ရာ မတွေ့ကြောင်း ပြော၍ ကျောင်းမှ ကပ္ပိယ ဦးဂျေနီအား ခေါ်၍ သုသာန်သို့ သွားကြည့်ရာ ဂူရှေ့တွင် တဖောင်းလေး လဲလျက် အသက်မဲ့နေသော မော်ဝင်းကို တွေ့ရသည်။

ဦးဇင်းလေး ကိုင်ကြည့်တော့ . . ညဦးထဲက သေနေဟန် တွေ့ရသည်၊ ကပ္ပိယကြီးအား သူ့အိမ် အကြောင်းကြားခိုင်း . . ဒီသတင်း ကြား၍ လူ(၃၀)လောက် ထွက်လာသည်။

တစ်ယောက်တစ်မျိုး ပြောကြပြီး အလောင်းအား သုသာန်ဇရပ်ပေါ်မှာပဲ ပြင်ဆင်လိုက်သည်။ ပြင်ပဒဏ်ရာ ဘာမျှ မတွေ့ပေ။

ကျုပ်လည်း မော် ဘဝဇာတ်သိမ်းကို ဦးဇင်းလေး ပြော၍ ဇာတ်ရသိရသည်၊ စိတ်မကောင်းရုံမှလွဲ၍ ဘာမျှ မကူညီနိုင်၊ စောရတစ်ယောက်တော့ အသိလေးရမှ ဘဝဇာတ်သိမ်းရတယ်၊ ကုလားရမ်းတစ်ယောက်လည်း ဘယ်ရောက်နေမှန်း မသိ၊ ဟိုတစ်ခါ ညဘက် လာပြီးထဲက ပျောက်သွားတာ (၃)နှစ်ကျော်ပြီ၊ ခုချိန်ဆို လပြည့်လကွယ်တိုင်း အရင်လို . . မခိုးပါနဲ့လို့ ဆုတောင်းပေးနေရတယ်။

တကယ်ပဲ စောရနက္ခတ်နဲ့များ သူတို့ယှဉ်မွေးတာလား၊ ကျုပ်က အဲဒီလောက်တော့ ဉာဏ်မမီဘူးလေ၊ ပြောသံကြားဖူးတာ ခု ကျုပ်ပြောနေတဲ့ မော်နဲ့ ကုလားရမ်းက ဘယ်သူက စောရနက္ခတ်လဲ . . မော်ကတော့ ကျုပ်ကို မပြောပြဘူး။

ကုလားရမ်းကတော့ သူ ဘာကြောင့် ခိုးရတယ်၊ စီးပွားရေး အဆင်ပြေတဲ့နှစ်တွေလည်း စတိဖြစ်ဖြစ် ခိုးရတဲ့အကြောင်း၊ လပြည့်(သို့) လကွယ်ရောက်မှာကို အလွန်ကြောက်တဲ့အကြောင်း ပြောသွားပြီး (၃)နှစ်





ကျော်ပြီ . . မတွေ့ရတာ။



**Message: -**

"ကုလားရမ်းရေ . .
မင်း ဒီစာလေးကို ဖတ်မိရင်
ငါ့ဆီကို ဆက်သွယ်ပါ။
ငါထင်ပါတယ် . . ဒီအချိန်
ဆို အရင်အလုပ်တွေ စွန့်ပြီး
ကောင်းရောင်းကောင်း
ဝယ် လုပ်စားနေမှာပါ။
မင်း စိတ်ရင်း ဖြူပါတယ်၊
"ဒီ မခိုးရ မနေနိုင် . . ဆိုတဲ့
ကျွန်တော်က စောရနက္ခတ်
လား မသိဘူး . ." ဆိုတဲ့
အစွဲလေး ပျောက်နိုင်အောင် ကြိုးစားပါ။
မင်းရော ငါရော . .
သက်ရှိ ထင်ရှားရှိချိန် တို့ ပြန်ဆုံချင်သေးတယ်၊
မင်းဆက်သွယ်မှာကို ငါ စောင့်နေမှာ . .
မင်း အမြန် ဆက်သွယ်နော် . .
တကယ်မျှော်နေမယ့် မင်းတို့ရဲ့အစ်ကိုလေး"

သန်လျင် မောင်ကျော်ခဲ

❑

www.burmeseclassic.com

www.burmeseclassic.com



# နှာခေါင်းသွေးလျှံခြင်းနှင့် သိမှတ်ဖွယ်ရာများ



နှာခေါင်းသွေးလျှံခြင်းဟာ ဖြစ်လေ့ရှိတဲ့ အလေ့အထ တစ်ခုဖြစ်ပါတယ်။ အချို့က အမှန်တကယ် ပူပန်တတ်ကြပြီး အချို့သူတွေက အမှတ်မထားတဲ့ ကိစ္စ ဖြစ်ပါတယ်။ နှာခေါင်းသွေးလျှံရတဲ့ အကြောင်းရင်း အများကြီး ရှိပါတယ်။

အရိုးကျိုးခြင်း၊ နှာခေါင်းနိုက်ခြင်း၊ နှာခေါင်းနှင့် ဓာတ်မတည့်ခြင်း၊ အအေးမိခြင်းနဲ့ တုပ်ကွေးဖျားနာတွေမှာလည်း နှာခေါင်းသွေးလျှံတတ်ပါတယ်။ နှာခေါင်းသွေးလျှံရတဲ့ အကြောင်းကတော့ နှာသီးဖျားကို ခြားထားတဲ့ Nasal Septum ခေါ် အကာအရံတစ်ခုမှတဆင့် နှာခေါင်းအရှေ့ပိုင်းမှစတင်ပြီး သွေးကျခြင်း ဖြစ်ပါတယ်။

အမြဲတစေတော့ ဒီအကြောင်းတစ်ခုထဲကြောင့် မဟုတ်ပါဘူး။ နှာခေါင်းသွေးလျှံကျလာခြင်းရဲ့အကြောင်းဟာ တိကျသေချာတဲ့ အဖြေမရှိတဲ့အတွက် သိပ်ပြီး ပူပန်ရန် မရှိပါဘူး။ ဒါပေမယ့် တစ်ခါတရံမှာ ရောဂါကြီးတစ်ခုရဲ့ရှေ့ပြေးဖြစ်တတ်တာကိုတော့ သတိပြုပါ။

ပူပန်သင့်တဲ့အချိန်တွေကတော့


၁) သွေးကျနေစဉ် အသက်ရှူလို့ မရခြင်း၊

၂) နလုံးခုန်နှုန်း မမှန် ရင်တုန်ခြင်း၊

၃) မကြာခဏ ဖြစ်တတ်ပြီး သွေးဆုံးရှုံးမှု များခြင်း၊







၄) သွေးကျချိန် မူးဝေ သတိလစ်သွားခြင်း၊

၅) သွေးလျှံစဉ် ခေ အပြင်းအထန် ကိုက်ခြင်းတို့ ပါတယ်။

သွေးထွက်ဆိုးကျိုးများကတော့ သွေးအမြောက်အမြားကို မျိုချမိပြီး အော့အန်ချင်လာခြင်း၊ မကြာခဏ သွေးလျှံခြင်းကြောင့် အားနည်းလာခြင်းတို့ဖြစ်ပါတယ်။ ဒါဆိုရင် နှာခေါင်းသွေးလျှံတာကို ဘယ်လိုကုသမလဲ၊ ဘယ်လို ကာကွယ်နိုင်မလဲဆိုတာကို ဆဋ္ဌမအာရုံ ပရိသတ်ကြီး သိဖို့ လိုလာပါပြီ။

ကုသနည်းကတော့ -

၁) ငုပ်တုပ်ထိုင်ပါ။ ရှေ့ကို ဦးခေါင်းကို အနည်းငယ်တိုးပြီး ငုံ့ထားပါ၊ နှာခေါင်းမှ သွေး လည်ချောင်းထဲ ပြန်မရောက်ဘဲ မိမိရှေ့သာ ထွက်ကျလာရန် ဖြစ်ပါတယ်။

၂) သွေးခဲလေးများ ပိတ်ဆို့ အသက်ရှူမရ မဖြစ်စေဖို့ ညင်သာစွာ နှပ်ညှစ်ပေးပါ။ နှာခေါင်း နှာနရိုးအောက် နှာသီးကို ဖိထားပေးပါ။ လက်ညှိုးလက်မ နှစ်ခုဖြင့် နှာသီးကို ဖြည်းဖြည်းညှစ်ထားပြီး (၁၀)မိနစ်ခန့် ထားပေးရပါမယ်။

၃) ပိတ်တီးစ ဂွမ်းစအလိပ်(သို့) ကော့တွန်စကို ခေါက်ပြီး သွားဖုံးနဲ့ အပေါ်နှုတ်ခမ်းကြား (၁၀)မိနစ်ခန့် ထားပါ။ နှာခေါင်းရဲ့ အောက်ခြေ Root of the nose အောက်မှာ ထားရန်ဖြစ်ပါတယ်။

၄) အအေးဖတ်တင်ခြင်း၊ ရေခဲတုံး သေးသေး၊ ဒါမှမဟုတ် ရေခဲရေဆွတ်ထားတဲ့ အဝတ်စကို နှာခေါင်းဘေး တစ်ဘက်တစ်ချက်စီ၊ ဒါမှမဟုတ် နှာခေါင်းသွေးယိုနေတဲ့ နှာခေါင်းပေါက်ဘက်ကို ဖိထားပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခံနိုင်သလောက်အထိ အအေးဖတ်တင်ထားပြီး ခဏနား ပြီး နောက်တစ်ကြိမ် ပြုလုပ်ပါ။ ရေအေးဓာတ်ကြောင့် သွေးကြောတွေ ပိတ်ညှစ်ကုန်မှာ ဖြစ်ပါတယ်။ ဒီနည်းနဲ့ နှာခေါင်းသွေးတိတ်ပါလိမ့်မယ်။ ဆရာဝန်များ ညွှန်းတဲ့ Nasal Spray ကလည်း နှာခေါင်းသွေးလျှံတာကို ရပ်စေပါလိမ့်မယ်။

သင်ဟာ ဒီလိုမျိုး မကြာခဏ နှာခေါင်းသွေးလျှံတတ်တယ်ဆိုပါက မဖြစ်အောင် ကြိုတင်ကာကွယ်မှုတွေလည်း လုပ်သင့်ပါတယ်။ လိုက်နာရမှာကတော့ -

၁) လေအေးစက် အဲကွန်း အလွန်အကျွံ အသုံးပြုခြင်းကို ရှောင်ပါ။ ဘာကြောင့်လဲဆိုတော့ နှာခေါင်းတွင်းမှာရှိတဲ့ အရည်ထွက် စိုစွတ်စေတဲ့ အသားနု (Mucous Membrane) တွေဟာ အအေးဒဏ်ကြောင့် ခြောက်ကပ်သွားပြီး နှာခေါင်းသွေးလျှံစေတာကြောင့် ဖြစ်ပါတယ်။

(ဆောင်းပေါ် ရှမ်းပြည်နေသူတွေမှာ သိပ်အေးတဲ့အခါ အလိုလို နှာခေါင်းသွေး လျှံတတ်ပါတယ်)

၂) ဗီတာမင်စီ များများစားပါ။ ဗီတာမင်စီဟာ သွေးကြောတွေကို ခိုင်မာစေပြီး အရည်ရွှမ်းတဲ့ အသားနုကို ကာကွယ်ပေးပါတယ်။ အရည်များများသောက်ပါ။ ရေသောက်ခြင်းဟာ သင့်အသားအရေကို အစိုဓာတ်ပေးရုံသာမက အသားနုတွေကိုလည်း ရေဓာတ်ပေးနိုင်ပါတယ်။


၃) နံနက် အိပ်ရာထချိန်နဲ့ အိပ်ရာ မဝင်မီမှာ ကိုယ့်ရဲ့နှာခေါင်း အတွင်းသား (Mucous membrane) တွေ စိုစွတ်လာအောင် အသက်ရှူသွင်း လေ့ကျင့်ခန်း လုပ်ပါ။ ဆားရည် အနည်းငယ် ရှူခြင်း၊ ဆားရည်ဖြင့် နှာခေါင်း ပလုပ်ကျင်းခြင်းများ ပြုလုပ်ပါ။ သင့်ရဲ့အရေပြားနုတွေဟာ ဆားဓာတ်နဲ့ အရည်ဓာတ်ရနေဖို့ လိုအပ်ပါတယ်။

ဒါတွေကတော့ အဖြေသိပ် ရှာလို့မရတဲ့ နှာခေါင်းသွေးလျှံခြင်းနဲ့ ပတ်သက်လို့ သိမှတ်ကုသဖွယ်ရာများဖြစ်ပါတယ်။





# တိုင်းရင်းဆေးဖက်ဝင် ကြောင်လျှာပင်အစွမ်း



မြန်မာလူမျိုးတို့က "ကြောင်လျှာပင်" လို့ခေါ်ပြီး အင်္ဂလိပ် အခေါ် ကတော့ Indian Trumpet Flower ဖြစ်ပါတယ်။ ရုက္ခဗေဒအခေါ်မှာတော့ OTOXY Limindicum Veni လို့ သုံးနှုန်းပါတယ်။

မျိုးရင်းမှာ BIGNONIACEAE ဖြစ်တဲ့ ဆေးဖက်ဝင် စားသုံးပင် ဖြစ်ပါတယ်။ ကြောင်လျှာကြီး၊ ကြောင်လျှာလက်တို၊ ကြောင်လျှာ ဆူးပေါက် လို့ (၃)မျိုးရှိပါတယ်။ ဒေသအလိုက် ဖြစ်ထွန်းကြပြီး ကြောင်လျှာကြီးပင် မှာ နေရာဒေသ အများအပြားတွင် စိုက်ပျိုးပေါက်ရောက်ပါတယ်။

အပင်ဖြောင့်ပြီး အပွင့်မှာ အာပွင့်ဖြစ်ပါတယ်။ အသီးက ရှည် လျားပြီး အပြားကြီးပါတယ်။ ကြောင်လျှာလက်တိုပင်ဟာ အပွင့်သေးပြီး အသီးကလည်း တိုတောင်းပါတယ်။ ကြောင်လျှာကြီးနဲ့ ကြောင်လျှာလက် တိုပင်ကို အဖိုပင်၊ အမပင် လို့လည်း ခေါ်ကြပါတယ်။

ကြောင်လျှာပင်ဟာ ဒေသမူလ အမြစ်ဆယ်ပါးအုပ်စုဝင်ဖြစ်ပြီး ဆေးဖက်သုံးပင် ဖြစ်ပါတယ်။ အသီး၊ အပွင့်၊ အခေါက်၊ အမြစ်တို့ဟာ အသုံးဝင်ပြီး စားသုံးရာမှာ အရွက်၊ အပွင့်၊ အသီးတို့ ဖြစ်ပါတယ်။ အရသာ ဟာ ဆိမ့်၊ ဖန်၊ ခါးဖြစ်ပြီး အသီးစိမ်းတယ်။ အပူစပ်အရသာရှိပြီး အခါး

www.burmeseclassic.com

www.burmeseclassic.com





ဓာတ်ပါခြင်းကြောင့် အစာကိုကြေ
စေနိုင်ပါတယ်။


ဝေလသလိပ်ကို နိုင်ငြိ
ဒေါသသုံးပါးကို ငြိမ်းစေပါတယ်။
ခံတွင်း ပျက်ခြင်း၊ ပန်းနာ၊ ချောင်း
ဆိုး၊ အစာမကြေ ဖြစ်ခြင်း၊ အာခေါ
ခြောက်၊ အာခေါင်ကွဲခြင်းများကို
ပျောက်ကင်းပါတယ်။

ကြောင်လျှာပင် အ
အပွင့်၊ အသီး၊ အရွက်တို့ကို စားသုံး
ရာမှာ အပွင့်ကို ရေနွေးစိမ်ပြီး အတို့
အဖြစ် စားသုံးကြသလို၊ ပုဇွန်ခြောက်
နှင့်လည်း ကြော်ပြီး စားကြပါတယ်။ ထမင်းမြိန်စေပါတယ်။ နားလေထွက်
ခြင်း၊ နားအူခြင်းများကို ပျောက်ကင်းပါတယ်။

ကြောင်လျှာသီးကို ကြော်စားခြင်း၊ အစိမ်းသုပ်စားခြင်း၊ မီးဖုတ်
ပြီး မြှုပ်စားခြင်းတို့ဖြင့် နားအူ၊ နားလေးခြင်းတို့ကို ပျောက်ကင်းစေ
တယ်။ ကြောင်လျှာရွက်ကို ပြုတ်တို့ခြင်း၊ ကြော်စားခြင်း၊ သုပ်စားခြင်းများ
ပြုလို့ရပါတယ်။

လေဖြတ်ခြင်း၊ ကိုယ်တစ်ခြမ်းသေ၊ တစ်ပိုင်းသေ၊ ထုံကျဉ်နာ
နဲ့ခြင်းတို့အတွက် အမြစ်၊ အခေါက်
တို့ကို သွေးလိမ်းရပါတယ်။

ပန်းနာ၊ ချောင်းဆိုး
ရင်ကြပ်ခြင်း









ကြောင်လျှာခေါက်ကို အခြောက်
ပြီး အမှုန့်ကြိတ်ကာ တစ်ကြိမ်
ဇော်ဖီဇွန်း တစ်ဇွန်းနဲ့ ချင်း
များရည်တို့နှင့် ရော
ပြီး လျက်ပေးခြင်းဖြင့်
ကင်းနိုင်ပါတယ်။

အစာမကြေ
ဝမ်းချုပ်ခြင်းတို့
အခေါက်ခြောက်
ရေနွေးနဲ့စိမ်ပြီး ရေကြည်ကို သောက်ရပါမယ်။

အမျိုးသမီးများ မီးဖွားပြီးတဲ့နောက် (၁၅)ရက်အထိ ကိုယ်လက်
ကိုက်ခဲနာကျင်ခြင်းများအတွက် ကြောင်လျှာခေါက် အခြောက်မှုန့်၊
ခြောက်မှုန့်၊ ထန်းလျက် တို့ကို ကြောင်လျှာခေါက် အခြောက်မှုန့်နဲ့
ခြောက်အမှုန့်တို့ကို ဆတူ ရောပြီး ထန်းလျက်ကို တစ်ဆတိုးရောပြီး
ပြုလုပ်ကာ တစ်နေ့ (၃) လုံးကို နံနက်၊ နေ့လယ်၊ ည သုံးကြိမ် ရေ
အေးနဲ့ သောက်ပါ။

ကြောင်လျှာသီးအစိမ်းကို ပါးပါးလှီးပြီး ပုဇွန်ခြောက်၊ ဆီချက်၊
သွန်ကြော်၊ နမ်း၊ ကြက်သွန်စိမ်းတို့နဲ့ သံပရာရည်ညှစ်ပြီး သုပ်စားပါ
အောင်းမန်းလိုက်ခြင်းများ ပျောက်ကင်းပါတယ်။

အာခေါက်ခြောက်ခြင်း၊ အာခေါင်ကွဲခြင်းတို့ကို ကြောင်လျှာရွက်
ကြောင်လျှာခေါက်တို့ကို ထုရိုက်ခြေမွ၍ ရေစိမ်ပြီး ငုံပေးခြင်း၊ ပလုပ်
ခြင်းများ ပြုလုပ်လျှင် ပျောက်ကင်းပါတယ်။ အထူးသဖြင့် ကြောင်လျှာ
တို့ ရေနှင့်သွေးပြီး တိုက်ပေးပါက ချွဲကျပ်ခြင်း ပျောက်ကင်းပါတယ်။
ကြောင်လျှာပင်ရဲ့ ဆေးဖက်ဝင်ခြင်းများကို ပိုသိရှိအောင်လေ့လာပြီး သင့်
တဲ့ သုံးစွဲခြင်းဖြင့် ဝေဒနာများ ကင်းဝေးကြပါစေ။

❑

www.burmeseclassic.com

www.burmeseclassic.com




# လက်ပြတ်သူတော်

မောင်လေးအောင်

(သန်လျင်)

- ထူးခြားဆန်းကြယ်၊ လျှို့ဝှက်နက်နဲ၊
- လွန်စွာမှလည်း ကြောက်စရာကောင်း၊
  အံ့သြစရာကောင်းလွန်းလှသော ဖြစ်ရပ်မှန် ဇာတ်လမ်း၊
- ပဋ္ဌလက်နည်းလမ်း၊ လှည့်စားခြင်း အတတ်ပညာတို့ဖြင့်
  တစ်ကြိမ်တစ်ခါ အသုံးချခဲ့လေသော ဂမ္ဘီရပညာ . . စသည်ဖြင့်၊





www.burmeseclassic.com

www.burmeseclassic.com





။

"ခင်ဗျား ယောကျ်ား
မိကောင်းဘူး။ မိကောင်းဘူး။
ဝကို လိမ်တယ်၊ ညာတယ်၊
ဝ အားကြီး စိတ်ဆိုးတယ်။
ခု သူ ဘယ်မှာလဲ။
ဘယ်သွားလဲ။ ပြော.. ပြော
ဝ စာရင်း အပြတ်ရှင်းရမယ်"

"ပညာဆိုတာ မသိအပ်၊ မတတ်အပ်တဲ့ ပညာရပ်လို့ မရှိပါဘူး ကွာ။ အားလုံး သိအပ်၊ တတ်အပ်တာပါပဲ။ ဒါပေမယ့် ပညာရပ်တိုင်း လုပ်စားသင့်၊ လုပ်စားထိုက်တာ ရှိသလို၊ မလုပ်စားသင့် မလုပ်စားထိုက်တာတွေလည်း ရှိတယ်..ငါ့မြေးရဲ့"

"အေး..အဖိုး သည်ပညာကို ငါ့မြေးကို သင်ပေးမယ်။ သူများ လိမ်တာ၊ ညာတာ မခံရအောင်ပေါ့ ငါ့မြေးရယ်။ အဖိုး သင်ပေးလို့ တတ်မြောက်လာခဲ့ရင် ဒီပညာရပ်နဲ့ မလုပ်စားရဘူးနော်။ ဘယ်သောအခါမှ မလုပ်စားပါနဲ့"

"အဲ..ဒါပေမယ့် ပြဿနာ အကြီးအကျယ်တက်တော့မယ့် အခြေအနေ၊ အရှက်တကွဲ အကျိုးနည်းဖြစ်တော့မယ့် အနေအထား ဆိုက်ရောက်ခဲ့ရင်တော့ မလွှဲသာ၊ မရှောင်သာ၊ ဘုရားမှာ သစ္စာတစ်ခုပြုပြီး လုပ်သင့် လုပ်ပေါ့ကွယ်"

အဖိုးပြောခဲ့သည့် စကား၊ သူတော်၏နားဝမှာ ကြားယောင်နေမိသည်။ အဖိုးကဖြင့် မရှိတော့ပြီ။ အဖိုးစကားကို နားထောင်သောအားဖြင့် သူတော် မလုပ်ချင်ပါ။ သူတော်အနေဖြင့် အမှန်တကယ် မလုပ်ချင်ပါ။





သို့သော် ရက်ပိုင်းအတွင်း ပေးသွင်းရမည့်ငွေ၊ အရှက်တကွဲ ျိုးနည်းဖြစ်ရမည့် ကိစ္စ၊ အကြီးအကျယ် ပြဿနာတက်တော့မည့် ခြေအနေ၊

သည့်အတွက်ရယ်ကြောင့်၊ သူတော်မလုပ်ချင်သော်လည်း လုပ် တော့မည်။ ဇနီးဖြစ်သူ အေးမြကို ကြည့်ပြန်တော့လည်း အေးမြ ခမျာ ားစရာ၊ သောကပင်လယ်ဝေနေသည်။ စိတ်သောကရောက်ပြီး စိတ် င်းရဲ့နေတယ်လေ"

ပေးရမည့် ငွေသည် (၃)ရက်သာ လိုတော့သည်။ သည်လိုမှ ပ်ခဲ့ရင် လူပုံအလယ်မှာ အရှက်ကွဲရတော့မည့်အဖြစ်၊ သူတော်နှင့် မြ..တံတွေးခွက် ပက်လက်မျောရတော့မည့် အခြေအနေ၊ လုပ်ကို ရတော့မည်၊

❖

သူတော် ဘုရားမှာ သစ္စာပြုလိုက်သည်။

"ဘုရား တပည့်တော်သည် ဤပညာရပ်ဖြင့် ဘယ်သောအခါမှ တားခြင်း မပြုခဲ့ပါ၊ လိမ်ခြင်း၊ ညာခြင်း မရှိခဲ့ပါ။ ယခု မလွှဲသာ၊ မရှောင် ၍ ကြီးမားသော ပြဿနာကို ရင်ဆိုင်ကြုံတွေ့နေရပါသောကြောင့် ဤ ညာရပ်ဖြင့် လုပ်စားသမှု ပြုပါမည်။ မည်သူ့အပေါ်ကိုမှ စေတနာ၊ မေတ္တာ ပျက်ခဲ့ပါ၊ နေ့စဉ်နှင့်အမျှ နေ့စဉ် ထာဝရ၊ ရှိသေစွာ..မေတ္တာပို့ မေတ္တာ ဥာန်း စီးဖြန်းနေပါသည်၊

ဤစကားသည် မှန်ကန်သော စကားဖြစ်ပါသည်၊ မှန်ကန်သော ားသည် "သစ္စာ"စကားဖြစ်ပါသည်။ ဤသစ္စာစကားသည် မှန်ကန်ပါ ာကြောင့် ဘုရားတပည့်တော်အပေါ်၌ "နက်မှတ်" ခဘားရန် မရှိပါစေ အန္တရာယ်ကျရောက်ခြင်း မရှိပါစေသား။ အထူးအားဖြင့် ရန်တံခါး ပိတ်ရပါလို၏ အရှင်ဘုရား" ဟု..။

သူတော်သည် ဘုရားကျောင်းဆောင်ရှေ့တွင် အတုလံ၊ အတု သော အရှင် ဗုဒ္ဓမြတ်စွာဘုရားအား ဆီမီး ဖယောင်းတိုင်ဖြင့် အလင်း ပေး၍ ပူဇော်ပြီး "အောင်" အဓမ္မးတိုင်ဖြင့် နံ့သာပေး ပူဇော်ရစင်၊



www.burmeseclassic.com

www.burmeseclassic.com





ရေချမ်းဖြင့် ဆက်ကပ်လှူတန်းပြီး သစ္စာ…
လိုက်ပါတော့သည်။

"ပထမဆုံး အကြိမ်နှင့် နော…
ဆုံးအကြိမ်သာ ဖြစ်ပါသည်။ နော…
နောင်..ဘယ်သောအခါမှ ဤ…
ဖြင့် လုပ်စားခြင်း မပြုပါ" ဟု …
ဆင့် သစ္စာပြုပြီး နောက်ပိုင်…
တွင် သူတော်မှ သည် …
"လက်ပြတ် သူတော်" ဖြစ်…
လာရခြင်း၊ အကြောင်း…
သည်..ကား။

❖

နိုင်မာသော ဝက်တဲကိုလည်း ဆောက်ပြီးပြီ။

အကောင်းဆုံး မျိုးကောင်းမျိုးသန့် ဖြစ်သည့် ဝက်ကြီးနှစ်ကော… သည် ဝမှဝ၊ လှမလှ၊ ဖီးနေ အောင် ဝနေသည်။ ကြွားနေအောင် လှ… သည်။

သည်သို့ ဝနေ၊ လှနေသော (ရှယ်) ဝက်ကြီးနှစ်ကောင်သည်…
"လာကြည့်သူတိုင်း..ကြိုက်သွားစေရမည်၊ ခိုက်သွားစေရမည်"


ဤ "ရှယ်"ဝက်ကြီးနှစ်ကောင်သည် ဝက်တဲတွင် ခပ်ကြွားကြွား… နေရာယူထားပြီးပြီ။ သူတော် ညွှန်ကြားထားသည့်အတိုင်း ဇနီးဖြစ်… အေးမြသည်လည်း မြို့ပေါ်မှ တရုတ်ပေါက်ဖော် နှစ်ယောက်ကို ဝက်ရော… ရန် စပ်ထားပြီးပြီပဲ။ သည်နေ့၊ မကြာမီ အချိန်အတွင်း လာကြတော့မည်…

ချိန်းဆိုထားသည့်အတိုင်း တရုတ်ပေါက်ဖော်များဖြစ်ကြသည့်… ကျင်စိန်နှင့် ဟုတ်စိန်၊ ဆရာတပည့် နှစ်ယောက်ရောက်လာကြသည်… ရောက်ရောက်ချင်းပင် သူတော်၏ဝက်ခြံကို သွားကြည့်ကြသည်။

"အားပါး..ဝကြိုက်သွားပြီ.. ကြိုက်သွားပြီ။ ဝလည်းဝ၊ လှလည်း… လှ၊ ဝကြိုက်တယ်၊ ဘီလောက်လဲ..ဘီလောက်လဲ ပြော..ပြော" ဟု ဆ…







…သူ ပေါက်ဖော်ကျင်စိန်မှ စကားစလိုက်ခြင်း ဖြစ်သည်။

ဝကြိုက်တာလည်း မပြောနဲ့လေ။ သည်ဝက်မျိုးက ရှာမှ ရှား၏။ …တော့ရှိတယ်..ရှားတယ်နော်၊ မျိုးကောင်းမျိုးသန့် ဝက်၊ ကျွေးတာလည်း …ပယ် ကျွေးထားတာလေ၊ ဒါကြောင့် လှနေတာ..ဝနေတာ..အထူး …ယ် ဝက်ကြီးတွေပေါ့ဗျာ"

ဟု သူတော်မှ အားရပါးရ ပြောလိုက်လေ၏။

"ပြော..ပြော..ဝ ဘီလောက်ပေးရမှာလဲ..ပြော"

"တစ်ကောင်ကို (××) နှစ်ကောင်ဆိုတော့ (×××)ပေါ့ဗျာ"

"မီများဘူးလား..လျှော့ပါဦး"

ဟု ကျင်စိန်မှ ဈေးဆစ်နေသေးသည်။

"မများပါဘူး ဗျာ..မများပါဘူး။ ကျုပ်က ကြိုက်ဈေးရမှ ရောင်းမှာ …၊ ဝ မယူလည်း နေပါ။ ကျုပ် ဝက်ကို ယူမယ့်သူက ခပ်များများရယ်။ …က်တစ်ဦး ဆိုင်ထားသေးတယ်..လာကြည့်ကြမှာ"

ဟု သူတော်မှ ခပ်တင်းတင်း ပြောလိုက်သောအခါ -

"အား..မီလုပ်ပါနဲ့..မီလုပ်ပါနဲ့..ဝယူမှာပါ၊ ခင်ဗျား မီးမ ကိုယ် …င် လာကြည့်ပါ ပြောလို့ ဝလာတာလေ၊ ဘယ်သူ့မှ မရောင်းပါနဲ့..ဝ ယူပါ့ …၊ ဝ အခုပဲ ယူသွားတော့မယ်"

ဟု ပြောဆိုပြီး ဝက်နှစ်ကောင်ဖိုးအတွက် ကျသင့်ငွေကို အကုန် …ရာ ဝက်နှစ်ကောင်ကို ကြိုးချည်ပြီး ဆွဲခေါ်သွားလေတော့သည်။ … …ရောက်သောအခါ အသင့်ပြုလုပ်ထားသော ဝက်ခြံတွင် ဝက်နှစ်ကောင်



www.burmeseclassic.com

ကို အစာကျွေးပြီး ထည့်ထားလိုက်လေ၏ ။

ရွာမှ မြို့သို့ လာရသည်မှာ အတော်လေး ဝေးလှ၏ ။ ကျင်စိန် ဆရာတပည့်နှစ်ယောက် ပင်ပန်းနေကြပြီ၊ အိမ်ရောက်တော့ မိုးချုပ်နေ ပဲ၊ ဆာဆာနှင့် ထမင်းစားလိုက်ကြ၏ ။ တဝစားပြီးသည်နှင့် ခြေပစ်၊ လက် ပစ် အိပ်လိုက်သည်မှာ ည(၁၁)နာရီ ထိုးမှ ဆရာတပည့်နှစ်ယောက် နိုး သည်၊

ဝက်သံမကြားရ၍ လက်နှိပ်ဓာတ်မီးကိုယူပြီး အလျှင်အမြန် အောက်ကို ဆင်းလိုက်၏ ။ ဝက်ခြံတံခါးကို ဖွင့်၍ ဓာတ်မီးဖြင့် ထိုးကြည့် လိုက်သောအခါ -

ပေါက်ဖော် ဆရာတပည့်နှစ်ယောက် အံ့သြဖြင်းမက အံ့သြ ကြလေ၏ ။ ဝက်ကြီးနှစ်ကောင် မရှိတော့ပါ၊ ချောပေ၊ လှပေ့ဆိုသော ဝ ကြီးနှစ်ကောင်၏ နေရာတွင် ခြင်းကြားကြီးနှစ်လုံးသည် နေရာယူ၍ တရ ပေါက်ဖော်နှစ်ယောက်အား မျက်စပစ်ပြနေသည့်အလား . . ရှိချေတော့

ပေါက်ဖော် ကျင်စိန် ဒေါသပုန် ထလေပြီ၊

ခု ချက်ချင်းပင် သူတော်ဆီ လိုက်သွားချင်သည်၊ ညဘက် အချိန်မတော်ဖြစ်နေသည်က တစ်ကြောင်း၊ ခရီးက ဝေးလွန်းသည် တစ်ကြောင်း၊ အကြောင်းကြောင်းများကြောင့် ပေါက်ဖော် ကျင်စိန်လို ချင်သော်လည်း မလိုက်နိုင်၊ စိတ်ကို လျှော့လိုက်ရသည်၊

ဒေါသမီးသည် တောက်လောင်ဆဲ . . ည(၁၂)နာရီကျော်နေ လေ၊ ပြန်အိပ်သော်လည်း အိပ်မပျော်တော့၊ "မိုးလင်းပါစေ . . မြန်မြန်လင်း တော့"ဟု ပေါက်ဖော် ကျင်စိန် ဆုတောင်းနေမိရုံကလွဲ၍ ဘာများ တတ် နိုင်ဦးမည်နည်း၊

❖

"အေးမြရေ . . တို့အပူတော့ ငြိမ်းသွားပြီ၊ ဒီမှာ ရော့ . . ငွေထု ကြွေးရှင်ကို ပေးစရာရှိတဲ့ ငွေ အကြေသာ ပေးလိုက်တော့၊ ပိုနေတဲ့ ငွေ လေးကို ကျစ်ကျစ်လစ်လစ် သိမ်းထားနော် . . အေးမြ"

"အေးပါတော် . . ကျုပ် အခု သွားပေးမှာပါ . . ပိုတဲ့ငွေကို ကျ





ကျစ်ကျစ်လစ်လစ် သိမ်းထား မယ် တော်"

"အေး . . အေး၊ တို့ အပူတော့ အေးသွားပြီ၊ အေးသေးတာက ဟို တရုတ် ပေါက်ဖော်၊ ဆရာတပည့် နှစ် ယောက်ပဲ၊ အခု ညဘက်ကြီး တော့ ဘယ်လိုမှ လာမှာ မဟုတ်ဘူး၊ မနက်မိုးလင်းတာ ရောက်လာမှာ သေချာတယ်"

"မနက်မိုးလင်းတာနဲ့ ရောက်မှာ . . ဟုတ်လား ကိုသူတော်"

"ဟုတ်တယ် . . မိုးလင်းတာနဲ့ ရောက်မှာ၊ ငါပြောမယ် . . မနက်ကို စောစော၊ သူတို့နှစ်ယောက်ကို ကြည့်နေ၊ လာတာတွေ့တာနဲ့ ငါ အိပ် ခန်းထဲမှာ ဝင်အိပ်နေမယ်၊ အေးမြက ခြံထဲ ဆင်းနေ"

"ခြံထဲ ဆင်းပြီး ထင်းခွဲနေမယ် တော် . . မကောင်းဘူးလား"

"ကောင်းတယ် . . ကောင်းတယ်၊ တရုတ်ပေါက်ဖော် နှစ်ယောက် ရောက်လာပြီး ငါ့ကို ဘယ်မှာလဲလို့ မေးလိမ့်မယ်၊ အိပ်ခန်းထဲမှာ အိပ်နေ တယ်လို့ ပြော၊ နှိုးပေးပါဆိုရင် ကျုပ် မနှိုးရဲဘူး၊ ရှင်တို့ ကိုယ်တိုင် သွားနှိုးလို့ ပြော . . ငါပြောတာ သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ် တော် . . ပေါက်ပါတယ်၊ တစ်ခါပြောတာနဲ့ ကျုပ် နားလည်ပါတယ်"

"အေးပါ . . အေးမြ၊ နားလည်ရင် ပြီးတာပါပဲ၊ ကဲ . . တို့ လင်မယား ယောက်လည်း သောကတွေ ပင်လယ်ဝေနေလို့ အိပ်ပျက်ညတွေ များ ပြီ၊ သည်ညတော့ နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်ပစ်လိုက်တော့ . . ပျော်ပျော် သာ အိပ်တော့ အေးမြရေ . . မနက်ကျရင် စောစောထနော်"

အာရုံဦး အာရုံတက်၊ ဝေလီဝေလင်းအချိန်၊ ကျေးငှက် သာကော ၏ ကျီကျီကျာကျာ တေးဆိုသံကိုလည်း ကြားနေရပြီ၊ ကိုသူတော်တို့ င်မယားနှစ်ယောက်၊ စောစောနိုးနေကြပြီလေ၊ အေးမြကျော်ရေးသော



www.burmeseclassic.com

www.burmeseclassic.com





ပဲပြုတ်နှင့် ထမင်းကြော်ကိုလည်း နှ
ယောက်သား စားပြီးကြပြီ။

ရေနွေးပူပူကို မှုတ်၍ မှုတ်၍
သောက်ကောင်းနေစဉ် –

"ဟယ် . . ဘယ်အချိန်
ထပြီး ကဆုန်ပေါက် ရောက်လာတာ
မသိဘူးတော် . . ဟိုမှာ လာနေကြ
တရုတ်ပေါက်ဖော် နှစ်ယောက်"

"ကဲ . . ကိုသူတော် . . ရှ
အိပ်ခန်းထဲ မြန်မြန်ဝင်ပေတော့ . . ကျ
လည်း စားမ ဆွဲပြီး ခြံထဲ ဆင်းတော့မယ်

မှန်ပါသည်။

မိုးတောင် ကောင်းကောင်း
မလင်းချင်သေး၊ တရုတ်ပေါက်ဖော် နှစ်ယောက် ကဆုန်ပေါက် ရော
လာကြသည်။

သူတော်သည် အိပ်ခန်းထဲသို့ဝင်သွားပြီ၊ အေးမြသည် စားမ
ပြီး ခြံထဲဆင်း၍ ထင်းဖြတ်နေသည်၊ မကြာလိုက်ပါ၊ တရုတ်ပေါက်
ဆရာတပည့်နှစ်ယောက် အေးမြ ထင်းဖြတ်ရာနေရာသို့ ရောက်လာ
သည်၊

"ခင်ဗျား ယောကျာ်း မီကောင်းဘူး၊ မီကောင်းဘူး၊ ဝကို လိ
တယ်၊ ညာတယ်၊ ဝ အားကြီး စိတ်ဆိုးတယ်။ ခု သူ ဘယ်မှာလဲ၊ ဘယ်သွာ
လဲ၊ ပြော . . ပြော ဝ စာရင်း အပြတ်ရှင်းရမယ်"

"ကိုသူတော် ဘယ်မှ မသွားဘူး၊ အိပ်ခန်းထဲမှာ အိပ်နေတယ်"

ဟု အေးမြသည် စကားကို ခပ်ပြတ်ပြတ် ပြောလိုက်သည်၊

"အိပ်နေတယ် . . ဟုတ်လား။ ဝကို နှိုးပေး၊ ဝကို နှိုးပေး၊ သူနဲ့
စာရင်းရှင်းလို့ရမှာ . ."

"ကျုပ် .. မနှိုးရဲပါဘူးတော်၊ သူ အိပ်လို့ လာနှိုးရင် ကြိုက်တာ
မဟုတ်ဘူး၊ စာရင်းကို အပြတ်ပဲ ရှင်းရှင်း၊ မပြတ်တပြတ်ပဲ ရှင်းရှင်း





ပေါက်ဖော် ကိုယ်တိုင် သွားနှိုး"

"ဒါဆိုလည်း ဝ သွားနှိုးမယ်"

ဆိုပြီး ပြောပြောဆိုဆို အိမ်ပေါ်သို့ ပြေးတက်သွားပါတော့သည်၊

အိမ်ပေါ်သို့ရောက်ပြီး အိပ်ခန်းဝသို့ အဝင်၊ မြင်လိုက်ရသော
မြင်ကွင်းသည်ကား၊ သူတော်သည် ပက်လက်အနေအထားဖြင့် လူသေ
ကောင်ကြီးအလား . . စန့်စန့်ကြီး ရှိနေလေ၏၊

"အင်း . . ကြည့်ရတာ မသာကြီးကျနေတာပဲ၊ သေချင်ယောင်
ဆောင်နေတာလား၊ အိပ်ချင်ယောင် ဆောင်နေတာလား . ."

ဟု တရုတ်ပေါက်ဖော် ကျင်စိန် အတွေးဝင်မိသည်၊

ရောက်ရောက်ချင်းပင် ပေါက်ဖော်ကျင်စိန်သည် သူတော်၏
ပေါင်ကို ခြေမဖြင့် ကုတ်၍ ကုတ်၍ အသံကုန်အော်ပြီး နှိုးလေ၏၊

"ကိုသူတော် . . ထ ထ၊ ဝ စာရင်းရှင်းမယ်၊ ထလေ ဗျာ"

ကိုသူတော်သည် တုတ်တုတ်မျှ မလှုပ်၊ ဒုတိယအကြိမ် ခြေမနှင့်
နာနာလေး ကုတ်ပြီး ထပ်ခေါ်ပြန်သည်။

"ကိုသူတော် ထဗျာ၊ ဝ စိတ်ဆိုးလာပြီ၊ မြန်မြန်ထ . . ဝ စာရင်းရှင်း
မယ်"

ကိုသူတော် မတုန်မလှုပ်၊ မသာရုပ်အတိုင်းသာ ရှိနေ၏၊ တတိယ
အကြိမ်မြောက် တရုတ်ပေါက်ဖော် ကျင်စိန်သည် သူတော်ပေါင်ပေါ်တွင်
ခြေမိုးဖြင့် နာကျင်အောင် ဖိပြီး နှိုးပြန်သည်၊

"သူတော် . . ထဗျာ၊ ခင်ဗျား လွန်နေပြီ၊ ထတော့လေဗျာ . . အချိန်
မရှိတော့ဘူး၊ ဝ စာရင်းရှင်းချင်လှပြီ၊ ထပါဗျာ . . ထပါ"

သူတော်သည် တစ်ချက်လေးမျှ အနေအထား မပျက်၊ မလှုပ်
မယှ မလှုပ် . . မသာရုပ်ပဲ ဖြစ်နေပါတော့သည်။

"ကဲ . . မထူးတော့ပါဘူး၊ နောက်ဆုံးအနေနဲ့ မနိုးနိုးအောင် နှိုး
မယ်" ဟု . .၊

အတွေးဝင်ပြီး သူတော်၏ညာလက်ကို တရုတ်ကျင်စိန်သည် သူ
၏ လက်နှစ်ဘက်ဖြင့် တအားကုန် ဆောင့်ဆွဲပြီး –

"သူတော် ထဗျာ . . ထ ထ" ဟု အော်ခေါ်ပြီး နှိုးလိုက်သည်တွင်၊



www.burmeseclassic.com

www.burmeseclassic.com





သူတော်၏ လက်သည် တစ်တောင် ဆစ်မှနေ၍ တိတိရိရိ ပြတ်သွားသည်။ လက်ချောင်း ငါးချောင်းသည် တရုတ် ကျင်စိန်၏ လက်မောင်းကို ကျစ်ကျစ်ပါအောင် ကုတ်တွယ်ထားလေသည်။

တရုတ်ကျင်စိန် အလန့်ကြီး လန့်ပြီး အထိတ်ကြီး ထိတ်သွား၏ ၊ လက်မောင်းကို ကျစ်ကျစ်ပါအောင် ကုတ်တွယ်ထားသော လက်ချောင်း လေးများကို ခွာသည်၊ မကွာရေး မကွာ၊ အခါခါ ခွာချလည်း ကွာမကျ၊ ပို၍ ကုတ်တွယ်ထားသောကြောင့် ကျင်စိန် လက်မောင်းများ ပို၍ ပို၍ နာ လာသည်၊

တရုတ်ပေါက်ဖော် ကျင်စိန်၏ အာရုံသည် လက်ပြတ်ကြီးပေါ်၌ ရှိနေ၏ ၊ အလန့်လန့်၊ အထိတ်ထိတ် ဖြစ်နေသည်၊ လက်ကို အကြိမ်ကြိမ် အခါခါ ခွာချနေပါသော်လည်း လက်ချောင်းလေးများသည် ကွာကျ မလာ တင်းတင်းကြပ်ကြပ် ကုတ်တွယ်ထားသောကြောင့် တရုတ်ကျင်စိန်၏ လက်မောင်းသည် ပို၍ ပို၍သာ နာနေပါတော့သည်၊

နာနေရင်းမှ အထိတ်ထိတ် အလန့်လန့် ရှိနေသည့်ကြား သူတော်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်သောအခါတွင် ..၊ အလန့် အထိတ် ရှိနေရာမှ အကြောက်တရားတို့သည် အစွန်ဆုံး၊ အထွဋ်အထိပ် သို့ ရောက်ရှိသွားပါတော့သည်။

တရုတ်ပေါက်ဖော် ကျင်စိန် ပြူးသွားသည်။ (မျက်လုံး)အကြောက်ကြီး ကြောက်သွားသည်၊ တစ်ခေါင်းလုံးရှိ ဆံပင်များသည် ထိုးထောင်ထောင် ဖြစ်သွားသည်ဟု ထင်မှတ်လိုက်ရသည်၊

သူတော်၏မျက်နှာသည် သူတော်မျက်နှာ မဟုတ်တော့ပေ လွန်စွာမှ ကြောက်စရာကောင်းလွန်းသော မျက်နှာ၊ သူတော်၏ မျက်နှာ





ပျောက်ပြီး ဆိုးဝါးသော သရဲမျက်နှာ ပေါက်နေပါတော့သည်၊

ကြောက်စရာ ကောင်းလိုက်ပါဘိ၊

မျက်လုံးနှစ်လုံးသည် ကြောက်စရာကောင်းလောက်အောင် အပြင်သို့ ပြူးထွက်နေသည်၊ သွားများပေါ်ပြီး အပြင်သို့ ထွက်နေသည်မှာ ခြောက်လက်မခန့် ရှိလိမ့်မည် ထင်၏ ၊ လျှာသည် အပြင်သို့ ထွက်နေသည် မှာ တစ်တောင်ရှိလိမ့်မည်၊ ရင်ဘတ်ပေါ်၌ တင်နေ၏ ၊ နားသည် ကြီးမှ ကြီး၊ အကြီးကြီး.. နာခေါင်းသည် ပိပြားနေ၏ ၊ နာခေါင်းပေါက်တော့ ရှိမည် ထင်၊

ဤ .. သို့ လွန်စွာမှ ကြောက်စရာကောင်းလွန်းသော ကြောက် စရာမျက်နှာကြီးကို မြင်လိုက်ရသောအခါ -

ပေါက်ဖော် ကျင်စိန်သည် သူ၏လက်မောင်းတွင် ကုတ်တွယ် ထားသော လက်ပြတ် တန်းလန်းကြီးနှင့်ပင် အကြောက်ကြီး ကြောက်ပြီး -

"အောင်မယ်လေး .. သရဲခြောက်တယ်" ဟု အော်ပြီး အိပ်ခန်းထဲ သည် အပြင်သို့ အမြန်ဆုံး ထွက်၍၊ ခြံထဲသို့ ကဆုန်ပေါက် ပြေးသွားပါ တော့သည်၊

အော်ပြီး ပြေးဆင်းလာသော ပေါက်ဖော် ကျင်စိန်ကို သူတော်၏ ဇနီး အေးမြ မြင်လိုက်ရသောအခါ -

"ပေါက်ဖော် .. ရှင် ရှင် ကျွန်မ ယောကျာ်းလက်ကို ဖြတ်လိုက် သယ်၊ ရှင့်ကို ရဲတိုင်မယ်၊ ဂါတ်ကို တိုင်ဖြစ်အောင် တိုင်မယ်" ဟု အေးမြ သည် ပေါက်ဖော်ကျင်စိန်ကို လက်ညှိုးထိုးပြီး ရန်တွေ့လေတော့သည်၊

"မဟုတ်ဘူး .. မဟုတ်ဘူး .. ဝ မဖြတ်ဘူး .. သူ့အလိုလိုပြတ်ပြီး လက်ထဲ ပါလာတာ"

"ဘာ ! .. သူ့အလိုလို ပြတ်တာလဲ၊ မဖြတ်ဘဲနဲ့ မပြတ်ဘူး၊ ရှင် ဖြတ်လို့ ပြတ်တာပေါ့၊ ကျွန်မ ယောကျာ်း လက်ကို ရှင်ဖြတ်တာ၊ ကဲ .. ဘာ ပြောဦးမှာလဲ၊ ဘာညာဦးမလဲ .. ရှင်ကို ရဲနဲ့ တိုင်ကိုတိုင်ရမယ်"

"ဝ မညာပါဘူး .. စိမ်ပြောဆို .. စိမ်ပြောပါတယ်၊ တီကာယ်ပါ .. ဝ ဖြတ်ဘူး .."

ဟု ပြောပြောဆိုဆိုပင် လက်ပြတ်တန်းလန်းကြီးနှင့် ကြောက်



www.burmeseclassic.com

www.burmeseclassic.com



အားကြီးစွာဖြင့် ဖဝါးနှင့်တင်ပါး တသားတည်း ကျအောင် ပြေးသွား
တော့သည်။

တစ်ရှိန်လုံး ထချည် . . တစ်ခါ၊ ထိုင်ချည် တစ်လှည့်ဖြင့် စော
နေရရှာသော ကျင်စိန်တပည့်၊ ဟုတ်စိန်သည် ယခုလို သူ၏ဆရာဖြစ်သူ
သည် လက်ပြတ်တန်းလန်းကြီးနှင့် ကမျောသောပါး ထွက်လာပြီး ဖဝါးနှ
တင်ပါး တစ်သားတည်းကျအောင် ပြေးသွားသောအခါ . .။

ဟုတ်စိန်လည်း မနေသာတော့။ ဘာရယ်၊ ညာရယ် မသိ၊ ဆေ
၍ ယောင်၍ ဆရာ့နည်းတူ ဖဝါးနှင့်တင်ပါး တစ်သားတည်းကျအောင် ဆ
နောက်သို့ ပြေးလိုက်ပါတော့သည်။

ပြေးရင်းလွှားရင်းလည်း လက်ပြတ်ကြီးကို ခါခါချနေမိသည်
လက်ပြတ်ကြီးသည် ကျွာမကျနိုင်။ ခိုင်နေသည် ထင်၏ ၊ အတော်လှ
လှမ်း၊ ဝေးဝေးကြီး တစ်နေရာ လယ်ကွင်းအစပ်ရောက်မှ မခါချဘဲနှင့် ကျ
ကျလေတော့သည်။

အကြိမ်ကြိမ် အခါခါ ခွာချခဲ့စဉ်က ကွာမကျခဲ့။ အခုမှ မခွာရ
ကွာကျလာသည့်အဖြစ်က အဆန်းသား။ အံ့ဩစရာလည်း ကောင်းလှ
ပါဘိတော့။ သည်တော့မှ ဆရာဖြစ်သူ ပေါက်ဖော်ကျင်စိန်သည် လူပေ
စိတ်ပေါ့ ဖြစ်သွား၏ ။ လူလန်း၊ စိတ်လန်း ဖြစ်နေပြီ။ လက်ပြတ်ကြီးမှ
တော့ဘဲကိုး။ သို့သော် . . ကြောက်စိတ်က မပြယ်သေး။

ဂမ္ဘီရဆန်လွန်းသော ထူးခြားဆန်းကြယ်လှသော လွန်စွာမှလည်
ကြောက်စရာကောင်းလွန်းသော ကိုယ်တွေ့ကြုံ၊ ဖြစ်ရပ်မှန် ဇာတ်လမ်
ကို ပေါက်ဖော်ကျင်စိန်သည် တပည့်ဖြစ်သူ ဟုတ်စိန်ကို လမ်းသွားရင်
ပြောပြလိုက်သောအခါ . .။

နားထောင်နေသူ ဟုတ်စိန်သည် ကိုယ်တွေ့ကြုံသူ ကျင်စိ
ထက် နားထောင်ရင်း . . နားထောင်ရင်း၊ လမ်းသွားရင်း . . လမ်းသွားရင်
အကြောက်တရားတွေပို၍၊ ကြောက်ချီးများ ပါကုန်ပါတော့သည်။

သည်လိုနှင့်ပင် မြို့ပေါ်ရှိ အိမ်သို့ ရောက်သွားကြပါတော့သည်

မိအေးနှစ်ခါ နာရုံသာမကဘူး။ သုံးခါပဲ နာနာ၊ နာချင် နာပါ
တော့။ ဝက်နှစ်ကောင်ဘိုး ပြန်မရလည်း နေပါစေ။ ဆုံးရင်လည်း ဆုံးပါ





တော့။ ဂါတ်လည်း မရောက်ချင်ဘူး။ ရဲနဲ့လည်း မျက်နှာချင်း မဆိုင်ချင်ဘူး။
ရှုလည်း မပါတ်ချင်ပါဘူး။ သရဲ ရုပ်ပေါက်နေတဲ့ သူတော်မျက်နှာလည်း
ခါ ပြန်မကြည့်ပါရစေနဲ့တော့ . .”

ဟု အကြောက်ကြီး ကြောက်၊ အလန့်ကြီး လန့်ပြီး ရင်ထိတ်၊
ည်းတုန်ဖြစ်ခဲ့ကြသော ပေါက်ဖော် ကျင်စိန်နှင့် ဟုတ်စိန် . . ဆရာတပည့်
ယောက်တို့သည် သူတော်ဆီသို့ ဘယ်သောအခါမှ ပြန်သွားကြတော့
ည် မဟုတ်ချေ။

မြွေပါလည်း ဆုံး၊ သားလည်း ဆုံးချင်၊ ဆုံးပါစေတော့လေ၊ သူ
တော်ဆီသို့ မသွားရေးချ၊ မသွားတော့ဟု ဆုံးဖြတ်ချက် ချလိုက်ပါတော့
သတည်း။

❖

ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် ပဉ္စလက်နည်း၊
ည့်စားခြင်း အတတ်ပညာဖြင့် ပြုလုပ်လိုက်ရခြင်းကြောင့် သူတော်၏
င်သဲတွင် စိတ်မကောင်းခြင်း များစွာ များစွာဖြင့် . .။

တ်ချက်။ ။ ဟိုး . . . လွန်ခဲ့သော အချိန်ကာလ၊ စာရေးသူ မူလ
န်းကျောင်းသားဘဝ ရှိစဉ်က အဖိုးပြောပြခဲ့ဖူးသော ဖြစ်ရပ်မှန် ဇာတ်
မ်းသည် ဂမ္ဘီရ ဆန်လွန်းသည်။

ထူးခြားဆန်းကြယ်လွန်းသည်။ လျှို့ဝှက် နက်နဲသည်။
န်စွာမှလည်း ကြောက်စရာကောင်းလွန်းနေသည်။ အံ့ဩစရာ ကောင်း
န်းပါဘိ။

သည်ကြောင့် အဖိုးကို သတိရခြင်း များစွာ၊ များစွာဖြင့်
ဤသို့ မှတ်တမ်းတင်၍ ဇာတ်လမ်းဆင် ရေးသားအပ်ပါသည်။

သုခ် အဏ္ဏာနံ ပရိဟရန္တု

**မောင်လေးအောင်(သန်လျင်)**

❑




www.burmeseclassic.com

www.burmeseclassic.com







ရေနံမြေ ခရေ

# ပုံရိပ်

- မကျွတ်မလွတ်သူ တစ်ဦး၏ ခြောက်လှန့်မှု
- အရက်သောက်ခြင်း၊ တရုတ်အမဲစားခြင်းကို
မကြိုက်နှစ်သက်တဲ့ တစ္ဆေ
- ကြမ္မာဆိုး၊ ကံဆိုးသောနေ့ကို ဆိုက်ရောက်လာခဲ့သော
မိသားစုနှင့် ညီအစ်ကိုနှစ်ဦး၏ အတွေးများ၊ အမြင်မှားမှုများကြောင့်..။

www.burmeseclassic.com

www.burmeseclassic.com



"မပေးနိုင်ဘူး . .
မောင်လေးအတွက်ပဲ
ကျန်တော့တယ်"
"နင့် လင်ငယ်ကျတော့
စေတနာရှိတယ်ပေါ့ . . ငါ့ကျတော့
စေတနာ မရှိဘူးပေါ့ . . ဟုတ်လား"

"ကိုဝင်းအောင် . . ခင်ဗျား ရာထူးတက်လို့ ပဲခူးကိုပြောင်းရမယ် ခင်ဗျားကို ဂုဏ်ပြုပါတယ်"

"ဘယ်တော့ ပြောင်းရမလဲ"

"ဒီလကုန် ပြောင်းရလိမ့်မယ်၊ ခင်ဗျား မရှိတော့ ကျွန်တော် ပျင်းနေမှာပဲ"

ကိုဝင်းအောင်မှာ ဌာနတစ်ခုမှ အရာရှိတစ်ဦးဖြစ်သည်၊ ယ ရာထူးတက်၍ ပဲခူးသို့ ပြောင်းမိန့်ကျလာသည်၊ ကိုဝင်းအောင် အလုပ်ဆင်း သည်နှင့် အိမ်ကိုပြန်လာသည်၊ အိမ်ရောက်ရောက်ချင်း သူပြောင်းရမည့် အကြောင်း သူ့ဇနီးအား ပြောလိုက်သည်၊

"ကျွန်မတို့ ဘယ်တော့ ပြောင်းရမှာလဲ"

"ဒီလကုန်ရင် ပြောင်းရမယ်၊ မင်းသိမ်းစရာရှိတာတွေကို အ ကတည်းက သိမ်းထားလိုက်တော့"

ကိုဝင်းအောင်ဇနီး မလေးရွှေမှာ ဒီအိမ်က မပြောင်းချင်၊ ဒါပေ မယ့် သူ့ယောကျ်ားသွားတဲ့နောက် သူလိုက်ရမည်။ ကိုဝင်းအောင်တွင် သားနှင့်သမီး နှစ်ယောက်ရှိသည်၊ တစ်ယောက်မှ ကျောင်းမနေသေး



သောအခါ ကိုဝင်းအောင်တို့မိသားစု ပဲခူးကို ပြောင်းလာကြသည်၊

ပဲခူးရောက်တော့ သူတို့ဌာနကပေးထားသော တိုက်ခန်းတွင် ကြသည်၊ သူတို့နေရမည့် တိုက်ခန်းမှာ နှစ်ထပ်တိုက်ကလေး ဖြစ်ပြီး တွေ အများကြီးရှိသည်၊ မြို့ကြီးမှာလည်း အကျယ်ကြီးပါ၊ သူတို့နေ ရပ်ကွက်မှာ ဆိတ်ငြိမ်၍ တိတ်ဆိတ်နေသည်၊

နားအေးပါးအေးနေတတ်သော ကိုဝင်းအောင်တစ်ယောက်၊ ကို သဘောကျသွားသည်၊

"မိန်းမ . . ဒီတိုက်ခန်းကို သဘောကျလား"

"သဘောကျပါတယ် . . တိတ်ဆိတ်နေတာပဲ"

ကိုဝင်းအောင်တို့ လင်မယား၊ ထိုအိမ်ရောက်မှ စိတ်ချမ်းသာနေ ၊ ယခင်နေခဲ့တဲ့အိမ်က ကျဉ်းပြီး အိမ်ချင်းကပ်နေသဖြင့် ဆူညံနေ ၊ ဒီအိမ်ရောက်မှ နားအေးသွားသည်၊ ကိုဝင်းအောင်မှာ ခွင့်တစ်လ ၍ ရုံးစတက်ရသည်၊

ရုံးကဝန်ထမ်းတွေအားလုံးကလည်း ကိုဝင်းအောင်ကို လူသစ် သောမထားဘဲ ခင်မင်ရင်းနှီးစွာ ဆက်ဆံကြသည်၊ ကိုဝင်းအောင် အလုပ်စဆင်းသည့်နေ့မှစ၍ မနားရပါ၊ အိမ်ကိုမိုးချုပ်မှ ပြန်ရသည်၊

"မိန်းမ . . ကိုယ် ဒီနေ့ အိမ်ပြန်နောက်ကျမယ်၊ အလုပ်မပြီးသေး မှာ အိပ်ရင် အိပ်ရမယ်၊ ကိုယ့်ကို စောင့်မနေနဲ့ . . အိပ်နှင့်ကြနော်"

"ကျွန်မတို့အတွက် စိတ်မပူပါနဲ့၊ အလုပ်ကို စိတ်ချလက်ချသာ"

"ကဲ . . ကိုယ်သွားတော့မယ်နော်၊ တံခါးကို သေချာပိတ်ထားဦး"

"ဟုတ်ကဲ့ . ."

ကိုဝင်းအောင် မှာစရာတွေမှာ၍ ရုံးကိုထွက်ခဲ့သည်၊ မလေးရွှေ ယောက် ည(၇)နာရီထိုးသောအခါ ကလေးတွေကို ထမင်းကျွေး သည်၊ သူကတော့ ကိုဝင်းအောင်ကို စောင့်ရင်း(၈)နာရီထိုးသော ကိုဝင်းအောင်ကိုမစောင့်တော့ဘဲ၊ ထမင်းစားလိုက်သည်၊

ည(၉) နာရီထိုးသောအခါ ကလေးတွေကို သိပ်ပြီး သူကတော့ သေးဘဲ ကိုဝင်းအောင်ကို စောင့်ရင်း စာဖတ်နေသည်၊ ည(၁၀)နာရီ



www.burmeseclassic.com

www.burmeseclassic.com



ရောက် တော့ အိပ် ချင်...
သည်။
“အင်း . . ဒီအ...
ရောက်မှတော့ သူ မလာ...
ပါဘူး။ ငါလည်း အိပ်ချင်...
ပြီ။ မစောင့်တော့ ဘူး”
မလေးရွှေ တံခါး...
အကုန်ပိတ်ပြီး အိပ်ရာ...
သည်။ မီးတွေကို ဖွင့်ထား...
မလေးရွှေ မှေးခနဲ အိပ်...
သွားသည်။ ဘယ်လော...
တောင် အိပ်ပျော်သွားမှန်း...
မလေးရွှေ စိတ်ထဲ သူ့ကို...
တစ်ယောက် က ကြည့်နေသလို ခံစားရသည်။

သူ လန့်ပြီး မျက်လုံးဖွင့်ကြည့်လိုက်ရာ သူ့အား လူတစ်ယော... က အခန်းဝတွင် လက်ထောက်၍ ကြည့်နေသည်။ အသားက မဲမဲ... က တစ်ခေါင်းလုံး ကောက်နေသည်။ အပေါ်ပိုင်း ဗလာအောက်ပိုင်း... ဘောင်းဘီတိုဝတ်ထားသည်။

သူ့ကို ရီပြုံးပြီး ကြည့်နေသည်။ သွားတွေက ဖွေးပြီးဖြူနေ... သူ့တစ်ကိုယ်လုံးမှာ သွားတွေက အဖြူဆုံးဖြစ်သည်။ မလေးရွှေ လ... အော်လိုက်သည်။

“အမလေး . .”

မလေးရွှေ အော်ပြီး မျက်လုံးမှိတ်ထားလိုက်သည်။ တစ်အော... ကြာတော့ မလေးရွှေ မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့ကို မတွေ့ရ... ပါ။ သူ အခန်းပြင်ထွက်ကြည့်သော်လည်း အရိပ်အယောင်တောင် ... ရပါ။ တံခါးတွေကို လိုက်ကြည့်သော်လည်း တံခါးတွေ အကုန်လုံး ... ရက် တွေ့ရသည်။ သူ ပြန်အိပ်၍ မရ။ နာရီကြည့်လိုက်တော့ (၄)နာ... နေပါပြီ။



ထို့ကြောင့် ပြန်မအိပ်တော့ဘဲ ထမင်းအိုးတည်ထားပြီး လုပ်စရာ ...ည်များကိုလုပ်ရင်း မိုးလင်းလာသည်။ နံနက်(၇)နာရီထိုးတော့ ကို ...အောင် ရောက်လာသည်။ မလေးရွှေ ညက အဖြစ်ကို ကိုဝင်းအောင် ...ပြောဘဲ ထားလိုက်သည်။ ပြောရင်လည်း ယုံမည်မဟုတ်ပါ။

နောက်နေ့တွေ ကိုဝင်းအောင် ရုံးက စောစောပြန်လာ၍ တော် ...သည်။ အဲဒီနောက် သူ့ကို မတွေ့ရတော့ပါ။ ဒါပေမယ့် သူ့ပုံရိပ်က ...ရွှေမျက်စိထဲ ဆွဲနေသည်။ တခြား သူတို့မိသားစုကို နှောင့်ယှက် ...မရှိပေ။

နောက်နှစ်လကြာသောအခါ ရုံးက ကိုဝင်းအောင်ကို ရန်ကုန်ရုံး ...ရုံးကိစ္စဖြင့် သွားရန် တာဝန်ပေးသဖြင့် မနက်ဖြန် ရန်ကုန်သွားရန် ...အိမ်ကို အစောကြီး ပြန်လာသည်။

“ကိုဝင်းအောင် . . ရှင် အိမ်ကို ပြန်လာတာ စောလှချည်လား”

“ကို . . မနက်ဖြန် ရန်ကုန်ရုံးကို ရုံးကိစ္စနဲ့ သွားရမယ်”

“ဘယ် နှစ်ရက်ကြာမှာလဲ”

“အဲဒါတော့ ပြောလို့မရဘူး။ ရုံးကိစ္စပြီးမှ ပြန်လာရမှာ . . ကလေး ...ကို ဂရုစိုက်နော်”

“စိတ်ချပါ . . ရှင်သာ ကျန်းမာရေးကို ဂရုစိုက်”

ကိုဝင်းအောင် နောက်နေ့မနက်အစောကြီး ရန်ကုန်ကို ထွက် ...သည်။ အိမ်တွင် မလေးရွှေတို့ သားအမိသုံးယောက်သာ ကျန်ခဲ့သည်။ ...နာရီ သားအမိသုံးယောက်၊ ထမင်းစားပြီး ကလေးတွေက ကစားနေ ...လေးရွှေက စာဖတ်နေသည်။ ည(၁၀)နာရီထိုးတော့ မလေးရွှေ အိပ် ...ာသည်။

“ကလေးတွေက မအိပ်ကြသေးဘူးလား။ အမေ အိပ်ချင်လာပြီ”

မလေးရွှေ အိမ်တံခါးတွေ အကုန်ပိတ်ပြီး ကလေးတွေကို ခေါ်၍ ...ဝင်ခဲ့သည်။ မလေးရွှေ အိပ်၍ မကြာသေး . . လန့်ပြီး နိုးလာသည်။ ...မျက်စိကိုဖွင့်ကြည့်လိုက်တော့ သူ့မျက်နှာပေါ် မိုးပြီး လူတစ်ယောက် ...ကြည့်နေသည်ကို မြင်လိုက်ရသဖြင့် လန့်အော်လိုက်သည်။

“အမလေး . . လုပ်ကြပါဦး”



www.burmeseclassic.com

www.burmeseclassic.com

သူ့ခအော်သံကြောင့် သူ အနားက ထွက်သွားသည်၊ သူ အိ
ရာမှထ၍ အပေါက်ဝကို ကြည့်လိုက်သည်၊ နောက်ကျောကိုပဲ မြင်
သည်၊ ဒါပေမယ့် သူ သိသည်၊ ဟိုနေ့က တွေ့လိုက်သော လူပါ၊
တံခါးကို ပိတ်ထားလျက်နဲ့ ဘယ်လိုဝင်လာပါလိမ့်၊ ထွက်သွား
လည်း အခန်းတံခါးက ပိတ်လျက်ပါ၊

သူ မတွေးတတ်အောင် ဖြစ်နေသည်၊ ကြောက်စိတ်တွေ
တော်တော်နှင့် မပြေ၊ အပြင်လည်း သူ မထွက်ရဲပါ၊ နောက်ဆုံး က
တွေ အိပ်နေသော စုတင်ကိုသွား၍ ကလေးတွေနှင့်အတူ ရော အိ
လိုက်သည်၊ ညက အိပ်ရေးပျက်သဖြင့် မနက်နေမြင့်မှ နိုးသည်၊
ရွှေ ညကအဖြစ်ကို မြင်ယောင်ပြီး ကြောက်နေမိသည်၊

နေ့လယ်ရောက်တော့ ကိုဝင်းအောင် ပြန်လာသည်၊
အောင် ပြန်လာမှ မလေးရွှေ စိတ်ချမ်းသာတော့သည်၊ သူ ကြုံတွေ့ရ
အဖြစ်ကို ကိုဝင်းအောင်အား ပြောပြချင်သော်လည်း ယုံမည်မဟုတ်
ကြောင့် အခု မပြောသေးဘဲ ကိုဝင်းအောင် ရုံးမှာ ညအိပ်တော့မှ ပြော
ဟု ဆုံးဖြတ်လိုက်သည်၊

❖

"မမ . . တံခါး ဖွင့်ပါဦး"

"ဘယ်သူလဲ . . ညမိုးချုပ်ကြီး"

"မမမောင် . . တင်ထွန်းပါ"

မလေးရွှေ တံခါးဖွင့်ပေးလိုက်သည်၊

"မင်း . . ည မိုးချုပ်ကြီး ဘယ်က လှည့်လာတာလဲ"

"မမဆီကို တမင်လာတာ . . ဒီကိုအစောကြီး ရောက်နေတာ
လိုက်ရှာတာနဲ့ မိုးချုပ်သွားတယ်၊ တော်သေးတာပေါ့ . . အစ်မတို့ အိ
ရှာမတွေ့ရင် ဒုက္ခပဲ"

"မင်း . . ထမင်းစားပြီးပြီလား"

"စားပြီးပြီ . . ဆိုင်မှာ ဝင်စားခဲ့တယ်"

"မင့်အရက်တွေ သောက်လာတာလား . . အနံ့ကို မွှန်နေ



॥

'အမလေး . . လုပ်ကြပါဦး။ သရဲ . . သရဲ . .
အစ်မရေ . . သရဲခြောက်တယ်ဗျ'
ကိုဝင်းအောင်နှင့် မလေးရွှေတို့ သူ့အော်သံကြောင့် ပြေးလာကြသည်။
သူတို့ လှေခါးရင်းမှာ ဆုံကြသည်။

---

"အစ်မကလည်း နည်းနည်းလေး သောက်လာတာပါ၊ ဒါနဲ့ အစ်မ
. . အစ်ကိုရော"

"မင့်အစ်ကို . . အပေါ်ထပ်မှာ အလုပ်ပင်ပန်းလို့ အိပ်ပြီ"

မောင်နှမနှစ်ယောက် စကားပြောနေကြသည်မှာ မည်မျှကြာ
သွားသည် မသိ၊ နောက်မှ မလေးရွှေ နာရီကြည့်လိုက်ရာ -

"ဟာ ! . . (၁၁)နာရီတောင် ထိုးနေပြီ၊ အိပ်မှပဲ . . မနက် အစော
ကြီး ထရဦးမယ်"

"ကျွန်တော်လည်း အိပ်တော့မယ်၊ မနက်စောစော ထပြီး ပြန်
တော့မယ်"

"ကဲ . . ဒါဆို အစ်မ အပေါ်ထပ် သွားတော့မယ်၊ မင်းက အောက်
ထပ်မှာ စုတင်ရှိတယ်၊ စောင်တွေ၊ ခြင်ထောင်တွေ ရှိတယ်၊ အဲဒီမှာ အိပ်
တော့ . ."

မောင်တင်ထွန်း တစ်ယောက် အောက်စုတင်ပေါ် ခြင်ထောင်ချ
ပြီး မှုးမှုးနှင့် အိပ်ပျော်သွားသည်၊ မောင်တင်ထွန်း မည်မျှကြာအောင် အိပ်
ပျော်သွားသည် မသိ၊ သူ့စုတင်ကြီး လှုပ်နေမှ လန့်နိုးလာသည်၊ သူ့ခြေ
ထောက်ကို တစ်ယောက်ယောက်က လာဆွဲနေသလို ခံစားရသည်၊

သူ အိပ်နေရာမှ ထလိုက်သည်၊ စုတင်ကြီးကတော့ လှုပ်နေဆဲ
ပါ၊ သူ ခြေရင်းကိုကြည့်လိုက်တော့ ခြင်ထောင်အပြင်ဘက်မှာ လူတစ်
ယောက် ရပ်နေသည်ကို တွေ့လိုက်ရသဖြင့် သူ လန့်သွားပြီး -

"ဟေ့ . . အပြင်က ဘယ်သူလဲ . . မေးနေတော့ မပြောဘူးလား၊
ဟဲ . . မပြောနဲ့ဦးကွာ"



www.burmeseclassic.com

www.burmeseclassic.com





သူ ခေါင်းအုံးနှင့် အထဲကနေ ရိုက်နေသည်၊ သူရိုက်ပြီး ကြည့်လိုက်တော့ ခြင်ထောင် အပြင်မှာ စောစောက လူရိပ် မရှိတော့ပါ။ သူ ခြင်ထောင်လှန်ပြီး အပြင်ကို ထွက်ကြည့်လိုက်တော့ ဂူ တစ်ယောက် တံခါးဝကို လျှောက်သွားတာ တွေ့လိုက်သည်၊

အပေါ် အင်္ကျီ မပါ၊ ဘောင်းဘီနဲ့ သူ တွေ့တဲ့ တံမြက်စည်းကို ကောက်ပြီး ပစ်ပေါက် လိုက်သည်။ ကျောကို ထိသွားသော်လည်း ဂရုမစိုက် ပိတ်ထားသောတံခါးကို ဖောက်ထွက်သွားသည်။ သူ ကြည့်ပြီး ကြောက်သွားသည်။ မောင်တင်ထွန်း ကြောက်ကြောက်နှင့်အော်ပြီး အပေါ်ထပ်ကို တက်ပြေးသွားသည်၊

"အမလေး..လုပ်ကြပါဦး၊ သရဲ..သရဲ..အစ်မရေ..သရဲခြောက်တယ်ဗျ"

ကိုဝင်းအောင်နှင့် မလေးရွှေတို့ သူ့အော်သံကြောင့် ပြေးလာကြသည်။ သူတို့လှေခါးရင်းမှာ ဆုံကြသည်။

"ဟဲ့..တင်ထွန်း ဘာဖြစ်တာလဲ"

"ကျွန်တော့်ကို သရဲခြောက်တယ်"

"လာ..ဒီမှာထိုင်ပြီး အေးအေးဆေးဆေး ပြောရအောင်"

မလေးရွှေတို့ သုံးယောက်၊ ကုလားထိုင်မှာ ထိုင်ကြသည်၊ မလေးရွှေက စပြီး -

"ကဲ..ဘယ်လိုဖြစ်တာလဲ ပြောပါဦး"

မောင်တင်ထွန်း သူကြုံတွေ့ရသော အဖြစ်အပျက်တွေကို ပြောပြလိုက်သည်။

"နေပါဦး..ညနေက မင်းထမင်းစားတဲ့အထဲမှာ တရုတ်အမဲပါသေးသလား"





"ပါတယ်..အစ်မ"

"ဟုတ်ပြီ..အဲဒါကြောင့် မင်းကို သတိပေးတာ..အစ်မတို့အိမ်က တရုတ်အမဲ စားလို့မရဘူး။ အရက်သောက်တာလည်း မကြိုက်ဘူး၊ ဟိုတစ်ခါ အိမ်ကိုလာတဲ့ ဧည့်သည်တွေလည်း တရုတ်အမဲ ဝယ်စားလို့ အဲဒီလို ဖြစ်ဖူးတယ်"

"ဒီအကြောင်းတွေ ကိုယ်လည်း မသိပါလား၊ ကိုယ့်ကိုလည်း မပြောဘူး"

"အစ်ကို..ပြောလည်း မယုံမှန်းသိလို့ မပြောတော့.."

"တော်ပြီ..အစ်မတို့အိမ် နောက်မလာတော့ဘူး။ ပြန်တော့မယ်"

"မပြန်နဲ့ဦး..အခုမှ မနက် (၄)နာရီပဲ ရှိသေးတယ်၊ မိုးတောင်မလင်းသေးဘူး"

"မလင်းလည်း နေပါစေ၊ လမ်းသွားရင်းနဲ့ လင်းသွားလိမ့်မယ်၊ အစ်မတို့အိမ်မှာ တစ်နာရီတောင် မနေချင်တော့ဘူး..သွားမယ်"

"တားလို့မရလည်း သွားတော့.."

❖

မလေးရွှေမှာ ဘုရားရှိခိုးတိုင်း သူ့ကိုရည်စူး၍ အမျှဝေ၊ မေတ္တာပို့သည်၊ နောက်ထပ် သူ့ကို မတွေ့ရတော့ပါ၊ ဒါပေမယ့် မလေးရွှေ၏ မျက်စိထဲမှာတော့ သူ့ပုံရိပ်ကို မြင်ယောင်နေမိသည်၊ တစ်နေ့ မနက် သူ့အိမ်ရှေ့မှာ လမ်းလျှောက်နေစဉ် တစ်ဘက်အိမ်က အဒေါ်ကြီးက သူ့ကို နှုတ်ဆက်သည်။

"တူမတို့က ဒီကို ပြောင်းလာတာ..မကြာသေးဘူး ထင်တယ်"

"ဟုတ်ပါတယ်..အဒေါ်။ ဒီအိမ်ကို ရောက်တာ သိပ်မကြာသေးပါဘူး၊ အဒေါ်တစ်ယောက်ထဲ ပျင်းရင် ကျွန်မတို့အိမ် လာလည်ပါလား"

"အေးကွယ်..နောက်နေ့မှ အဒေါ်လာခဲ့မယ်"

မလေးရွှေတစ်ဘက်ခြံက အဒေါ်ကြီးနှင့် ခဏကြာအောင် စကားပြောပြီး အိမ်ပေါ် တက်ခဲ့သည်၊ နောက် (၁)ရက်၊ (၂)ရက်နေတော့ တစ်ဘက်ခြံက အဒေါ်ကြီး သူ့ဆီ ရောက်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com



"လာ..အဒေါ်..အိမ်ထဲဝင်ပါ၊ ဇာနော်..အဒေါ်..ကျွန်မ ကော်ဖီ သွားဖျော်လိုက်ဦးမယ်"

မလေးရွှေ မီးဖိုခန်းထဲဝင်ပြီး အဒေါ်ကြီးအတွက် ကော်ဖီနှင့်မုန့်တွေ ယူလာသည်၊

"အဒေါ်..သုံးဆောင်ပါဦး"

"အားနာစရာကွယ်"

မလေးရွှေ အဒေါ်ကြီးနှင့် စကားပြောရင်းက ဒီအိမ်အကြောင်းကို မေးလိုက်သည်၊

"အဒေါ်..ကျွန်မတို့ မရောက်ခင်က ဒီအိမ်မှာ ဘယ်သူတွေ နေသွားသေးလဲ"

"ဒီအိမ်မှာ တူမတို့ မရောက်ခင်က မိသားစု(၅)ယောက် နေသွားတယ်၊ အဲဒီမိသားစုက တကယ် သနားစရာ ကောင်းတယ်၊ ပြောရမှာတောင် စိတ်မကောင်းဘူး"

"ပြောပါ..အဒေါ်ရယ်၊ ကျွန်မ စိတ်ဝင်စားလို့ပါ"

"အဖြစ်ကတော့..ဒီလိုကွဲ့"

❖

ဒေါ်ပုမတွင် သားနှစ်ယောက်ရှိသည်၊ အကြီးဆုံးသားက မောင်တင်မြဖြစ်ပြီး အငယ်ဆုံးသားက မောင်တင်လှဖြစ်သည်၊ မောင်တင်လှမှာ လူပျိုဖြစ်ပြီး မောင်တင်မြမှာ မိန်းမရှိပြီး ကလေးတစ်ယောက်ရှိသည်၊ မောင်တင်လှမှာ ဈေးထဲတွင် လျှပ်စစ်ပစ္စည်းရောင်းသည်၊

မောင်တင်မြမှာ အလုပ်အကိုင် အတည်တကျ မရှိ၊ ကျပန်း အလုပ်လုပ်သည်၊ ဒီကြားထဲ နေ့တိုင်း အရက်သောက်သည်၊ အရက်သောက်ပြီး အိမ်သားတွေကို ရစ်သေးသည်၊ တင်မြမှာ အလုပ်လုပ်၍ ရလာသော ပိုက်ဆံကို မိန်းမကို မပေးဘဲ အကုန်လုံး အရက် သောက်ပစ်သည်၊

တစ်နေ့ ဒေါ်ပုမတို့ မိသားစုအတွက် ကံဆိုးသောနေ့ ဖြစ်လာသည်၊ အဲဒီနေ့က မောင်တင်လှ အိမ်ကို အစောကြီးပြန်လာသည်၊

"ဟဲ့ သား..ဒီနေ့ အိမ်ပြန်လာတာ စောလှချည်လား"





"ဒီနေ့ စိတ်တွေလေးပြီး ခေါင်းတွေ မူးနေလို့ အစောကြီး ပြန်လာတာ"

"ဆေးသောက်ပြီး အိပ်လိုက်ပါလား"

"ဆေး မသောက်သေးဘူး၊ လန်းသွားအောင် ရေချိုးလိုက်ဦးမယ်"

မောင်တင်လှ ရေချိုးရန် ရေချိုးခန်းထဲ ဝင်သွားသည်၊ မောင်တင်လှ ရေချိုးနေစဉ် တင်မြရောက်လာသည်၊ အရက်တွေလည်း အရမ်းမူးလာသည်၊

"မိန်းမ..ငါ ဗိုက်ဆာတယ်၊ ထမင်း စားမယ်"

"ခဏစောင့်ပါလား၊ ရှင့်ညီ ရေချိုးပြီး အားလုံး အတူတူ စားမယ်"

"မစောင့်နိုင်ဘူး..ငါ့ကို အရင်ခူးပေး"

"ဒါဆိုလည်း ခူးပေးမယ်

တင်မြ မိန်းမ ထမင်းခူးပေးလိုက်သည်၊

"ဟင်းက နည်းလှချည်လား"

"နည်းနည်းပဲ ရမှာပေါ့..ဒီဟင်းတောင် ရှင်နဲ့ မောင်လေးအတွက် ချက်ထားတာ၊ အမေနဲ့ ကျွန်မတို့က ဖြစ်သလို စားရတာ"

"ဒါတွေ ငါမသိဘူး..ငါ့ကို နောက်ထပ် ဟင်းထပ်ထည့်ပေးဦး"

"ကိုတင်မြ..ရှင် မရစ်နဲ့နော်၊ ထမင်း အေးအေးဆေးဆေး စား"

"ရစ်တော့ ဘာဖြစ်လဲ..အခု ငါ့ကို ဟင်းထပ်ထည့်ပေး"

"မပေးနိုင်ဘူး..မောင်လေးအတွက်ပဲ ကျန်တော့တယ်"

"နင့် လင်ငယ်ကျတော့ စေတနာရှိတယ်ပေါ့..ငါ့ကျတော့ စေတနာ မရှိဘူးပေါ့..ဟုတ်လား"

"ရှင် စကားကို ဆင်ခြင်ပြော..သူက ကျွန်မတို့ မိသားစုကို လုပ်ကျွေးနေတာ..ရှင်က လုပ်ကျွေးလို့လား၊ ရှင်ရတဲ့ ပိုက်ဆံတွေ ရှင် အရက်သောက်လို့ ကုန်ပြီ"

"နင်က..လင်ငယ်ကိုတော့ အကောင်းပြောတယ်၊ ငါ့ကိုတော့ မကောင်းဘူးပေါ့"

ကြာတော့ ဒေါ်ပုမ မနေသာတော့ ဝင်ပြောရသည်၊



www.burmeseclassic.com

www.burmeseclassic.com





"ဟဲ့ . . တင်မြ မတော်သေးဘူးလား၊ မူးရင်း သွားအိပ်တော့ လာရမ်းမနေနဲ့"

"သူ ပြောတာ ကောင်းလား . . ကျွန်တော်က သူ့ကို လုပ်မကျွေးဘူး၊ သူ့လင်ငယ်က လုပ်ကျွေးတယ်လို့ ပြောနေတယ်"

"သူ ပြောတာ မဟုတ်လို့လား . . မင်း ဘာလုပ်ကျွေးလို့လည်း ရသမျှ အားလုံး အရက်သောက်ပစ်တယ်၊ တင်လှ လုပ်ကျွေးနေလို့ ငါတို့ မငတ်တာ"

ရေချိုးနေသော မောင်တင်လှမှာ အပြင်က ဆူညံသံတွေကြောင့် အပြင်ကို ထွက်လာသည်၊ ရေချိုးခန်းထဲမှာ ရေစိုအဝတ်မလဲနိုင်အောင် ဘောင်းဘီတိုလေးနဲ့ ထွက်လာသည်၊

"အစ်မ . . ဘာတွေဖြစ်နေကြတာလဲ"

"အဲဒီမှာ မင်းအစ်ကိုလေ . . . မင်းအတွက် ချန်ထားတဲ့ဟင်း၊ သူ့ ပေးရမယ်လို့ တောင်းနေတယ်၊ အစ်မက မပေးလို့ အစ်မကို ရန်လုပ်နေတယ်"

"ကဲပါ . . သူ တောင်းတာ ပေးလိုက်ပါ အစ်မရယ်၊ နားညည်းတယ်၊ ကျွန်တော် မစားတော့ဘူး"

"အော် . . နင်က လင်ငယ်ကို ပြန်တိုင်နေတယ်ပေါ့"

"အစ်ကို စကားကို ဆင်ဆင်ခြင်ခြင် ပြော၊ ကျွန်တော် သိက္ခာကို မစော်ကားနဲ့"

"စော်ကားတော့ ဘာဖြစ်လဲ . . မင်းက ဘာလုပ်ချင်လဲ"

တင်မြတစ်ယောက်၊ မောင်တင်လှ၏ရင်ဘတ်ကို ဆောင့်တွန်းလိုက်သည်၊

"ခင်ဗျားကို အစ်ကိုဖြစ်လို့ သည်းခံနေတာ"







"သည်းမခံတော့ မင်းက ဘာလုပ်ချင်လဲ"

တင်မြ . . မောင်တင်လှ၏ ရင်ဘတ်ကို ဆောင့်ဆွဲလိုက်သဖြင့် မောင်တင်လှလည်း စိတ်မထိန်းနိုင်တော့ဘဲ မျက်နှာကို လက်သီးနှင့် ထိုးလိုက်သည်၊ တင်မြ နောက်ကို ဖင်ထိုင်လျက် လဲကျသွားသည်၊ တင်မြမှာ လဲနေရာမှ ထ၍ တင်လှကို ထိုးလိုက်သည်၊ ညီအစ်ကို နှစ်ယောက်၊ သူ တစ်ပြန် ကိုယ်တစ်ပြန် ထိုးနေကြသည်၊

"ကဲ . . တော်ကြပါတော့ . . ငါ စိတ်ညစ်လာပြီ"

မိခင်ဖြစ်သူက တားသော်လည်း မရ ဆက်ဖြစ်နေကြသည်၊ နောက်ဆုံးပြောမရသဖြင့် တစ်ယောက်စီ ဝင်ဆွဲရသည်၊ မရီးက သူ့ယောက်ျားကို ဆွဲထားသည်၊

"ဖယ် . . နင် ငါ့ကို မဆွဲနဲ့၊ လူပါးဝတဲ့ကောင် . . ငါ့အကြောင်း သိမယ်"

တင်မြ သူ့မိန်းမကို တွန်းဖယ်၍ မီးဖိုထဲဝင်ပြီး ဓားဆွဲယူလာသည်၊ မိခင်က ဆွဲထား၍ ဆက်မလုပ်တော့ဘဲ သူ့အခန်းထဲ ဝင်ရန်သွားနေသော တင်လှကို နောက်မှ ထိုးလိုက်သည်၊

"ကဲဟာ . ."

"အား ! . ."

ဒေါ်ပုမနှင့် မရီးတို့ဆွဲရန် အချိန်မရလိုက်ပါ၊ ကြောင်ပြီး ကြည့်နေကြသည်၊ တင်လှမှာ အောက်ကိုခွေကျသွားပြီး နေရာမှာပင် ပွဲချင်းပြီး သေသွားသည်၊ တင်မြမှာလည်း ဓားကြီးကိုင်ပြီး ကြက်သေ သေနေသည်၊ ဒေါ်ပုမ သတိရလာပြီး တင်လှဆီကို ပြေးသွား၍ ပွေ့ထူလိုက်သည်၊


"အမလေး သားလေးရဲ့ . . အဖြစ်ဆိုးလှချည်လား၊ အမေ့ တစ်



www.burmeseclassic.com

www.burmeseclassic.com





ယောက်ထဲ ထားခဲ့ပြီလား၊ အမေ့ကို ဘယ်သူ လုပ်ကျွေးမှာလဲ"

ဒေါ်ပုမ တစ်ယောက်ငိုရင်း အသက်ပါ ပျောက်သွားသည်၊ သူမှာ နေ့တိုင်း စိတ်ဆင်းရဲနေသဖြင့် ကြာတော့ နှလုံးရောဂါ စွဲလာပြီး ယခုလို နှလုံးရပ်၍ သေရခြင်း ဖြစ်သည်၊ ပတ်ဝန်းကျင်၏ သတင်းပေးမှုကြောင့် ရဲတွေ ရောက်လာပြီး အလောင်းတွေကို ဆေးရုံသယ်သွားပြီး တင်မြကို ဖမ်း၍ ရဲစခန်းခေါ်သွားသည်၊

မရီနှင့် ကလေးသာ ကျန်ခဲ့သည်၊ မရီမှာ ယောကျ်ားလည်း ဆုံး၊ မတ်လည်း ဆုံး၊ ယောကျ်ားလည်း ထောင်ကျနှင့် ဖြည်မဆည်နိုင်အောင် ဖြစ်နေသည်၊ ကောင်းကျိုးမပေးသော အရက်ကြောင့် သူတို့မိသားစု ဘဝလေး ပျက်စီးသွားရသည်၊

ပတ်ဝန်းကျင်ကောင်း၍ အသုဘကိစ္စ အဆင်ပြေစွာ ပြီးသွားသည်၊ မရီ တစ်ယောက် ရက်လည်ပြီးသောအခါ တိုက်ကို ရောင်း၍ သူ့သမီးလေးကို ခေါ်၍ ရွာကို ပြန်သွားရာသည်၊

❖

"အဖြစ်ကတော့ ဒါပါပဲကွယ်"

"သူတို့အဖြစ်က သနားစရာ ကောင်းပါတယ်"

"ကဲ..အခေါ်လည်း ပြန်ဦးမယ်၊ သမီးတို့ရုံးက ပြန်လာတော့မယ်"

တစ်ဘက်ခြံက အဒေါ်ကြီး နှုတ်ဆက်၍ ပြန်သွားသည်၊ မလေး





ရွှေ သူတို့အကြောင်းကို စဉ်းစားနေသည်၊

"သူ မကျွတ်သေးလို့ ငါတို့ကို ပြတာ ဖြစ်မယ်၊ သူ့ကို ကျွတ်အောင် ဘာလုပ်ပေးရင် ကောင်းမလဲ၊ မောင်တင်ထွန်း အိမ်လာတုန်းကလည်း သူ ကြိုက်တဲ့ အရက်တွေ သောက်လာလို့ ခြောက်လှန့်တာ .. သူ ဒီဘဝက ကျွတ်အောင် ဘယ်လိုလုပ်ရင် ကျွတ်မလဲဆိုတာ အစ်ကို့ကို ပြောပြီး တိုင်ပင်ကြည့်ဦးမယ်"

နောက်ခနေ့ မနက် လက်ဖက်ရည်သောက်ရင်း ကိုဝင်းအောင်တို့ ညီအိမ်အကြောင်း ပြောပြလိုက်သည်၊

"အဲဒါ .. သူတို့ကျွတ်အောင် ဘယ်လိုလုပ်ရမလဲ"

"ဘုန်းကြီး (၅)ပါးလောက် ပင့်ဖိတ်ပြီး အိမ်မှာ ဆွမ်းကျွေး အမျှဝေလိုက်ပေါ့"

ကိုဝင်းအောင် ရုံးအားရက်တွင် အိမ်မှာ ဘုန်းကြီး (၅)ပါးပင့်ဖိတ်၍ ဆွမ်းကျွေးပြီး အမျှဝေလိုက်ပါသည်၊ ထိုနေ့မှစ၍ မလေးရွှေတို့ ပြောင်းသွားသည်အထိ သူ့ကို မတွေ့ရတော့ပါ၊ ဒါပေမယ့် မလေးရွှေ၏ မျက်လုံးထဲတွင် သူ့ပုံရိပ်ကို ယနေ့တိုင် မြင်ယောင်နေပါတော့သည်၊

မှတ်ချက်၊ ၊ (ဖြစ်ရပ်မှန်)

**ရေနံမြေ ခရေ**

❑



www.burmeseclassic.com

www.burmeseclassic.com




# စိတ်ရိုင်းဝင်တဲ့ ဆင်မတ္တာ

ရှစ်ခွင်ကျော်
ဖောင်တော်ဦ





www.burmeseclassic.com



‘တဟုန်ဟုန် တောက်လောင်နေတဲ့ ချစ်ပိုရဲ့ ဒေါသမီးကို ကျွန်တော်တို့ နှစ်ယောက် မေတ္တာရေနဲ့ ငြိမ်းသတ် လိုက်ပါပြီ။

အော် .. ချစ်ပို မျက်ရည်တွေ ကျ လို့ပါလား’ ။

ဈေ့တန်း ခံစစ်စခန်းတွေမှာ တပ်တစ်တပ်နဲ့ အချိန်းအပြောင်း လုပ်တဲ့အခါ ရိက္ခာလက်ကျန်၊ ခံစစ်နယ်နိမိတ်၊ ရန်သူ့သတင်းနဲ့ အလေ့ အထ၊ နယ်မြေအခြေအနေ၊ ဒေသခံတွေရဲ့ သဘောထားစတာတွေကို စာရင်းဇယား အသေးစိတ်ကအစ နောက်တာဝန်ယူရမယ့် စစ်ခေါင်းဆောင် ကို လက်မှတ်ထိုး လွှဲပြောင်းပေးရတဲ့ ထုံးစံ ရှိပါတယ်၊

ကျွန်တော် စစ်မှုထမ်းသက်တမ်းတစ်လျှောက် လုပ်ရိုးလုပ်စဉ် မရှိတဲ့ လွှဲပြောင်းလက်ခံခြင်း အပိုဆောင်းတစ်ခု လက်မှတ်ထိုးပြီး လက်ခံ ရတာ ကြုံဖူးပါတယ်။

(၁၉၆၇)ခုနှစ် ကချင်ပြည်နယ် စစ်ဆင်ရေးထွက်စဉ်က ရှမ်း၊ ကချင် ဝမာ တိုင်းရင်းသားပေါင်းစုံ အခြေချနေထိုင်တဲ့ “မရမ်း”အမည်ရှိတဲ့ ရွာ စစ်စခန်းထိုင်စဉ်က လတရ (၁) တပ်ခွဲမှူးဆီက “ချစ်ပို”အမည်တွင်တဲ့ ဆင်ပေါက်ကြီးတစ်ကောင်ကို လက်ခံရခြင်းပဲ ဖြစ်ပါတယ်၊

❖

ကျွန်တော်တို့တပ်ရင်း (၈၉)ရဲ့ ရှေ့တန်းဌာနချုပ်ကတော့ မိုးကောင်း





ပြီး ဆားမော်ခွင်၊ ကားမိုင်းခွင်၊ ဖားကန့်ခွင်၊ မရမ်းခွင်၊ မိုးကောင်းခွင် မှာ တပ်ခွဲတစ်ခွဲစီ တပ်ဖြန့်ထားပါတယ်။

ကျွန်တော် ဦးစီးတပ်ခွဲ (၄)ခွင်ကတော့ မရမ်းခွင်ပါ။

(၁၉၆၇) ခုနှစ်ဝန်းကျင် လမ်းပန်းဆက်သွယ်ရေးကတော့ မန္တလေး ကြီးနား စာပို့ရထားနဲ့ မြစ်ကြီးနား နဘားလော်ကယ်ရထားပဲ ရှိပါတယ်၊ လမ်းတစ်မျိုးနဲ့ပဲ ခရီးသွားရကြောင်း ဆိုလိုတာပါ။ ကားလမ်းတွေရှိ နယ်မြေမအေးချမ်းလို့ရော လမ်းဟောင်း လမ်းကြမ်းဖြစ်နေလို့ရော ကြောင့် အသုံးမပြုပါဘူး။

ဒုတိယတပ်ခွဲမှူး ဦးစီး တပ်စိတ် တစ်စိတ်လျှော့ တပ်ခွဲကို မရမ်း ရှိတဲ့ လတရ (၁) - တပ်ခွဲမှူးဆီက စခန်းကို အကြမ်းဖျဉ်း လက်ခံထား စ်ရက် ကြိုလွှတ်လိုက်ပြီ၊ ကျွန်တော်နဲ့ တပ်စိတ်တစ်စိတ်ကတော့ ကြီးနားရှိ တပ်မဟာ(၇)မှူးကိုယ်တိုင် လာရောက် တွေ့ဆုံစစ်ဆင်ရေး မှန်းပြောမှာကို နာခံဖို့အတွက် စောင့်ဆိုင်းပြီး နောက်တစ်နေ့ စာပို့ နဲ့မှ လိုက်ဖြစ်ပါတယ်၊

မရမ်းဘူတာကို ရထားဆိုက်တယ်ဆိုရင်ပဲ မျက်စေ့နောက်စရာ တပ်စရာနဲ့ ထိပ်တိုက်ကြုံတွေ့ရတော့တာပါပဲ၊

ကျွန်တော် တိရစ္ဆာန်တွေဆိုလို့ အိမ်မွေး ကြောင်၊ ခွေးတောင် တတ်ပါဘူး။ တိရစ္ဆာန် မချစ်တတ်တဲ့ ကျွန်တော့်ကိုမှ ကျွန်တော် ခံ ထိန်းကျောင်းရမယ်ဆိုတဲ့ ဆင်ပေါက်ကြီး ချစ်ပိုက နောက်တန်းပြန် ရ(၁) ရဲဘော်တွေ လိုက်ပါမယ့် ဒီဇယ်ရထားကြီးရှေ့က ပိတ်ဆို့တားဆီး ရထားကြီးက တဘူဘူ တဘော်ဘော် .. ဥသြဆွဲမောင်းထုတ် စက် မောင်းတွေ အောက်ဆင်းချိန် လတရ(၁) ရဲဘော်တွေ ရှိရာ စစ်တွဲ .. ပြူတင်းပေါက်ကနေ နာမောင်းကြီး ထိုးတင် ..။

ရဲဘော်တွေက လူသားမိတ်ဆွေချင်း လက်ဆွဲနှုတ်ဆက်သလို ကြီးကို ပိုင်းဆွဲနှုတ်ဆက်၊ ရထားကြီး ဘီးလိမ့်ပြီဆို ဒီဇယ်ခေါင်း ပြီး လမ်းပိတ်ဆို့နေလို့ပဲ ဖြစ်ပါတယ်၊

“ဗိုလ်ကြီး .. ခဏစောင့်ပျာ”

ကျွန်တော်တို့ အမှာစကား ပြောနေတဲ့ လတရ(၁) တပ်ခွဲမှူး ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com


ကြီးသိန်းဝင်းဦးဟာ စကားဖြတ်ပြီး ထွက်သွားပါတယ်။ ဆင်ပေါက်ကြီး
ခေါ်..စက်ခေါင်းမောင်းတွေကို မိနစ်ပိုင်းစောင့်ဖို့ သွားပြောတာပါ။

ဗိုလ်ကြီးသိန်းဝင်းဦးနဲ့ ကပ်ပါလာတဲ့ ဆင်ပေါက်ကြီးဟာ
စောကလိုပဲ ရထားပြုတင်းပေါက်ကတဆင့် နှာမောင်းကြီးထိုးသွင်း
ဘော်တွေက နှုတ်ဆက်ရင်း -

"ချစ်ပို ကံမကုန်ရင် ပြန်ဆုံတာပေါ့ကွာ"

"လိမ်လိမ်မာမာ နေနော်"

"နောက်ရောက်တဲ့ ရဲဘော်တွေနဲ့ အဆင်ပြေအောင် ပေါင်း
ချစ်ပိုရယ်"

ဆင်ပေါက်ကြီး မျက်ရည်တွေ ယိုစီးရင်း ခေါင်းငြိမ့်ပါတယ်။ ရဲဘော်
တွေ မျက်ဝန်းမှာလည်း မျက်ရည်စတွေနဲ့ပေါ့။

"ချစ်ပို..သားကြီးအတွက် နေရေး ထိုင်ရေး စားရေး သောက်ရေး
အကုန်လုံး ဒီက ဗိုလ်ကြီးကို မှာခဲ့တယ်။ ငါ့သားကြီး ဘာမှမပူနဲ့..တို့
မျက်ရည်မကျချင်ဘူး"

ဗိုလ်ကြီးသိန်းဝင်းဦးဟာ ဆင်ပေါက်ကြီး ခေါင်းကို ပွတ်သပ်
သူ့သားသမီးကို အမှာစကားပြောသလို ပြောနေချိန်မှာတော့ ဆင်ပေါက်
ကြီးဟာ လေးကန်တဲ့ လှုပ်ရှားမှုနဲ့ ခေါင်းငြိမ့်ပါတယ်။


တိရစ္ဆာန်မချစ်တတ်တဲ့ ကျွန်တော်ဟာ လူနဲ့ တိရစ္ဆာန်ကြား အချစ်
အလှန်ထားရှိတဲ့ သံယောဇဉ်ကိုတော့ အသိအမှတ်ပြုရပါတော့တယ်။

ကျွန်တော့်တာဝန်က ဒီဆင်ပေါက်ကြီးကို စစ်ဆင်ရေး
တစ်လျှောက် စားရေး သောက်ရေး တာဝန်ယူရတော့မှာဖြစ်လို့ လတ
က ရဲဘော်တွေလို ကျွန်တော့်ရဲဘော်တွေကို သံယောဇဉ်ထားရင်
အခန့်မသင့်လို့ စိတ်ရိုင်းဝင်ရင် ကိုယ့်ဆင်ဦးစီးကိုတောင် နင်းသတ်တဲ့
အလာကို သတိထားမိတော့လဲ ဝန်ထုတ်ဝန်ပိုးကြီး ရွက်ရတော့မှာပဲ
အသိစိတ်ကြောင့် စိုးရိမ်မိတာတော့ အမှန်ပါပဲ။

❖

ဆင်ပေါက်ကြီးကို လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဗိုလ်မှူး





အောင်ဦးစီးတဲ့ ဆင်ဖမ်းအဖွဲ့က မေ့ဆေးသေနတ်နဲ့ ပစ်ခတ် ဖမ်းဆီးခဲ့
။ အရိုင်းကို ဆင်ယဉ်တွေနဲ့ ယဉ်ပါးအောင်သင်..ရုန်းကန်လို့ ပေါက်ပြဲ
နာတွေပျောက်..ဆင်ယဉ်ဖြစ်လာတဲ့အချိန်မှာတော့ လုပ်ငန်းခွင်
ဝင်တဲ့ ဆင်ဖြစ်နေပါတယ်။

ကနဦး တောသဘာဝအတိုင်း နေစဉ်က သစ်ငုတ်စူး ခံထားရတာ
ကြောင့် ပိုးတွယ် လောက်ကိုက် အနာရင်း..ရောဂါဟောင်းက ခြေတစ်ဖက်
နေ ဆတ်တောက် ဆတ်တောက်ဖြစ်နေလို့ စခန်းထိုင် တပ်ခွဲမှူးကို
ရာက ပြန်မတောင်းတော့ဘဲ ရဲဘော်တွေနဲ့ ချစ်ခင်ကြင်နာခြင်း
သံယောဇဉ်တွေ ရှည်လျားပြီး ကျွန်တော့်လက်ထက်ထိတိုင်အောင် ဝင်း
ဝင်းပိုင်ကြီး ရာထူး ဆက်ခံနေခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော် မရမ်းစခန်းကို လက်ခံပြီး တစ်ပတ်ကြာအထိ လတ
(၁)က ရဲဘော်တွေနဲ့ ဆင်ပေါက်ကြီး ဘာကြောင့် ဒါလောက် သံယောဇဉ်
လဲဆိုတာ စဉ်းစားပါတယ်၊ မရမ်းရွာခံတွေဆီကလည်း မေးမြန်းပြီး
ရှာပါတယ်။ ဖြစ်နိုင်ခြေရှိတာတွေ သိရသလို၊ ယုတ္တိမတန်တာတွေ
သိရပါတယ်။

နောက်တန်းပြန် လတရ(၁)မှာ မရမ်းရွာသူ ငါးယောက်ပါသွား
ယ်၊ အဲ့ဒါ ဆင်ပေါက်ကြီး ခေါင်းသွယ်ပေးတာပါတဲ့။

ကျွန်တော်တို့ မရမ်းရွာတပ်စခန်းဟာ မရမ်းရွာကြီးရဲ့ တောင်
မန္တလေး- မြစ်ကြီးနား ရထားလမ်းရဲ့ အနောက်ဘက်မှာ တည်ရှိပါ


www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျွန်တော်တို့ စခန်းနဲ့ရထားလမ်းကြား ကျေးရွာချင်းဆက် ခင်းလမ်း ရှိပါတယ်။ နံနက်ခင်းဆို ဈေးသွားဈေးလာတွေ မပြတ်တမ်း တွေ့ရပါ တယ်၊

"ချစ်ပို .. ဟိုဘက်အစွန်ဆုံးက အသားဖြူဖြူ ဆံပင်ရှည် အင်္ကျီ အဖြူရောင်နဲ့ မိန်းမကို ဒီစာသွားပေး"

လို့ ရဲဘော်ကခိုင်း .. ဆင်ပေါက်ကြီး ချစ်ပိုက နှာမောင်း ရည်းစားစာကို ညှပ်ပြီး လိုက်ပေး။ အဲ့ဒီအချိန်မှာ စာပေးတဲ့ ရဲဘော် ပေးတာ မှန်းသိအောင် တပ်စခန်းရှေ့မှာ လမ်းသလားပြ၊ စာပေး အမျိုးသမီးက ကြောက်တာရော၊ ရှက်တာရော မယူမချင်း တ ကောက်လိုက်နေတာကြောင့် ပေးစာကိုယူ၊ အဲလိုနဲ့ သုံးလေးကြိမ် တော့ သမီးရည်းစားဖြစ်၊ ရဲဘော်တွေနဲ့ညား နောက်တန်းပြန်တော့ လ ကုန်ရောလို့ သိရပါတယ်၊

ရဲဘော်တွေဘက်ကရော ဆင်ပေါက်ကြီးကို ဘာအကျိုး

ကချင်ပြည်နယ် ဆားမော်ရွာနဲ့ နမ္မတီးရွာကြီးတွေမှာ သကြ တွေ ရှိပါတယ်၊ သကြားချက်ဖို့ ကုန်ကြမ်းကတော့ ကြံပါ .. ဟိုပင်၊ မင်းဘော မင်းကုန်းရထားပေါ်က ကြည့်ရင် ကြံစိုက်ခင်းတွေမှ မျ တဆုံးပါ၊

ရထားလမ်းတစ်လျှောက်ရှိတဲ့ တပ်တွေဟာ နေ့စဉ်ရက် ဆိုသလို လမ်းလုံခြုံရေး ယူရပါတယ်၊ တာဝန်ပြီးဆုံးလို့ စခန်းပြန်တဲ့ ရဲဘော်တစ်ယောက် ကြံလေးငါးချောင်း ပါလာတတ်ပါတယ်၊ အဲ့ဒီကြံ ဟာ ဆင်ပေါက်ကြီးကို ကျွေးဖို့လည်း ဖြစ်ပါတယ်၊

ဆင်ပေါက်ကြီးကလည်း ရဲဘော်တွေကိုချစ် ..

ရဲဘော်တွေကလဲ ဆင်ပေါက်ကြီးကို ချစ်လို့ ..

"ချစ်ပို" အမည်ပေးထားကြောင်း သိခွင့်ရပါတယ်၊

❖

"ဟ .. ဟော့ကောင်တွေ ငါ့ရဲဘော်တွေ .. မင်းတို့သူများ ပျက်ဆီးအောင်လုပ်တဲ့ ရဲဘော်တွေပဲကွ"







မြစ်ကြီးနားဘက်က မီး ရထားလမ်း လုံခြုံရေး တာဝန် ပြီး ဆုံးလို့ စခန်းပြန်လာတဲ့ရဲဘော်တွေ ကြံတွေ ထမ်းလာတာမြင်လို့ အပြစ် တင်စကား ဆိုလိုက်ခြင်း ပါ၊

"ကြံခင်းပိုင်ရှင်တွေ ကိုယ်တိုင်ပေးလိုက်တာပါ"

"ဒါလောက် အများကြီး .. ဟုတ်ရော ဟုတ်ကြရဲ့လားကွာ"

ကျွန်တော် ရဲဘော် အားလုံး ဖြုံငုံပြောနေစဉ်မှာ တပ်စု မှူး ဒုဗိုလ် ဝင်းအောင်က –

"ဟုတ်ပါတယ် .. တပ်ခွဲမှူး၊ ကျွန်တော်တို့ စခန်းအပြန် ကြံခင်း ပိုင်ရှင်တစ်ယောက်က ရဲဘော်တွေ ခင်ဗျားတို့စခန်းက ချစ်ပိုအတွက် ကြံ တွေ ယူသွားပေးကြပါဆိုပြီး သူကိုယ်တိုင် ခုတ်ပေးလိုက်တာပါ"

"ချစ်ပိုက အသိအကျွမ်းတွေ များလှချည်လား"

တပ်စုမှူး ဒုဗိုလ်ဝင်းအောင်ရဲ့စကားကို လက်ခံ ယုံကြည်မိလို့ ကျွန်တော် လေသံပြောင်းလိုက်ပါတယ်၊

အဲဒီနေ့က "ချစ်ပို .. ဂိတ်ဝမှာ ဘာဖြစ်လို့ ပေရပ်နေတာပါလိမ့်" လို့ အတွေးစရဲ့အဖြေကတော့ ရဲဘော်တွေကို မျှော်တာပါ၊ ရဲဘော်တွေ ပြန် လာပြီဆိုတော့လည်း ခေါင်းတခါခါ၊ နှာမောင်းတရမ်းရမ်းနဲ့ ပျော်ပါးနေတာ မြင်ရသူ ကျွန်တော့်အတွက် ကြည်နူးစရာပါ၊

တစ်ရက်ကနေ တစ်ပတ်၊ တစ်လဆိုတဲ့ အချိန်ကာလကျော်လွန် လာတဲ့အခါ ကျွန်တော်ကိုယ်တိုင် ချစ်ပိုအပေါ် သံယောဇဉ်ဖြစ်ပြီး ချစ်ပို ခစားရ မသောက်ရမှာ ပူပင်လာတတ်ပါတယ်၊

တစ်ရက်မှာတော့ –

"မီးပုံပွဲမှာ စကာ ဝေးကာ အပေါင်းအဖော်များနဲ့ ပျော်ပါတယ်"

ကျွန်တော့် တပ်ခွဲရုံးပိုင် နေရှင်နယ် ပန်နာဆိုနစ် ရေဒီယိုက ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com


မင်းသားကြီး ဝင်းဦးရဲ့ မီးပုံပွဲ သီချင်းလာလို့ ကျွန်တော့် တပ်ခွဲရုံး ရဲဘော်တွေ ကပါ သံပြိုင်လိုက်ဆိုနေစဉ်မှာ စခန်းဂိတ်ဝ ကင်းတာဝန်ကျ ရဲဘော်က-

"ချစ်ပိုကြီး ကနေတယ် ဟေ့"

လို့ အော်ပြောလိုက်လို့ စခန်းရှိ ရဲဘော်အားလုံးက ထွက်ကြည့်ပါတယ်။ လက်ခုပ်လက်ဝါးတီးပြီး သီချင်းဆိုရင်း အားပေးမှန်းသိလို့ ချစ်ပိုကြီး ခေါင်း နားမောင်း လက်တွေ စီးဝါးကိုက် လှုပ်ရမ်းကပြမှုဟာ ပိုပြီး သွက်လက်လာပါတယ်။

မိဝေး ဖဝေး . . ဇနီးသားသမီးတွေနဲ့ ကွဲကွာ ကင်းဝေးနေတဲ့ ကျွန်တော့်ရဲဘော်တွေ ပျော်ရွှင်မှုရစေဖို့ ကပြအသုံးတော်ခံတဲ့ ချစ်ပိုကို ကျွန်တော့် ရဲဘော်တစ်ယောက်လို သံယောဇဉ်စတွယ်တော့တာပါပဲ။

❖

ချစ်ပိုဟာ ကျွန်တော့်ရဲဘော်တွေကို စိတ်ချမ်းသာအောင် ပျော်ရွှင် ဖန်တီးပေးနိုင်ပေမယ့် ကျွန်တော့်ကိုတော့ စိတ်ချမ်းသာမှုရအောင် မစွမ်းဆောင်နိုင်တဲ့အပြင် စိတ်သောကရောက်အောင် ဖန်တီးနေသလိုပါပဲ။

ကျွန်တော် မရမ်းရွာထဲ ဘာကိစ္စနဲ့ပဲ သွားသွား၊ နောက်ကနေ တကောက်ကောက် လိုက်ပါတတ်ပါတယ်။ ပြန်ပါဆိုလို့လည်း မပြန်ဘူး။

ချစ်ပိုဟာ စကားမပြောတတ်တာကလွဲလို့ သူ့အသိစိတ်ဟာ ကျွန်တော်တို့ လူသားတွေနဲ့အပြိုင် ပျော်ရွှင်တယ် ဝမ်းနည်းပူဆွေးတတ် ချစ်တတ် မုန်းတတ် စိတ်ဒေါသဖြစ်တတ်တယ်လို့ ဆိုချင်ပါတယ်။

မရမ်းရွာလယ်မှာ ကုန်စုံဆိုင်ကြီးတစ်ဆိုင် ရှိပါတယ်။ ပိုင်ရှင်ကတော့ တင်မေချစ်နဲ့ တင်မေစစ် အမွှာညီအစ်မ အပျိုကြီးတွေပါ . . ကျွန်တော်က တင်မေချစ်နဲ့ အပြန်အလှန် ချစ်ကျွမ်းဝင်နေပြီဆိုတာ သိနေသလိုပါပဲ။

ဗို-မ ချစ်သူတို့ဘဝ . . ကျွန်တော် တင်မေချစ် လက်ကို ကိုင်ချင်ပါတယ်။ တင်မေချစ် သွယ်လျတဲ့ ကိုယ်လေးကို ပွေ့ဖက်ချင်ပါတယ်။ တင်မေချစ် ပါးပြင်ကို အနမ်းမိုးတွေ ရွာချင်ပါတယ်။ ဒါပေမယ့် ကျွန်တော့် ဆန္ဒတွေ မပြည့်ဝပါဘူး။







ပြောရရင် တင်မေချစ် အနား ကပ်ခွင့်တောင် မရနေပါဘူး။ ချစ်ပို နှောင့်ယှက်နေလို့ပါ။ တင်မေချစ် အနားကပ်ရင် နားမောင်းနဲ့ တွန်းပြီး ခွာထုတ်ပါတယ်။

ကျွန်တော့်အဆင့်၊ ကျွန်တော့် အသက်၊ တင်မေချစ် အရွယ်၊ သူ့ရဲ့ ဂုဏ်သိက္ခာအရ ကျွန်တော်တို့ နှစ်ယောက်ဟာ မမြင်ကွယ်ရာမှာ ချိန်းတွေ့ဖို့ မသင့်ပါဘူး။ သိက္ခာရှိရှိနဲ့ လူမြင်ကွင်းမှာ တွေ့ဆုံကြပြန်တော့လဲ ချစ်ပို နှောင့်ယှက်တာနဲ့ ချစ်စကားလှလှလေးတောင် တုံ့လှယ်ပြောဆိုခွင့် မရှိပါ။

ရက်မှလ အလီလီပြောင်းပြီး ချစ်သက်တမ်းလေးတွေ ရှည်ကြာလာတဲ့ထိ ချစ်ပို အခြေအနေကို ရိပ်စားမိလာပါတယ်။ ချစ်ပို တင်မေချစ်ကို ချစ်နေပြီဆိုတာပါပဲ။

တစ်မိပေါက် မောင်နမအရင်းအချာ အချစ်မျိုး . . အသည်းနှင့်အောင် ချစ်ရတဲ့ အစ်မ (သို့မဟုတ်) ညီမလေးကို အစ်ကိုကလွဲလို့ ဘယ်ယောက်ျားကိုမှ မချစ်စေချင်တဲ့ မောင်နမချစ် (၅၂၈) ကိလေသာကင်းစင်တဲ့ အချစ်မျိုးလား။

ကျွန်တော့်လိုပဲ ရယူပိုင်ဆိုင်လိုတဲ့ (၁၅၀၀) အချစ်မျိုးလား။

"ကို . . ချစ်ချစ် သဘောကို သိချင်တယ်"

"ဘာကိုလဲ . . ကိုကို"

အရင်းမရှိ၊ အဖျားမရှိ ကျွန်တော့်စကားကြောင့် တင်မေချစ် မျက်လုံးအဝိုင်းသားနဲ့ ကျွန်တော့်ကို အတန်ကြာ စိုက်ကြည့်နေပါတယ်။

"ချစ်ချစ် . . ချစ်ပိုအပေါ်ထားရှိတဲ့ သဘောထားကို ပြောတာပါ"

"ကိုကို့ ဘယ်လိုထင်လို့လဲ"

ကျွန်တော် ပြတ်ပြတ်သားသားပဲ သိချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


"ချစ်ပိုဟာ အကိုလိုပဲ ချစ်ချစ်ကို ချစ်နေသလားလို့ပါ"

"အော် ..ကိုကိုရယ်..ဟုတ်ရင်လည်း ဟုတ်မှာပေါ့၊ ဒါများ စိုးရိမ်စရာလား။ ချစ်ချစ်က မနုဿလူသား၊ ချစ်ပိုက တိရစ္ဆာန် ..မဖြစ်နိုင်တာ မတွေးစမ်းပါနဲ့"

"တကယ်လို့ ချစ်ပိုဟာ လူဖြစ်နေရင်ကော"

"ကိုကိုနော် .."

ကိုကိုနော်လို့ ပြောတဲ့ လေသံ ..၊ ခပ်စူစူ နှုတ်ခမ်း ..၊ ခပ်စွေစွေ မျက်စောင်းတစ်ချက်ဟာ ကျွန်တော့်အပေါ် သဝန်တိုရန်ကောလို့ အဓိပ္ပာယ် သက်ရောက်စေပါတယ်။

သဝန်တိုတာ အချစ်လို့ ခေါ်ရင် တင်မေချစ် အပြစ်ဆိုမှုကို ကျွန်တော် ကြည်ဖြူကျေနပ်စွာ လက်ခံပါတယ်။ ကျွန်တော် အမျိုးမျိုး တွေးပါတယ်။ ချစ်ပိုဟာ တိရစ္ဆာန်ပါ စိတ်ရိုင်းဝင်ပြီဆို သူ့သခင် ဆင်ဦးစီးကိုတောင် နင်းသတ်တဲ့အထိ အသိဉာဏ်ကင်းမဲ့တဲ့ အသိကြောင့် အချိန်ဆွဲလို့ မဖြစ်တော့ကြောင်း နားလည်လာပါတယ်။

ကျွန်တော်တို့ စစ်ဆင်ရေးကာလ ကုန်ဆုံးဖို့ တစ်လတောင် မလိုတော့ပါ။ ကျွန်တော်နဲ့ တင်မေချစ် သူက ပိုချစ်တယ်၊ ကိုယ်က ပိုချစ်တယ်လို့ အချစ်တွေ အပြိုင်အဆိုင်ဖြစ်နေချိန် ..၊ အချစ်ရဲ့အထွဋ်အထိပ်ကို ရောက်နေချိန် ..၊ နောင်ရေးအတွက် စိုင်းပြင်းနေချိန်မှာတော့ ချစ်ပိုဟာ ကျွန်တော်နဲ့ တင်မေချစ်ကို ခပ်စိမ်းစိမ်း ဖြစ်သွားပါတယ်။

ကျွန်တော် မရမ်းရွာထဲသွားရင် ကျွန်တော့်နောက်က တကောက်ကောက်လိုက်တတ်တဲ့ ချစ်ပို ခုတလော မလိုက်တော့ပါဘူး။ ရဲဘော်တွေ ကင်းအိပ်ရင် ကျွန်တော့်ကို လာနှိုး။ ရဲဘော်ချင်း စကားများရန်ဖြစ်ရင် ကျွန်တော့်ကို လာတိုင်၊ ရဲဘော်တွေ အစာမကျွေးရင် နှာမောင်းကြီးနဲ့ ပွတ်သီးပွတ်သပ်နဲ့ သတင်းပို့၊ ရေဒီယိုက မြူးမြူးကြွကြွ သီချင်းလာရင် ကျော့ကျော့မော့မော့ ကခုန်တတ်တဲ့ ချစ်ပိုဟာ လေးလံထိုင်းမှိုင်းလို့ နေပါတယ်။ လူလိုဆိုရင် စိတ်ဖိစီးမှု ခံစားနေရသလိုပါ။

ချစ်ပိုဝေဒနာကို ကျွန်တော် မျှဝေခံစားတတ်ပြီဖြစ်လို့ မနေတတ်တော့ပါဘူး။ ချစ်ပိုကို ချော့ပါတယ် မပျော့ပါဘူး။ ချစ်ပိုကို မြှောက်ပါတယ်





မမြှောက်ပါဘူး၊ လတ်ဆတ်တဲ့ ကြံတွေကို ကျွန်တော်ကိုယ်တိုင် ခုတ်ပိုင်းကျွေးပါတယ် မစားပါဘူး။ အဆိုးဆုံးကတော့ မမှိတ်မသုံ မျက်လုံးအစုံက ကျွန်တော့်ကို စိုက်ကြည့်နေခြင်းဟာ ကောင်းသော လက္ခဏာမဟုတ်ပါဘူး။ ဆင်ကြုံကြုံနေတဲ့ သဘောပါ။

❖

စစ်ဆင်ရေး ကာလပြီးဆုံးပြီး နောက်တန်းပြန်နားမှ နောက်တစ်ခေါက်လာပြီး စေ့စပ်ကြောင်းလမ်းဖို့ ကိစ္စ၊ မင်္ဂလာဆောင်ဖို့ ကိစ္စဟာ မသေချာ မရေရာတဲ့အလုပ်ပါ။ ကျွန်တော်တို့ စစ်သားဘဝဟာ ခုအမိန့်ရ ခုချက်ချင်း တာဝန်ကျရာကို အချိန်မဆိုင်း သွားရတဲ့ဘဝပါ။

ကျွန်တော် တင်မေချစ်နဲ့ ညှိပါတယ်။ ကျွန်တော့်သဘောဆိုတာကြောင့် မိုးကောင်းရှေ့တန်း ဌာနချုပ်ကိုသွား၊ ကျွန်တော် တပ်ရင်းမှူးကို အကျိုးအကြောင်း တင်ပြပြီး လက်ထပ်ခွင့်တောင်းခံတာ အလွယ်တကူခွင့်ပြုပါတယ်။ အခြေအနေပေးရင် တပ်ရင်းမှူးကိုယ်တိုင် ကြွရောက်ချီးမြှင့်မယ်လို့လည်း ပြောပါတယ်။

"ဗိုလ်ကြီး မောင်ဘိုကြီး နှင့် မတင်မေချစ်"

မင်္ဂလာမဏ္ဍပ် နဖူးစီး စာတမ်းကြောင့် ကျွန်တော့်ကိုယ် ကျွန်တော် လိပ်ပြာမလုံပါ၊ စိတ်မသန့်ပါ။

တကယ်တော့ ကျွန်တော်တင်တောင်းတဲ့ ငွေကြေးပမာဏဟာ မည်ကာမတ္တပါ၊ ကျွန်တော်ရဲ့တင်တောင်းငွေကို နှစ်ဆတိုး နားဖောက်ချိန်မှာ လူလယ်ကောင်ထုတ်ပြတဲ့ တင်မေချစ်ရဲ့လုပ်ရပ်ဟာ ကျွန်တော့် ဂုဏ်သိက္ခာကို မြှင့်တင်ပေးသလို၊ သူ့အသိုင်းအဝိုင်းရဲ့ ချီးကျူးထောပနာပြုခံချင်တဲ့ သဘောဖြစ်တာကြောင့် လိပ်ပြာ မလုံတာပါ။

မင်္ဂလာပွဲအစီအစဉ်၊ ကုန်ကျစရိတ် အားလုံး မတင်မေချစ် တာဝန်ယူတာဖြစ်လို့ ကျွန်တော် မိန်းမရကောင်းတယ်လို့ ဆိုနိုင်ပေမယ့် အထုတ်ဖြေ သတင်းပေါက်သွားရင်တော့ အရှက်ရစရာပါပဲ။ မင်္ဂလာဆောင်တဲ့ကိစ္စ ကျွန်တော် အတတ်နိုင်ဆုံး အကျဉ်းချုံးချင်ပါတယ်။ ဒါပေမယ့် တင်မေချစ်ဟာ ငွေကြေးပြည့်စုံလှတဲ့ မျက်နှာကြီး တောသူဌေးဖြစ်တာကြောင့်


www.burmeseclassic.com

www.burmeseclassic.com


အကျယ်ချဲ့ပါတယ်။

ရွာခလေ့အတိုင်း ဝက်သားဟင်းနဲ့ ဧည့်ခံကျွေးမွေးပါတယ်။ မတင်မေချစ်ဟာ ဂုဏ်ပကာသန ငွေကြေးကြွယ်ဝသလို၊ မိတ်သင်္ဂဟလည်း ပေါပါတယ်။ မနက် ခုနစ်နာရီမှ တစ်ဆယ့်နှစ်နာရီထိလို့ ကြေညာထားပေမယ့် မနက် မိုးလင်းပြီဆိုထဲက ဧည့်ခံကျွေးမွေးလာတာ ရှစ်နာရီကျော်၊ ကိုးနာရီထိုးချိန်မှာတော့ ဧည့်ခံ မဏ္ဍပ်တောင် မဆံ့ဘဲ ပရိသတ်ပြုံဆင်းလာပါတယ်။

"အခါတော် ပေးတာက × × × နတ်ရေးယေ် ရွှေစာ"

ကျယ်လောင်လှတဲ့ အသံချဲ့စက်က မင်္ဂလာအခါပေး သီချင်းသံဟာ . . "လာကြပါ . . ကြွရောက် သုံးဆောင်ကြပါလို့ ဖိတ်ကြားနေသလိုပါပဲ"

မရမ်းရွာကြီးရဲ့မျက်နှာကြီး မင်္ဂလာပွဲအရှိန်ကြောင့်လို့ပဲ ဆိုရမှာပါ၊ နေမြင့်လို့ အချိန်ရင့်ပေမဲ့ မင်္ဂလာပွဲလာ ပရိသတ်ဟာ ကျဲပါးမသွားဘဲ မဏ္ဍပ်တွင်း အိမ်မကြီးပေါ် ဘေးအိမ်နီးချင်း အိမ်တွေမှာပါ ပြည့်လျှံလို့တောင်နေပါတယ်။ မရမ်းရွာကြီးရဲ့ "အစည်ကားဆုံးသော မင်္ဂလာပွဲ" လို့တောင် ပြောစမှတ်ပြုရမယ့် ပွဲလို့တောင် မှတ်ချက်ပြုခံရတဲ့ပွဲပါ။

အဲဒီအချိန်မှာ -

"တပ်ထဲက ဆင်ပေါက်ကြီး ချစ်ပို ပြေးလာတယ်ဗျို့"

ချစ်ပိုလာတာ အဆန်းမဟုတ်ပေမယ့် အော်ဟစ်ပြောဆိုသူရဲ့ လေသံမှာ ထိတ်လန့်တုန်လှုပ်တဲ့ စိုးရိမ်မှုသဘောဆောင်နေလို့ ကျွန်တော်ရော မတင်မေချစ်ပါ မဏ္ဍပ်အပြင် ထွက်ကြည့်ပါတယ်။ ဟုတ်ပါတယ် . . ပုံမှန်ခြေလှမ်းနဲ့ လာခြင်းမျိုးမဟုတ်ဘဲ စိတ်ရိုင်းဝင်ပြီး ဂမူးရှူးထိုးနဲ့ အပြေးလာခြင်းပါ။


"မီးဖိုထဲ ဝင်သွားပြီ"

"ပြေးကြ ပြေးကြ"

ပွက်လောရိုက်သံတွေနဲ့အတူ ချက်ပြုတ်ရေးအဖွဲ့တွေ ဘေးလွတ်ရာကို ထွက်ပြေးချိန်မှာတော့ မီးဖိုပေါ်က ပွက်ပွက်ဆူနေတဲ့ ဝက်သားဟင်း မိုးဖြဲဒယ်အိုးကြီးကို နှာမောင်းနဲ့ ထိုးလှန်ပစ်ပါတယ်။ မီးဖိုဘက်မှာတော့ အဆီတဝင်းဝင်း အငွေ့တထောင်းထောင်းထနေတဲ့ ဝက်သားတုံးတွေ ပြန့်ကျဲကုန်ပါတယ်။







"ချစ်ပို . . ချစ်ပို"

"ချစ်ပို မလုပ်ပါနဲ့ . . တောင်းပန်ပါတယ်"

ကျွန်တော့်အသံကြားရင် စိတ်ပြေတန်ကောင်းရဲ့လို့ အသံပေးကြည့်ပါတယ်။ မတင်မေချစ်ကလည်း သူတောင်းပန်ရတန်ကောင်းရဲ့လို့ အထင်နဲ့ တောင်းပန်ပေမယ့် ကျွန်တော်နဲ့ မတင်မေချစ်ကို တစ်ချက်ငွေ့ကြည့်ပြီး ထမင်းတွေထည့်ထားတဲ့ တောင်းတွေကိုမှောက်၊ ထမင်းတွေကို နင်းခြေပါတယ်။

"ချစ်ချစ် ပြေး . . ပြေး၊ အိမ်ပေါ် တက်ပြေး . ."

ချစ်ပိုဟာ ထမင်းတောင်းတွေ သွန်မှောက်နင်းခြေပြီးလို့လည်း စိတ်မပြေနိုင်ဘဲ ကျွန်တော်တို့ဘက် ဦးတည်လာလို့ မတင်မေချစ်ကို တွန်းလွှတ်ပါတယ်။

အရေးထဲ မတင်မေချစ် လဲကျသွားလို့ ဆွဲထူနေစဉ်မှာ ချစ်ပိုဟာ ကျွန်တော်တို့နှစ်ယောက်ကို ရန်မမူဘဲ မင်္ဂလာမဏ္ဍပ်ဘက် ထွက်သွားပါတယ်။ မဏ္ဍပ်ထဲက ဧည့်ပရိသတ်တွေ အစုအပြုံလိုက် အလဲလဲအပြိုပြိုနဲ့ ထွက်ပြေးကြပါတယ်။

"ချစ်ပို . . စိတ်လျှော့ပါ"

"ချစ်ပို . . ငါတို့ကို မသနားတော့ဘူးလား"

ကျွန်တော်နဲ့ မတင်မေချစ် အသံပေး တောင်းပန်ပေမယ့် မရပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ မင်္ဂလာသီချင်းတွေ သီကျူးနေတဲ့ အသံချဲ့စက် ဟွန်းကြီးနှစ်လုံးကို ဆွဲဖြုတ်၊ လမ်းမပေါ်က ကျောက်တုံးတွေနဲ့ ထုခြေ ခြေထောက်နဲ့ ထပ်နင်း၊ ပြီးတော့ မဏ္ဍပ်တိုင်တွေ ဆွဲနုတ်ဖြိုဖျက်ပစ်လို့ ဖရိုဖရဲဖြစ်နေပါပြီ။

သတို့သား ကျွန်တော်နဲ့ သတို့သမီး မတင်မေချစ်ကလွဲလို့ အနီး ဝန်းကျင်မှာ တစ်ယောက်မှ မရှိတော့ပါ။

နံနက်ပိုင်းဟာ ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံနေတဲ့ ကျွန်တော်တို့ မင်္ဂလာပွဲဟာ မြင်မကောင်း ရှုမကောင်း အပျက်အစီးတွေနဲ့ အတူ ကျက်သရေကင်းမဲ့တဲ့ တစပြင်ကြီးလိုပါပဲ။

"ဒိုင်း ..ဒိုင်း ..ဒိုင်း"

ဘယ်သူကပြေးပြီး သတင်းပို့လိုက်တယ် မသိ၊ ကျွန်တော့် ရဲဘော် ဆယ်ယောက် သေနတ်ပစ်ဖောက် ခြောက်လှန့်ပြီး ပြေးလာကြပါတယ်။ ဖြစ်ပျက်နေတဲ့ အပျက်အစီးတွေမြင်ပြီး ချစ်ပိုကို ပစ်သတ်ကြတော့မှာပါ။

"ဗိုလ်ကြီး .. ကျွန်တော်တို့ဘက်ကို လာခဲ့ပါ"

"မမချစ် .. ဗိုလ်ကြီးနဲ့အတူ ဒီဘက်ကို လာခဲ့ပါ"

ကျွန်တော့် ရဲဘော်တွေ ကျွန်တော်နဲ့ မတင်မေချစ်ကို အော်ခေါ် ရင်း သေနတ်နဲ့ချိန်တဲ့လူက ချိန်၊ မိုးပေါ်ထောင်ပစ်ခတ်ရင်း ခြောက်သူက ခြောက်ပါတယ်။ အဲ့ဒီအချိန်မှာ ချစ်ပိုဟာ ရဲဘော်တွေရှိရာဘက် ခေါင်း လှည့်ထားပါတယ်။ နဖူးတည့်တည့် ချိန်ရွယ်ပြီး ပစ်လိုက်ရင် ဘိုင်းကနဲ လဲ ပြီး သေပွဲဝင်တော့မှာပါ။



"ကျွန်မ တောင်းပန် ပါတယ် .. မပစ်ကြပါနဲ့ရှင်"

"ချစ် .. ချစ် .."

မတင်မေချစ် ဟာ ရဲဘော်တွေကို တောင်းပန်ရင်း ချစ်ပိုရှေ့ပြေး ထွက်သွားလို့ ကျွန်တော်





လိုက်ဆွဲတာ မမီလိုက်ဘဲ ချစ်ပိုရှေ့က ကာလိုက်ပါတယ်။ နောက်ဆုံး ချစ်ပိုနဲ့အတူ ကျွန်တော်တို့ပါ အသေခံမယ်ဆိုပြီး ရဲဘော်တွေရဲ့ပစ်ကွင်း ကို ကာကွယ်လိုက်ပါတယ်။

"ဗိုလ်ကြီး .. မမချစ် .. မစွန့်စားချင်ပါနဲ့၊ တိရစ္ဆာန်တစ်ကောင် အတွက်နဲ့ အသက် ဆုံးရှုံးမခံပါနဲ့"

"ဖယ် .. ဖယ် .. ပစ်တော့မယ်နော်"

"ဝှူး.."

ကျွန်တော်နဲ့ မတင်မေချစ် မျက်လုံး စုံမှိတ်လိုက်ပါတယ်။ ကျွန် တော်နှစ်ယောက်ရဲ့ နောက်ဆုံး အခြေအနေကို ရင်ဆိုင်လိုက်တော့မယ် ဆိုတဲ့ သဘောပါ။ စက္ကန့် .. မိနစ် ငြိမ်သက်နေပါတယ်။ ဒါပေမယ့် ကျွန်တော် မျှော် လင့်သလို ဖြစ်မလာလို့ ချစ်ပိုရှိရာ နောက်ကျောကို လှည့်ကြည့်ချိန် မှာတော့ ရင်နင့်အောင် ခံစားရပါတယ်။

ချစ်ပို မြေပြင်မှာ ပြားပြားဝပ်နေလို့ပါ။

တဟုန်းဟုန်းတောက်လောင်နေတဲ့ ချစ်ပိုရဲ့ဒေါသမီးကို ကျွန် တော်တို့နှစ်ယောက် မေတ္တာရေနဲ့ ငြိမ်းသတ်လိုက်ပါပြီ။

အော် .. ချစ်ပို မျက်ရည်တွေ တွဲခိုလို့ပါလား။

"ချစ်ပိုရယ် နောက်ဘဝဆိုတာများ ရှိခဲ့ရင် .."

မတင်မေချစ်ဟာ ချစ်ပို ဦးကင်းကို ပွတ်သပ်ရင်း ဝမ်းနည်း ကြေကွဲစွာနဲ့ စကားဆိုပါတယ်။ အသံတိမ်ဝင်သွားလို့ ဘာမှမကြားရတော့ ပေမယ့် ရင်ထဲမှာရှိတဲ့ စကားလက်ကျန်ကိုတော့ ကျွန်တော် ခန့်မှန်းလို့ရ အဓိပ္ပာယ် ဖော်လို့ရပါတယ်။

ချစ်ပိုနဲ့အပြိုင် မတင်မေချစ်ကျတဲ့ မျက်ရည်တွေကြောင့်ပါ။

**ရွှေခွင်ကျော် ဖောင်တော်သီ**

❑

www.burmeseclassic.com

www.burmeseclassic.com





တင့်လွင်

(ဘုရားနီ)

# ဘီလူးရုပ်တုနှင့်ကြမ္မာဆိုး

www.burmeseclassic.com

www.burmeseclassic.com





။

"အ.. အ.. လုပ်..
လုပ်ပါ.. ဦး"

ဒုတိယအကြိမ် မပီမသ အော်သံကြောင့် အားလုံးပြန်ငြိမ် နိုးလာကြသည်။ ဗိုးထိန် မျက်လုံးပြူး မျက်ဆံပြူးနှင့် လှုပ်… ခေါ်မရ ဖြစ်ရှိနေသည်။

စေတီပျက်နား ဝွေးနီ မကြာခဏ ငှက်ပစ်လာတတ်သည်။ … ပေါင်းစုံ နေထိုင်ကျက်စားရာ နေရာဖြစ်သည်။ သစ်ပင်၊ သစ်ရိပ်များ… ဆိုင်း ညို့မှိုင်းလျက်ရှိသည်။

ကြီးမားသော ညောင်ပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ တ… ထနောင်းပင်များပေါ်တွင် တိရစ္ဆာန်များအတွက် လွတ်လပ်သော သ… တစ်နေရာ ဖြစ်လေသည်။

ထနောင်းပင်ပေါ်မှ တွန်ကျူးနေသော ရှိုးမောင်နှံဆီ ဝွေးနီ … ပင် အကွယ်မှ ချောင်းမြောင်းနေသည်။ လက်ထဲ၌ ခွနှင့် လောက်စာ… အစဉ်သင့်ပစ်ရန် ပြင်ထားသည်။

"ဖလန်း.. ဖလန်း"

ရှိုးနှစ်ကောင် တောင်ပံခပ်ကာ ထပျံသွား၏။

"တောက်!.. ပစ်ခံနိုးမှကွာ"

ရှိုးနှစ်ကောင်ကို မပစ်လိုက်ရသည့်အတွက် တောက်ခေါက်… ပြောဆိုနေလေ၏။

"ဩော်.. ဒင်းကြောင့်ကိုး"

ရှိုးနှစ်ကောင် လန့်ဖြန့်သွားခြင်း၏ အဓိကတရားခံကို …





…တရက် တွေ့ရှိလိုက်သည်။ ဝါးပင်ထိပ်ဖျားနားဆီမှ လက်မောင်းလုံး …ဘက် လင်းမြွေကြီးတစ်ကောင် ခေါင်းထောင်ကြည့်နေသည်ကို တွေ့ …ရသည်။

"ဝှစ်.. ဖောက်!.. ဝှစ်.. ဖောက်!"

မြန်မြန်ဆန်ဆန် လေးခွဖြင့် နှစ်ချက်တိတိ ပစ်လိုက်သည်။ လင်း …မြွေကြီး၏ ချက်ကောင်းကို ထိမှန်သွားသည်။ ဝါးပင်ထိပ်ဖျားမှ အောက်သို့ …ကျသွားသည်ကို ဝွေးနီမြင်လိုက်ရ၏။

ဝွေးနီ လင်းမြွေပြုတ်ကျရာ နေရာသို့ အလျှင်အမြန် ရောက်ရှိ …သည်။ ခေါင်းသာ မှုံနောက်သွားပြီး မြွေကို လုံးဝ ရှာမရ ဖြစ်သည်။ သူ …ကိုယ်သူလည်း ဒေါသ ထွက်နေသည်။

"မသေဘဲနဲ့ ထွက်ပြေးသွားတာ ထင်တယ်"

မကျေနပ်သေး၍ နောက်တစ်ကြိမ် ပြန်ရှာမိသည်။

"ဘာလေးပါလိမ့်!.."

မြေကြီးပေါ်တွင် ကြေးရောင်အဆင်းရှိသော မပီမသ ရုပ်တုလေး …ကို တွေ့ရှိပြီး ကောက်ကိုင်လိုက်သည်။

"ဘီလူးရုပ်တုလေးပါလား"

နှစ်လက်မနီးပါးရှိ ဘီလူးရုပ်တုလေး ဖြစ်နေသည်။ တကယ့်ကို …ဘက်ရန်သူနှင့် တိုက်ခိုက်တော့မည့် ဟန်အမူအယာအပြည့် လက်ရာ …မြောက်စွာ ပြုလုပ်ထားသော ပုံဖြစ်လေသည်။ စိတ်ထဲတွင် လိုချင်စိတ်များ …ပေါ်နေသည်။ လောက်စာလုံးထည့်ထားသော လွယ်အိတ်ထဲ ထည့်ကာ …သို့ ယူဆောင်လာခဲ့သည်။

ဘီလူးရုပ်ထုလေးကို လွယ်အိတ်ထဲမှထုတ်၍ အသေအချာ ကြည့် …၏။ ကြက်သီးမွေးညှင်းထလောက်အောင် လက်ရာမြောက်လှသည်။ …ကြည့်ရင်း.. ကြည့်ရင်း လွှင့်ပစ်ရမှာကို နမြောစရာ ကောင်းနေသည်။ …လွယ်တကူ နီးစပ်ရာ သစ်သားပေါင်ပေါ် တင်ထားလိုက်သည်။

"လူလေး.. မနက်စောစော တောင်ပေါ် တက်ရမယ်နော်၊ အိပ် …တော့လား"

အမေအော်လိုက်သော အသံကြောင့် အိပ်ရန် မျက်လုံးမှိတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com





မိသည်၊ မကြာလောက်သောအချိန်အတွင်း တခေါ်ခေါ် ဟောက်သံထွက်ကာ ဖွေးနီ အိပ်ပျော်သွားလေသည်၊

❖

"ကယ်ကြပါဦး ! .. ကယ်ကြပါဦး .. အ .. အ"

တိတ်ဆိတ်ငြိမ်သက်နေသော သန်းခေါင်ယံအချိန် အစ်ကိုဖြစ်သူ ဖိုးထိန်အိပ်ရာဆီမှ အလန့်တကြား အော်ဟစ်သံကြောင့် ဖွေးနီနှင့်အတူ မိသားစု လန့်နိုးခဲ့ရလေသည်။

"ဖိုးထိန် .. ဘာဖြစ်လို့လဲ"

"အရုပ်ဆိုးဆိုး လူကြီး လည်ပင်းညှစ်နေလို့အော်မိတာပါ .. အမေ"

အကြောက်လွန်ပြီး မျက်နှာငယ်နှင့် တုန်တုန်ရီရီ ပြောဆိုနေသော ဖိုးထိန်စကားကို အားလုံး နားထောင်နေကြသည်။

"မင်းကလည်း .. ယောကျာ်းဖြစ်ပြီး ဒီလောက်လည်း ကြောက်ရာ မလိုပါဘူးကွာ .. မင်းက ပက်လက်လှန်အိပ်တော့ ထမင်းလုံး တစ်ခြောက်တာ ဖြစ်မှာပေါ့ကွာ"

အဘက ဖိုးထိန်ကို အပြစ်ပြောဆိုနေသည်၊ ဖိုးထိန်ကတော့ အကြောက်လွန်နေသည်၊ အိပ်မက်ထဲက အဖြစ်မျိုး တစ်ခါမှ မကြုံတွေ့ဘူးခဲ့၊ ကိုယ်တိုင်ကြုံတွေ့ဖြစ်ပျက်ခဲ့ရသည်မို့ စိတ်စွဲလန့်၍ မက်သော အိပ်မက် မဖြစ်နိုင်၊ အဘယ်ကြောင့် အခုလို ဖြစ်ရသည်ကို စဉ်းစားမရ ဖြစ်နေသည်၊

"ကဲ .. ကဲ .. ပြန်အိပ်တော့ .. အငယ်ကောင် ဖွေးနီ .. တောင်တက်ရဦးမယ်"

အားလုံး ကိုယ့်နေရာကိုယ် ဝင်ရောက် အိပ်ကြလေသည်၊ ဖိုးထိန် မျက်လုံးထဲမှာ မြင်ယောင်နေသော အရုပ်ဆိုးဆိုး လူကြီးကို မျက်လုံးထဲမှ ဖျောက်မရ၊ အိပ်ရာပေါ်တွင် ကြောင်တောင်တောင် ဖြစ်နေမိသည်၊





"အ .. အ .. လုပ် .. လုပ်ပါ .. ဦး"

ဒုတိယအကြိမ် မပီမသအော်သံကြောင့် အားလုံးပြန်လည် နိုးလာကြသည်၊ ဖိုးထိန် မျက်လုံးပြူး၊ မျက်ဆံပြူးနှင့် လှုပ်မရ၊ ခေါ်မရ ဖြစ်၍နေသည်၊ တခဏအတွင်း ဖြစ်ပျက်သွားသော အကြောင်းအရာသည် အစ်ကိုဖြစ်သူ ဖိုးထိန် အသက်ပါ ဆုံးရှုံးခဲ့ရလေသည်၊

အော်သူအော်၊ ငိုသူငိုနှင့် ဝမ်းနည်းဖွယ်အဖြစ်အပျက်က မယုံနိုင်လောက်အောင် ဖြစ်သွားရ၏ ၊ ဖွေးနီ အံ့ကြိတ်ကာ အစ်ကို့အလောင်းကို ကြည့်ပြီး မျက်ရည်ကျမိသည်၊ ယခုကဲ့သို့ ဖြစ်သွားရခြင်းသည် သူယူလာခဲ့သော ရုပ်ထုကြောင့်ဖြစ်ရသည်ဟု ပူဆွေးသောကများ ဖြစ်မနေလေတော့သည်၊

❖

နွားပျောက်၍သော စေတီပျက်နား ရောက်ခဲ့ရသည်၊ ဒီနေရာကို လာချင်၊ ကိုယ့်စိတ်ကို ခြောက်လှန့်နေသလို ဖြစ်နေမိသည်၊ ရောမ သစ်ပင်ကြီးတွေက လူသုံးလေးယောက်ဖက်စာ လောက်ရှိသည်၊ သစ်ပင်၊ သစ်ကိုင်းများပေါ်တွင် လင်းဆွဲကြီးများက ဖောက်ထိုးတွဲလောင်းတန်းစီနေကြသည်၊ အသည်းယားစရာ မြင်ကွင်း ဖြစ်နေသည်။

အုတ်ကျိုး အုတ်ပဲ့များက တောင်ပုံရာပုံ ဖြစ်နေ၏ ၊ အချို့သော အုတ်များဆို မြေကြီးထဲ ကျွံဝင်နေသည်၊ ဘယ်စုနစ်၊ ဘယ်မင်း လက်ထက်တွင် တည်ထားခဲ့သော စေတီတော်သမိုင်းက ခိုင်လုံသော အထောက်အထား မရှိပေ၊

ရွာထဲမှ လူကြီးသူမများ ပြောဆိုနေသံကြားရသည်က အဓိဋ္ဌာန်ဆီသို့ လာရောက်ကျင့်ကြံကြသော လူပုဂ္ဂိုလ်များ မကြာခဏ လာရောက်ကြသည်ကို သိထားကြရသည်၊

သာဝ အသက်(၃၀)အထိ စေတီပျက်တွင် မည်သူမျှ တွေ့မြင်ခြင်းတော့ မရှိပေ၊ စေတီပျက်နားမှ စပ်ဝေးဝေး တောအုပ်ကြီးဆီသို့ ပျောက်နေသော နွားကို လှမ်းကြည့်မိသည်၊ အရိပ်အယောင် မတွေ့မြင်ရ၊ အခြားနေရာများသို့ သွားရှာရန် ခြေလှမ်းပြင်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ခြေမနှင့် အရာဝတ္ထု တစ်ခု ထိလိုက်မိသည်။ လက်ဖြင့်ကောင်း ယူကြည့်လိုက်၏။

"ဘီလူးရုပ်ထုပါလား"

ရုပ်ထုလေးကို ခါးပိုက်ထောင်ထဲ ထည့်ပြီး သာဝအိမ်ကို ယူလာခဲ့သည်။ အိမ်သို့ရောက်သော် ဘီလူးရုပ်ထုလေးအား ခေါင်းမိုးသက်ကယ်ပစ်များကြား ထိုးထားလိုက်လေသည်။

❖

"အ . . အ . . လုပ် . . ကြ . . ပါ . . ဦး၊ ကြောက်ပါပြီဗျ !"

အိမ်ဦးခန်း အဘအိပ်ရာဆီမှ အော်လိုက်သော အသံကြောင့် အိပ်နေသူများ နိုးသွားကြသည်။

"ဘာဖြစ်လို့လဲ . . အဘ"

"အောင်မလေး . . ကြောက်စရာကြီး"

"ဘာမှ . . မရှိပါဘူး"

သာဝက ဂယောင်ချောက်ချားဖြစ်နေသော အဘကို ပြန်လည်ပြောဆိုနေသည်။ အဘသည် ဟိုဒီကြည့်ရင်း ပျာပျာသလဲဖြစ်နေ၏။

"ဘာကို တွေ့လို့လဲ . . အဘ"

အဘသည် တော်တော်မောနေသည်။

"ငါ အိပ်နေတုန်း ငါ့လည်ပင်းကို ဘီလူးကြီးတစ်ကောင် လာညှစ်နေလို့ . . ငါ အော်လိုက်မိတာ"

"အဘ အိပ်မက်မက်နေတာ နေမှာပေါ့"

သာဝ . . အဘကို သောက်ရေတစ်ခွက်ခပ်ပေးပြီး ပြန်လည် အိပ်ကြလေသည်။ အိပ်ရေးပျက်ထားသဖြင့် မိသားစုအားလုံး အိပ်ပျော်သွားကြသည်။

"သေ . . သေ . . သေ . . ပါပြီ . . အစ် . . အစ် . . အစ်"

အဘ ဘီလူးလက်ထဲမှ ရုန်းထွက်ရန် ကြိုးစားသော်လည်း အားခြင်းမမျှသဖြင့် ခြေထောက်ဖြင့် ကြမ်းပြင်ကို ဆောင့်မိသည်။

"အဘ . . အဘ . . အဘ"







အဘ မျက်လုံးပြူးကာ သေဆုံးနေသည်။ ဘယ်လိုဖြစ်ရသည်ကို မိသားစုများ မသိလိုက်ရချေ။ သားသမီးများ ငိုယိုနေကြသည်။ အဘ သေဆုံးပုံက ထူးဆန်းနေသည်။ ရောဂါဖြစ်၍ သေဆုံးခြင်းမဟုတ်ဘဲ၊ ကြောက်ကြောက်လန့်လန့်ဖြင့် အိပ်ရာပေါ်တွင် သေဆုံးရခြင်းဖြစ်၏။

သာဝ သူ့ခေါင်းကို လက်သီးဖြင့် သုံးလေးချက် ထိုးလိုက်မိသည်။ သူ သံယောဇဉ်ရှိသော အဘသည် မထင်မှတ်ဘဲ သေဆုံးရခြင်းသည် သူ့ ယောဂကြောင့် ဖြစ်ရသည်ဟု သာဝ ယူကျုံးမရ ဖြစ်မိလေတော့သည်။

❖

ပွင့်ဖြူ ထင်းချောက်များ ကောက်ကာ စုပုံထားလေသည်။ အေးကြည်မနှင့် ထွေးရီ မလှမ်းမကမ်းမှာ ထင်းလိုက်ကောက်နေကြ၏။

"ဟယ် ! . ."

ပွင့်ဖြူ ထင်းချောက်များ စုစည်းနေစဉ် မြေကြီးထဲမှ တစ်ပိုင်းတစထွက်နေသော အချွန်အတက်အား ဓားမဖြင့် တူးဆွလိုက်သည်။ ရုပ်ထုတစ်ခုဖြစ်နေသည်။ ရွှေလိုအရောင် မတောက်ပ၊ ရုပ်ထုကို လက်ဖြင့် ပွတ်သိုက်လိုက်၏။ ဘီလူးရုပ်ထု ဖြစ်နေသည်။

အေးကြည်မနှင့် ထွေးရီ ထင်းချောက်များ ရွက်ပြီး လာနေကြသည်။ ပွင့်ဖြူ ရရှိထားသော ဘီလူးရုပ်ထုကို ခေါင်းဖုထဲထည့်ကာ ထင်းစည်းကို ခေါင်းပေါ်ရွက်တင်ပြီး သူငယ်ချင်းသုံးယောက် ရွာသို့ ထွက်ခွာလာခဲ့ကြသည်။

အိမ်ရောက်သောအခါ ထင်းစည်းကို ချပြီး ခေါင်းဖုထဲမှ ဘီလူး



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ထုလေးကို သူမ သနပ်ခါးလိမ်းသော ကျောက်ပြင်နား၌ ထားလိုက်သည်။ ရေချိုးပြီး သနပ်ခါးလိမ်းတော့လည်း သူထားသော ဘီလူးရုပ်ထုလေး[illegible] သတိမရ၊ အမှတ်တမဲ့ ဖြစ်နေသည်။

နေ့စဉ် အလုပ်နှင့်လက်မပြတ် . . အိမ်၏တာဝန်များသည် သူမ[illegible] အလုပ်သာ ဖြစ်လေသည်။ အဖေ၊ အမေနှင့် သူမပေါင်းမှ မိသားစုသုံး[illegible] သာ ဖြစ်သည်။

လယ်ယာလုပ်ငန်း၊ မြက်ရိပ်၊ နွားစာကျွေးလုပ်ငန်းများသည် အဖေနှင့်တန်းတူ တတ်နိုင်သလောက် ယောကျ်ားလေးတစ်ယောက်[illegible] ဝင်ရောက် လုပ်ကိုင်တတ်သည်။ ထင်းရှာသည်ကအစ ပွင့်ဖြူက အလုပ် ကို ဖယ်ဆက်သလို၊ မပြတ်လုပ်နေရသူ ဖြစ်သည်။

မအိပ်ခင် ဘုရားရှိခိုး အမျှအတန်းဝေ၊ မေတ္တာပို့ပြီးတာနှင့် အဖေ နှင့်အမေကို ဦးချကန်တော့ပြီးမှ ပွင့်ဖြူ အိပ်တတ်သော သမီးတစ်ယောက် ဖြစ်လေ၏။

❖

"ဟာ . . ဘီလူးကြီးပါလား"

ကြောက်လန့်ကာ ပွင့်ဖြူ ပါးစပ်မှ ထွက်သွားမိသည်။ သူမ ကြည့် ခဲ့ဖူးသော အငြိမ့်ဇာတ်ပွဲတွေထဲက ဘီလူးတွေနှင့် မိုးနဲ့မြေလို ကွာခြားနေ သည်။ အဝတ်အစားတွေက ဖြိုးဖြိုးလက်လက်၊ ပါးစပ်တွင် အစွယ်နှစ် ချောင်းကို တွေ့မြင်ရ၏။ အရုပ်အမောင်းကလည်း လူသုံးလေးယောက် စာလောက်ရှိ၏။ ပွင့်ဖြူ အကြောက်လွန်၍ သတိလစ်ချင်သလို ဖြစ်နေ မိသည်။

"အမေ့! . ."

ရှည်လျားသန်မာသော လက်တစ်ဖက်ဖြင့် ပွင့်ဖြူ လည်ပင်းကို ဖမ်းညှစ်ပြီး ဆွဲမလိုက်သည်။ အရုပ်လေးတစ်ရုပ် မသလို ဖြစ်သွား၏။ အလွန်ကျယ်ဝန်းလှသော ပါးစပ်ကြီးဟလိုက်သည်။

"မ . . လ . . အာ . . အ"

ပွင့်ဖြူ ပါးစပ်မှ မပီမသ အသံသာ ထွက်လာသည်။ ခန္ဓာကိုယ်[illegible]







[illegible]စားတော့မည်။ အနီး [illegible]တ်ဝန်းကျင်တွင် [illegible]ရှည်ကြမည့် သူ [illegible]တစ်ဦးတစ်ယောက် [illegible]မမြင်ရ၊ သူမအဖြစ် [illegible] ကယ်မဲ့သူ ဝေးကွာနေ သည်။ နောက်ဆုံး စိတ်ထဲမှ ဘုရားသာ တနေမိသည်။

"ဒုတ်! . ."

ပွင့်ဖြူလည်ပင်းကို ညှစ်ထား သော ဘီလူးကြီးလက်ကို မဲနက်နေသော [illegible]တ်တစ်ချောင်းရိုက်သံက မိုးခြိမ်းသံတစ်မျှ ကျယ်လောင်သွားသည်။ ဘီလူးကြီး လက်နာသွားသဖြင့် ပွင့်ဖြူကို လွှတ်ချလိုက်သည်။

"သမီးကို ကယ်ပါ . . ကယ်ပါ . . အဘရယ်"

ထစ်ထစ်ငေါ့ငေါ့ အသံဖြင့် တုတ်ဖြင့်ရိုက်လိုက်သော ဒေါက်ချာ [illegible]ဆောင်း ရသေ့ကြီးကို လက်အုပ်ချီ ငိုယိုအသနားခံနေမိသည်။ ဘီလူးကြီး အဝေးသို့ ထွက်ပြေးပျောက်ကွယ်သွားလေ၏။

"အေး . . အေး . . ငါ့သမီး စိတ်ကိုတည်ငြိမ်အောင် ထားလိုက် တော့ အဘရှိနေပြီလေ . . ဘာမှ မဖြစ်တော့ပါဘူး"

ပွင့်ဖြူ ကျေးဇူးတင်လွန်းစွာဖြင့် အဘရသေ့ကို ကန်တော့နေမိ သည်။

"သမီး ကောက်ရခဲ့တဲ့ ဘီလူးရုပ်ထုရဲ့ကိုယ်ပွား ဘီလူးပေါ့၊ ငါ့ သမီး ဉာဏ်စဉ်နဲ့တော့ မမှီနိုင်၊ မသိနိုင်တဲ့ လျှို့ဝှက်တဲ့ အကြောင်းအရာ တွေပေါ့"

အဘရသေ့ ပြောစကားကြောင့် သူကောက်ရခဲ့သော ဘီလူး ရုပ်ထုကို ရုတ်တရက် သတိရမိသွားသည်။ "ဘုရား . . ဘုရား . . ဘုရား" စိတ် ထဲမှလည်း အသံထွက်သွားအောင် ဘုရားကို တမိသွားသည်။

"သမီးရလာခဲ့တဲ့ ရုပ်ထုက အောက်လမ်းအစွမ်းတွေနဲ့ စီမံထု



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားတဲ့ လူသတ်ဘီလူးရုပ်ထုပေါ့။ အဲဒီရုပ်ထုကို မြင်တွေ့သူတိုင်း အဲ ကို ယူသွားချင်တဲ့စိတ် ဖြစ်လာအောင် စီမံထားတယ်"

"သမီးကိုယ်တိုင်တောင် ဘာရယ်မသိဘဲနဲ့ ယူသွားသေးတာပဲ။ မိသားစုထဲက .. သူလုပ်နိုင်တဲ့သူကို ညဘက်မှာ သတ်တော့တာပဲ၊ ဒီ ရုပ်ထုကြောင့် ဘာမှမသိတဲ့သတ္တဝါတွေ သေကြေခဲ့တာ မရေတွက်နိုင် တော့ဘူး"

အဘရသေ့ပြောပြနေသော ရုပ်ထုအကြောင်းကို ပွင့်ဖြူ စိတ်ဝင် စားစွာ နားထောင်နေသည်။

"တတ်ကျွမ်းနားလည်တဲ့ ပုဂ္ဂိုလ်တစ်ဦးက ဒီရုပ်ထုလေးကို ရှာ သွားပြီး သမီးကောက်ရတဲ့စေတီပျက်မှာ မြေမြှုပ်ထားခဲ့တယ်။ နှစ်ကာလ တွေ ကြာလာတော့ ပြန်ပေါ်လာပြီး ကံကြမ္မာငင်တဲ့သူတွေ တစ်ယောက်ပြီး တစ်ယောက် ရုပ်ထုရရှိသွားတယ်၊ သမီးက နောက်ဆုံး ရရှိသွားသူပေါ့။ သမီးက ငါးပါးသီလမြဲတဲ့သူဆိုတော့ .. အဘကိုယ်တိုင် ရောက်လာပြီး ကူ ညီရတာလေ"

အဘရသေ့ စကားများများ ပြောလိုက်ရသဖြင့် ခေတ္တ တိတ် ဆိတ်၍ သွားသည်။

"သမီးရထားတဲ့ ရုပ်ထုကို အလင်းရောင် မရောက်သေးတဲ့ မနက် စောစောအချိန်မှာ စေတီပျက်အုတ်ပုံပေါ်ကို သမီးကိုယ်တိုင် ပြန်တင်ထား ပေးပါ၊ နောင် ဘယ်သူ့လက်ထဲမှ မရောက်ရှိရအောင် အဘ တာဝန်ယူပါ တယ်၊ အဘပြောတဲ့အတိုင်း မနက်စောစော လာသာထားပေတော့ သမီး"

အဘရသေ့ ပွင့်ဖြူမျက်စိရှေ့တွင် ပျောက်ကွယ်၍ သွားလေ သည်။

❖

မိုးမလင်းခင် ပွင့်ဖြူ စေတီပျက်ဆီသို့ အရဲစွန့် ထွက်လာခဲ့သည်။ ကြောက်စိတ်တွေ ရင်မှာ တဒိန်းဒိန်း ဖြစ်ပေါ်နေသည်။ စေတီပျက်ဆီ ပွင့် ဖြူ လုံးဝ မသွားချင်ပါ။ အိပ်မက်ထဲမှ အဘရသေ့ ပြောဆိုသွားသည့် စကား ကို တာဝန် ကျေအောင် လုပ်ဆောင်ပေးမည့် ကတိကို ပွင့်ဖြူပေးခဲ့သော





ကြောင့်သာ သွားရခြင်း ဖြစ်လေသည်။

"ဘုရားရေ .."

ပွင့်ဖြူ နှုတ်ဖျားမှ အသံထွက်သွားသည်။ စေတီပျက်အုတ်စပုံ များတွင် ဆီမီးများ ပူဇော်ထားသည်ကို တွေ့မြင်ရသည်၊ ဒီထက်ပိုပြီး အံ့ဩ ရသည်က ပွင့်ဖြူ ညတုန်းကအိပ်မက်ထဲတွင် တွေ့မြင်ခဲ့ရသော ဒေါက်ရှာ ဆောင်း အဘရသေ့ကို ထင်ထင်ရှားရှား မြင်တွေ့နေရသည်။

"ဒူ..ဝေ..ဝေ..ဝေ..ဒူ..ဝေ..ဝေ..ဝေ..ဒူ..ဝေ..ဝေ"

အဘရသေ့ ကြေးစည်ထုသံကို ကြားနေရ၏။ မျက်လုံးကို မှိတ် ထားသည်။ ပွင့်ဖြူ ဘီလူးရုပ်ထုကို အဘရသေ့ရှေ့မှာ တရိုတသေ ချထား လိုက်သည်၊ စေတီပျက်ကို ဦးသုံးကြိမ် ကန်တော့ပြီး အဘရသေ့ကိုလည်း ကန်တော့လိုက်သည်။

"ငါ့ သမီး တာဝန်ကျေပါပြီ၊ ငါးပါးသီလကို နေ့စဉ်မမေ့ မလျှော့ ပါနဲ့၊ သမီးက အနာဂတ်အချိန် သာသနာပြုမယ့်သူ ဖြစ်တယ်၊ အဲဒီအချိန် ရောက်ရင် အဘနဲ့ တွေ့ဆုံကြရဦးမှာ၊ ကဲ .. ငါ့သမီး ပြန်ပေတော့"

အဘရသေ့နားမှ ပွင့်ဖြူ ဝမ်းနည်းစွာနဲ့ ပြန်ခဲ့ရလေသည်၊ အသက် သခင် ကျေးဇူးရှင် အဘရသေ့ကို လက်တွေ့တွင် ဘာကျေးဇူးမှ မဆပ်လိုက် ရတဲ့အတွက် မျက်ရည်များ ကျနေမိသည်။ အဘရသေ့ကြောင့် ပွင့်ဖြူ အသက်အန္တရာယ် လွတ်မြောက်ခဲ့ရသည်၊ အဘရသေ့ ကျေးဇူးက အလွန် ကြီးမားလှပေသည်။

အဘရသေ့သည် သာမန်လူများထက် အဆပေါင်းမြောက်မြား စွာသာသော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ လူတိုင်းမပြုလုပ်နိုင်သော အလုပ်များကို အဘသည် မမြင်ကွယ်ရာမှ ပြုလုပ် စွမ်းဆောင်ပေးနိုင်သော သူတစ်ဦးလည်း ဖြစ်လေ၏ ။

အဘရသေ့ကို ဘယ်တော့မှ မမေ့နိုင်သလို၊ ဘီလူးရုပ်ထုကြောင့် ကြမ္မာဆိုးများနှင့် တွေ့ကြုံခဲ့ရသည့် အဖြစ်များကိုလည်း ပွင့်ဖြူတစ်ယောက် ဘယ်သောအခါမျှ မေ့ပျောက်၍ မရနိုင်တော့ချေ။

**တင့်လွင် (ဘုရားနီ)**

www.burmeseclassic.com

www.burmeseclassic.com

- တန်ဖိုးမဖြတ်နိုင်ပညာများစွာရခဲ့သော
  ထူးခြားဆန်းကြယ် ဂန္ဓာရီခရီး။
- အကြည်တော်မင်းခန့်၏စိတ်စွမ်းအင်အသုံးပြုပုံများ
- ထူးခြားသောပုဂ္ဂိုလ်များနှင့်တွေ့ခုံမှုများနှင့်..။



# ူးခြားဆန်းကြယ်ဂန္ဓာရီခရီး(၂)

**နေမထူး**








www.burmeseclassic.com

www.burmeseclassic.com

။

"ခင်ဗျား.. စိတ်စွမ်းအင်နဲ့
သွားတဲ့ခရီးနဲ့ တကယ့်ခရီးနဲ့
တူရဲ့လားဗျာ"
"သစ်ပင်၊ ချောက်ကမ်းပါး
လျှိုမြောင်၊ အတားအဆီးကအ
မလွဲဘူးဗျ..
ကျွန်တော် ကြုံရောက်ပြီး
ခရီးလမ်းကို သိနေတာ
စိတ်စွမ်းအား သမာဓိပါဗျာ"

-ယခင်လမှ အဆက်

## ဗားမဲ့ဆရာတော် ဂါထာတော်

ဦးကောင်းကျော်နှင့် အကြည်တော်မင်းခန့်တို့သည် ကျော
ပေါ်ကျလာသော လူ့သေအလောင်းကိုကြည့်ပြီး ဝပ်လျှိုးနေကြသည်
မှ လူနှစ်ဦးက ခေတ္တ ရပ်စောင့်ကြည့်သည်၊ သယ်ယူရမည့် ဝန်စည်
များကို စနစ်တကျ ထုတ်ပိုးပြင်ဆင်သည်၊ အားလုံးအသင့်ဖြစ်လျှင်
ခရီးသို့ ဆက်လက် ထွက်ခွာသွားကြသည်။

ဦးကောင်းကျော်သည် မူလကတည်းက စိတ်မြန်လက်မြ
မဟုတ်မခံဖြစ်သည်၊ ထိုလူနှစ်ဦး၏ လုပ်ရပ်ကိုကြည့်ပြီး မခံချိမခံသ
သဖြင့် ရင်ဆိုင်ရန် ပြင်လိုက်သည်။ အကြည်တော်မင်းခန့်က မျက်
စိတ်လိုက်မာန်ပါ မလုပ်ရန် ဟန့်တားပြီး လက်တစ်ဖက်ကို ဆွဲထားသ
ထို့ကြောင့် ထိုလူနှစ်ဦးက ထွက်သွားသည်အထိ ရိပ်မိသိရှိခြင်း မရှိ

ဦးကောင်းကျော်တို့နှစ်ဦးသည် ကျောက်ဖျာပေါ်မှ လူကို
လေ့လာကြည့်သည်၊ အသက်မရှိတော့သည်မှာ သေချာသည်၊ ဦး
ကျော်တို့က ဂူအပြင်သို့ထွက်ပြီး လေ့လာစူးစမ်းသည်။ လူရိပ်လူယော





တွေ့ရချေ။

အကြည်တော်မင်းခန့်နှင့် ဦးကောင်းကျော်တို့က ရနိုင်သမျှ ကျောက်ခဲ၊ မြေစိုင်ခဲ၊ သစ်ကိုင်းသစ်ရွက်တို့ စုဆောင်းပြီး အလောင်းကို အုပ်ထားလိုက်သည်၊ သားရဲတိရစ္ဆာန်များ အလွယ်တကူ အန္တရာယ်မပြုနိုင်ရန် စီမံပြီး ထွက်လာခဲ့ကြသည်၊

"ကြောက်စရာပဲ ဗျ.. လူတွေရဲ့လောဘစိတ်မှာ သူငယ်ချင်း၊ မိတ်ဆွေ၊ ဆွေမျိုး၊ မိဘ မရှိဘူးဗျ.. ရယူလိုစိတ်တစ်ခုသာ.. အဓိကပဲ၊ သေမကျန်းတဲ့လူကို သုတ်သင်ပစ်တာ တွေ့တဲ့အတိုင်းပဲ ဦးကောင်းကျော်"

"ကျွန်တော် ရင်ဆိုင်လိုက်ချင်တယ်၊ မတရားမှုကိုတော့ မကြည့်ရက်ဘူးဗျာ"

"သူများ အရှုပ်ထဲ ကိုယ်မပါရင် ကောင်းတာပေါ့ဗျာ.. ခင်ဗျားကို ကျုပ်တို့က အိုကြပြီလေ၊ သဘာဝက ပေးထားတဲ့ ခွန်အားတွေ ယုတ်လျော့နေပြီ၊ သူတို့က သုံးဆယ်ဝန်းကျင် အကောင်းဆုံးအရွယ်ပဲ၊ ပြီးတော့ တောတောင်ထဲ လာရဲတာကိုက သူတို့ရဲ့ပင်ကိုယ် အရည်အသွေး မညံ့ဘူးဗျ"

"သူတို့ မညံ့တိုင်း ကျုပ်တို့ ညံ့ရမှာလားဗျာ"

"ကျုပ်စိတ်က ထောင်းကနဲ ဖြစ်လိုက်တဲ့အချိန်မှာ ခင်ဗျား.. ကျုပ်ကိုကြည့်လိုက်တဲ့ အကြည့်က ထူးခြားတယ်၊ ခင်ဗျားက ဘာမှမပြောဘဲ ကျွန်တော့်ရဲ့စိတ်ဆန္ဒကို တစ်ခုခုနဲ့ ဖိထားသလိုပဲ၊ ထပ်ပြီး မတိုးဝံ့နိုင်ဘူး၊ ခင်ဗျား ကိုင်ထားတာ ညင်ညင်သာသာလေးပဲ၊ ကျွန်တော်သိတယ်.. ဒါပေမဲ့ ကျွန်တော့်ရဲ့ဒေါသကြောင့် ဆူပွက်လာတဲ့သွေးတွေက ခဏချင်းမှာ အေးဆေးငြိမ်သက်သွားသလိုပဲ.. ဘယ်လို ထူးခြားချက်ကြောင့်လဲ"

အကြည်တော်မင်းခန့်က ခေတ္တတွေးဆပြီး ပြောသည်၊

"အတိုရှင်းဆုံး ရှင်းရရင် "စိတ်တန်ခိုး" လို့ မှတ်လိုက်ပါဗျာ၊ ပါဝါသုံးတာပါ၊ သူတို့အတွက် မပူပါနဲ့ဗျ.. သူတို့ စိတ်စေတနာက သူတို့ကို ရှင်းသွားမှာပါ၊ အလောင်းက ပစ္စည်းရှာယူတဲ့ လူကိုကြည့်.. ခန္ဓာကိုယ် တည်ဆောက်ပုံ၊ အမူအရာ၊ စိတ်သဘောထားတို့ကို လေ့လာရင် သေသူရဲ့ပစ္စည်းကို ရယူဖို့ မမှုဘူးဗျ.. မကျန်ခဲ့ဖို့ဘဲ အရေးကြီးတယ်"

"ဘာကြောင့်လဲဆိုတော့ ဒီပစ္စည်းတွေကို တစ်ချိန်မှာ ဒီပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို သူပိုင်မယ်လို့ တထစ်ချ ဆုံးဖြတ်ပြီးသားဗျ .. ဒီလူက ကျန်တဲ့လူ ထက် အသက်ကြီးတယ်၊ သေသူကို လက်ရဲဇက်ရဲ သတ်သူဖြစ်လို့ ပိုပြီး ရက်စက်တယ်၊ ခဏတွေ့တဲ့ အဖြစ်အပျက်မှာ .. သူ ဦးဆောင်တာဖြစ်လို့ ခေါင်းဆောင်ဖြစ်ဖို့ များတယ်။ စိတ်ပိုင်းရော ရုပ်ပိုင်းပါ ကျန်လူကို စိုးမိုးပြီး သားဖြစ်လို့ ခရီးဆုံးမယ် မထင်မိဘူးဗျာ"

အကြည်တော်မင်းခန့်၏ ပြောဆိုချက်များက သဘာဝကျသော်လည်း ဦးကောင်းကျော်က လက်မခံနိုင်ချေ။ နှစ်ဦးသဘောတူ ပူးပေါင်းကြံစည်ပြီး တိတ်တဆိတ်ကြီးပွားနေသူများ တွေ့ကြုံခဲ့သူဖြစ်၍ သံသယရှိနေ သည်၊ မည်သို့ဆိုစေ တင်္ကအမြင်တွင်ပင် ထိုလူနှစ်ဦး၏ ပုံပန်းသဏ္ဍာန် ထူးခြားမှုအချို့ကို မှတ်သားနိုင်သမျှ မှတ်သားထားမိသည်၊ သို့သော် .. အကြည်တော်မင်းခန့်ကိုတော့ လျှော့မတွက်ရဲချေ။

❖

မိုးရွာထားသဖြင့် ခရီးက မတွင်လှချေ၊ နေသာသော နေ့ကဲ့သို့ သွက်လက်ဖျတ်လတ်စွာ လှုပ်ရှားမှု မပြုနိုင်။ အကြည်တော်မင်းခန့်သည် သူ၏ ညှပ်ဖိနပ်ကို ခါးတွင်ထိုးပြီး ဗလာခြေသက်သက်ဖြင့် လျှောက်လျက် ရှိသည်၊ ဦးကောင်းကျော်က ကင်းပက်ဖိနပ်နှင့် ဖြစ်သဖြင့် အဆင်ပြေသော်လည်း ကပ်လာသော ရွှံ့များကို ခွာချနေရသောကြောင့် မနိမ့်လှပေ၊

အကြည်တော် မင်းခန့်လောက် မသွက်ချေ၊ အကြည်တော် မင်းခန့် က ခြေသွက်သဖြင့် လိုက်မီရန် အတော်ကြိုးစားရသည်။ အချို့ကျောက် ဆောင်၊ ကျောက်ကမ္ဘားများ တက်နေသည့်အခါ သိပ်ပြီး အဆင်မပြေလှ ချေ၊ အကြည်တော်မင်းခန့်က သွက်လက်စွာ ရောက်နေသည်က များသည်၊ ဦးကောင်းကျော်က အတော်လေး အားယူ ကုတ်ဖွဲ့တက် ရသည်၊ တစ်ဦး နှင့်တစ်ဦး ဖေးမကူညီရင်း ခရီးရောက်အောင် ကြိုးစားရသည်၊ သို့သော် အသက်အရွယ်ရလာပြီး အထိုက်အလျောက် ပင်ပန်းလာသဖြင့် ဦးကောင်း ကျော်က ပြောမိသည်၊

အကြည်တော် မင်းခန့်က ပြုံးနေသည်၊ ဦးကောင်းကျော်က မေး သည်၊





"ကျုပ်တို့ ဘယ်အရပ်ဒေသကို ဦးတည်နေတာလဲဗျ .."

"လူ အသွားအလာနည်းတဲ့ နာဂတောင်တန်းဒေသကိုလေ"

"ဘယ်သူနဲ့ တွေ့ဖို့လဲ .. ဘယ်သူရှိလို့လဲ"

"ဂန္ဓာရီ ခရီးလေဗျာ .. ဘယ်သူနဲ့ တွေ့ရမယ်လို့ မျှော်မှန်းထား ...ယ့် မမျှော်လင့်တာတွေလည်း တွေ့ကြုံရတာပဲလေ .. ယူတတ်ရင် ...ာတွေပေါ့ဗျာ"

သူ့စကား အဓိပ္ပာယ်က မြင့်သဖြင့် ဆက်မမေးတော့ချေ၊

သို့သော် အကြည်တော်မင်းခန့်နှင့် ခရီးသွားစဉ် ထူးခြားမှုလေး ...ရှိသည်ကတော့ အမှန်ဖြစ်သည်၊ ပင်ပင်ပန်းပန်း ခရီးသွားရသော် ...ည်း ပင်ပန်းသည်ဟု မထင်မိချေ၊ ညအချိန် အကြည်တော်မင်းခန့်က ...စ္စသူလုပ်သည်ကို သိရှိနိုင်ရန် ကြိုးစားသော်လည်း ဦးကောင်းကျော် ...အိပ်ပျော်သွားသည်က များလေသည်၊

သို့သော် ထူးခြားသော အသံများ ကြားနေသည်က သေချာ ...ည်၊ ဤအသံများကြားရလျှင် ရင်ထဲတွင် ပီတိဖြစ်သည်ဟု ထင်မိသည်၊ ...ခရီးဆိုသည်မှာ အကြည်တော်မင်းခန့်အတွက် အထိုက်အလျောက် ...ျိုးရှိသည်ဟု သုံးသပ်သည်၊

"နာဂတောင်တန်း၊ စာရာမေတီတောင်၊ အနောက် ရိုးမတောင် ...တောင်စွယ်တို့ဟာ ဟိမဝန္တာတောင်တန်းကြီးရဲ့အနွယ်တော်တွေ ...ာ .. သူတော်ကောင်း၊ သူမြတ်လောင်းတွေဟာ ဟိမဝန္တာမှာချည်း ရှိ ...ဟုတ်ဘူး၊ ဒီလိုနေရာနဲ့ နေရာဒေသအနှံ့ ကျင့်ကြံ အားထုတ်နေ ...တဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်ဗျာ၊ ခင်ဗျားဆန္ဒရှိရင် ဗီဇာမလိုဘဲ ဟိမဝန္တာ ... သွားလို့ရတယ် .. ဒီလမ်းခရီးကို အသုံးပြုနိုင်တယ်"

ဦးကောင်းကျော်က ဘာမျှ မပြောနိုင်၊

နေ အနည်းငယ်ထွက်လာ သဖြင့် လမ်းခရီး သာယာသကဲ့သို့ ...ည်၊ နေကလည်း မြင့်လာသောကြောင့် ဆာလောင်မှုကလည်း ပြင်းပြ ...သည်၊ ထိုစဉ် ဦးကောင်းကျော်သည် သူတို့၏ရှေ့အတော်လှမ်းလှမ်း ...ထူးခြားမှုတစ်ခုကို တွေ့ရသည်၊

ရွှေဝါရောင်သင်္ကန်းဖြင့် ရဟန်းတစ်ပါး ဖြစ်သည်၊ ...ောင်ဝေး

www.burmeseclassic.com

www.burmeseclassic.com


တစ်ချောင်းကို လက်တွင် ကိုင်ထားသော်လည်း လှုပ်ရှားသွားလာ
သွက်လက် မြန်ဆန်လှသည်။ ဦးကောင်းကျော်က ပြရာ အကြည်
မင်းခန့်က မြင်ကြောင်း အသိအမှတ်ပြုသည်။ နှစ်ဦးသား အမီလိုက်
လည်း မမီနိုင်ချေ။

နေမြင့်လာပြီး ဗိုက်ကဆာလာသဖြင့် ခေတ္တရပ်ပြီး ဦး
ကျော်က ကျောပိုးအိတ်ကို ဖြုတ်လိုက်သည်။

"ခင်ဗျား အဆာပြေစားနှင့်ဗျာ .. ကျွန်တော် အမီလိုက်ဦး
.. ဘယ်နှနာရီ ရှိပြီလဲ"

"ဆယ့်တစ်နာရီခွဲဗျ .. ဝေးဝေးမသွားနဲ့ဗျို့ လူကွဲသွား
ကျွန်တော် မသွားတတ်ဘူးနော်"

"စိတ်ချပါဗျာ .. ခင်ဗျားမြင်ကွင်းမှာ ရှိမှာပါ"

အကြည်တော်မင်းခန့်က ပြောပြောဆိုဆိုဖြင့် သွက်လ
ထွက်ခွာသွားသည်။ အကြည်တော်၏ သွားနှုန်းက မယုံနိုင်စရာ
အောင် လျှင်မြန်သည်ဟု ထင်မိသည်။ မကြာမီ မြင်နေရသော ရဟ
အမီ လိုက်နိုင်သည်။ အကြည်တော်သည် ဝတ်ပြုပြီး သူ၏ လွယ်အိတ်
မှ တစ်စုံတစ်ခုကို ထုတ်ယူသည်။

သူ့တွင်ပါသော သက်သတ်လွတ် ဆွမ်းနှင့် ရေစင်ကို ကပ်
ခြင်း ဖြစ်သည်။ ရဟန်းတော်သည် မတ်ရပ်လျက် ဘုန်းပေးသည်လား
လက်ခံသည်လား မမြင်ရချေ။ ရဟန်းတော် ကွယ်နေသဖြင့် မြင်
ပျောက်နေသည်။ များစွာ မကြာမြင့်သောအချိန်တွင် ဦးကောင်းကျော်
ထလိုက် သွားသည်။ အကြည်တော် မင်းခန့်ကဲ့သို့ ရဟန်းတော်ကို
လို၍ ဖြစ်သည်။

သို့သော် ခရီးတစ်ဝက်ခန့်တွင် ရဟန်းတော်က ဆက်လ
မြန်း သွားလေပြီ။ အကြည်တော်မင်းခန့်က ဦးခိုက်မာန်လျှော့ ဝတ်ပြု
ကျန်ခဲ့သည်။ ဦးကောင်းကျော် ရောက်သောအခါ အကြည်တော်မ
သည် တစ်စုံတစ်ရာကို ရွတ်ဆိုရင်း ဝတ်ပြုနေသည်ကို တွေ့ရသည်။

ဦးကောင်းကျော်က အနှောင့်အယှက် မဖြစ်စေလိုသဖြင့်
ငြိမ်ပြီး ရပ်နေသည်။ အတန်ကြာမှ အကြည်တော်မင်းခန့်က သူ၏ ဆွ







သည့် ပစ္စည်းများကို သိမ်းယူပြီး သက်သတ်လွတ်
ဆန်းဆန်နှင့်ရေကို အနည်းငယ် မှီဝဲရင်း ထရပ်
သည်။

"ခင်ဗျားက ရဟန်းတော်ကို ဖူးလိုက်
ယ် .. ကျွန်တော်က မမီလိုက်ဘူးဗျ။
ဗျား ဘာတွေ ရွတ်နေတာလဲ"

"ဂါထာတစ်ပုဒ်ပါ .."

"စောစောက ရဟန်း ချီးမြှင့်သွား
လား .. ကျွန်တော် သိခွင့်ရှိရင် ရွတ်ပြ
ပါဗျာ"

အကြည်တော်က မဆိုင်းမတွ ရွတ်
ပြသည်။

"ကေ စိတ္တံ ဝိစိန္တေတွာ၊ ကေ ဓမ္မံ သုနိ
တိ။

ဇေသကေသမော့ လောကေ၊ ဧကေ
တိပါက ဗ္ဗော၊

ဒေသတိ သမ္မာ သမ္ဗုဒ္ဓံ၊ ဒေသတိ ဓမ္မ မုတ္တမံ၊
ဒေသတိ မဂ္ဂ မုဂ္ဂယှ၊ ဒေသတိပန တေနမော"

ဦးကောင်းကျော်သည် နှုတ်တိုက် လိုက်ပါ ရွတ်ဆိုသည်။
သုံးကြိမ်ခန့် ရွတ်ဆိုပြီးသောအခါ အလွတ်ရလုနီးနီး ဖြစ်သွား
သည့် တစ်စုံတစ်ခုကို သတိရသွားသည်။ ဦးကောင်းကျော်သည် ကြက်သီး
ညင်းများ တဖြန်းဖြန်းထလာသဖြင့် အကြည်တော်မင်းခန့်ကို တအံ့
သြ မေးမိသည်။

"ဒီဂါထာကို ကျွန်တော် မှတ်မိ ရွတ်ဆိုဖူးသလိုပဲ"

"ခင်ဗျား ရွတ်နေကျ ဂါထာဖြစ်နေလို့လား"

"မဟုတ်ဘူး .. ဒါပေမယ့် ဒီဂါထာက တားမဲ့ဆရာတော်ကြီးရဲ့
ဝင် ဂါထာတော်"

အကြည်တော်မင်းခန့်က မအံ့သြသလို တိတ်တဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေတစ်ငုံသောက်ပြီးနောက် ဦးကောင်းကျော်ကို ပြောသည်။

"ခင်ဗျားက အဝေးကြီးက လူမဟုတ်ဘူး။ အနီးနားက ပုဂ္ဂိုလ်"

"ဟားမဲ့ဆရာတော်လား .. မဟာဂန္ဓာရီ ဟားမဲ့ ဆရာတော်

သက္ကရာဇ် (၉၇၂) မှာ ထွက်ရပ်ပေါက်သွားပြီတဲ့"

အကြည်တော်မင်းစန်းက ဘာမျှ ပြန်မပြောရေး၊ သူ၏ ပစ္စည်း

ကို သိမ်းယူပြီး စနစ်တကျ ထားသိုရင်းမှ ပြောသည်။

"ကဲ ... ရာသီဥတု သာယာတုန်း ဆက်ထွက်ကြစို့ .. ဦးကော

ကျော်ရေ"

❖

နေပြောက်မထိုးသော တောအုပ်ကြီးအတွင်း ဆက်လျှော

ကြသည်၊ နေမင်း၏ အလင်းရောင်ရှိ၍ တော်သေးသည်၊ အကယ်၍

မိုးရွာပြီး မိုးမှောင်ကျလျှင် ကျိန်းသေ တစ်နေရာ၌ နားရမည် ဖြစ်သည်

တောအုပ်ကြီးအတွင်း အလင်းရောင်ရသော်လည်း တောင်စောင်း

လျှောက်ရသည်၊ တစ်ခါတရံ ခပ်ပြေပြေလေး တက်ရသည်၊

အကြည်တော်မင်းစန်းသည် သစ်ပင်တို့၏ အနေအထားကို ကြ

သည်။ ချောက်ကမ်းပါး၊ လျှိုမြောင်၊ ချိုင့်ဝှမ်းများကို ကြိုတင် ရှောင်

ဖြတ်ကျော်နိုင်သည်မှာ တောကျွမ်းမုဆိုးကဲ့သို့ အံ့သြဖွယ်ကောင်း

သည်။ ဦးကောင်းကျော်က အကြည်တော်မင်းစန်းအပေါ် ယုံကြည်မှု

တည်းဖြင့် လိုက်ပါလာရသော်လည်း ကြာသော် စိုးရွံ့ပူပန်မှု ဖြစ်လာသည်

ကမ်းမမြင်၊ လမ်းမမြင် လူသူကင်းမဲ့ သော ဒေသတွင် မည်ရွေ့မည်မျှ

ရဦးမည် မသိရေး၊

"ခင်ဗျား .. ကွန်ပတ်တို့၊ မြေပုံတို့မပါဘဲ သွားနိုင်တာ

အံ့သြစရာပဲ၊ တော်ရုံ အတွေ့အကြုံနဲ့ မလွယ်ဘူးဗျ"

"စိတ်အာရုံပါဗျာ"

"ဘယ်လို .."

"ခင်ဗျားပါတဲ့အတွက် .. ဆင်ကန်းတောတိုး မသွားပါဘူး

အရပ်မျက်နှာ ထိန်းသိမ်းပြီး အရှိန်နဲ့ အကွာအဝေးကို တွက်ချက်ပါတယ်





ဥပမာ .. တောင်ပေါ်လမ်းမှာ တစ်နာရီ နစ်မိုင်၊ တောင်ပတ်လမ်းဆို ဘယ်

နှစ်မိုင်၊ မြေပြန့်မှာ ဘယ်လောက်၊ အတားအဆီး ဖြတ်ကျော် ကြာမြင့်ချိန်

စသည်ဖြင့်ပေါ့ဗျာ"

"အစ ကျွန်တော်တို့ မြောက်အရပ်ကို ဦးတည်လျှောက်နေတာ

ဗျ၊ ခင်ဗျား .. မယုံမကြည်ဖြစ်မှာစိုးလို့ ကွန်ပတ်နဲ့ မြေပုံဆောင်ထားခဲ့

တယ်၊ ဒါပေမယ့် ကျွန်တော်က စိတ်စွမ်းအင်ကို လေ့ကျင့်ရင်း သွားနေ

တာဗျ .. ယုံကြည်တဲ့အတွက် မသုံးတာပါ"

အကြည်တော်မင်းစန်းက သူ၏ လွယ်အိတ်တွင်းမှ တစ်စုံတရာ

ကို ထုတ်ယူလိုက်သည်၊ ပလပ်စတစ်အိတ်ဖြင့် သေသပ်စွာ ထည့်ထား

သော ကွန်ပတ်စ်နှင့် မြေပုံစာရွက် ဖြစ်သည်၊

ဦးကောင်းကျော်သို့ လှမ်းပေးရင်း ပြောသည်၊

"ခင်ဗျား ကျွမ်းကျင်ရင် သုံးလို့ရပါတယ် .. ဒီလို နေပြောက်မထိုး

တဲ့ တောနက်ကြီးထဲမှာ မြေပုံမှုမှန်ချဖို့ မလွယ်ဘူးနဲ့ တူတယ်"

ဦးကောင်းကျော်က အကြည်တော်မင်းစန်းပေးသည့် အိတ်တို

လှမ်းယူလိုက်သော်လည်း ပြောသည့်စကားကို လက်ခံလေသည်၊ ပြီး

တော့ ဤသို့သော ခရီးကြမ်းကို တစ်ကြိမ်မျှ မသွားဖူး။ အတွေ့အကြုံ မရှိ

သဖြင့် အခက်အခဲ ရှိနိုင်လေသည်၊

"ခင်ဗျား စိတ်စွမ်းအင်နဲ့ ဘယ်လိုသွားလဲ"

"ကျုပ်သွားလိုတဲ့ ခရီးအတိုင်းအတာကို မေတ္တာပို့၊ အမျှဝေတာ

ပေါ့ဗျာ၊ ပြီးတော့ စိတ်နဲ့ သွားကြည့်တယ် .. အနုစိတ်၊ အသေးစိတ် ဖြစ်နိုင်

သမျှ မှတ်သားတယ်၊ အာရုံခံပြီး ထပ်ခါ ထပ်ခါ သွားကြည့်တယ်၊ မှတ်သား

တယ်၊ အတားအဆီးတွေကို ကျော်လွှားတယ်၊ အကြိမ်ကြိမ် အခါခါပဲ ..

တစ်ညလုံးနီးပါးပဲ"

"ခင်ဗျား .. စိတ်စွမ်းအင်နဲ့ သွားတဲ့ခရီးနဲ့ တကယ့်ခရီးနဲ့ တူရဲ့

လားဗျာ"

"သတိမှတ်ထားတဲ့ ခရီးအမှတ်အသား .. သစ်ပင်၊ ချောက်ကမ်း

ပါး၊ လျှိုမြောင်၊ အတားအဆီးကအစ မလွဲဘူးဗျ .. ကျွန်တော် ကြုံတွေ့ပြီး

ခရီးလမ်းကို သိနေတာက စိတ်စွမ်းအား သဘာဝပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com


ဦးကောင်းကျော်က မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် ငြိမ်နေလိုက်သည်၊ အကြည်တော်မင်းခန့်က ဆက်ပြောသည်၊

"ခင်ဗျားလည်း သွားရင်း လေ့ကျင့်ကြည့်ပါ . . ဒီနေရာကနေ ထမံသီကို ပြန်ကြည့်ပေါ့ဗျာ . . ဘယ်နေရာ၊ ဘာရှိတယ် . . ဘယ်ကွေ့မှာတော့ ဘယ်လိုအမှတ်အသား . . စသည်ဖြင့် ပြန်သွားကြည့်ပေါ့၊ ခရီး ရှည်ရှည် မမှတ်မိရင် ခရီးတိုပေါ့ဗျာ၊ ပြီးတော့ တဖြည်းဖြည်း ဆန့်ထုတ်တာပေါ့၊ ချောချောမွေ့မွေ့ ရောက်ရင် ခင်ဗျား သဘောပေါက်မှာပါ"

ဦးကောင်းကျော်က အကြည်တော်မင်းခန့်၏ စကားကို လက်ခံသော်လည်း မစွမ်းသာဟု ထင်သည်၊ ထွက်လာခဲ့သော ဂူနေရာသို့ပင် လျောလျောလျူလျူ မဖြစ်ချေ၊ ဖြစ်ပြီးသား အတိတ်ကိုပင် ဝေဝါးဝါးဖြစ်နေလျှင် မဖြစ်ရ၊ မတွေ့ရသေးသော အနာဂတ်ခရီးကား မှန်းဆရန် ခက်လှသည်၊

သို့ဆိုလျှင် အကြည်တော်မင်းခန့်နှင့် ဦးကောင်းကျော်ကား တုနှိုင်း မယှဉ်သာအောင် အလှမ်းဝေးလှသည်၊ စိတ်တည်ငြိမ်မှု၊ မှတ်ဉာဏ်၊ သမာဓိ၊ စိတ်စွမ်းအား အားနည်းကြောင်း ဦးကောင်းကျော် ဝန်ခံမိသည်၊ ရင်တွင်းမှ တွေးခေါ်သုံးသပ်ရသည်၊

"မဖြစ်နိုင်ဘူးဗျ . . ဆရာတော်တစ်ပါးက ကျွန်တော့်ကို မိန့်မှာဖူးတယ်"

"အသက်ကြီးမှ ကြောက်လန့်ပြီး နင်းကန် တရားအားထုတ် လေ့ကျင့်နေရင် မသာပေါ်တာသာ အဖက်တင်မယ် . . လုပ်သင့်တဲ့ အချိန်မှာ လုပ်ရမှာ . .၊ မလုပ်သင့်တဲ့အချိန်မှာ သင့်ရဲ့ နှလုံးသွင်းရမှာလို့ အမိန့်ရှိတယ်၊ ကျွန်တော် မှတ်သားထားတာကို ပြောတာပါဗျာ"

အကြည်တော်မင်းခန့်က ပြုံးလေသည်၊ ဦးကောင်းကျော်က အကြည်တော်မင်းခန့်အပေါ် အကြွင်းမဲ့ ယုံကြည်ကိုးစားမိပြန်ပါသတည်း၊

## လောဘသားကောင်များ

ဂူမဟုတ်သော်လည်း တောင်စောင်း၊ မြေနိမ့်ချိုင့်ဝှမ်းဖြစ်သဖြင့် လေကွယ် မိုးကွယ်လေသည်၊ ရာသီဥတုနှင့် မြေပြင်အခြေအနေအရ







ညနေ သုံးနာရီသာသာခန့်တွင် စခန်းချသည်၊ ခုတ်ထွင် ရှင်းလင်းပြီး မီးဖိုထားသဖြင့် ညအတွက် အဆင်ပြေသည်၊ အကြည်တော်မင်းခန့်က သူ့အလုပ် သူလုပ်ပြီး ဦးကောင်းကျော်က ရသမျှ ဂါထာရွတ်၍ နစ်မြိုက်စွာ အိပ်မော ကျသွားသည်၊

နံနက်ရှစ်နာရီခန့်တွင် ခရီးသွားရန် အသင့်ဖြစ်နေချေပြီ၊

တွေ့မြင်နေရသော လူသွားလမ်းလေးသည် တောင်စောင်း အတိုင်း တည်ရှိသည်၊ အဆိုပါ လမ်းအတိုင်းသွား၏ ၊ နှစ်နာရီခန့် တက်မိလျှင် တောင်ကြောပေါ်သို့ ရောက်လာသည်၊ တောင်ပေါ်လမ်းအတိုင်း တောင်တန်းတစ်လျှောက် ခရီးသွားရသည်မှာ အဆင်ပြေသည်၊ လိုရာခရီး ပေါက်လေသည်၊

"ကျွန်တော် အမှုထမ်းဘဝမှာ . . ထာဝရ ကား၊ မီးရထား၊ လေယာဉ်ပျံတွေနဲ့ ခရီးသွားတာများတော့ . . လမ်းလျှောက်ခြင်း အရသာကို သိပ်ပြီး မသိဘူး၊ ခင်ဗျားနဲ့ တွဲပြီး လေးငါးရက်လောက် လမ်းလျှောက်ရတာလေးနဲ့ အသက်ရှုကောင်းပြီး အမောခံနိုင်သလိုပဲဗျ"

အကြည်တော်မင်းခန့်က ပြုံးပြီး ပြန်ပြောသည်၊

"ခင်ဗျားကို ပြောဖူးပါတယ်၊ လူတွေဟာ ခရီးသွားရင်း တိုးတက်ကြီးပွားလာတဲ့ အကြောင်းလေ၊ ကမ္ဘာဦးကတည်းက အခုလို ခရီးသွားရင်း အသစ်အဆန်းတွေ တွေ့တယ်၊ အခက်အခဲတွေ ရင်ဆိုင်ဖြေရှင်းရတယ်၊ တီထွင်မှုတွေ လုပ်ရတယ်၊ နယ်မြေသစ်တွေ ရှာဖွေတယ်၊

မြို့ပြ အဆောက်အဦတွေ တည်ဆောက်ကြတယ်၊ ပိုင်ဆိုင်မှု အတွက် အငြင်းပွားတယ်၊ စစ်ပွဲကြီးတွေ ဖြစ်တယ်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားတွေ ကြီးထွားလာတယ်၊ ဒီလိုနဲ့ ငြိမ်းချမ်းသာယာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကမ္ဘာကြီးဟာ တိုးတက်ကြီးပွားရာကနေ ချို့ယွင်း ဆုတ်ယုတ်လာတယ်၊ တဖြည်းဖြည်း ပူလောင် ယိုယွင်းလာတယ်ဗျ"

ဦးကောင်းကျော်က အကြည်တော်မင်းခန့်၏စကားကို ဆင်ခြင်စဉ်းစားကြည့်သည်၊ လတ်တလော စောဒကတက်ရန် မတွေ့သေးသဖြင့် ငြိမ်နေစဉ် အကြည်တော်မင်းခန့်က ဆက်ပြောသည်။

"ကျွန်တော် ဖတ်ဖူးတဲ့စာအုပ် (လွိုင်ကော်ဆရာတော်) ရေးတာထင်တယ်၊ ကြာပြီဗျ . . စကြာဝဠာနဲ့ နေ၊ လ၊ ကမ္ဘာ၊ ဂြိုဟ်ဆယ်ဂြိုဟ်များတွေက အားပြုပြီး နက္ခတ်တာရာအကြောင်း အတော်စုံတယ်၊ စာအုပ်က အရည်အသွေး မြင့်လွန်းပြီး ကျွန်တော်က စာသင်သားအရွယ် ညံ့တော့ လိုက်မမီဘူး"

"အနှစ်ချုပ်ရရင် စကြာဝဠာအကြောင်းနဲ့ နေ၊ လ၊ ကမ္ဘာအကြောင်း ရေးတာ . . ဘယ်ကျမ်းတွေကို ကိုးကားတာလဲတော့ မမှတ်မိဘူး၊ ယနေ့ခေတ် သိပ္ပံပညာ လိုက်မမီသလို . .၊ သိပ္ပံပညာ ရှေ့ပြေးဖြစ်နေတာတော့ မှတ်သားမိတယ်၊ ဆိုလိုတာက "ဂန္ဓာရီခရီး" ဆိုတာ မြေကမ္ဘာမှာ သာမကဘူး . . ရှေးကဆိုရင် စကြာဝဠာအနှံ့ ဖြန့်ကျက်သွားလာ လေ့လာခဲ့ကြကြောင်း ပြောတာဗျ . . ခင်ဗျား ယုံကြည်လား"

"ယုံတယ်ဗျ . . ဘာကြောင့်လဲဆိုရင် ခင်ဗျားပြောတဲ့ အကြောင်းအရာတွေဟာ လက်ရှိ စကြာဝဠာနဲ့ သိပ္ပံနယ်ပယ်က တီထွင် တွေ့ရှိချက် အတော်များများနဲ့ ကိုက်ညီတယ်ဗျ၊ မသိသေးတဲ့အကြောင်းအရာတွေကိုလည်း သိပ္ပံပညာ လိုက်မမီသေးတဲ့ အကြောင်းအရာများအဖြစ် မှတ်သား ထားဖူးတယ်"

ခင်ဗျား စာအုပ်ကိုတော့ မဖတ်မိတာ ဝန်ခံပါတယ်၊ ဥပမာ ဗျာ . . စက်ရုပ်လူသား (Robot)က မနေ့တစ်နေ့က ပေါ်လာတာ မဟုတ်ဘူး၊ မြန်မာ့အတွေးအခေါ်မှာ စက်ရုပ်ဆိုတာ စစ်ကြိုခေတ်က "စက္ကောမ" ရုပ်ရှင်ကားမှာ တွေ့ပြီးပြီလေ . . ဝိဇ္ဇာပညာရပ်မှာ သိပ္ပံပညာရပ်ထက် ရှေ့ပြေးတာ အများကြီးပါဗျာ"

"အဲဒါတွေကို "ဂန္ဓာရီအစွမ်း" လို့ မြင်တယ်၊ သိပ္ပံပညာထက် ရှေ့ကျတယ်လို့ သုံးသပ်ရင် ခင်ဗျား လက်ခံမလား"





"ခင်ဗျား ပြောသလိုပြောရရင် လိုက်မမီတဲ့အတွက် မသိဘူးပေါ့ဗျာ"

အကြည်တော်မင်းခန့်က ဘာမျှ ပြန်မပြောချေ။

ရာသီဥတု သာယာပြီး လမ်းခရီး ကောင်းမွန်သဖြင့် ခရီးတွင်ရန် ရှိုက်ဟန်ရှိသည်၊ ခပ်သွက်သွက်လေး သွားနေသည်၊ အတန်ကြာ လမ်းလျှောက်ပြီးမှ ဆက်ပြောပြန်သည်။

"ခင်ဗျားကို စိတ်စွမ်းအင်နဲ့ပတ်သက်ပြီး . . အတော်များများ ဆွေးနွေးဖူးတယ်၊ ရှေးတုန်းက ဈာန်ရ ပုဂ္ဂိုလ်၊ ဈာန်ရ ရဟန်းတော်တွေလည်း တစ်ပိုင်း တစ်ကဏ္ဍမှာ စိတ်စွမ်းအင်ပါတယ်ဗျ၊ ဈာန်လျှောတာလည်း စိတ်စွမ်းအင်ပဲ၊ ပဋ္ဌာန်တရားမင်းသား ဝါးရုံပင် ခေါင်းညွှတ်တာလည်း စိတ်စွမ်းအင်ပါတယ်ဗျာ၊ တရားတော်မှာ ရဟန်းတစ်ပါးက ဈာန်နဲ့ ဆွမ်းခံကြွတယ်၊ အောက်က မာတုဂါမကို တွေ့လို့ ဈာန်လျှောပြီး မြေလျှင် ပြန်ရဘာ ကြားဖူးတယ်"

"ဘတ်စ်ကား မပေါ်သေးလို့ နေမှာပေါ့"

အကြည်တော်မင်းခန့်က ပြုံးလေသည်။

"ခင်ဗျားက လူနောက်ပဲ . . ကောင်းပါတယ်၊ ပျော်ရတာပေါ့ . . ရှေးက အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာဆိုတာတွေ ကြားဖူး ဖတ်ဖူးတယ်၊ သံသယနဲ့ လက်ခံထားတယ်၊ ဒါပေမယ့် အိုင်းစတိုင်းရဲ့ "ကိုယ်ပျောက် စွမ်းအင်" ကိုတော့ လက်မခံလို့မရဘူး"

"ဖီလာဒဲဖီးယားစမ်းသပ်မှုမှာ အိုင်းစတိုင်းက အင်အားကြီးမားတဲ့ သံလိုက်စက်ကွင်း (Magnetic Field)ထုတ်လွှင့်ပြီး ဖျက်သင်္ဘော (S.S. Andress Funseth)နဲ့ သင်္ဘောတွေ ပျောက်ကွယ်သွားအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း မှတ်တမ်းရှိခဲ့တယ်ဗျ၊ ပျောက်သွားတဲ့ သင်္ဘောသားတွေ အချိန်တန်လို့ ပြန်တွေ့တဲ့အခါမှာ ရူးကြောင်ကြောင်ဖြစ်တဲ့ လူတွေ၊ စိတ်ဖောက်ပြန်သွားသူတွေ ရှိတယ်လို့ အဆိုရှိတယ်"

"အဖြေကိုတော့ ရှင်းမရဘူး . . . ဆိုလိုတာက ဖြစ်စဉ်တိုင်းမှာ "အကြောင်းရှိလို့ အကျိုးဖြစ်တယ်" ဆိုတာ လက်ခံရင် . . ကျွန်တော်တို့ တွေ့မြင်သိနေရတဲ့ သိပ္ပံပညာရပ်ကို လက်ခံသလို၊ ကိုယ်လိုက်မမီ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ကာလက ဝိဇ္ဇာပညာရပ်ရဲ့တိုးတက် ဖြစ်ပေါ်မှုတွေကိုလည်း လက်ခံသ
တာပေါ့ဗျာ"

ဦးကောင်းကျော်က ဘာမျှ ပြန်လည် မဆွေးနွေးချေ။

ခရီး အတန်လှမ်းသဖြင့် ခေတ္တနားရန် ကြံသည်။ နေရာကောင်း တစ်ခုတွင် အကြည်တော်မင်းခန့်ထံ ခွင့်တောင်းပြီး နားရန် စိတ်ကူး သည်။ ထိုစဉ် လမ်းဘေးမှ ပလပ်စတစ်ဖြင့် ထုတ်ထားသော အထုပ် တစ် ကို တွေ့ရသည်။ အံ့သြတကြီးဖြင့် ကောက်ယူလိုက်သည်။

"ဟာ !.. ကွန်ပတ်စ်နဲ့ မြေပုံအိတ်ပဲ။ ဒီကို ဘယ်လို ရောက်နေ တာလဲ"

"ခင်ဗျားကို မနေ့က ပေးလိုက်တယ်လေဗျာ"

ဦးကောင်းကျော်က ဇဝေဇဝါ ဖြစ်သွားသည်။ ညက အကြည်တော် မင်းခန့် ပြန်လည်နှိုက်ယူသွား၍လားဟု ထင်မိသည်။ မဖြစ်နိုင်ချေ။ ညက တည်းက စနစ်တကျ သိမ်းဆည်းထားသည်။ ယခု ပြန်လည် ဆန်းစစ်ကြည့် သောအခါ မတွေ့ရချေ။

မကျေနပ်သော်လည်း အကြည်တော်မင်းခန့်က ညအချိန် စိတ် စွမ်းအင်ဖြင့် "ခရီးသွားသည်"ဟူသော အချက်ကို စဉ်းစားမိသောအခါ တစ်စုံတရာ တွေးမိလိုက်သည်။ "သက်သေပြခြင်း" ဖြစ်မည်ဟု ယူဆ သော အချိန်တွင် မည်သည့်ကိုမျှ အထွန့်မတက်တော့ချေ။ ခပ်မဆိတ်နေ ပြီး ခေတ္တ အနားယူလိုက်ရသည်။

❖


"ဒီတောင်တန်းပေါ်မှာ ရွာမရှိဘူးလားဗျ .. လူ မနေဘူးလား"

"ရှိတာပေါ့ဗျာ၊ ကျုပ်တို့ ဆက်သွားရင် နာဂရွာ တွေ့လိမ့်မယ်။ ခပ်ပြင်းပြင်း တစ်ရက်ခရီးပဲ။ ကဲရော့၊ နောက်ညို၊ နောက်ချို၊ ကျူရှမ်း၊ ဒုံး ဖားချက်၊ နန်းယွန်းစတဲ့ ရွာတွေ တွေ့ရလိမ့်မယ်"

ဦးကောင်းကျော်က တက်ကြွသွားသည်။ နားသည်မှာ အတော် ကြာပြီဖြစ်သဖြင့် ခရီးဆက်ကြသည်။ အကြည်တော်က ညှပ်ဖိနပ်ဖြင့် ဖြစ်သော်လည်း သွက်သည်။ ဖိနပ်မဲ့ ခြေဗလာသက်သက်ဖြင့် သွားသော







မြဲ မြန်သည်။ ဦးကောင်းကျော် က လိုက်မမှီနိုင်ချေ။

သည် အခြေအနေ ကလည်း မဆန်းပေ။ အကြည် တော်မင်းခန့်က ပိန်ပါးပါး၊ ဦး ကောင်းကျော်က ဖွံ့ထွားထွား ကြောင့် ဖြစ်မည် ထင်ပါသည်။ ပင်ပန်းတတ်သည်မှာလည်း ကွန်ပါရောဟု မိမိကိုယ်ကို တွေး တော အပြစ်တင်မိသည်။

တစ်နာရီသာသာခန့် သွက် သွက်သွားမိလျှင် ဦးကောင်းကျော် တစ် စုံတစ်ခုကို တွေ့မိဟန်ဖြင့် ရပ်လိုက်သည်။ အကြည်တော်မင်းခန့်က မမြင်မိဟန်ဖြင့် ဆက်လျှောက်သွားသည်။ ဦး ကောင်းကျော်က မအောင့်အီးနိုင်သဖြင့် လှမ်းပြောမိသည်။

"ဒီမှာ ကျောပိုးအိတ်တစ်လုံးဗျ။ အဲ ... သွေးတွေ ပေနေတယ်။ ရွာသားတွေ ပစ္စည်းလား ..မသိဘူး။ ယူသွားရအောင်"

"တိုင်းရင်းသားတွေက ဒီကျောပိုးအိတ်မျိုး မသုံးဘူးဗျ။ ရွာသား တွေပစ္စည်း မဟုတ်ဘူး။ ဖြစ်နိုင်တာက ခင်ဗျားမိတ်ဆွေတွေရဲ့အိတ် ဖြစ်မယ်။ သေချာတာက အိတ်ကြီးကြီးဆိုတော့ ဗလကောင်းကောင်းနဲ့ ခင်းဆောင်တင်ရတဲ့လူ ပစ္စည်းဖြစ်မယ် ထင်တယ်"

"ဘယ်လို !.."

ဦးကောင်းကျော်က အံ့သြစွာဖြင့် ပြောလိုက်သည်။

ထိုသို့ဆိုလျှင် အကြည်တော်မင်းခန့်က ကျောပိုးအိတ်ကို တွေ့ပြီး ဖြစ်ပေလိမ့်မည်။ အကြည်တော်မင်းခန့်က နောက်ပိုင်းသို့ ပြန်လျှောက် လာပြီး ဦးကောင်းကျော်အနီးတွင် ရပ်လိုက်သည်။ ကျောပိုးအိတ်နှင့် ကျော အိတ်အနီးမှ သွေးကွက်ကိုကြည့်ပြီး မှတ်ချက်ပြုသည်။

"ဒီနေရာမှာ စာရင်းရှင်းကြတာ ဖြစ်မယ်။ ယေတဲ့လူက လက်ဦး



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျ၊ ကြီးတဲ့လူက ခံရတယ် . . ဒါပေမယ့် ငယ်တဲ့လူလည်း အထိုက် အလျောက် ပေးဆပ်ရပုံ ပေါက်တယ်။ သွေးကွက်တွေက လမ်းတစ်လျှောက် ပဲ . . ခင်ဗျား မယုံရင် လျှို့ထဲဆင်းကြည့်လိုက် . . အဲ့ဒီလူရဲ့အလောင်း တွေ့ ရမယ်"

"သူ့ကျောပိုးအိတ်ထဲ ပစ္စည်းတွေကို ရှုစမ်းချင်လို့ ဖြစ်စေ ကြည့် ချင်လို့ဖြစ်စေ ကြည့်လို့ရတယ်၊ ဒါပေမယ့် တန်ဖိုးရှိတာကတော့ ဟိုလူ ယူသွားပြီနော်၊ ကျုပ်ကတော့ ဘာကိုမှ မလိုတဲ့အတွက် ဘာမှ မသိချင်ဘူး ဗျာ"

ဦးကောင်းကျော်၏ ကျောပိုးအိတ်ကို ကိုင်ကြည့်သည့်လက်များ မှာ တွန့်သွားသည်၊ အကြည်တော်မင်းခန့် ပြောသကဲ့သို့ လျှို့ထဲဆင်းကြည့် ရန်မှာ မဖြစ်နိုင်ပေ၊ လျှိုက အဆုံးအစ မရှိသလိုပင်၊ ခက်ခက်ခဲခဲ တစ်နေ ကုန်မက ဆင်းရမည့် အခြေအနေရှိသည်၊ ဦးကောင်းကျော်က အကြည် တော်မင်းခန့် လိုလားသည့်အတိုင်း ပါးနပ်စွာဖြင့် ဆက်လျှောက်လာသည်၊ အကြည်တော်မင်းခန့်က ဦးကောင်းကျော်ကို လှည့်မကြည့်ပေ၊ လူသွား လမ်းအတိုင်း ဆက်လက်လျှောက်လှမ်းလျက်ရှိသည်။

"ကျုပ်တို့ မိုးမချုပ်မီ ရွာရောက်ဖို့လိုတယ်၊ မှောင်သွားရင် ခက် တယ်။ အဆင်မသင့်ရင် ရွာက ဒုးလေးစာမိနိုင်တယ်"

အကြည်တော်၏စကားကြောင့် ဦးကောင်းကျော် လန့်သွားသည် မပြေးရုံတမယ် ခပ်သွက်သွက် လျှောက်ရသည်၊ လမ်းတစ်လျှောက် သွေး စက်များ တွေ့ရသည်။ တောင်ကွေ့တစ်ခုတွင် သွေးကွက်၊ သွေးစက်များ ပျောက်သွားသည်၊ အတန်သွားမိသော်လည်း မတွေ့ရသဖြင့် ထူးဆန်းနေ သည်၊ မြိုသိပ်မထားနိုင်သဖြင့် အကြည်တော်မင်းခန့်ကို မေးရသည်၊

"သွေးစက်တွေ ပျောက်သွားတယ်။ ဒဏ်ရာ သက်သာသွားလား မသိဘူး"

"ဒဏ်ရာ သက်သာသွားတာ မဟုတ်ဘူး၊ တောင်ကွေ့မှာ တောင် အောက်ကို ပြုတ်ကျသွားတာဗျ။ ဟိုမှာ လဲနေတဲ့ အပင်တွေနဲ့ စွပ်ကြောင်း ရာကို မတွေ့ဘူးလား၊ သူမြတ်နိုးတဲ့ ပစ္စည်းတွေလည်း တစ်ခါထဲ ပါသွား ပြီလေ၊ သွေးတွေက မဲလာတယ် . . ညစ်လာတယ် . . ချက်ကောင်း ထိလာ



ထူးခြားဆန်းကြယ် ဂန္ဓာရီခရီး (၂)

။

လူတွေမှာရှိတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာတွေကြောင့်
ကမ္ဘာကြီး ပူလောင်လာတယ်လို့လေ။
ကမ္ဘာကြီးက ရေ၊ မြေ၊ လေ၊ မီးစတဲ့ အကြောင်းတရားတွေကြောင့်
ပျက်စီးခဲ့ဖူးတယ်လို့ ဆိုတယ်။

---

ပုံရတယ်၊ အဲ့ဒါ . . ဓာတ်တူသားစားလို့ ဟသ်ာကိုးသောင်းပျက်တဲ့ ပုံပြင် မျိုးဗျ၊ မယုံရင် ဟောဒီတောင်စွယ်က ဆင်းကြည့် . . မျက်မြင်တွေ့ရမယ်"

နေရောင်ပျောက်ပြီး တောင်ရိပ်ကျလာသော အခြေအနေ ကြောင့် မှောင်စပျိုးလာသည်။ ဦးကောင်းကျော်က တွေဝေပြီး မနေနိုင်၊ ပယ်စုလိုစိတ်လည်း မရှိတော့ချေ။ အရေးကြီးသည်က ရွာသို့ အမြန်ရောက် ရန် ဖြစ်သဖြင့် ဆက်လျှောက်သည်၊ အကြည်တော်မင်းခန့်က ဆက်သွား သည်၊

"ဒီဘက်မှာ လူမသိ သူမသိ . . ရွှေတို့၊ ကျောက်စိမ်းတို့ ထွက် တယ်။ အဖိုးတန်ကျောက်လည်း ကံသင့်ရင် ရတယ်၊ ဒီလူတွေက ဘူမိဗေဒ ကျွမ်းတဲ့လူနဲ့ အခြားပညာရပ် ပြည့်စုံတဲ့လူတွေပါတယ်၊ သူတို့ ဒီနေရာကို တစ်ကြိမ်မက ရောက်ဖူးကြတယ်လို့ ထမံသီလူကြီးက ပြောတယ်၊ အခု တာက အလိုကြီး အပွကြံရင်း ဖြစ်ကြတာ ဖြစ်မှာပေါ့"

ဦးကောင်းကျော်တို့သည် မိုးချုပ်လုနီးနီးတွင် နာဂရွာတစ်ရွာ သို့ ရောက်လာသည်၊ အကြည်တော်မင်းခန့်က မည်သို့ စည်းရုံးသည် မသိ ချေ၊ နာဂ ရွာလူကြီးနှင့် အဆင်ပြေသည်၊ သူ့အိမ်တွင် တည်းခွင့်ရသဖြင့် ဦးကောင်းကျော် ပျော်သွားသည်၊

အမိုးအကာမရှိ၊ တောထဲတွင် နေ့တရှုဝ အိပ်ခဲ့ရသဖြင့် အမိုး အကာ အောက်တွင် ဖိမ်နှင့် အိပ်ရတော့မည်ကို တွေးပြီး ပျော်နေမိသည်၊ ညမှောင်ရီတရောအချိန်တွင် အကြည်တော်မင်းခန့်နှင့်အတူ ရွာတွင်းသို့ လျှောက်ကြည့်မိသည်၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်တိုင်းတွင် မီးဖိုများနှင့် မီးအလင်းရောင်ကို တွေ့ရသည်။ သက်ကယ်မိုး အိမ်များဖြစ်ပြီး အိမ်ခြေနစ်ဆယ်ခန့်ရှိမည်ဟု ထင်သည်။ ရွာလယ်တွင် အကာမဲ့တဲကြီးတစ်လုံး တွေ့ရသည်၊ အတော်အတန် ကျယ်ဝန်းပြီး လူမရှိသဖြင့် ဦးကောင်းကျော်က အထူးအဆန်းဖြစ်နေသည်၊ နား ရှိးရာ ဓလေ့ထုံးစံများကို မလေ့လာမိသဖြင့် ခန့်မှန်းမရနိုင်ချေ။

"ဒီတဲကြီးက "ပန်" လို့ ခေါ်တယ်ဗျ၊ လူပျိုအပျိုတွေ တွေ့ကြတဲ့ နေရာပေါ့၊ အထူးသဖြင့် လပြည့်နေ့မှာ တွေ့ရတယ်ထင်တယ် . . သိချင်ရင်တော့ မြို့ရောက်မှ အသေးစိတ်ပြောပြတာပေါ့ . . ပြန်ကြရအောင်ဗျာ"

ဤသို့ဖြင့် အကြည်တော်မင်းခန့်နှင့် ဦးကောင်းကျော်တို့သည် တည်းခိုရာ လူကြီးအိမ်သို့ ပြန်ရောက်လာသည်၊ အကြည်တော်က မည်သို့ စည်းရုံးသိမ်းသွင်းထားသည် မသိချေ။

ဆီမပါသော ကြက်ပြုတ်ရည်နှင့် ကြက်သားစားရသည်။ အသားခြောက်နှင့် တောင်ယာဆန်ကြောင့် ထမင်းမြိန်လှသည်၊ ခေါ်ရည်နှင့် ကြက်ဥက အတော်အားရှိသည်။ ဦးကောင်းကျော်က အားပါးတရ စားသောက်ပြီး အိပ်လိုက်မိသည်၊ မိုးက တစ်ညလုံး သဲသဲမဲမဲ ရွာသဖြင့် အိပ်ကောင်းလေသည်၊

❖

ဦးကောင်းကျော်က နေအတော်မြင့်မှ နိုးလေသည်၊ အကြည်တော်မင်းခန့်က သူကြီးနှင့် စကားလက်ဆုံကျနေသည်၊ ဦးကောင်းကျော်က ဆုံထောင်းသံများ ကြားသဖြင့် မျက်နှာသစ်ရင်း ကြည့်မိသည်၊ ကလေးမိခင်များက ရင်ဘတ်ပုဝါစီးပြီး နာဂအပျိုမများက ပုဝါမဲ့ဖြင့် စည်းချက်ကျကျ ဆန်ထောင်းနေကြသည်၊

ညီုရှော မြန်မာနွယ်များမို့ မိသားစုကဲ့သို့ ချစ်ခင်မိသည်၊

"ကဲ . . . ဦးကောင်းကျော်ရေ၊ အသင့်ဖြစ်ရင် စားသောက်ပြီး သွားကြစို့၊ ခင်ဗျား ရိက္ခာပြတ်ပြီမို့လား"

ဦးကောင်းကျော်က စားသောက်ရင်း စပ်ဖြဲဖြဲနှင့် ရီကြဲကြဲလုပ်နေသည်၊ အကြည်တော်က ပြုံးသည်၊





"ခင်ဗျားအတွက် သူကြီးက ရိက္ခာလုပ်ထားတယ်၊ ကဲ . . သွားကြရအောင်"

သည်တစ်ကြိမ်တော့ ခရီးထွက်ရာတွင် ဦးကောင်းကျော်နှင့် အကြည်တော်မင်းခန့် နှစ်ဦးတည်း မဟုတ်ချေ၊ သူကြီးပါ လိုက်လာသဖြင့် အံ့သြမိသည်၊

"သူကြီးက လမ်းပြပေါ့ဗျာ . . သုံးယောက်ဆိုတော့ ပျော်ပျော်ပါးပါးပေါ့၊ ကဲ . . သွားကြမယ်၊ မိသားစုအားလုံးကိုလည်း နှုတ်ဆက်ပါတယ်၊ ကျေးဇူးတင်ပါတယ်"

လမ်းပြပါ၍လား မသိ၊ လမ်းခရီးက သက်တောင့်သက်သာ ရှိသည်၊ ပြေပြေပြစ်ပြစ် သွားရသည်၊ အတက်အဆင်း မရှိ၊ မြေပြန့်သွားရသကဲ့သို့ တောင်ပတ်လမ်းအတိုင်း အရှေ့ဘက်သို့ ဦးတည်လေသည်၊ ဦးကောင်းကျော်က လမ်းလျှောက်ရင်း ပြောမိသည်၊

"လမ်းပြပါတုန်း . . မနေ့က လူကျတဲ့နေရာ ကြည့်ချင်လိုက်တာဗျာ၊ ဘာပစ္စည်း ပါသလဲလို့ပါ"

"ညက မိုးတွေရွာတော့ ခြေရာလက်ရာ ရှိချင်မှ ရှိတော့မှာ . .၊ ဒါပေမယ့် မှတ်မိပါတယ်၊ မမြင်ရ၊ မတွေ့ရတာတောင် စဉ်းစားတွေးတောနေရင် ပစ္စည်းတွေ့ရင်တော့ လောဘထွက်မှာ သေချာတယ်၊ အခုလို အေးမြိမ်းသာယာစွာ သွားရတော့ စိတ်မချမ်းသာဘူးလား . . ဦးကောင်းကျော်"

ဦးကောင်းကျော်က ရှက်သွားသဖြင့် ပြန်မပြောမိချေ၊ အရှက်ပြေ "နောက်တာပါ . ." ဟု ပြောပြီး ခပ်မဆိတ်နေလိုက်သည်၊ အကြည်တော်မင်းခန့်ကမူ တိတ်တိတ်မနေနိုင်၊ ဦးကောင်းကျော်ကို ပြောသည်၊

"ခင်ဗျားကို မနေ့က ပြောဖူးတယ်၊ လူတွေမှာ ရှိတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာတွေကြောင့် ကမ္ဘာကြီး ပူလောင်လာတယ်လို့လေ . .၊ ဘုန်းတော် ဦးကုလား ရာဇဝင်တော်ကြီးလား၊ မှန်နန်းလားတော့ မမှတ်မိဘူးဗျာ၊ နိဒါန်းမှာ ဖတ်ဖူးတယ်"

ကမ္ဘာကြီးက ရေ၊ မြေ၊ လေ၊ မီးစတဲ့ အကြောင်းတရားတွေကြောင့် ပျက်စီးခဲ့ဖူးတယ်လို့ ဆိုတယ်။ ဘယ်နကြိမ် ဖျက်ပြီးပြီဆိုတာလည်း ဖော်ပြထားတယ်၊ ရေ၊ မြေ၊ လေ၊ မီးနဲ့ ဆက်စပ်တဲ့ အကြောင်းတွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ၊ အလုံးစုံပျက်စီးတာတော့ ဟုတ်ဟန် မတူဘူးဗျ၊ ခြုံငုံကြည့်ရင် သဘာဝ ဘေးအန္တရာယ်၊ ရာသီဥတု ဖောက်ပြန်ရာ ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းတွေကြောင့်လည်း ပါဝင် ဆက်စပ်မယ် ထင် တယ်"

"သေချာတာက လူတွေရဲ့အဂတိတရား(၄)ပါးကြောင့် ကမ္ဘာကြီးဟာ ပေါ်ပြောတဲ့အတိုင်း ဖြစ်လာမယ် ထင်တယ်၊ အဲ့ဒီအထဲမှာ ခင်ဗျားလည်း ဆင်ခြင်သင့်သလားလို့ပါ၊ ခင်ဗျား ဆန္ဒပြင်းပြနေရင် လမ်းကြောင်းကြီး ထည့်ပေးလိုက်မယ်၊ ကျုပ်က ဘာမှ မလိုတဲ့အတွက် မလိုက်တော့ဘူး၊ စိတ်စွမ်းအင်ဆိုတာ ဒီအချက်လည်း ပါတယ်နော်"

ဦးကောင်းကျော်က အကြည်တော်မင်းခန့်၏ စကားကို နားထောင်ရင်း ရှက်မိသွားသည်၊ သူ ပြောလိုက်သော စကားရပ်သည် . . သာမန်စကားရပ်ဖြစ်သော်လည်း အကြည်တော်မင်းခန့်တွင် ထူးခြားသော အတွေးအမြင်ရှိသဖြင့် အံ့ဩ တုန်လှုပ်မိသွားသည်၊၊ ပြောသည့်စကားက ဝေးတာလား၊ မြင့်တာလား မပြောတတ်ပေ၊

သေချာသည်က အလွန် ကြာလှမ်းသော ကမ္ဘာ့ဖြစ်ရပ်တစ်ခုဆီသို့ မျှော်မှန်းကြည့်နေမိသကဲ့သို့ ထင်မိပါသည်၊

(ဆက်လက် ဖော်ပြပါမည်)

နေမထူး

❑



BURMESE CLASSIC

www.burmeseclassic.com